
ဂျပန်နိုဝဲ
သင့်လို
AUDITION
Ryu Murakami

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန်ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖောက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

Ⓦ Ⓗ Ⓘ Ⓢ Ⓟ Ⓔ Ⓡ of Ⓦ Ⓞ Ⓡ Ⓓ Ⓢ

Subscribe Telegram Channel

https://t.me/TheBookR

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဇေယျလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉- ၇၃၀၄၁၁၇၊ ၀၉ ၄၄၃၀၄၁၁၇

email: kantkawwutyee@gmail.com

www.facebook.com/KantKawWutYeePublishing

တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ	ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄) ၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ်	ဖေဖော်ဝါရီလ၊ ၂၀၁၉ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ	၁၀၀၀
မျက်နှာဖုံးပုံနှိပ်	အောင်သိန်းသန်းပုံနှိပ်တိုက် (၁၀၄၃၅)
	အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ်	မျိုးမျိုး ပုံနှိပ်တိုက် (၁၁၅၃၃)
	အမှတ်-၁၁၊ ၅၆-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ	ဇော်မောင်
တန်ဖိုး	၂၅၀၀ ကျပ်

လူရွေးပွဲ

သင့်လူ

Audition

Ryu Murakami

သူ့အကြောင်းနဲ့ သူ့စာတွေအကြောင်း တစ့ေတစောင်း

၁၉၅၂ ဖေဖော်ဝါရီ ၁၉ ဖွား၊ နာကာဆာကီ ဆာဆီဘို ဇာတိ၊ အမည်ရင်း ရူနိုဆူ ကီ မူရာကာမိ ဆိုတဲ့ ဒီ စာရေးဆရာ။

ဆာဆီဘိုမှာ အထက်တန်းကျောင်း တက်နေကတည်းက ရော့ခ်တီးဝိုင်း ထောင်တယ်၊ ဒရမ်တီးတယ်။ ကျောင်းခေါင်မိုးပေါ်မှာ အပေါင်းအသင်းတွေနဲ့ ခံ မြေကတုတ်လုပ်ပြီး သောင်းကျန်းလို့ နေအိမ်အကျယ်ချုပ်ကျ၊ ဟစ်ပီစရိုက် အပြည့်ရှိတဲ့လူ။

၁၉၇၀မှာ အထက်တန်းကျောင်းပြီးတော့ အနုပညာကျောင်း တက်တယ်၊ ပထမနှစ်တင် ကျောင်းထုတ်ခံရလို့ ရော့ခ်တီးဝိုင်းထောင်ခြင်း၊ ဝတ္ထုရေးခြင်း၊ မဂ္ဂဇင်းထောင်ခြင်း၊ အယ်ဒီတာလုပ်ခြင်း၊ တီဗွီပရိုဂရမ် လုပ်ခြင်း စသည်ဖြင့် အနုပညာ လုပ်ငန်းမျိုးစုံမှာ ကျင်လည်နေခဲ့တယ်။

၁၉၇၆ ကနေ ၂၀၁၅ ထိ ဝတ္ထုပေါင်း ၃၆ အုပ် ရေးသား ထုတ်ဝေခဲ့တယ်။ ၈ အုပ်ကို အင်္ဂလိပ်ဘာသာ၊ ၆ အုပ်ကို ပြစ်သစ်ဘာသာ ပြန်ဆိုပြီး နိုင်ငံတကာ မှာ ထုတ်ဝေနိုင်ခဲ့တယ်။

ခု ဘာသာပြန် တင်ဆက်လိုက်တဲ့ လူရွေးပွဲ ဝတ္ထုကို ၁၉၉၇ မှာ ဂျပန် ဘာသာနဲ့ オーディション (Ōdishon) ထုတ်ဝေခဲ့တယ်။ ၁၉၉၉ မှာ ဂျပန် ဒါရိုက်တာ တာကာရှီ မီကေးက အဲဒီနာမည်နဲ့ပဲ ရုပ်ရှင် ရိုက်ကူးခဲ့တယ်။ အင်္ဂလိပ်ဘာသာကိုတော့ Ralph McCarthy က ပြန်ဆိုခဲ့ပြီး Audition နာမည် နဲ့ ၂၀၀၉ ခုနှစ်မှာ ထုတ်ဝေခဲ့တယ်။

စိတ္တဇ ရင်သိမ့်တုန် အမျိုးအစား Psycho thriller ဝတ္ထုများကို ရေးဖွဲ့ရာ မှာ ရူးမူရာကာမိဟာ အင်မတန် ပိုင်နိုင်တယ်။ အာရုံထင်မှားမှု၊ မူးယစ်ဆေး သုံးစွဲမှု၊ အိပ်မက်အလား ဆာရီယယ်လစ်ဇင်ဆန်မှု၊ သတ်မှု ဖြတ်မှုတွေကို ဂျပန်နောက်ခံနဲ့ သူ ရောမွေ ရေးတတ်တာပေါ့။

ခု ဝတ္ထုက ရူးမူရာကာမိကို မြန်မာဘာသာနဲ့ ဘာသာပြန်ဆိုရေးသားတဲ့ ဒုတိယမြောက် ဝတ္ထုပါ။ ပထမဆုံး သူ့စာအုပ်ကို ဘာသာပြန်ခဲ့တာကတော့ ၁၉၉၄ ခုနှစ်က ဂျပန် ピアッシング (Piasshingu) နာမည်နဲ့ Ralph M ထွက်ရှိ

တာကို ၂၀၀၇ ခုနှစ် မှာ Ralph McCarthy က J Piercing နာမည်နဲ့ ဘာသာ ပြန်ထုတ်ဝေခဲ့တဲ့ စူး ဝတ္ထုပါ။ ၂၀၁၆ ဇပြီတုန်းက ထွက်ခဲ့ ပါတယ်။ ဒီ စူး ဝတ္ထု ကို ၂၀၁၈ မှာ ဟောလီးဝုဒ်က ရုပ်ရှင်ရိုက်နေပါတယ်။ ၂၀၁၉ ဖေဖော်ဝါရီလထဲ ရုံတင်မယ်လို့ သိရပါတယ်။ မင်းသားကတော့ Game of Throne မင်းသား Kit Harington (ဂျွန်စနိုး) နဲ့ အတော်လေး ရုပ်ဆင်တဲ့ Christopher Abbott နဲ့ပါ။

ရူးမူရာကာမိရဲ့ ဝတ္ထုတွေဟာ ဖတ်လို့လည်း ကောင်း၊ ရုပ်ရှင်အဖြစ် ကြည့်လို့လည်း ကောင်းပြီး ရင်သိမ့်တုန် အရသာလည်း ရှိပါတယ်။ ဘဝဒဿန ဆင်ခြင်စရာ ဘာညာသာရကာကတော့ ပါချင်မှ ပါမှာပေါ့လေ။ မဖြစ် ဖြစ် အောင် ဖျစ်ညှစ်ထုတ်ရင်တော့ မပြောတတ်ဘူး။ ဒါပေမဲ့ ဝတ္ထုကိုဖတ် ရုပ်ရှင်ကို ကြည့်တယ် ဆိုတာ အရသာရှိချင်လို့ မဟုတ်လား။ အရသာ ရှိနေရင် တော်ပြီ ပေါ့နော်။

❑

သင့်လူ

(၁)

“ဘာလို့ နောက်မိန်းမ မယူသေးတာတုံး အဖေရာ”

သူ့သား ရှီဂေးရဲ့ ဒီမေးခွန်းက အာအိုယာမရဲ့ နောက်အိမ်ထောင်ပြုမဲ့ ဆုံးဖြတ်ချက်ကို မီးထိုးပေးလိုက်သလိုပဲ။

လွန်ခဲ့တဲ့ ခုနစ်နှစ်တုန်းက ရှီဂေးအမေ ရိုကို ကင်ဆာနဲ့ ဆုံးပါးခဲ့တယ်။ အဲဒီတုန်းက ရှီဂေး အသက် ရှစ်နှစ်၊ အာအိုယာမက ၃၅ နှစ်၊ ငယ်ငယ်နဲ့ ဖြစ်တဲ့ ကင်ဆာမို့ ပုံ့နှံ့တာ အင်မတန်မြန်ခဲ့တယ်။ ခွဲစိတ်ကုသမှု ခံယူပြီးပေမဲ့ ချက်ချင်းဆိုသလို ရောဂါပြန်ဖြစ်ပြီး တစ်လအတွင်း ကိစ္စငြိမ်းသွားတော့တာပါပဲ။

“သူ့ခမျာ ဝေဒနာခံစားဖို့ရော၊ ပူဆွေးဝမ်းနည်းဖို့ရော အချိန်တောင် မရလိုက်ရှာပါဘူးကွာ” အဲဒီအချိန်တုန်းက သူငယ်ချင်း အရင်းအချာ တစ်ယောက်ကို အာအိုယာမက အဲဒီလို ပြောပြခဲ့တယ်။

ရိုကို့အဖေက ဘိုးစဉ်ဘောင်ဆက် တူရိယာတွေ ထုတ်လုပ်တဲ့ လုပ်ငန်းလေးတစ်ခုရဲ့ ပိုင်ရှင်။ သူတို့လင်မယား နှစ်ယောက်လုံးဟာ ဂျက်ဇ်နဲ့ ကလပ်စစ် ဂီတရဲ့ အမာခံပရိသတ်တွေ၊ ရိုကိုက မိဘတွေ အသေအချာ ပြုစုပျိုးထောင်ခြင်းကို ခံရတဲ့ တစ်ဦးတည်းသော သမီး၊ ယဉ်ကျေးတယ်၊ ထက်မြက်တယ်၊ ထူးထူးကဲကဲ ဆွဲဆောင်မှု ရှိတယ်၊ စိတ်ဓာတ်ကြံ့ခိုင်တယ်၊ အာအိုယာမကို အဘက်ဘက်က ပံ့ပိုးနိုင်တဲ့ ဇနီးကောင်း တစ်ယောက်။ သူ့ရဲ့ သိတတ်နားလည်မှုနဲ့ အားပေးကူညီမှုတွေ မရခဲ့ရင် အာအိုယာမဟာ ဆယ်စုနှစ်တစ်ခုကျော် လခစား ဝန်ထမ်းအဖြစ် လုပ်ခဲ့တဲ့ ဧရာမကြော်ငြာ ကုမ္ပဏီကြီးကို စွန့်ပြီး ကိုယ်ပိုင် ဗွီဒီယိုထုတ်လုပ်ရေး ကုမ္ပဏီကို ဘယ်နည်းနဲ့မှ အောင်မြင်အောင် ပျိုးထောင်နိုင်မှာ မဟုတ်ဘူး။

သူ ကိုယ်ပိုင်လုပ်ငန်း စတဲ့ အချိန်ဟာ ငွေမိုးရွာချနေသလို တစ်နိုင်ငံလုံး စီးပွားရေး မိုးထိုးနေတဲ့ နှစ်ကာလတွေ ဆိုပေမဲ့ ဗွီဒီယို ထုတ်လုပ်ရေး လုပ်ငန်းတွေကြားမှာ အပြိုင်အဆိုင် များလှတဲ့အတွက် အာအိုယာမရဲ့ စွန့်စားခန်းဟာ လတော်တော်ကြာအောင် ဒေဝါလီ ခံလုခံခင် အခြေအနေနဲ့ တရွေ့ရွေ့ သွားခဲ့ရ

တယ်။ အဲဒီအချိန်မှာ သူ့ကို ကယ်တင်ခဲ့တာကတော့ ရိုကို့အဖေပဲ။ ရိုကို့အဖေဟာ အရှေ့တောင်အာရှ ဒေသတစ်ခွင်လုံးက ကက်သလစ် ချာ့ချ်ကျောင်းတွေအတွက် လေမှုတ်တူရိယာတွေ ထုတ်လုပ်ဖြန့်ဖြူးပေးရတဲ့ တူရိယာထုတ်လုပ်ရေး လုပ်ငန်းပိုင်ရှင်။ ဗွီဒီယိုခွေတွေဟာ အဲဒီဒေသမှာ ပေါ်ခါစ။ ဓမ္မသစ်ကျမ်းထဲက သခင်ယေရှု အကြောင်းတွေကို အခန်းစဉ်အလိုက် ရိုးရိုးရှင်းရှင်း ရိုက်ကူး၊ ဘာသာစကားအမျိုးမျိုး အသံသွင်းပြီး ယောက္ခမအဘိုးကြီးရဲ့ အဆက်အသွယ်တွေနဲ့ တင်ပို့လိုက်တဲ့ အခါမှာတော့ အခွေ သိန်းချီရောင်းရတဲ့အထိ အလုပ်ဖြစ်သွားခဲ့တယ်။ ယောက္ခမကျေးဇူး မြင်းမိုရ်ဦးပေါ့။

မိန်းမအတော်များများမှာ ရှိတတ်တဲ့ ယောကျ်ားကို ကြိုးကိုင် ခြယ်လှယ် ချင်စိတ်မျိုးတွေ ရိုကို့မှာ နည်းနည်းမှ မရှိ။ အာအိုယာမကလည်း အဲဒီအတွက် သူ့မိန်းမကို ချစ်တယ်၊ လေးစားတယ်၊ တန်ဖိုးထားတယ်။ ကြော်ငြာအေဂျင်စီမှာ အလုပ်လုပ်တုန်းက သူ မိန်းမအပေါ် သစ္စာမဲ့ခဲ့တဲ့ နေ့ရက်တွေ ရှိခဲ့ဖူးတယ်။ သခင်ယေရှု ဗွီဒီယိုခွေနဲ့ အောင်မြင်ပြီးခါစမှာလည်း နိုက်ကလပ်အပျော်မယ်တစ်ယောက်နဲ့ ငြိပြီး ဇာတ်ရှုပ်မိလို့ ရှင်းရတာ ယန်း သန်းချီ ကုန်ခဲ့ဖူးတယ်။ ရိုကိုဟာ အဲဒီကိစ္စတွေအတွက် ဘယ်လိုမှ မနေဘူး။ အေးအေးဆေးဆေးပဲ။ ဒါနဲ့ ပတ်သက်လို့ အိမ်မှာ အော်ကြီးဟစ်ကျယ် ရန်ပွဲတွေလည်း မဖြစ်ခဲ့ဘူး။ ရိုကို့အတွက် အမြဲတမ်း ဦးစားပေးက သားဖြစ်သူ ရှီဂေးလေးရဲ့ ကျန်းမာရေးနဲ့ ပညာရေးကိစ္စပဲ။

အမြဲ အိမ်မှာရှိနေတဲ့ မိန်းမ ရုတ်တရက် ချက်ချင်း မြင်ကွင်းထဲကနေ ပျောက်ကွယ်သွားရင် ဘယ်လောက်များ လွတ်လပ်ပေါ့ပါးလိမ့်မလဲ လို့ ယောကျ်ားတွေ စိတ်ကူးတတ်ကြတယ်။ မိန်းမက ကလေးတွေ ခေါ်ပြီး မိတ်ဆွေ အပေါင်းအသင်းတွေနဲ့ တစ်ပတ်လောက် ပျော်ပွဲစား ခရီးထွက်တယ်ဆိုလို့ကတော့ အိမ်မှာ ကျန်ရစ်သူ ယောကျ်ားရင်ထဲမှာ ဘုရားပွဲလှည့်မှာပဲလို့ ပေါ့။ တကယ်တမ်း အဲလို အခြေအနေနဲ့ ကြုံရလို့ စိတ်လွတ်ကိုယ်လွတ် နေချင်သလို နေပြီးတဲ့အခါမှ အိမ်ထောင်ရဲ့ ပံ့ပိုးကူညီမှု အထောက်အပံ့ စနစ်ဟာ ဘယ်လောက် အရေးပါတယ်ဆိုတာ သတိပြုမိတတ်ကြတာမျိုး။ ရိုကို့ကို ဆုံးရှုံးလိုက်ရတဲ့အခါ အာအိုယာမ တစ်ယောက် ခွန်အားမဲ့သလို ဖြစ်သွားခဲ့တယ်။ မိတ်ဆွေဆရာဝန်နဲ့ ပြကြည့်တဲ့အခါ ဆရာဝန်က သူ့ကို စိတ်ကျရောဂါ ဖြစ်လုနီးနီးလို့ ပြောခဲ့တယ်။

“ခင်ဗျားဘဝအတွက် တိကျတဲ့ ရည်မှန်းချက် ပန်းတိုင်တွေ မထားခဲ့ရင် တကယ် စိတ်ကျရောဂါသည် ဖြစ်သွားလိမ့်မယ်” လို့ အကြံပေးတဲ့အတွက် အာအိုယာမဟာ အဲဒီအချိန်ကစလို့ ရည်မှန်းချက် ပန်းတိုင်ကြီးနှစ်ခု ချမှတ်လိုက်တယ်။

အဲဒီထဲက တစ်ခုက သူ့သားနဲ့ တတ်နိုင်သမျှ အချိန်ယူပြီး ရင်းရင်းနှီးနှီး နေဖို့ပဲ။ အမေဆုံးရှုံးခဲ့တဲ့ ရှီဂေးလေး ခမျာလည်း သူ့လိုပဲ ချောက်ချားတုန်လှုပ် နေရှာတဲ့အတွက် ဒီအခြေအနေကို သူတို့သားအဖနှစ်ယောက် ပူးပေါင်းဖြေရှင်း ရမယ်ပေါ့။ အာအိုယာမဟာ ဘော့စ်ဘောနဲ့ လက်အိတ်တွေ ဝယ်တယ်။ ဘော့စ် ဘောရိုက်တဲ့ အရည်အသွေးကို ဗွီဒီယိုဂိမ်းဆော့ရင်း မြှင့်တင်တယ်။ နှစ် ယောက်သား ရုပ်ရှင်တွေ အတူထိုင်ကြည့်ကြတယ်။ တစ်ယောက်အကြောင်း တစ်ယောက် အသေအချာ သိလာဖို့အတွက် အပတ်ပေါင်းများစွာ အချိန်ယူရ တယ်။ သူတို့နှစ်ယောက်အတွက် ကြည်နူးစရာ အချိန်တွေကတော့ ရေကူးချိန် ပဲ။

အိမ်နားက အားကစားကလပ်မှာ အသင်းဝင်လိုက်ပြီး ညနေတိုင်း သူတို့ ရေကူးကြတယ်။ ရှီဂေးက စစချင်းမှာ ရေကို ကြောက်နေတယ်။ သူ့အဖေရဲ့ အကူအညီနဲ့ မကြာခင်မှာပဲ ကြောက်စိတ်တွေကို ကျော်လွှားနိုင်လိုက်တယ်။ အာအိုယာမဟာ ရှီဂေးကို လက်ပစ်ကူးနည်း စသင်ပေးတယ်။ နောက်တော့ ပက်လက်ကူး။

ရိုကို ဆုံးပြီး ခြောက်လအကြာမှာတော့ ရှီဂေးဟာ မီတာတစ်ရာ လက်ပစ်ကူးနည်းကို ကျွမ်းကျင်နေခဲ့ပြီ။ နောက်ဆုံးတော့ သူတို့ သားအဖနှစ် ယောက် ပြန်လည် နာလန်ထူနိုင်ခဲ့ပြီလို့ အာအိုယာမ သိလိုက်တယ်။ ရိုကိုက ဆောင်းလယ်ကာလမှာ ဆုံးခဲ့တာ ခု မိုးတွင်း ရောက်လာခဲ့ပြီ။ အားကစား ကလပ်ရဲ့ ကားပါကင်ကို ဖြတ်လျှောက်ရင်း အဆုပ်လိုက်အခဲလိုက် ပွင့်နေတဲ့ ဗေဒါပန်းကလေးတွေကို ရှီဂေးက လက်ညှိုးထိုးပြရင်း -

“လှတယ်နော် ဖေဖေ” လို့ ပြောရှာတယ်။ အင်း... တကယ်ပဲ လှပါ တယ်။ ခရမ်းရောင် ပန်းဗေဒါလေးတွေဟာ ရေကူးပြီး ပန်းလျနေတဲ့ ခန္ဓာကိုယ် ကို အပန်းပြေနိုင်စေလောက်တဲ့ မျက်စိပသာဒအာရုံပဲလို့ အာအိုယာမ တွေးမိ တယ်။ ပန်းလေးတွေရဲ့ အလှတရားလို ကိစ္စမျိုးတွေကို နှစ်သက်သဘောကျ လောက်အောင် သူတို့သားအဖနှစ်ယောက် မခံစားနိုင်ခဲ့တာ ကြာပြီပဲ။

သူ့ရဲ့ ဒုတိယမြောက် ရည်မှန်းချက် ပန်းတိုင်ကတော့ ဂန္ဓဝင်မြောက် ပိုက်အော်ဂင် လေမှုတ်တူရိယာ ပညာရှင်ကြီးကို ဂျပန်ခေါ်ခဲ့ဖို့ ဖြစ်တယ်။ အင်မတန် လူသိများ ထင်ရှားပေမဲ့ တစ်ခါမှ စီးပွားရေးဆန်ဆန် ပွဲလုပ်ပြီး ဖျော်ဖြေတာမျိုး မလုပ်တဲ့ လေမှုတ်တူရိယာ ပညာရှင် အမျိုးသမီးကြီးဟာ တစ်သက်လုံး အရှေ့ဂျာမနီကနေ တစ်ဖဝါးမှ မခွာခဲ့ဖူးဘူး။ အာအိယာမဟာ ခရစ်ယာန်ဘာသာ သမိုင်းကြောင်း၊ ဂန္ဓဝင် ဂျာမန် ဂီတပညာရှင်ကြီး ဘတ်ချ်ရဲ့ ဘဝဇာတ်ကြောင်း၊ အလယ်ခေတ် ဥရောပ သမိုင်းကြောင်းတွေကို မွေနှောက်လေ့လာပြီးတဲ့အခါ ဂီတပညာရှင် ဂျာမန်အမျိုးသမီးကြီးဆီကို စာရှည်ကြီးတစ်စောင် ရေးတယ်။ စာကို ဂျာမန်ဘာသာ ပြန်ခိုင်းတယ်။ ကိုယ်တိုင်လည်း ဂျာမန်ဘာသာစကားကို လေ့လာတယ်။ အကယ်၍သာ သူ ဖျော်ဖြေခဲ့မယ်ဆိုရင် ပွဲစီစဉ်နိုင်မယ့် နေရာတွေကို တင်ကြို စနည်းနာတယ်။ ဒီအကြောင်းပြောတိုင်း တခြားလူတွေရဲ့ ရယ်သွမ်းသွေးခြင်း ခံရတာလည်း အကြိမ်ကြိမ်ပဲ။ ဒါပေမဲ့ ဖြစ်အောင်လုပ်ဖို့ အာအိုယာမ ဆုံးဖြတ်ပြီးသား။ ပြန်ဖို့မပြောနဲ့ ဖတ် မဖတ်တောင် မသိဘဲ နှစ်နှစ်ကျော်ကျော် စာတွေပို့ပြီးချိန်မှာတော့ အာအိုယာမ တစ်ယောက် ပြန်စာကို ရခဲ့တယ်။ ဖျော်ဖြေပွဲ ကျင်းပဖို့ မဖြစ်နိုင်ပါဘူးလို့ ယဉ်ယဉ်ကျေးကျေးနဲ့ ရိုးရိုးလေး ရေးထားတဲ့ ပြန်စာကို ရတယ်ဆိုရင်ပဲ အာအိုယာမ ဝမ်းသာလုံးဆို့ပြီး မျက်ရည်ဖြိုင်ဖြိုင် ကျရတယ်။ သူ အဘွားကြီးဆီ စာတွေ ဆက်ရေးတယ်။ အကောင်းဆုံးတူရိယာနဲ့ သူ ဖန်တီးပြတဲ့ ဂီတသံစဉ်တွေကို နောင်လာနောက်သားတွေနဲ့ ခရစ်ယာန်သာဝက အားလုံးအတွက် ရုပ်သံဖမ်းယူထားနိုင်ဖို့ ဆိုတာ သမိုင်းပေးတာဝန် ဖြစ်ကြောင်း ဘာညာသာရကာပေါ့။ တကယ်တော့ အာအိုယာမဟာ ခရစ်ယာန် ဘုရားသခင်ကို မယုံပါဘူး။ ဒါပေမဲ့ ယေရှုဘဝဇာတ်ကြောင်း ဗွီဒီယို ထုတ်လုပ်ဖြန့်ချိခဲ့တဲ့ အတွေ့အကြုံက သူ့ကို အများကြီး အကျိုးပြုခဲ့တယ်။ ဒါကြောင့်မို့ ပထမဆုံးစာရေးပြီး ငါးနှစ်အကြာမှာ ဂျာမန်ဂီတပညာရှင် အမျိုးသမီးကြီးကို တကယ်ပဲ ဂျပန်ခေါ်ပြီး ဖျော်ဖြေပွဲ ကျင်းပနိုင်ခဲ့တယ်။ မေဂျီရိုက ဂီတကျောင်းမှာ တစ်ကြိမ်တည်းသာ အခမဲ့ ဖျော်ဖြေတဲ့ ဒီပွဲကို ရုပ်ရှင်နဲ့ရော ဗွီဒီယိုနဲ့ပါ မူပိုင်မှတ်တမ်းတင်ခွင့် ရလိုက်တာက အာအိုယာမပေါ့။ ဒီကိစ္စနဲ့ ပတ်သက်လို့ အကျေနပ်ဆုံးကတော့ ရိုကို့ အဖေကြီးပဲ။ ရိုကို့အဖေဟာ သူ့သမက် လုပ်လိုက်တဲ့ ဒီကိစ္စရဲ့ အဓိပ္ပာယ်သင်္ကေတကို ကောင်းကောင်း နားလည်တယ်။ ရိုကို့ကို နောက်ဆုံးအကြိမ် နှုတ်ဆက်ပြီး ဘဝသစ် စတော့မယ် ဆိုတဲ့ သဘောပေါ့။

ရှီဂေးဟာ အသက် ဆယ့်ငါးနှစ် ရှိပြီ။ ၁၇၄ စင်တီမီတာရှိတဲ့ အာအိုယာမ ရဲ့ အရပ်ထက်တောင် သူ့အရပ်က ပိုမြင့်နေပြီ။ ပက်လက်ကူး၊ လက်ပစ်ကူး နှစ်မျိုးလုံးမှာ အာအိုယာမထက် သာနေပြီ။ အမေနဲ့ အသွင်အပြင်ရော အမူအကျင့်ပါ တူလှတဲ့ ရှီဂေးဟာ ရိုကို ဆုံးပြီး နောက်တစ်နှစ်က စလို့ သားအဖနှစ်ယောက် ကစားကြတဲ့ တင်းနစ်အားကစားမှာလည်း မြန်မြန်ဆန်ဆန်ကို တိုးတက်လာခဲ့တယ်။ ဆူဂျီနာမိ ရပ်ကွက်က ရှစ်ရာ စတုရန်းမီတာရှိတဲ့ အိမ်မှာ သူတို့သားအဖနှစ်ယောက် အတူတူနေကြတယ်။ ဒီအိမ်ကို ရိုကို့အဖေရဲ့ မိတ်ဆွေဆီက ငှားထားတာ။ ပိုင်ရှင်က အောင်မြင်တဲ့ တေးသီချင်းတွေ အများကြီး ရေးစပ်ခဲ့ဖူးတဲ့ တေးရေးဆရာကြီး တစ်ယောက်။ ခုတော့ ဖူဂျီယာမတောင်ခြေက ရေပူစမ်းပါတဲ့ အပန်းဖြေအိမ်ကလေးမှာ နေတယ်။ ငှားခ တစ်လ ယန်းခြောက်သိန်းလောက်ကို ခုတော့ လုပ်ငန်း အခြေကျနေတဲ့ အာအိုယာမဟာ စကားထဲ ထည့်ပြောနေစရာ မလိုတော့ဘူး။ ရှီဘူယာ မေဂျီလမ်းက သူ့ရုံးမှာ ဝန်ထမ်း ၁၄ ယောက်လောက်နဲ့ ကောင်းကောင်း လည်ပတ်နေပြီကိုး။

ရှီဂေးကတော့ တိုကျိုအနောက်ပိုင်းက ပုဂ္ဂလိက အထက်တန်းကျောင်း တစ်ခုမှာ တက်နေတယ်။ အင်္ဂလိပ်စာနဲ့ ဧဝဗေဒကို အထူးပြုပြီးတော့ လေ့လာနေတယ်။ သူငယ်ချင်းတွေလည်း အများကြီး ရနေပြီ။ နွေလယ် တနင်္ဂနွေ တစ်နေ့လယ်မှာ သားအဖနှစ်ယောက် တီဗွီကနေ အမျိုးသမီး မာရသွန်ပွဲ ထိုင်ကြည့်နေကြတုန်း အစမှာ ပြောခဲ့တဲ့ မေးခွန်းကို ရှီဂေးက အာအိုယာမကို မေးခဲ့တာပဲ။

တီဗွီထားတဲ့ ဇည့်ခန်းဟာ အိမ်ရဲ့ ပထမထပ် တစ်ထပ်လုံးနီးပါး နေရာယူထားတယ်။ ဧရာမဆိုဖာကြီးရယ်၊ စားပွဲပုကြီးရယ်၊ ၂၇ လက်မ တီဗွီရယ်၊ အသံထွက်စက် အစုံအလင်ရယ်၊ မဟော်ဂနီ အရက်ဘား အကြီးကြီးရယ်။ အာအိုယာမဟာ ဆိုဖာပေါ် ခြေပစ်လက်ပစ်လှဲရင်း ဘီယာတစ်ဘူးမြိုနေတယ်။ ဇာခန်းဆီးတပ် ဆွဲမှန်တံခါးတွေရဲ့ အပြင်ဘက်က ဥယျာဉ်လေးကို လှမ်းမြင်နေရတယ်။ လွန်ခဲ့တဲ့ အတိတ်ကာလတုန်းက ရိုကို ပြုစုပျိုးထောင်ခဲ့တဲ့ ဥယျာဉ်လေးပေါ့။ အိမ်ထိန်း ရီးစံက ဥယျာဉ်ထဲမှာ။ ဘီးဂဲလ်အမျိုးအစား ခွေးလေး ဂန်းစတားက ရီးစံကို လှည့်ပတ်ပြေးနေတယ်။ ရီးစံက အသက် (၄၉) နှစ်လောက် ရှိပြီ။ ထွားထွားကျိုင်းကျိုင်း၊ သဘောကောင်း မနောကောင်း မိန်းမကြီး။ ကဗျာဆန်ဆန် ပြင်သစ် ရှန်းစွန်း သီချင်းတွေ ကြိုက်တဲ့၊ ခရီးသွားရတာ နှစ်ခြိုက်တဲ့၊ ဖျူရှတာ (ဂျပန်ဘော့စ်ဘော အကျော်အမော်) ကို သဘောကျတဲ့ ပျံလွှားငှက်

ဖမ်း ဝါသနာရှင် တစ်ယောက်ပေါ့။ လွန်ခဲ့တဲ့ လေးနှစ်လောက်က ရီးစံကို အေဂျင်စီတစ်ခုကနေ ငှားခဲ့တာ။ ရီးစံ နေတာက အိမ်နဲ့နီးတာက တစ်ကြောင်း၊ ရှိဂေးနဲ့ သူ ပလဲနံပသင့်တာက တစ်ကြောင်း၊ အလုပ်လုပ်လို့ အဆင်ပြေတာက တစ်ကြောင်း နှစ်ရှည် ငှားဖြစ်သွားတယ်ပေါ့။

အမျိုးသမီး မာရသွန်ပွဲစလို့ မိနစ်နှစ်ဆယ်လောက် အကြာမှာ ရှိဂေး ဧည့်ခန်းထဲ ဝင်လာတယ်။ ဆိုဖာမှာ ဝင်လဲရင်း အဖေ ဘာတွေကြည့်နေတာလဲ လို့ မေးတယ်။

လွန်ခဲ့တဲ့ ခြောက်လလောက်က စလို့ ရှိဂေးဟာ အာအိုယာမကို ဖေဖေ ခေါ်နေရာက အဖေလို့ ပြောင်းခေါ်တယ်။ အာအိုယာမက ထထိုင်ရင်း စီးကရက်တစ်လိပ် ဆွဲထုတ်နေတယ်။ ပြီးတော့ သူ့သားကို မေးတယ်။

“အမယ်... တနင်္ဂနွေမှာ အိမ်မြဲလို့ပါလားကွ”

“ဟုတ်ဘူး၊ ခဏနေ အပြင်ထွက်မှာ၊ ခု အပြင်မှာ ပူလွန်းလို့၊ နေပါဦး၊ ဒါက ဘာတုံး”

“ဘာလဲ”

“အဖေ မာရသွန်ပွဲ ကြည့်ရတာ ကြိုက်တယ်လို့ ကျွန်တော် မသိခဲ့ဖူးပါ ဘူး”

“ငါ မကြိုက်ပါဘူး”

“ဒါဆို...”

“ဩော်... ဒါက မိန်းမတွေ ပြိုင်နေတာလေ”

“ဟာ... လှလှပပလဲ တစ်ယောက်မှ မပါဘဲနဲ့၊ အကုန်လုံး အရိုးနဲ့ အရေ တွေချည်းပဲကို”

“အင်း... ဒါပေမဲ့ အဲဒီ အရိုးနဲ့အရေ မိန်းမတွေက မာရသွန်ပွဲဆို ယောကျ်ားတွေကို နိုင်အောင် ပြေးနိုင်သကွ”

“ဘာလို့တုံး”

“ဇီဝကမ္မဗေဒတို့၊ ခန္ဓာကိုယ်ရဲ့ အဆီပါဝင်မှု အချိုးအစားတို့ ဒါတွေ ကြောင့်ပေါ့။ တစ်နေ့နေ့တော့ အမျိုးသမီး တစ်ယောက်ဟာ ကမ္ဘာ့အမြန်ဆုံး မာရသွန်အပြေးသမားဘွဲ့ကို ဆွတ်ခူးနိုင်မယ့် သမိုင်းဝင်နေ့ကို မြင်ရမယ်လို့ မျှော်လင့်နေမိတယ်။ ဒီနေ့တော့ ဖြစ်ချင်မှ ဖြစ်မှာပေါ့။

“ဒါပေမဲ့...”

ရှီဂေးက ခေါင်းယမ်းရင်း ဖြတ်ပြောတယ်။

“အဖေ နေရတာ ဘယ်လိုဖြစ်...”

“ကောင်းပါတယ်။ ဒါပေမဲ့ တခါတလေတော့ ဦးနှောက် အနားပေးရတာ ပေါ့”

“ဒါနဲ့ ဥစဘက်ကစ္စတန်က အပြေးသမတွေ ပါသေးလား”

“ဟင်... ဘာဖြစ်လို့လဲ”

“ရထားပေါ်မှာ တစ်ခါတလေ တွေ့တွေ့နေတဲ့ ကောင်မလေး အဖေရ၊ သိပ်လှတယ်၊ ဒါနဲ့ အရဲစွန့်ပြီး စကားသွားပြောတော့ သူက ဥစဘက်ကစ္စတန်က တဲ့၊ သူနာပြုကျောင်း တက်ရင်း တာချီကာဝါက ကိတ်မုန့်ဆိုင်မှာ အလုပ်လုပ်နေတာတဲ့။ တကယ်လှတာ အဖေရာ သိလား။ ကျွန်တော့်ကျောင်းက ဟာမတွေများ ရုပ်ဆိုးချက်က ပြောမနေနဲ့၊ အလယ်တန်း ကျောင်းတုန်းကတော့ လှတပတလေးတွေ ရှိသား။ ခု ဘယ်နား ရောက်ကုန်မှန်း မသိပါဘူး”

ရှေ့ဆုံးအုပ်စုထဲက ဂျပန် အပြေးသမ နှစ်ယောက်ကို ကင်မရာတွေက စူးစူးစိုက်စိုက် ချိန်ပြီး ရိုက်နေတယ်။ နှစ်ယောက်လုံး ရိုးရိုးရှင်းရှင်းနဲ့ ကြည့်ကောင်းပါတယ်။ လွန်ခဲ့တဲ့ နှစ်တွေတုန်းက ဆွဲဆောင်မှုရှိတဲ့ ဂျပန် မာရသွန်မယ် တစ်ယောက်ကို သတိထားမိဖူးတယ်။ အိုလံပစ်ပွဲ တစ်ခုမှာပဲ ဘာစီလိုးနားလား၊ ဆိုးလ် အိုလံပစ်လား တစ်ခုခုပဲ။ ရှီဂေးကို တစ်ခုခု ပြန်ပြောဦးမှ။

“အင်း... မိန်းမလှလေးတွေဆိုတာ ရောင်စုံပိုးတောင်မာကောင်လို၊ ကျားသစ်နက်လို၊ မက်ဒါဂါစကာမှာ တွေ့ခဲ့ကြတဲ့ သမိုင်းဦးခေတ်က ကိုလကန့်ငါးလို ရှားပါးပစ္စည်းကွ၊ ရောင်စုံပိုးတောင်မာကောင်ကို လမ်းပေါ်မှာ အလွယ်တကူ ဘယ်တွေ့လိမ့်မလဲ၊ သစ်တောတွေထဲ၊ သစ်ပင်တွေကြား တကူးတက လိုက်ရှာရတာ မဟုတ်လား”

“အိမ်မွေးတိရစ္ဆာန် အရောင်းဆိုင်မှာ ရှိပါတယ် အဖေရာ”

“ဈေးသိပ်ကြီးတယ်လေ”

“အင်း... ဒါဆို မိန်းမလှလေးတွေက ဘယ်မှာ ရှိမှာလဲ”

“ဖူဂျီ တီဗွီရဲ့ ဧည့်ခန်းတွေထဲမှာ၊ ဒါမှမဟုတ် မီးမှိန်မှိန်လေး ထွန်းထားတဲ့ ရော့ပ်ပုန်းဂီး မြေအောက်ကလပ်တွေထဲမှာ၊ ဒါပေမဲ့...”

အာအိုယာမက ခဏ ဆိုင်းလိုက်တယ်။

“သူတို့ကလည်း ဘဝပျက်လောက်အောင်ကို တန်ကြေးကြီးတာပါပဲ”

ရှီဂေးဟာ သူ့အမေဆီက အစဉ်အလာ ယဉ်ကျေးမှုစံတွေကို တန်ဖိုးထားတတ်တဲ့ ဥဉ်ကလေး အမွေရထားပုံပါပဲ။ ဘာမှ စောဒက မတက်ဘူး။ သူတို့ နှစ်ယောက် မာရသွန်ပြိုင်ပွဲကို တိတ်တိတ်ဆိတ်ဆိတ် ကြည့်နေကြတယ်။ မာရသွန်ပွဲတွေအပေါ် ထားတဲ့ သူ့ရဲ့ သဘောထားဟာ ပြောင်းလဲလာတယ်လို့ အာအိုယာမ စဉ်းစားနေမိတယ်။ ငယ်ငယ်တုန်းက တိုကျိုအိုလံပစ်မှာ အဘီဘီဘီကီလာ ပြိုင်ပွဲဝင်တာကို ကြည့်ခဲ့ရတုန်းက မာရသွန်ဆိုတာ တစ်စုံတစ်ခုရဲ့ သင်္ကေတပဲလို့ သူ အာရုံရခဲ့ဖူးတယ်။ အပြေးသမားတွေရဲ့ အိပ်မက်တွေ၊ မျှော်လင့်ချက်တွေကို ဖော်ထုတ်ရတာ အလွယ်သားပဲ။ ဂျပန်ဆိုတဲ့ တိုင်းပြည်ကလည်း ယန်းကို အပြည်ပြည်ဆိုင်ရာ သုံးငွေ ဖြစ်စေရေး ဆိုတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာတင် ရင်းနှီးမြှုပ်နှံတာ မဟုတ်ဘူး။ တိုင်းသူပြည်သား တစ်ဦးချင်းစီဟာ တစ်နည်းနည်းနဲ့ တစ်နေရာရာမှာ ရင်းနှီးမြှုပ်နှံဖို့ကို အားပေးတဲ့ နိုင်ငံမျိုးကိုး။ အထူးသဖြင့်တော့ သတင်း အချက်အလက်မှာပေါ့။ သတင်း အချက်အလက်ကို ရယူနိုင်စွမ်း ဆိုတာက အင်မတန် အရေးကြီးတယ်။ မရှိမဖြစ် လိုအင်တွေ ဖြစ်တဲ့ အစားအသောက်၊ အဝတ်အထည်၊ ဆေးဝါးတွေကို ရယူနိုင်စွမ်းနဲ့တင် ပြီးတာမှ မဟုတ်တာ။ ဒုတိယကမ္ဘာစစ်ပြီးလို့ နှစ်နှစ်၊ သုံးနှစ်လောက် အတွင်းမှာ ဂျပန်ဟာ အငတ်ပြဿနာကို ဖြေရှင်းနိုင်ခဲ့တယ်။ ဒါပေမဲ့ အပြင်းအထန် သေလုမြောပါး အလုပ်လုပ်တဲ့ အကျင့်က ဂျပန်တွေမှာ စွဲကျန်ခဲ့တယ်။ အလုပ်မလုပ်ရင် ငတ်တော့မလိုကို လုပ်တာ။ ဘာလို့ အဲဒီလောက် အလုပ်လုပ်နေတာလဲ။ ပေါ့ကြွယ်ဝတဲ့ ဘဝတွေ ဖြစ်လာစေဖို့လား။ တကယ်လို့ အဲဒီအတွက် ရည်ရွယ်တယ်ဆိုရင် ဘယ်မတုံး ပေါ့ကြွယ်ဝမှု၊ ဘယ်မတုံး ကျယ်ကျယ်လွင့်လွင့် နေနိုင်တဲ့ အိမ်ခြံမြေ နေရာတွေ။ မနက် မနက် ရထားတွေပေါ်

မှာ ငါးပိသိပ် ငါးချဉ်သိပ် သွားလာရင်း ဘယ်နို့တိုက်သတ္တဝါထက်မဆို သေဖို့ရန် လမ်းပိုများတဲ့ လူတွေ အုံခဲလို့ပဲ။ ဒါကြောင့် သိသာတာကတော့ ဂျပန်တွေဟာ ပိုကောင်းတဲ့ ဘဝတွေကို လိုချင်တာ မဟုတ်ဘူး။ ပိုမိုများပြားတဲ့ အရာဝတ္ထု ပစ္စည်းတွေကို သတင်းအချက်အလက်ပုံစံနဲ့ လိုချင်ကြတာပဲ။ လိုချင်တာ လက်တစ်ကမ်းအကွာမှာ ရှိနေပြီး သတင်းအချက်အလက် စီးဆင်းမှုဟာ အင်မတန် ချောမွေ့မြန်ဆန်လာတဲ့ အခါမတော့ မူလအာသီသတွေ ပျောက်ကွယ်ကြရပြန်တယ်။ လူတွေအဖို့ ပျော်ရွှင်မှုဆိုတာ သူတို့ လက်လှမ်းမမီတဲ့ အရာလို့ ထင်လာကြပြီး အင်အားကောင်းလှတဲ့ ဇကစာ ဘဝပုံစံအသစ်တစ်မျိုး ဖြစ်ထွန်းလာတယ်။ အထီးကျန်မှုနဲ့ စိတ်ဖိစီးမှု၊ လက်ပန်းကျမှုတွေ ပေါင်းစပ် လိုက်တဲ့ အခါမတော့ ရူးသွပ်မှုပေါင်းစုံ ကြုံလာတော့တာပေါ့။ ဘာမှန်းမသိတဲ့ စိုးရိမ်ထိတ်လန့်မှုတွေ များလာတယ်။ အဲဒီ စိုးရိမ်မှုတွေ ပျောက်အောင် ကြိုးစားရင်း အဆုံးစွန် ကြမ်းတမ်းတဲ့ လိင်မှုကိစ္စတွေ၊ အကြမ်းဖက်မှုတွေ၊ လူသတ်မှုတွေဆီ ဦးတည်လာခဲ့ကြတယ်။ အရင်တုန်းက မာရသွန်ပွဲတွေ ကြည့်ရင် အားလုံးဟာ အခြေခံကျတဲ့ စိတ်အားတက်ကြွမှုတွေ။ မျှော်မှန်းချက်တွေ ကိုယ်စီနဲ့ မျှဝေခံစားနေခဲ့ဖူးတယ်။ ခုတော့ လူတိုင်းဟာ ကိုယ့်ပုဂ္ဂလဓိဋ္ဌာန် အကြောင်းပြချက် ကိုယ်စီနဲ့ပဲ ရှင်သန်လှုပ်ရှား နေတော့တယ်ပေါ့။ အာအိုယာမလို ဂျပန် မျိုးဆက်ဟောင်းတွေ အတွက်တော့ ဒီအခြေအနေဟာ ဆေးခါးကြီး မျိုရသလိုပါပဲ။ ဒါပေမဲ့...

သူ့ရဲ့ အတွေးရထား အမျှင်တန်းကြီးကို ဖြတ်တောက် နှောင့်ယှက်သူကတော့ သားတော်မောင် ရှီဂေးပေါ့။

“ဘာလို့လဲ အဖေ... အဖေ နောက်မိန်းမ ထပ်ယူလို့ ရတာပဲကို”

ရှီဂေးက အဲဒီညမှာ သူငယ်ချင်းတစ်ယောက်အိမ်ကို သွားနေခဲ့တဲ့အတွက် အာအိုယာမဟာ ညစာကို တစ်ယောက်တည်း စားရတယ်။ ရီးစံက ထမင်းအိုးတည်ပေးသွားပြီးသား။ အိမ်နားက ဒလီကိတ်ဆန်ကို သူ လမ်းလျှောက်သွားလိုက်တယ်။ နို့ငံခြားက တင်သွင်းတဲ့ အစားအသောက်မျိုးစုံရတဲ့ လက်လီဆိုင်ကြီးပေါ့။ ပြင်သစ်က လာတဲ့ ဘဲကင်ရယ်၊ ဆယ်လ်မွန် ကျပ်တိုက်ရယ်၊ မှိုတွေရယ် ဝယ်လိုက်တယ်။ အချက်အပြုတ် ဝါသနာမပါပေမဲ့ ကိုယ်စားဖို့ ကိုယ်ပြင်ရတာကိုတော့ ဒုက္ခလို့ သူ မခံယူပါဘူး။ အိမ်ရောက်တာနဲ့ မှိုတွေကို သူ ပြုတ်တယ်။ ဂီဂိုရီ ပန်းကန်ပြားပေါ် တင်တယ်။ ဆယ်လ်မွန် ကျပ်တိုက်ကို မှိုတွေ

ပေါ် တင်တယ်။ စားမြိန်ရည်ဆမ်း၊ ငရုတ်ကောင်းတွေ ဖြူး၊ ရှောက်သီးစိတ် ကလေး တင်၊ ပဲပိစပ်လေး ထပ်ထည့်။ ရေခဲသေတ္တာထဲမှာ ဘီယာအမျိုးအစား တစ်ဒါဇင်ထက်မနည်း ရှိတယ်။ ခေတ်ဟောင်းတုန်းက စိတ်ကူးနဲ့တောင် မ သောက်နိုင်တဲ့ ဘီယာမျိုးတွေပေါ့။ ဘယ်လ်ဂျီယံဘီယာ သောက်မယ်လို့ စိတ်ကူးလိုက်ပြီး တစ်ဘူးဖွင့်လိုက်တယ်။

ဂျာမန် လေမှုတ်တူရိယာ ပညာရှင်ကြီးနဲ့ တွေ့ဖို့ သွားတုန်းက အရှေ့ ဂျာမနီက လစ်ပ်ဇစ်နဲ့ ဘာလင်ကြား ဝတ်တင်ဘက်ခ်ဆိုတဲ့ မြို့လေးမှာ သူ သုံး ပတ်လောက် နေခဲ့ရဖူးတယ်။ အစားအသောက်နဲ့ အသုံးအဆောင် ပစ္စည်းတွေ ရှားပါးလှပေမဲ့ အယ်လ်ဘီ မြစ်ကမ်းနဖူးပေါ်က ဒီမြို့လေးဟာ လှချက်ကတော့ ပက်စက်တယ်ဆိုတဲ့ အထဲကပဲ။ မြို့ကြီးပြကြီး မဟုတ်တဲ့အတွက်၊ နိုင်ငံခြားသားတွေ ဝယ်ဖို့ခြမ်းဖို့ စူပါမားကက်တွေ ဘာမှ မရှိတဲ့အတွက် မနက် တိုင်း ပေါင်မုန့်ရယ်၊ ယာသမားတွေ ရောင်းတဲ့ ခြံထွက်သီးနှံတွေရယ်၊ အသား ရယ်၊ အိမ်မှာတင်ဖောက်တဲ့ ဘီယာရယ် ဝယ်ဖို့ မြို့ခံတွေနဲ့ တူတူ တန်းစီရ တယ်။ သုံးပတ်လုံးလုံး အပြောင်းအလဲမရှိ ဒီပုံစံအတိုင်းပေမဲ့ အဲဒီတုန်းကတော့ ပျင်းရိငြီးငွေ့တာမျိုး နည်းနည်းမှ မခံစားရဘူး။ နေ့လယ်တိုင်း သူ အဘွားကြီး ဆီ ဖုန်းခေါ်တယ်။ အဘွားကြီးက မြို့စွန် တောင်ကုန်းလေး တစ်ခုထိပ်မှာ ကျောက်တုံးအိမ်လေးနဲ့ တစ်ကိုယ်တည်း နေတာ။ အဘွားကြီးကို သူ ဖျော်ဖြေ ပွဲအကြောင်း တစ်လုံးမှ မဟဘဲ ခြေတစ်ပေါင်ကျိုး ဂျာမန်စကားနဲ့ ရောက်တတ်ရာရာတွေ လျှောက်ပြောတယ်။ ပြီးရင်တော့ အယ်လ်ဘီ မြစ်ကမ်းပါးက ကျောက်တုံး စီထားတဲ့ လမ်းကလေးပေါ် လမ်းသလား၊ ဒါမှ မဟုတ် ဒုတိယကမ္ဘာစစ်တုန်းက ရုရှစစ်သားတွေ ချန်ရစ်ခဲ့တဲ့ ကျည်ခွံတွေ လိုက်ကောက်၊ ညနေတိုင်း ညစာကို ကိုယ့်ဟာကိုယ် ပြင်ဆင်ရတယ်။ သူငှား နေတဲ့ အိမ်ပေါက်စကလေးက ဂက်စ်မီးဖိုဟာ တကယ့်ကို အဖိုးတန် ရတနာ တစ်ပါးလိုပဲ။ မီးညှိရခက်ပေမဲ့ ထွက်လာတဲ့ အပြာဖျော့ဖျော့ မီးတောက်ကလေး ကို ဘယ်တော့မှ ငေးလို့ မဝခဲ့ဘူး။ အဲဒီ ရက်ကာလများဟာ အာအိုယာမအဖို့ ရည်မှန်းချက်တွေ အမှန်တကယ် ပြည့်လျှံနေတဲ့ ကာလပါပဲ။ အဲဒီ ခံစားချက် တွေက သူ့ကို ပြောင်းလဲစေခဲ့တယ်။ ပြောစမှတ်ပြုရမယ့် ဂီတဖျော်ဖြေပွဲ အတွက် စီမံကိန်းဆွဲနေရတဲ့ စိတ်ကျနပ်မှုဟာ ဘာနဲ့မှ မလဲနိုင်ဘူး။ အရင်လုပ် နေကျ ရောင်းတမ်း ဗီဒီယိုတွေ၊ တီဗီကြော်ငြာတွေ လုပ်ရတာနဲ့ တခြားစီပဲ။

အလုပ်ကိစ္စကြောင့်ချည်းတော့ မဟုတ်ဘူး။ ရိုကို ကျန်းမာစဉ်က ဂေါ်လီဆန်ဆန်နေခဲ့တဲ့ သူ့ဘဝ နေပုံထိုင်ပုံကို သူ စိတ်ကုန်လာတာကြောင့်လည်း ပါလိမ့်မယ် ထင်တယ်။ ဒီလိုပြောလို့ အာအိုယာမဟာ လင်ကိစ္စကို ဝေယျာဓဏီလုပ်တယ်လို့ ဆိုလိုတာတော့ မဟုတ်ဘူး။ မိန်းမဖော်တစ်ယောက် ရဖို့ ကလပ်တွေ၊ ဘားတွေ ပေါလွန်းလို့၊ အလုပ်ထဲမှာလည်း မိန်းမတွေနဲ့ တွေ့ဖို့ အခွင့်အရေးအများကြီးရယ်။ ဒါပေမဲ့ ဘယ်တစ်ယောက်နဲ့မှ ဇာတ်လမ်းမဖြစ်ခဲ့ဘူး။ သူငယ်ချင်း အပေါင်းအသင်း မိတ်ဆွေတွေဟာ သူ့ကို အိမ်ထောင်ထပ်ပြုဖို့ အမျိုးမျိုး တိုက်တွန်းခဲ့ကြဖူးတယ်။ ရိုကို့အဖေ သူ့ယောကျ်ဖထီးကြီး ကိုယ်တိုင်တောင် တစ်ခါသား အသက်သုံးဆယ်လောက် မဟာဆန်ဆန် အမျိုးသမီးတစ်ယောက်ရဲ့ ဓာတ်ပုံကိုင်လာပြီး “အေး... လူတွေကတော့ ဒါဟာ မဖြစ်သင့်ဘူး ပြောကြမှာပဲ၊ ဒါပေမဲ့...” အစချီပြီး သူ့ကို စပ်ဟပ်ပေးဖူးတယ်။ ဒါပေမဲ့ အာအိုယာမဟာ အားလုံးကို ငြင်းဆန်ခဲ့တယ်။ နောက်ဆုံးတော့လည်း အားလုံးလက်လျှော့သွားကြတယ်ပေါ့။ သူ့ကိုလည်း သွားလေသူ ဇနီးမယားအပေါ် အင်မတန် သစ္စာရှိသူကြီးလို့ ကင်ပွန်းတပ်ကြလေရဲ့။ သူလည်း ဒုက္ခခံပြီး လိုက်ဖြေရှင်းမနေပါဘူး။ ဒီတိုင်းပဲ ထားလိုက်တယ်။ လင်အာသီသတွေ မဖြည့်ဆည်းနိုင်တော့လောက်အောင် ရုပ်ဆိုးလာရင်၊ ဒါမှမဟုတ် မွဲပြာကျလာရင်တော့ နောက်အိမ်ထောင်ပြုဖို့ စဉ်းစားကောင်း စဉ်းစားမိမှာ။ ဒါပေမဲ့ အဲလိုလည်း မဖြစ်လောက်ပါဘူး။ ရိုကို ဆုံးပြီးချိန်မှာ သူထားခဲ့တဲ့ ရည်မှန်းချက်ပန်းတိုင် နှစ်ခုဟာ ထင်တာထက် အချိန်ပိုပေးရပေမဲ့ ခုဆို အောင်မြင်ပေါက်ရောက်ခဲ့ပြီ။ ကုမ္ပဏီရော သူ့ဘဝပါ အောင်မြင်ခဲ့ပြီးပြီ။ ဒါပေမဲ့ မိန်းမတယောက်အတွက် အချိန်နဲ့ အားအင်ကို အကုန်ခံဖို့ သူ့မှာ ဆန္ဒမရှိသေးဘူး။

ရှီဂေးရဲ့ မေးခွန်းကို မကြားခင်အထိ အဲဒီဆန္ဒ မရှိသေးဘူးပေါ့လေ။ ရှီဂေးက ထပ်ဖြည့်ပြောသေးတယ်။

“အဖေ့ကြည့်ရတာ ညစ်နေသလိုပဲ။ မိန်းမထပ်ယူဖို့ စဉ်းစားကြည့်ပါလား၊ တကယ် အတည်ပြောနေတာ အဖေရ” တဲ့။

※※※

ကြော်ငြာအေဂျင်စီတစ်ခုမှာ အလုပ်အတူတူ လုပ်ခဲ့တဲ့ ယိုရှီကာဝါဟာ နှစ် နှစ်ဆယ်လောက် ရုပ်မြင်သံကြားလောကမှာ ကျင်လည်ပြီး ခုတော့ ရုပ်ရှင်လိုင်းဘက် ရောက်နေခဲ့ပြီ။ အလုပ်လမ်းကြောင်း မတူပေမဲ့ ယိုရှီကာဝါနဲ့ အာအိုယာ

မဟာ မကြာခဏ ဆုံဖြစ်တယ်။ သူတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့ တစ်ယောက် အလွန်အင်မတန် လေးစားရင်းစွဲရှိကြတဲ့ မိတ်ဆွေတွေပါပဲ။

ယိုရှိကာဝါလို ထက်မြက်တဲ့ လူတစ်ယောက်ဟာ ရုပ်မြင်သံကြားလောက,ကနေ ရုပ်ရှင်လောကကို ခြံခုန်ရတဲ့ အကြောင်းက ရုပ်ရှင်ဟာ အရင်လွန်ပြီးသော အတိတ်ကာလက ရှိခဲ့တဲ့ ပါဝါနဲ့ လွှမ်းမိုးမှုမျိုး ပြန်ရလာလို့ မဟုတ်ဘူး။ နည်းပညာ အဆင့်မြင့်လာခြင်းကသာ အဓိက အကြောင်းရင်း ဖြစ်တယ်။ အဆင့်မြင့်နည်းပညာသုံး ရိုက်ကူးရေးစနစ်တွေအတွက် စတူဒီယိုတွေ၊ ငွေကြေးကျောထောက် နောက်ခံပေးတဲ့ ဘဏ်တွေနဲ့ ညှိနှိုင်းရတာ အင်မတန် ရှုပ်ထွေးတယ်။ အဲဒီ ညှိနှိုင်းမှုမျိုးမှာ ယိုရှိကာဝါရဲ့ အရည်အချင်းဟာ တန်ဖိုးဖြတ်လို့ မရဘူးပေါ့။

သူတို့နှစ်ယောက်ဟာ ဟိုတယ်တစ်ခုခုက ဘားမှာ ပုံမှန်အားဖြင့် ဆုံကြလေ့ရှိတယ်။ ဒီညအတွက်တော့ ဗျပ်စောင်းမယ် တစ်ယောက် ဖျော်ဖြေလေ့ရှိတဲ့ အကာဆာကာက ဟိတ်ဟန်ကြီးကြီး ဘားတစ်ခုကို ယိုရှိကာဝါက ရွေးထားတယ်။

“တကယ့် ဘားအစစ်တွေ ဘာဖြစ်ကုန်တာတုံးဗျာ”

ယိုရှိကာဝါက ချိန်းထားတဲ့ အချိန်ထက် ငါးမိနစ်လောက် နောက်ကျတယ်။ ရောက်ရောက်ချင်း ရေခဲစိမ် ရှယ်ရီကို မော့၊ ဘားခန်းကို လှည့်ပတ်ကြည့်ရင်း ပြောလိုက်တယ်။

“တကယ့် ယောကျ်ားစစ်စစ်တွေ တကယ်သောက်ပြီး အနားယူအပန်းဖြေနိုင်တဲ့ တကယ့် ဘားစစ်စစ်တွေ ဘယ်ပျောက်ကုန်လဲ မသိ၊ ခင်ဗျားကြည့်စမ်းပါဦး၊ ဒီမှာ အတွဲတွေချည်းပဲ၊ ဘလတ်ဒီးမေရီ ကော့တေးလ်လောက်ကို တပြွတ်ပြွတ် စုပ်နေကြတာ၊ တစ်ခွက်လောက် သောက်ပြီး မှောက်သွားမယ့် ဟာတွေ၊ ဟိုမှာလည်း ကြည့်ဦး၊ ရုံးစာရေးမလို ဟာမနှစ်ကောင်၊ ဂင်းမ်လက်လေးစုပ်ပြီး အဟုတ်ထင်နေတာ၊ နောက်ငါးနှစ်လောက်ဆို တစ်တိုင်းပြည်လုံးက ဘားတွေဟာ ဘီယာဆိုင်သာသာ ဖြစ်ကုန်တော့မှာ ထင်တယ်”

“မပြောတတ်ပါဘူး၊ ကျနော်ကတော့ ခေတ်ဟောင်းဘားတွေဟာ ပိုကောင်းတယ်လို့ ထင်တဲ့လူတွေထဲ မပါဘူးဗျ၊ အဲဒီတုန်းက ခွဲခြားဆက်ဆံ ဖိနှိပ်မှုတွေ ပိုများသလားလို့၊ ခုမှ စလုပ်မယ့် လူသစ်တွေအတွက် အဲဒါ ကောင်းတဲ့

အရာ မဟုတ်ဘူးလေ၊ ပြီးတော့ အဲဒီတုန်းက ကော့တေးလ်တွေက ပိုကောင်းတယ် ဆိုတာလည်း ထင်မိယောင်မှား ဖြစ်တာလို့ ထင်တာပါပဲလေ”

“ဒါပေမဲ့ ပြောင်းလဲသွားတာတော့ အမှန်ပဲလေ၊ ခုခေတ်မှာ အရာရာဟာ ရှုပ်ထွေးနေတယ်၊ ချမ်းသာသူတွေ ဆင်းရဲကုန်ပြီး ဆင်းရဲသားတွေ ချမ်းသာလာတာ တစ်ခုတည်းကြောင့်တော့ မဟုတ်လောက်ဘူး”

“အင်း... ကျွန်တော်တို့ အသက်ကြီးလာလို့များလား”

ယိုရှိကာဝါက ခဏငိုင်နေတယ်။ ပြီးတော့ သူ ပြန်ပြောတယ်။

“သေချာပြောနိုင်တာ တစ်ခုတော့ ရှိတယ်ဗျ၊ နောက်ဆယ်နှစ် ကြာလည်း ကမ္ဘာကြီးကတော့ အရင်အတိုင်းပဲလို့ လူတိုင်း ထင်ကြမှာပဲ၊ မဟုတ်ဘူးလား၊ ထားပါတော့၊ ကျွန်တော် ဆယ်နှစ် ပိုအိုစာသွားမယ်၊ ဒါပေမဲ့ အရင်အတိုင်း အသက်ရှင်နေထိုင် လှုပ်ရှားနိုင်ဦးမှာလို့ ထင်ကြတာပဲလေ၊ တကယ်တော့ ငလျင်ကြီးလှုပ်လို့၊ အကြမ်းဖက် တိုက်ခိုက်ခံရလို့၊ ဒါမှမဟုတ် တခြားအကြောင်း တစ်ခုခုကြောင့် မျက်စိတစ်မှိတ်အတွင်း သေနိုင်တာပဲလေ”

“အဲဒီတော့...”

“အဲဒီတော့ ကျွန်တော်တို့ လောနေစရာ မလိုပါဘူး၊ ကျွန်တော်တို့ဆိုတာ အားလုံးကို ပြောတာနော်၊ ဆယ်ကျော်သက်ကလေး တစ်ယောက် အတွဲချိန်းတဲ့ ကိစ္စကနေ နိုင်ငံရေးသမားတစ်ယောက် အခွန်ဥပဒေကို ပြင်တဲ့ကိစ္စထိပေါ့၊ ခု ချက်ချင်းလုပ်စရာ ဘာအကြောင်းမှ မရှိဘူးလေ”

သူတို့နှစ်ယောက် ပြောနေတဲ့ လေသံလေပေါက်ကို အာအိုယာမ သတိထားမိနေတယ်။ ခုမှ နှစ်ယောက်လုံး လေးဆယ်ကျော်ခါစပေမဲ့ လေသံတွေက အဘိုးကြီးလေသံတွေ ပေါက်နေကြပြီပဲ။ လွန်ခဲ့တဲ့ နှစ်တွေတုန်းက ခုခေတ် ချာတိတ်တွေကို နားမလည်ပါဘူးဗျာလို့ ရယ်ပွဖွဲ့ ပြောခဲ့ကြဖူးပေမဲ့ ခု လေသံမျိုးတွေ မဟုတ်သေးဘူး။

စကားဝိုင်းဟာ ဂီတဘက် ရောက်သွားပြန်တယ်။ ယိုရှိကာဝါက သူနဲ့ သူ့သား နှစ်ယောက်အတူတူ ဘီတယ်လ်သီချင်းတွေ နားထောင်ဖြစ်ကြောင်း ပြောနေတယ်။ သူ့သားက ရှီဂေးနဲ့ အသက်တူတူလောက်ပဲ။

“ဘီတယ်လ်ကြိုက်တဲ့ လူတွေဟာ ကနေ့ခေတ် ဂျပန်တီးဝိုင်းတွေ နားထောင်လို့ မရတော့ဘူးလို့ ခင်ဗျားတော့ ထင်မလား မသိ၊ အမှန်တော့ အဲဒီလို မဟုတ်ဘူးဗျ”

ပြည်နယ်မြို့တော်တစ်ခုက အားကစားကွင်းထဲမှာ ကျင်းပတဲ့ အမျိုးသမီးပေါ့ပ်အဆိုတော် တစ်ယောက်ရဲ့ ရှိုးပွဲ ဗွီဒီယိုအကြောင်း ယိုရှိကာဝါက အာအိယာမကို ပြောပြနေတယ်။ အဲဒီဗွီဒီယိုကို တည်းဖြတ်ခဲ့စဉ်က အကြောင်းတွေပေါ့။

“ကျွန်တော် နောက်ပြောတာ မဟုတ်ဘူးဗျ၊ သိလား၊ အဲဒီ ရှိုးက ဘာသာတရား အသစ်တစ်ခု ပေါ်ထွန်းလာသလိုပဲ၊ ချာတိတ်တွေ ချာတိတ်တွေဆိုတာ သောင်းချီ သိန်းချီမယ်၊ အားလုံး ဆင်တူဝတ်၊ ခြေဖျားလေးတွေထောက်ပြီး အော်ကြ၊ မျက်ရည်တွေ ကျကြနဲ့၊ ဒါပေမဲ့လေ အဲဒီချာတိတ်တွေထဲကိုယ့်ဘဝကိုယ် ကျေနပ်ပျော်ရွှင်နေတဲ့ အရိပ်အယောင်မျိုး တစ်ယောက်တောင် မမြင်ခဲ့ရပါဘူး။ အနန္တစကြာဝဠာကြီးထဲက အထုံထိုင်းဆုံး အမှုန်မှိုင်းဆုံး ငြီးငွေ့ဖွယ်အကောင်းဆုံး ကမ္ဘာပေါ်မှာ တစ်ယောက်တည်း နေရသလို အထီးကျန် ငြီးငွေ့နေတဲ့ အရိပ်အယောင်တွေပဲ သူတို့ဆီမှာ တွေ့ရတယ်၊ ချာတိတ်တွေ ဘယ်လို ဖြစ်သွားကြပါလိမ့်နော်”

အဲဒီအချိန်မှာ ဗျပ်စောင်းမယ်ဟာ ဘီတယ်လ်ရဲ့ နာမည်ကြီး အယ်လီယာနော် ရခ်ဘီ သီချင်းကို စတီးလိုက်တယ်။

“အား... သီချင်းကောင်းပဲ”

ယိုရှိကာဝါက ပြောလိုက်တယ်။ အာအိုယာမက ခေါင်းညိတ်ပြီး ထောက်ခံရင်း သူတို့နှစ်ယောက် သီချင်းကို တိတ်တိတ်ဆိတ်ဆိတ် နားထောင်နေကြတယ်။ ဘီတယ်လ်အယ်ဘမ်မှာ ဒီသီချင်းနောက်က ဘာပါလိမ့်။ တက်စ်မန်းလား၊ ဟဲလိုး ဆပ်မရင်းလား စဉ်းစားနေတုန်း ယိုရှိကာဝါက သူ့ပခုံးကို ဆုပ်ရင်း သွားဖြဲပြတယ်။

“ဒါဆို နောက်ဆုံးတော့ ခင်ဗျား အဆင်သင့်ဖြစ်ပြီပေါ့ ဟုတ်လား”

ဩော်... သူ ယိုရှိကာဝါကို နောက်အိမ်ထောင်ပြုဖို့ စဉ်းစားနေတဲ့အကြောင်း ဖုန်းထဲမှာ ပြောမိတာကိုး။ ယိုရှိကာဝါက ဆက်ပြောနေတယ်။

“ကောင်းပါတယ်ဗျာ၊ အားလုံးလည်း ဒီသတင်းကြားရင် ဝမ်းသာနေကြမှာ၊ ခင်ဗျားနဲ့ရမယ့် ကောင်မလေးက သိပ်လှ သိပ်ငယ်နေမယ် ဆိုရင်တော့ ကျွန်တော် နည်းနည်း မနာလိုဖြစ်မိမလား မသိ၊ ဒါပေမဲ့ ပြောပြစမ်းပါ၊ သူက ဘယ်လိုနေတုံး”

“ဘယ်လိုမှ မနေဘူးဗျ၊ တွေ့မှ မတွေ့သေးတာ”

အာအိုယာမရဲ့ အဖြေကို ကြားလိုက်ရတော့ ယိုရှိကာဝါက မျက်စိလေးမှေးပြီး သူ့ကို ကြည့်ရင်း ဖြတ်သွားတဲ့ စားပွဲထိုးမလေးကို ဒဘယ်ရှယ်ရီ ထပ်မှာလိုက်တယ်။ အနီရဲရဲ ကတ္တီပါ စကတ်ရှည်နဲ့ စားပွဲထိုးမလေး လေးယောက်ရှိတယ်။ အားလုံး ငယ်ငယ် လှလှလေးတွေ။ အချိန်ပိုင်းအလုပ် လုပ်တဲ့ ကျောင်းသူလေးတွေ နေမယ်။ အသက် နှစ်ဆယ်၊ နှစ်ဆယ့်တစ်လောက်စီပေါ့။ ငယ်တယ်။ ဘယ်လိုပဲ ကြည့်ကြည့် သိပ်ငယ်လွန်းတယ်။ ဘားဆီ နိမ့်တုံမြင့်တုံနဲ့ လျှောက်လှမ်းသွားတဲ့ ကတ္တီပါနီ တင်သားတွေကို ကြည့်ရင်း အာအိုယာမ တွေးနေမိတယ်။

“နေစမ်းပါဦး၊ ခင်ဗျားက နောက်အိမ်ထောင် ပြုမယ်လည်း ပြောသေး၊ ဘယ်သူနဲ့ ပြုရမှန်းလည်း မသိသေးဆိုတော့ ဘယ်နယ့်ဟာတုံး၊ စပ်ဟပ် ပေးတာကို ယူမှာလား၊ အဲလိုဆိုရင်တော့ ခင်ဗျား စိတ်ကြိုက်ရမယ် မထင်ဘူး၊ ဒါပေမဲ့...”

“အောင်သွယ်နဲ့စပ်တာမျိုးလား၊ ဟာ... မလုပ်ပါဘူး၊ ခင်ဗျားကော အဲဒီလို လုပ်ဖူးလို့လား”

“ကြံကြီးစည်ရာ”

“ကျွန်တော်လည်း မလုပ်ဖူးဘူး။ ဒါပေမဲ့ ဘယ်လိုလဲဆိုတာ သိကြတာပဲလေ နော်၊ အောင်သွယ်က တွေ့ရမယ့် အမျိုးသမီးကို ညစာ အတူစားဖို့ ခေါ်လာမယ်၊ ကြိုက်ရင် ဒိတ်လုပ်ပြီး ဆက်တွဲကြည့်ကြ၊ ဒါပေမဲ့လို့ ဒိတ်စလုပ်ပြီ ဆိုတာနဲ့ တခြားတစ်ယောက်နဲ့ ချိတ်ဆက်ချင်လို့ မရတော့ဘူး၊ အဲဒီလို မဟုတ်လား”

ယိုရှိကာဝါက ပခုံးတွန့်လိုက်တယ်။

“အင်းလေ၊ ဟုတ်တယ်”

“အင်း... ဒီအတွက် အချိန်တွေ မနည်းမနော ပေးရမယ်၊ ကျွန်တော်က အလုပ်များတဲ့လူလေ”

“ကဲပါ ခင်ဗျားက ဘယ်လို မိန်းကလေးမျိုး ရှာနေတာလဲ၊ အသက် ငယ် ငယ်ထဲကလို့ ကျွန်တော်ကတော့ ယူဆသဗျ”

“ကျွန်တော်က အသက်ကို သိပ်အကဲမဆတ်ပါဘူး၊ မတရားကြီး ငယ် လွန်းရင်လည်း ဘယ်ဖြစ်မလဲဗျ၊ အလုပ်အကိုင် အခွင့်အလမ်းလည်း ရှိ၊ ကျွမ်းကျင်တာ တစ်ခုခုလည်း ရှိတာမျိုးပေါ့”

“ဘယ်လို ကျွမ်းကျင်တာမျိုးလဲ၊ ကြိုးနဲ့တုပ် နှိပ်စက် အကြမ်းဖက် လိင် ဆက်ဆံခိုင်း အဲဒါမျိုးလား”

အာအိုယာမက ရယ်တယ်။

“ညစ်ပတ်တဲ့လူ၊ ကျွန်တော် ပြောတာက ဂန္ဆင်ဂီတတို့ ဘဲလေးတို့လို ကျွမ်းကျင်မှု တစ်မျိုးမျိုး”

“ဩော်... ရိုကို့လိုပေါ့”

“အဲလိုလည်း မဟုတ်ပါဘူး၊ ကျွမ်းကျင်တာ တခုခုရှိပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုရှိတဲ့ သူမျိုးပါ၊ ကိုယ့်ကိုယ်ကိုယ် မယုံကြည်ရင် ကိုယ့် ခြေထောက်ပေါ် ကိုယ် မရပ်တည်နိုင်ဘူး၊ အမြဲတမ်း ကိုယ့်အဖော်ကို အားကိုး နေမှာ၊ ဒါဆို ပျော်ရွှင်စရာ ဖြစ်မယ် မထင်ဘူး”

“ခင်ဗျားက ကြေးမများလွန်းဘူးလား”

“ဩော်... ခင်ဗျားက အဲသလို ထင်တာလား”

“အေးလေ၊ ဂန္ဆင်ဂီတပညာရှင်၊ ဒါမှမဟုတ် ဘဲလေးအကပညာရှင် ဆို တော့ လွန်လွန်းတာပေါ့၊ ကိုယ့်ကိုယ်ကိုယ် သူငြေးကြီး အိုနာစစ်များ မှတ်နေ လား”

“အာ... အဲလို ပညာရှင်အဆင့် မဟုတ်ပါဘူး၊ ပရော်ဖက်ရှင်နယ်တောင် ဖြစ်စရာမလိုဘူး၊ ဝါသနာအလျောက် လေ့လာထားတာမျိုး ပြောတာပါ”

“မင်းသမီးတို့၊ အဆိုကျော်တို့ ဆိုရင်ကော”

“တော်-တော်... ခင်ဗျားတို့ ဖျော်ဖြေရေးလုပ်ငန်းက အညစ်အကြေးတွေ စွန့်ပြီးသားသူကို မလိုချင်ပါဘူး”

“အင်းလေ၊ ဒါတော့ ခင်ဗျားကိုလည်း အပြစ်ပြောလို့ မရပါဘူး၊ ဒီလုပ်ငန်းက လူတွေကို နွားတွေလို သွားဖြဲကြည့်ပြီး ဝယ်လိုက် ပြန်ရောင်းလိုက်နဲ့ကိုး၊ ဒါပေမဲ့ ခင်ဗျားရဲ့ စံက မြင့်လွန်းတာတော့ သေချာသဗျာ”

“အင်း... တကယ်တော့ သေသေချာချာ မပတ်သက်ခင် သူ့ကို သေချာ စစ်ဆေးချင်သေးတာ”

“ဘယ်လို၊ စုံထောက်ငှားပြီး ထောက်လှမ်းခိုင်းမှာလား”

“ဟော့လူ မနောက်နဲ့ဗျ၊ အတည်ပြောတာ၊ ကျွန်တော် ဆိုလိုတာက သူနဲ့ စကားတွေ ပြောမယ်၊ သူ့ကို မေးခွန်းတွေ မေးမယ်၊ အင်း... တကယ်တော့ အမျိုးအမည်စုံတဲ့ မိန်းမတွေ အများကြီးကို အင်တာဗျူးပြီး ခေါင်းခေါက် ရွေး ပစ်လိုက်ချင်တာ၊ အသက်အရွယ် ဆိုရင်တော့ အစိတ်နဲ့ သုံးဆယ် ကြား လောက်ပေါ့၊ ဒါဆိုရင်...”

“ခဏလေး”

ယိုရှိကာဝါက ဖြတ်ပြောလိုက်တယ်။

ရှယ်ရီခွက်သစ်ကို မော့တယ်။ လက်သီးဆုပ်နဲ့ မေးကိုထောက်ပြီး စဉ်းစားနေတယ်။ ရှယ်ရီကို တစ်ဝုံ့ ထပ်ငုံတယ်။ ပြီးတော့ ပြောလိုက်တယ်။

“ဒါဆိုရင်တော့ တစ်နည်းပဲ ရှိတယ်၊ အဲဒါကတော့ လူရွေးပွဲ လုပ်ဖို့ပဲ၊ လုပ်လိုက်ကြစို့ ”

❑

(၂)

“ဒီမယ် ကျွန်တော့်ကို ယုံပြီး အပ်လိုက်စမ်းပါ၊ ခင်ဗျားကို ကျွန်တော်က ဘယ်တုန်းကမျှား စိတ်ပျက်အောင် လုပ်ဖူးလို့လဲ၊ လူရွေးပွဲနဲ့ ပတ်သက်ရင် ကျွန်တော်က ပရော်ဖက်ရှင်နယ်ပါဗျ၊ အသေးစိတ် ကိစ္စတွေ ကျွန်တော့် တာဝန် ထားလိုက်”

ယိုရှိကာဝါဟာ ဒီညမှာ ထူးခြားနေတယ်။ ခါတိုင်းလို တိတ်တိတ်ဆိတ် ဆိတ် ဟိုတယ်ဘားတွေမှာ မသောက်ဘဲ အာအိုယာမကို တက္ကစီပေါ် ဇွတ်ဆွဲ တင်ပြီး စပယ်ရှယ်နေရာလို့ သူ ကင်ပွန်းတပ်ထားတဲ့ ရိုပုန်းဂီက ကလပ်တစ်ခု ကို ခေါ်ချလာတယ်။ အဲဒီမှာ ဖျော်ဖြေတဲ့ အမျိုးသမီးတွေက အတွင်းကို ထုတ်ချင်းပေါက် မြင်ရတဲ့ ညနေခင်း ဝတ်စုံပါးတွေနဲ့၊ ကလပ်အဆင်အပြင်က လယ်သာဆိုဖာတွေနဲ့။ စားပွဲတစ်ခုနဲ့ တစ်ခုကြား မှန်အမှုန်တွေနဲ့ ကာထားတဲ့ အီတာလျံ ဒီဇိုင်း၊ အခန်းထဲမှာ သမပိုင်းဇုန်က ပန်းတွေ ထည့်စိုက်ထားတဲ့ ပန်းအိုးလေးတွေကို အကွက်အကွင်းကျကျ ထားထားတယ်။ ဥရောပ ဂျက်ဇ် တေးသံက သာသာယာယာ ထွက်နေတယ်။ ဒီလိုနေရာမျိုးဟာ မျက်ဖြူဆိုက် လောက်အောင် စျေးကြီးလိမ့်မယ်ဆိုတာ သိပေမဲ့ အတော်မိုက်တဲ့နေရာ ဆိုတာ ကိုတော့ ငြင်းမရဘူး။ ကလပ်ထဲ လူတွေပြည့်နေပေမဲ့ ဝန်ထမ်းတွေက ယိုရှိကာ ဝါကို တလေးတစား ကြိုဆိုကြတယ်။ ဒီနေရာမှာတော့ ယိုရှိကာဝါဟာ ဆယ် လီဘရစ်တီ တစ်ယောက်လို ဆက်ဆံခံရတာ။ စားပွဲထိုးလေး တစ်ယောက်က သူတို့ကို အခန်းထောင့်က အယ်လ်ပုံစံ ဆိုဖာစားပွဲကို ခေါ်သွားတယ်။ စားပွဲထိုး လေးက ၂၅ နှစ်လောက်ရှိမယ်၊ နားရွက်၊ နှာခေါင်းနဲ့ နှုတ်ခမ်းမှာ အပေါက် ဖောက် ကွင်းလေးတွေ ဆွဲထားတယ်။ စိမ်းညိုရောင်ဝတ်စုံနဲ့ အင်မတန် စမတ် ကျတယ်။ စားပွဲထိုးလေးဟာ စားပွဲပေါ်ကို နှစ်သုံးဆယ်သက်တမ်း ဘယ်လန် တိုင်း ဝီစကီရယ်၊ ရေခဲပုံးရယ်၊ ဆိုဒါရယ်၊ ဖန်ခွက်တွေရယ် တင်လိုက်တယ်။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက် စောင့်ပါခင်ဗျာလို့ ပြောသွားတယ်။ ဆိုလို တာကတော့ ခဏနေရင် ဖျော်ဖြေမယ့် အမျိုးသမီးတွေ လာတော့မယ်ပေါ့။ စားပွဲထိုးလေး ထွက်သွားချိန်မှာ အာအိုယာမ စကားစလာတယ်။

“နေရာကလည်း ကောင်း၊ ပတ်ဝန်းကျင်ကလည်း ကောင်းပါတယ်၊ ဒါပေမဲ့ ဘာလို့များ စပါယ်ရှယ်လို့ ခေါ်ရတာလဲ”

“ရှင်းရှင်းလေးဗျ၊ ဒီမှာ အရွှမတွေ မရှိဘူး၊ ဂျလေဘီမတွေ မလာဘူး၊ ဒီက ဖျော်ဖြေတဲ့ အမျိုးသမီးတွေဟာ အဆိုတော်၊ ဒါမှမဟုတ် မင်းသမီးဖြစ်ဖို့ ကြိုးစားနေတဲ့ ပရော်ဖက်ရှင်နယ်တွေချည်းပဲ၊ သရုပ်ဆောင်လောကကို ဝင်ဖို့ ကြိုးစားတဲ့ မိန်းကလေးတွေဟာ အပြာကားသရုပ်ဆောင်တို့၊ ဖော်ရွှတ်မယ် မော်ဒယ်တို့ ဘဝနဲ့ နိဂုံးချုပ်မသွားအောင် ဘယ်လောက်ထိ ကျားကုတ်ကျားခဲ ကြိုးစားရသလဲဆိုတာ သေချာသိရရင် ခင်ဗျား ရေရေလည်လည် အံ့သြသွားမယ်၊ ကဲ... ခုခေတ် အမျိုးသမီးတွေထဲမှာ ကိုယ့်ကိုယ်ကိုယ် မင်းသမီးရယ်လို့ သေချာခေါ်နိုင်တာ ဘယ်နယောက်တောင် ရှိနေသလဲ၊ ကပ်ရောဂါလိုပဲနော်၊ ဟိုမှာကြည့်လည်း မင်းသမီး၊ ဒီမှာ ကြည့်လည်း မင်းသမီး၊ မင်းသမီးဆိုတာတွေက အများသား၊ ဒါပေမဲ့ စိတ်ထဲက ဒါမှ တကယ့်သရုပ်ဆောင် မင်းသမီးလို့ သေသေချာချာ သတ်မှတ်ထားတဲ့ ရင်းနှီးပြီးသား မျက်နှာ ဘယ်နယောက်များ ပါသလဲ၊ တကယ်တော့ ရုပ်ရှင်ကား အရေအတွက်က များမလာဘူးနော်၊ မင်းသမီး ဆိုတာတွေသာ အဆတစ်ထောင်လောက် များလာတာ၊ ဒါက တွေ့နေကျပဲ၊ ဒါပေမဲ့လို့ ခင်ဗျားအတွက်တော့ အကျိုးရှိလိမ့်မယ်”

လူရွေးပွဲအကြောင်းကို ဦးလှည့်လာပြီ။ တကယ်တော့လည်း အနုပညာ အလုပ်အတွက် လူရွေးပွဲ လုပ်တယ်ဆိုတာ အာအိုယာမအတွက် မစိမ်းပါဘူး။ တီဗွီကြော်ငြာတွေအတွက်၊ လူထုဆက်သွယ်ရေး ဗွီဒီယိုတွေအတွက် သူ လူရွေးပွဲတွေ ဦးစီးလုပ်ခဲ့ဖူးသားပဲ။ ရေကူးဝတ်စုံနဲ့ ကောင်မလေး ဆယ့်ငါးယောက်၊ အယောက်နှစ်ဆယ်လောက် တန်းစီနေတာကို မြင်တိုင်း ကျွန်ဈေးကို သတိရမိတယ်။ လူရွေးပွဲလာတဲ့ ကောင်မလေးတွေဟာ ကျွန်တွေ မဟုတ်ပေမဲ့ ဘီကီနီလေးတွေဝတ်၊ ရှိတာတွေ ပြူးပြဲထုတ်ပြပြီး ကိုယ့်ကိုယ်ကိုယ် ရောင်းဖို့ ကြိုးစားနေကြတာပဲ မဟုတ်လား။ ရောင်းခြင်းနဲ့ ဝယ်ခြင်းဆိုတဲ့ လူမှုသံဝါသ အခြေခံတရားထဲမှာ သရုပ်ဆောင်တို့၊ မော်ဒယ်တို့ ဖြစ်ချင်သူတွေအဖို့ ရောင်းစရာက ကိုယ့်ကိုယ်ကိုယ်က လွဲလို့ တခြား မရှိဘူးလေ။ အင်း... ဒီလိုနည်းနဲ့ လက်ထပ်ဖို့ မိန်းမကို ရှာတယ်ဆိုတာ မှန်ကန်တဲ့ နည်းလမ်းမှ ဟုတ်ရဲ့လား။

“ဟေ့လူ သောက်တောင် မသောက်ပါလား၊ ဘာဖြစ်နေတာတုံး၊ ကျွန်တော့် အကြံကို သဘောမကျဘူးလား”

“သဘောမကျဘူး မပြောပါဘူး”

ခွက်ထဲက ဝီစကီကို တစ်မြိုမြိုရင်း အာအိုယာမက ပြန်ပြောလိုက်တယ်။

“စဉ်းစားစရာလေးတွေတော့ ရှိတာ အမှန်ပဲ”

“အင်း... ဒါပေမဲ့လို့ ခင်ဗျား လိုချင်တာတွေ ရဖို့ဆို ဒီနည်းပဲ ရှိတာလေ၊ ငွေကြေးရေးကြေးကို စိတ်ပူလို့လား”

“ဒါကလည်း တစ်ခုပေါ့၊ နောက်တစ်ခုက ကျွန်တော့်အတွက်သက်သက် လုပ်တာဆိုရင် တစ်မျိုးများ ဖြစ်နေမလားလို့”

ယိုရှီကာဝါက ခေါင်းညိတ်လိုက်တယ်။

“သိပြီ သိပြီ၊ ဒါပေမဲ့ ကျွန်တော်က အဲဒီလောက် မတုံးပါဘူး၊ ခင်ဗျား အတွက်သက်သက် မဟုတ်က ဟုတ်က လူရွေးပွဲ အတုတော့ ဘယ်လုပ်မတုံးဗျ”

“ဒါဆို”

ဒီလိုလေ၊ ခင်ဗျားအတွက် ကြော်ငြာမယ် ဆိုပါစို့။ အသက် ၄၂ နှစ်အရွယ် စီးပွားရေး အောင်မြင်သော မုဆိုးဖိုအတွက် ကြင်ရာ အလိုရှိသည်လို့ ရေးမယ် ဆိုပါစို့၊ အင်မတန်လှ၊ အင်မတန်ငယ်ရွယ် နုပျို အင်မတန်တော်တဲ့ ပါရမီရှိတဲ့ ကောင်မလေး ဒါဇင်ပေါင်းများစွာ လာလျှောက်မယ် ထင်သလား”

“မထင်ပါဘူး”

“ဟုတ်ပြီ။ တခြားတစ်ဖက်မှာတော့ တကယ်လည်း ရုပ်ရှင် မရိုက်ဘဲနဲ့ ခင်ဗျား ကြင်ရာရှာဖို့ သက်သက်နဲ့ လူရွေးပွဲကို လုပ်တယ်ဆိုရင် ဒါ ဘယ်လို နည်းနဲ့ ကြည့်ကြည့် မသမာမှုပဲ၊ ဒါကြောင့် ကျွန်တော်စဉ်းစားတာက ကျွန်တော်တို့ဟာ တကယ့် ရုပ်ရှင်ပရောဂျက် တစ်ခုကို လုပ်မယ်၊ အချစ်ဇာတ်လမ်းပေါ့၊ အဓိက သရုပ်ဆောင်မင်းသမီးဟာ အသစ် ဖြစ်ရမယ်၊ ၂၀ နဲ့ ၃၀ ကြား ဖြစ်ရမယ်၊ ဂန္ဆင်ဂီတကို လေ့လာဖူးတဲ့ လူတွေပဲ လျှောက်ခွင့်ရမယ်၊ ဒါက ဇာတ်လမ်းရဲ့ အဓိက အစိတ်အပိုင်း ဖြစ်နေလို့၊ ဒီလိုမျိုး အချက်တွေနဲ့ လူရွေးပွဲကို ကန့်သတ်လိုက်ရင် ခင်ဗျား လိုချင်တာမျိုး ရမှာ”

“ဒါဆို မင်းသမီး တကယ်ရွေးလို့ရရင် အဲဒီကားကို တကယ် ရိုက်ရမှာ လား”

“ကျွန်တော် အဲသလို မပြောပါဘူး၊ တစ်နှစ် တစ်နှစ်ကို ရုပ်ရှင် ပရော ဂျက်တွေမှ မနည်းမနော ရှိတယ်၊ ငွေရေးကြေးရေး ထောက်ပံ့မဲ့သူသာ မရှိတာ”

“ဒါလည်း မသမာမှုတစ်မျိုးပဲ မဟုတ်ဘူးလား”

“မဟုတ်ဘူးဗျ၊ အများကြီးကွာတယ်၊ ဘယ်တော့မှ မရိုက်မဲ့ ရုပ်ရှင် အတွက် လိမ်ပြီး လူရွေးတာနဲ့ ရှိပြီးသား ပရောဂျက်ထဲက ငွေကြေးထောက်ပံ့ သူ၊ ဇာတ်ညွှန်းနဲ့ ခေါင်းဆောင်မင်းသမီး ရှာမယ့် လူရွေးပွဲက အကွာကြီးပါ”

“ဒါဆို တကယ်ရိုက်ချင်လည်း ရိုက်ဖြစ်မယ်ပေါ့”

“အခွင့်အရေးကတော့ မများလှဘူး၊ ဒါပေမဲ့ ရုပ်ရှင်နဲ့ ပတ်သက်ရင် သေချာတယ်ဆိုတာ မရှိဘူးလေ၊ ဖြစ်ချင်လည်း ဖြစ်မှာပဲ”

“တကယ်လား”

“အင်း... ဒီလောကမှာ သေချာတယ်ဆိုတာ မရှိဘူးဗျ၊ အရည်အချင်းနဲ့ စီမံခန့်ခွဲမှုကောင်းရုံနဲ့ ရုပ်ရှင်ဖြစ်တာ မဟုတ်ဖူးရယ်”

“ထားပါတော့လေ၊ ခေါင်းဆောင်မင်းသမီးအဖြစ် အရွေးခံရတဲ့ အမျိုးသမီးကို ကျွန်တော်က ယူရမယ်လား”

“ဒါပေါ့ဗျ”

“အင်း... ထားပါတော့ဗျာ အချစ်ဇာတ်လမ်းပေါ့၊ ဒါဆို သူက မင်းသားနဲ့ ပတ်သက်ရမှာပဲ၊ ရိုးရိုးသားသား ပြောရရင် အဲလိုဆို ကျွန်တော်နဲ့ ဖြစ်မယ် မ ထင်ဘူး၊ တကယ်လို့ ဒီရုပ်ရှင်ကို ရိုက်ဖြစ်လို့ သူ မင်းသမီးဖြစ်သွားရင် ကျွန်တော်က မင်းသမီးလင်အနေနဲ့ အေးအေးချမ်းချမ်း နေနိုင်ပါ့မလား ဆိုတာ ကိုလည်း သံသယရှိတယ်၊ ကျွန်တော် အတွေးလွန် နေတာလည်း ဖြစ်ကောင်း ဖြစ်မယ်ပေါ့၊ ဒါပေမဲ့လို့ ကြားရတာတော့ တစ်မျိုးကြီးပဲဗျ”

“ဒါ ခင်ဗျား အတွေးလွန်တာ မဟုတ်ဘူးဗျ၊ ဒါအမှန်ပဲ၊ အေးချမ်းတည်ငြိမ် တဲ့ ဘဝပိုင်ရှင် မင်းသမီးဆိုတာ ရှိရင် တစ်ယောက်လောက်ပဲပြ၊ ကျွန်တော် ခေါင်းတုံးရိတ် ပစ်လိုက်မယ်၊ ဖင်ထဲ သခွားသီးထည့်ပြီး မျောက်လို

လမ်းလျှောက်ပြလိုက်မယ်၊ ခင်ဗျား ပြောတာ မှန်တယ်၊ မင်းသမီးစစ်စစ်ကို ဘယ်တော့မှ လက်မထပ်လေနဲ့၊ မှားလိမ့်မယ်၊ ဒါပေမဲ့လို့ ဒီရုပ်ရှင်ကို ဘယ်လိုပဲ ဖြစ်ဖြစ် ရိုက်ဖြစ်အောင် ရိုက်မယ်ဆိုတဲ့ ဖြစ်တန်စွမ်းက အတော်လေး နည်းတယ်၊ ကဲ... ဒီပရောဂျက် ဆက်မလုပ်ဖြစ်တော့ဘူး ဆိုရင် ခင်ဗျား သူ့ကို ဘယ်လိုရှင်းပြမလဲ၊ ရုပ်ရှင်မှာ ခေါင်းဆောင်မင်းသမီးဖြစ်ဖို့ အင်မတန် စိတ်အား ထက်သန်နေတဲ့ သူ့ကို အချစ်ရေ၊ ရုပ်ရှင်တော့ နိဋ္ဌိတံသွားပြီကွဲ့လို့ ပြောရင် သူ ဘယ်လိုနေမလဲ၊ ခင်ဗျားကို သူ ဘယ်လောက်ချစ်ချစ် အဲဒီလို ပြောတဲ့နေ့ဟာ သူ့အချစ်တွေ ကုန်ဆုံးသွားတဲ့ နေ့ပဲ ဆိုတာ ကျွန်တော် အာမခံပြီး ပြောလိုက်မယ်၊ ဒါကြောင့် မင်းသမီးအဖြစ် အရွေးခံရမယ့်လူကို ခင်ဗျား အိမ်ထောင်ဖက်အဖြစ် မရွေးနဲ့၊ ဆန်ခါတင်ထဲကတောင် မရွေးနဲ့၊ ပထမအကျော့ လူရွေးပွဲမှာ အောင်လာတဲ့ထဲက တစ်ယောက်ဆို ရပြီ၊ လူတွေ့ အင်တာဗျူးဖြေဖို့ အရွေးခံရ တဲ့ထဲက စိတ်ကြိုက်တစ်ယောက်ရွေး။ ခင်ဗျားကတော့ သတိထားမိမယ် မထင်ဘူး၊ ဒါပေမဲ့ လူရွေးပွဲတွေမှာ တိမ်မြုပ်နေတဲ့ ရတနာလေးတွေ တကယ်ရှိတယ်၊ ထောင်ချီ လျှောက်ကြတဲ့အထဲက ဒီလိုမျိုး ဟာလေးတွေက တစ်ဒါဇင်ထက် မပိုဘူး။ ယောကျ်ားတွေ ခြေသေ့်လည်ပြန် ငေးကြည့်ရမဲ့ အမျိုးအစားပေါ့၊ ဂန္ဓဝင် ဂီတ၊ ဘဲလေးအက ဘယ်လိုဟာမျိုး ဖြစ်ဖြစ် တကယ်ကျွမ်းကျင်၊ လှလည်း လှ၊ ကျက်သရေလည်း ရှိ၊ အင်း... ကျွန်တော်ဟာ အနှစ်နှစ်ဆယ်လောက် ပြန်ငယ်သွားရင်၊ ဒါမှမဟုတ် ကျွန်တော့်သားနဲ့ ပေးစားချင်လောက်တဲ့ အမျိုးအစား မိန်းကလေးတွေပေါ့”

အိုး... ဒီလိုဆိုရင်တော့ ကောင်းသားပဲ။ ယိုရှိကာဝါက နောက်တစ်ခွက် သောက်နေချိန် အာအိုယာမ စဉ်းစားနေမိတယ်။ ဒီအတိုင်းဆို တကယ့် အရည်အချင်းပြည့်မီတဲ့ အမျိုးသမီးတွေထဲက ရွေးခွင့်ရမယ်။ ဒါပေမဲ့လို့ လက်ရွေးစင် ကောင်မလေး တစ်ဒါဇင်လောက် ဝိုင်းနေတဲ့ သူ့ပုံရိပ်သူ ပြန်မြင်ယောင်ပြီး ရှိန်းတိန်းဖိန်းတိန်း ဖြစ်နေတာကိုတော့ ဖျောက်မရဘူး။ လိင်တူချစ်သူ မဟုတ်ရင်၊ စိတ်ပေါ့သွပ်မနေရင် ဘယ်ယောကျ်ားမဆို ဒီလို သာယာမှုမျိုး မကြိုက်ဘယ်ရှိပါ့မလဲ။ ယောကျ်ားတွေ စိတ်ကူးယဉ်တယ် ဆိုတာ ဒီလိုမျိုး အားရှိပါးရှိ ယဉ်တတ်ကြတာ မဟုတ်လား။ ဒီလို စိတ်ကူးယဉ်ခြင်းကြောင့် စကားလုံးနဲ့ ဖော်ပြလို့ မရနိုင်လောက်အောင် အင်အားကြီးတဲ့ ကြောက်ဖွယ် အဖြစ်အပျက်တွေ သူ့ကို စောင့်ကြိုနေတယ် ဆိုတာကို သူ ဘယ်နည်းနဲ့မှ ကြိုမသိနိုင်ဘူးလေ။

ယိုရှိကာဝါက ဆက်ပြောတယ်။

“လူရွေးပွဲနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဘယ်လို စီစဉ်ထားတယ် ဆိုတာကို ကြားချင်နေတယ် မဟုတ်လား”

အာအိုယာမက ခေါင်းညိတ်ပြလိုက်တယ်။ သူ့ဖန်ခွက်ထဲက စကော့ချ်နဲ့ ဆိုဒါကို တစ်ဝက်လောက် သူသောက်ပြီးပြီ။ ကလပ်ခန်းမကို သူ လှည့်ပတ်ကြည့်တယ်။ ဖျော်ဖြေရေးမယ်တွေ အရမ်းများလှတယ် မဟုတ်ပါဘူး။ ဒါပေမဲ့ အားလုံးဟာ ထိတ်ထိတ်ကြဲချည်းပဲဆိုတာ အရမ်းသိသာတယ်။ အဲဒီ ကာလတုန်းက ဖျော်ဖြေရေးမယ်အတွက် ယူနီဖောင်းဆိုတာ သတ်သတ်မှတ်မှတ် မရှိလေတော့ အကောင်းစားဝတ်စုံ ကိုယ်စီနဲ့ပေါ့။ ကလပ်ကိုလာတဲ့ ဖောက်သည်တွေကကော၊ အကောင်းစား အာမာနီ ဝတ်စုံတွေနဲ့၊ ကရူးကက် ဆံပင်ပုံစံတွေနဲ့ ကြွယ်ပိုးကြွယ်ဝ ပုံစံတွေချည်းပဲ၊ ဂီတလောက၊ ဒါမှမဟုတ် အဆင့်မြင့် နည်းပညာလောကက အရာရှိကြီးတွေ၊ ပိုင်ရှင်တွေနဲ့ တူပါတယ်။ လောကမှာ အပေါဆုံးက ငွေပဲဆိုတဲ့ လူတွေ၊ ကိုယ့်ကိုယ်ကိုယ် ဘယ်လို ပျော်အောင်နေရမှန်း မသိတဲ့ လူတွေ။ အင်း... ရှိကို ဆုံးပါးပြီးနောက်ပိုင်း သူ ဒီလိုနေရာတွေ မရောက်တာ ကြာခဲ့ပြီပဲ။ အင်မတန် တင့်တယ်လှပတဲ့ ဖျော်ဖြေရေးမယ်လေးတွေကို ယောကျ်ားတွေအားလုံး ငေးနေကြတယ်။

“ဘယ်လောက်ထိ လုပ်ချင်သလဲ ဆိုတာပေါ် မူတည်ပြီး လူရွေးပွဲ စရိတ်ဟာ မိုးထိမတတ် မြင့်သွားနိုင်တယ်၊ အဆာဟိ ညနေခင်းသတင်းတို့၊ ဗီယာတို့၊ တိုကျိုဝေါကာတို့မှာ စာမျက်နှာပြည့် ကြော်ငြာထည့်ရင် ယန်း သန်းချီကုန်မယ်၊ ဒါတောင် ထိတ်ထိတ်ကြဲ စာနယ်ဇင်းတွေဟာ ကြော်ငြာပါခွင့် ရဖို့အရေးအနည်းဆုံး ခြောက်လလောက် စောင့်ရတာ၊ စာနယ်ဇင်းဟာ အင်မတန် အင်အားကြီးတယ် ဆိုပေမယ့်လို့ ကျွန်တော်တို့ လိုအပ်ချက်နဲ့ သိပ်မကိုက်လှဘူး၊ အင်တာနက်လို လူမှုမီဒီယာအသစ်မှာ ဆိုရင်ကော၊ ဒါလည်း သိပ်တော့ မစွံဘူးဗျ၊ တွေ့ကရာ ရေးတင်တဲ့ အချက်အလက်တွေကြည့်ပြီး ချစ်သူရွေးမယ့် ယောကျ်ား မရှိလောက်ဘူးဗျာ၊ ဒါကြောင့် ခေတ်ဟောင်းနည်းပဲ သုံးမယ် မှန်းထားတယ်၊ အက်ဖ်အမ်ရေဒီယိုပေါ့၊ ဂျေဝေ့ဖ်တို့ ဘာတို့လို ချာတိတ်တွေ အကြိုက် အက်ဖ်အမ် မဟုတ်ဘူး၊ တိုကျိုအက်ဖ်အမ် (၁) လို ဟာမျိုးပေါ့၊ အဲဒီက ယိုကိုတာ လို့ ခေါ်တဲ့ အမှုဆောင်တစ်ယောက်နဲ့ ကျွန်တော်နဲ့ သိပ်ရင်းတယ်၊ သူက အတော်တော့ ဖင်ခေါင်းကျယ်တဲ့ လူမျိုး၊ ဒါပေမဲ့ တစ်ခါက သူ

အလုပ်ပြုတ်မဲ့ဘေးက ကျွန်တော် ကယ်ထားခဲ့ဖူးတယ်၊ ရေဒီယိုက တီဗွီထက် စာရင် ကြော်ငြာခ အဆမတန် သက်သာတယ်၊ ယိုကိုတာ့ကို ကျွန်တော် ပြော မယ်။ လူရွေးပွဲ ကြော်ငြာကို ခပ်မိုက်မိုက်ကလေး လုပ်ပေးစမ်းပါလို့၊ သူ့ ပရို ဂရမ်ကို စပွန်ဆာပေးတဲ့ ထုတ်လုပ်ရေး ကုမ္ပဏီအကုန်လုံး ကျွန်တော်သိတယ်၊ ဘာမှ ပြဿနာမရှိဘူး၊ ခေါင်းဆောင်မင်းသမီး ရှာပုံတော် ဆိုတဲ့ ခေါင်းစဉ်နဲ့ လုပ်ခိုင်းလိုက်မယ်၊ ဒါမှမဟုတ် မနက်ဖြန်ရဲ့ သူရဲကောင်းမယ် ဆိုရင်ကော၊ ကျွန်တော့်ရုံးက ကောင်တွေကို ဇာတ်ညွှန်း လုပ်ခိုင်းထားမယ်၊ ဘယ်သူပဲရိုက် ရိုက် အဆင်သင့် ရိုက်လို့ရတဲ့ အဆင့်အထိ လုပ်ထားမယ်။ ဒါပေမဲ့ မင်းသမီး ဇာတ် ဖြစ်ရမယ်။ နောက်ခံဂီတ အတွက်လည်း မပူနဲ့ အဆင်သင့် ပြင်ထားလို့ရ တယ်၊ ဒါနဲ့ လူရွေးပွဲအတွက် အလုပ်ရှိပြီးသား ကောင်မလေးတွေတော့ မလိုချင် ဘူး မဟုတ်လား၊ ရုံးသမားတွေပေါ့လေ၊ ဒါကို မေ့လိုက်၊ ရုံးသမားထဲမှာ လှတပ တ ဆိုလို့ တစ်ယောက်မှ မရှိဘူးလို့ မဆိုလိုပေမဲ့ ပုံမှန်အလုပ်ရှိနေတဲ့ မိန်းမဟာ ဒါမျိုးကိုလည်း စိတ်ဝင်စားလိမ့်မယ် မထင်ပါဘူး။

“ကျွန်တော် ဆိုလိုတာက ဒီလိုလေ၊ ကျွန်တော်တို့ဟာ ဘယ်သူ့ကိုမှ လိမ်လည်လှည့်ဖြားနေတာ မဟုတ်ဘူး၊ ဒီလိုကိစ္စကို စိတ်ဝင်စားဖို့၊ အိပ်မက်ကို ဝယ်ယူဖို့ဆိုတာ ပုံမှန်ရုံးသမား ကလေးမတစ်ယောက်အဖို့ တန်ကြေး ကြီးလွန်း တယ်၊ ဒါကြောင့် ကျွန်တော်တို့ရဲ့ တကယ့်ပစ်မှတ်ဟာ အိမ်မှာတင်နေတဲ့ လူလွတ် မိန်းမပျိုလေးတွေပဲ၊ အလုပ်ရယ်လို့ မည်မည်ရရ မရှိ၊ အလှလေး ပြင် လိုက်၊ အိမ်မှာ အပရိကလုပ်လိုက် ဆိုတဲ့ ကလေးမတွေဟာ နေ့လယ်နေ့ခင်း ရေဒီယိုနားထောင်ချိန် ရှိကြသဗျာ၊ ဒီမှာတင် မနက်ဖြန်ရဲ့ သူရဲကောင်းမယ် လူ ရွေးပွဲ အစီအစဉ်အကြောင်း ကြားမိကြမှာပဲ၊ အစီအစဉ် ကြေငြာတဲ့ အမျိုးသမီး ကလည်း အပြောကောင်းဗျ၊ ဒီလိုမျိုးလေးလေ၊ နားထောင်ကြည့်၊ နှင်းဆီဟာ အဖူးအငုံဘဝထက် ပိုချစ်စရာကောင်းတာ ဘယ်မှာများ ရှိပါ့မလဲ၊ မျက်လုံးလေး ကို မှေးပြီး အသာလေး စဉ်းစားကြည့်ကြပါရှင်၊ အော်ဒရေ ဟပ်ဘမ်း၊ ဗီဗီယန် လေး၊ ဂျူလီယာ ရောဘတ်တို့ မအောင်မြင်ခင်က ဘဝကို ဘယ်လိုများ ဖြတ်သန်းခဲ့ကြသလဲလို့ပေါ့၊ သူတို့လည်း ညီမလေးတို့လို သာမန်ဘဝကို ဖြတ်သန်းခဲ့ကြဖူးသူတွေပါပဲ။ အခါအခွင့်သင့်ချိန်မတော့ ငွေရောင်ပိတ်ကားက တစ်ဆင့် ပရိသတ်သန်းပေါင်း များစွာရဲ့ အသည်းစိုင်ကို ဆွဲကိုင် လှုပ်ယမ်းခဲ့ကြ တယ် မဟုတ်ပါလားရှင်၊ အဲဒီလို အစွမ်းအစရှိတဲ့ သူရဲကောင်းမယ်ကလေးတွေ ဟာ ဒီနေ့မှာ သာမန် မထင်မရှား ဖြစ်နေပေမဲ့လို့ မနက်ဖြန်မှာ အစွမ်းကုန်

တောက်ပလာနိုင်ခြေ အပြည့်ရှိတာပေါ့ ညီမလေးတို့ရေ၊ မနက်ဖြန်ရဲ့ သူရဲကောင်းမယ်ကလေးဟာ ညီမလေး ကိုယ်တိုင် ဖြစ်နိုင်တာပေါ့ကွယ်”

ရှီဂေးရဲ့ နွေရာသီ ကျောင်းပိတ်ရက်ဟာ ကုန်လုနီးပြီ။ ဒီတစ်နွေ တိုကျို မှာ အလွန်ပူပဲ။ ရှီဂေးလည်း သူငယ်ချင်းတွေနဲ့ ခရီးသွားလိုက်၊ ကျောင်းက စကိတ်ကလပ် ခရီးစဉ် လိုက်သွားလိုက်၊ ရိုကို့ အဖေ အမေ၊ သူ့ ဘိုးဘိုး ဘွားဘွားတွေဆီ သွားလည်လိုက်နဲ့ အိမ်ကပ်တယ်ကို မရှိဘူး။ အာအိုယာမက တော့ အိုဘွန်းပိတ်ရက်တွေ မတိုင်ခင်နဲ့ ပိတ်ရက်ပြီးချိန်မှာ တီဗွီကြော်ငြာ အလုပ်တွေ ဆက်တိုက်ရှိနေလို့ ဩဂုတ်လကုန်ခါနီးမှပဲ နှစ်တိုင်း သူတို့သားအဖ သွားနေကျ ယာမာနာကာ ရေကန်ဘေးက ဟိုတယ်လေးဆီ ခရီးထွက်ဖြစ်ခဲ့ကြ တယ်။ အဲဒီ ဟိုတယ်ရှုခင်း ပုံရိပ်တွေကို နိုင်ငံခြားဖြစ် ဝီစကီကြော်ငြာတစ်ခုမှာ အာအိုယာမ သုံးဖူးပြီးချိန်က စလို့ တိတ်ဆိတ် သာယာလွန်းတဲ့ ပတ်ဝန်းကျင် ကို သဘောအကျကြီးကျပြီး နှစ်တိုင်းလိုလို ရောက်ဖြစ်ခဲ့တယ်။ အစကတော့ သူနဲ့ ရိုကို နှစ်ယောက်တည်း သွားကြတာပေါ့။ နောက်ပိုင်း ရှီဂေးလေး မွေးပြီး တော့ ကလေးပေါက်စ ဘဝကတည်းက ခေါ်ခေါ် သွားခဲ့တယ်။ လွန်ခဲ့တဲ့ခုနစ် နှစ်အတွင်း တဖြည်းဖြည်း ထွားကျိုင်း အရွယ်ရောက်လာတဲ့ ရှီဂေးဟာ ခု သူ့ ထက် ခေါင်းတစ်လုံး ပိုမြင့်နေတဲ့ အချိန်ထိ သားအဖနှစ်ယောက် ဒီနေရာကို မပျက်မကွက် ရောက်ကြတုန်း။

ဟိုတယ်က တောအုပ်တစ်ခုထဲမှာ တည်ထားတာ။ ရေကန်ကနေ ဆယ့် ငါးမိနစ်လောက် ကားမောင်းသွားရတယ်။ တကယ်တော့ ဧိမ်ခံပစ္စည်း အဆောင်အယောင်တွေ ဘာမှမရှိပါဘူး။ တည်ခင်းတဲ့ အစားအသောက်က လည်း လွမ်းလောက်စရာ မရှိပါဘူး။ ပုံမှန် လာနေကျ ဖောက်သည်ကြီး တွေ အတွက် စပါယ်ရှယ် အစီအစဉ်တွေ ဘာတွေလည်း နတ္ထိပါပဲ။ ဒါပေမဲ့လို့ သစ်ပင်တွေ ပတ်လည်ဝိုင်းနေတဲ့ အုတ်ညှပ်သစ်သား ပင်မအဆောက်အအုံ ရယ်၊ သေချာ ထိန်းသိမ်းထားတဲ့ တင်းနစ်ကွင်း နှစ်ကွင်းရယ်၊ နှစ်ဆယ်နီးပါးပဲ ရှိပေမဲ့ ကျယ်ဝန်းသန့်ရှင်းတဲ့ နှစ်လိုဖွယ် အခန်းတွေရယ်ဟာ စိတ်ကြည်နူးစရာ ပါပဲ။ အကောင်းဆုံးကတော့ လုံခြုံတယ်၊ စိတ်ချရတယ်၊ တခြား အပန်းဖြေ စခန်း ဟိုတယ်တွေမှာလို တခြား ဧည့်သည်တွေနဲ့ ထွေးရောယှက်တင် ဖြစ်တာ တွေ လုံးဝမရှိဘူး။ ဒီနေရာမှာ သူနဲ့ ရိုကို ကုန်ဆုံးခဲ့တဲ့ ရက်ပေါင်းများစွာဟာ သူ့ အာရုံထဲမှာ ပြက်ပြက်ထင်ထင် ရှိနေဆဲပဲ။ လက်မထပ်ခင်ရော၊ လက်ထပ်ပြီး နောက်ပိုင်းရော နေရာအနှံ့ သွားခဲ့ဖူးကြပေမဲ့ ဒီနေရာလို နှစ်စဉ် အမြဲရောက်

ဖြစ်တာမျိုးတော့ မရှိဘူး။ ပထမဆုံးအကြိမ် ဒီနေရာကို ရောက်ခဲ့တုန်းက သူငယ်ချင်းတစ်ယောက်ဆီက ငှားလာတဲ့ ဘလူးဘတ် ၃ အက်စ် ကားလေးနဲ့ ပေါ့။ ချူရှိ အမြန်လမ်းတစ်လျှောက် ယာမာနာကာ ရေကန်ဆီ ဦးတည်မောင်းရတဲ့ ခရီးကို သဘောကျလွန်းလို့ နောက်ပိုင်းမှာ လသုံးဆယ် အရစ်ကျစနစ်တဲ့ ဩော်... ဒီတစ်ပတ်နွမ်း ကားလေးကို ကိုယ်ပိုင်ဝယ်ဖြစ်ခဲ့ကြတယ်။ အော်ဒီလေးပြီးတော့ အသစ်စက်စက် မာစီဒီး ၁၉၀ ကားကို တစ်ဆင့်တက် ဝယ်ကြတယ်။ ရိုကို တိမ်းပါးပြီး နောက်ပိုင်းမှာတော့ အာအိုယာမဟာ ပြည်တွင်းဖြစ်ရိုးရိုးဆီဒင်ကားတွေပဲ စီးဖြစ်တော့တယ်။

ရိုကို မရှိတော့တဲ့ ပထမဆုံးသော နွေရာသီမှာတော့ အာအိုယာမဟာ ဒီဟိုတယ်ကို သားဖြစ်သူ ရှီဂေးနဲ့အတူ သွားဖို့ ဆုံးဖြတ်ခဲ့တယ်။ အဲဒီတုန်းက ရှီဂေးဟာ သုံး၊ လေးတန်းလောက် ရောက်ပြီ။ ရှူးမန်းရဲ့ ဂန္ဆဝင်ဂီတကို အရူးအမူးနှစ်ခြိုက်တဲ့ ဟိုတယ်မန်နေဂျာဟာ ရိုကိုတစ်ယောက် လူ့လောကမှာ မရှိတော့ဘူး ဆိုတာကို သတိမထားမိရှာဘူး။ သူတို့ကား ဆိုက်တာနဲ့ လာကြိုတယ်၊ ကားရှေ့ခန်းတံခါးကို ဖွင့်လိုက်တော့ သူ ထိုင်ခုံလွတ်ကြီးပဲ မြင်လိုက်ရတယ်။

“အစ်မ မပါသေးဘူးနဲ့ တူတယ်၊ ခဏနေမှ လိုက်လာမှာလား ဆရာ”

ကားနောက်ခန်းက ရှီဂေးလေးက အမေဆုံးသွားပြီလို့ အာအိုယာမကိုယ်စား ဝင်ဖြေပေးလိုက်တယ်။

ရှီဂေးရဲ့အသံနဲ့အတူ ပုစဉ်းရင်ကွဲနဲ့ ငှက်တွေဟာ ရိုတို့အတွက် ဝမ်းနည်းပက်လက် အသုဘတေးကို ဆိုပေးနေကြသလို စိတ်ထဲက ထင်မိတယ်။ အင်း... ရိုကိုရယ်၊ မင်း ဒီနေရာမှာ ဘယ်တော့မှ လျှောက်လှမ်းခွင့် မရတော့ဘူးပေါ့ကွယ်။ ဒီ ကားပါကင်နေရာလေးမှာ မင်း ဖိနပ်ရောင်စုံ အမျိုးမျိုးနဲ့ ကားထဲက ထွက်လာတာ ဘယ်နှကြိမ်လောက်များ ရှိခဲ့ပါလိမ့်၊ တကယ့် နွေအရသာကို ဒီမှာမှ ခံစားလို့ရတာနော်လို့ မင်း ဘယ်နှခါများ ပြောခဲ့ပါလိမ့် ရိုကိုရယ်။ ဒီစကားတွေ၊ ဒီမြင်ကွင်းတွေကို နောက်ဘယ်တော့မှ ပြန်မြင်၊ ပြန်ကြားရတော့မယ် မဟုတ်ဘူးလေ။ ခြေထောက်သွယ်သွယ်လေးနဲ့ ဟိုတယ်ဆီ ဦးတည်ပြီး လျှောက်လှမ်းသွားတာကိုလည်း ဘယ်တော့မှ ပြန်မြင်ရတော့မှာ မဟုတ်ပါဘူး။ ဒါကို လက်မခံချင်ပေမဲ့ အင်မတန် သေချာတဲ့ အချက်အလက်မို့ လက်ခံခဲ့လိုက်ရတယ်။ ဒါပေမဲ့ ရုစ်နှစ်သားလေးဟာ ဒီအချက်ကို လက်ခံနိုင်ပါ့မလား။

ရိုကို ဆုံးပြီးစ သွားတဲ့အခေါက်၊ အဲဒီမှာနေခဲ့တဲ့ လေးရက်အတွင်း သူနဲ့ ရှိ ဂေး တင်းနစ်ချည်း လိုမ့်ရိုက်နေခဲ့ကြတယ်။ တကယ်တော့ ရိုက်ရတာနဲ့ ဘောလုံး လိုက်ကောက်ရတာ မကာမိပါဘူး။ ဒါပေမဲ့ ရှိဂေးဟာ တစ်ချက်မှ မ ညည်းရှာဘူး။ တော်ပြီဗျာ၊ မကစားတော့ဘူး ဘာညာလည်း မလုပ်ရှာဘူး။ ရှစ် နှစ်ပဲ ရှိသေးပေမဲ့ သူတို့သားအဖအဖို့ တခြားလည်း ဘာမှ လုပ်နိုင်တာ မဟုတ် ဘူး ဆိုတာ သူ သေသေချာချာ သိတယ်။

ခုတော့ ရှိဂေးဟာ ဆယ့်ငါးနှစ်သား လူပျိုကလေး ဖြစ်လာခဲ့ပြီ။

“အဖေ ဂန်းစတားဟာ ရီးစံနဲ့ အဆင်ပြေမှာပါနော်” လို့ ဘေးခုံမှာ ထိုင် နေရင်း သူပြောတယ်။ သြဂုတ်လ နှောင်းပိုင်း ရုံးဖွင့်ရက်မို့ ချူရှိ အမြန်လမ်းမ ကြီးဟာ တိတ်ဆိတ်ခြောက်ကပ် နေတယ်။ ကောင်းကင်က မိုးသားပြာ သက်သက် ကြည်လင်တောက်ပလို့။ ဆာဂီမီ ရေကန်ကြီးကို ကျော်လာတဲ့အခါ နှင်းမရှိတဲ့ ဖူဂျီတောင် မြင်ကွင်းကို လှမ်းမြင်ရတယ်။ ရှိဂေးက ဆက်ပြောနေ တယ်။

“နေ့တိုင်း သူ့ကို ကျွေးမွေးနေတာတောင် ဂန်းစတားက ရီးစံကို သိပ် ကြိုက်လှပုံ မပေါ်ဘူးဗျ”

ဂန်းစတားကို လွန်ခဲ့တဲ့ ငါးနှစ်က အိမ်နားက အိမ်မွေးတိရိစ္ဆာန် အရောင်း ဆိုင်ကနေ ဝယ်ထားတာ။ အဲဒီမတိုင်ခင်က ဒတ်ဆွန် အမျိုးအစား ဂျာမန်ခွေးပု လေးတစ်ကောင် မွေးခဲ့တယ်၊ ရိုကို ရှိစဉ်က စကော့တယ်ရီယာလေး တစ် ကောင် ရှိခဲ့ဖူးတယ်။ ဒီဟာလေး ဝယ်တုန်းက ရှိဂေးက ဘီဂဲလ်လို့ နာမည်ပေး တယ်။ နောက်ပိုင်းကျ အကြိုက်က ပြောင်းသွားပြီး ဂန်းစတား ဖြစ်သွားတာ။ တစ်ရက်ကိုနှစ်ခါ အစာကျွေးဖို့ ရီးစံကို ပြောတယ်။ ခွေးကျောင်းထွက်ရင် အာ အိုယာမက ထွက်ရတယ်။ ခွေးကိစ္စ ဘာမှသာ မလုပ်တာ၊ ဂန်းစတားက သူ့ ကိုယ်ပိုင်လို့ ရှိဂေးက အပြတ်ပြောသလေ။

“ဘာလို့တုန်း သားရဲ့၊ ဂန်းစတားနဲ့ ရီးစံဟာ ခြံဝင်းထဲမှာ အမြဲ ဆော့နေ ကြပဲကို”

အာအိုယာမဟာ ခုတလော စိတ်က ကြွတတဖြစ်နေတယ်။ လူရွေးပွဲ အတွက် အမြန်ပြင်ဆင်နေပြီလို့ ယိုရှိကာဝါက ပြောထားသကိုး။ ရေဒီယိုကနေ လူရွေးပွဲအစီအစဉ်ကို လွှင့်လိုက်ပြီတဲ့။

“ကျွန်တော့်အဖွဲ့တွေ အားလုံးစီစဉ်ပြီးပြီ၊ ခေါင်းစဉ်က မနက်ဖြန်အတွက် သူရဲကောင်းမယ်လေးနဲ့ပဲ လုပ်လိုက်တယ်၊ ဘယ်နယ့်တုန်း၊ သဘောကျရဲ့လား”

မနက်ဖြန်ရဲ့ သူရဲကောင်းမယ်ကို ယူအက်စ်မှာ အကြာကြီးနေပြီး ဂျက်ဇ်အဆိုရှင် လုပ်လာတဲ့ အသက်သုံးဆယ်လောက် အမျိုးသမီးကို ပင်တိုင်အစီအစဉ်မှူး အဖြစ် ထားပြီး လုပ်လိုက်တယ်။ တုံ့ပြန်မှုတွေကတော့ သိပ်ကောင်းသတဲ့။

“အစကတော့ ဒီအစီအစဉ်အတွက် ကျွန်တော်က ယိုကိုတာကို ကျေးဇူးကြွေးတင်ပြီ မှတ်နေတာ၊ တုံ့ပြန်မှု သိပ်ကောင်းတော့ ခု သူကတောင် ကျွန်တော့်ကို ကျေးဇူးတွေ တင်နေသေးတယ်၊ ကျွန်တော်အဖွဲ့ထဲက လူငယ်တွေက သိတဲ့အတိုင်း ရုပ်ရှင်ရူးလေးတွေကိုး၊ လူရွေးပွဲဟာ သူ့ဟာနဲ့သူ အရှိန်ရသွားတယ်၊ သူတို့ပဲ အကုန်စီစဉ်သွားကြတယ်၊ ဒါနဲ့ ဘာကားရိုက်မှာလဲ လို့တော့ လာမေးကြတယ်။ ဂျာမန်တီဗွီနဲ့ ခင်ဗျားနဲ့ပေါင်းပြီး လုပ်မယ်လို့ တစ်ခါ ခင်ဗျား ပြောဖူးတဲ့ မှတ်တမ်းရုပ်ရှင်ကို မှတ်မိလား၊ ကျောရိုးပြဿနာ ရှိတဲ့ ဘဲလေး ကချေသည်မလေးနဲ့ သူ့ကို ငွေကြေးထောက်ပံ့ထားတဲ့ အော်တစ်ဇင် ရောဂါသည် ကောင်လေးလေ၊ ဟုတ်တယ် မဟုတ်လား၊ ဒါကို ဇာတ်လမ်း ကျောရိုး ယူလိုက်မယ်၊ ခင်ဗျားကို ပရိဂျူဆာ တစ်နေရာ ထည့်ထားလိုက်မယ်၊ တကယ်တော့ ဒါဟာ တကယ့်ကို အလားအလာကောင်းတဲ့ ဇာတ်ပါ၊ ခင်ဗျား အတွက် သတို့သမီး ရှာပေးနိုင်ရုံမကဘူး ကံကောင်းရင် ဘဝပါ ပြောင်းသွားနိုင်တဲ့ ရုပ်ရှင် ဖြစ်လာနိုင်တယ်၊ နတ်ဘုရားများက ပေးတဲ့ လျော်ကြေးများလား မသိ၊ ရေဒီယိုမှာ သုံးခါပဲ လွှင့်ရသေးတယ်၊ လျှောက်လွှာက နှစ်ထောင်ကျော် ရနေပြီဗျ၊ သတို့သမီး အလောင်းအလျာ နှစ်ထောင်ကျော်ထဲက ရွေးပေတော့၊ များလေ ကောင်းလေပေါ့ မဟုတ်ဘူးလား၊ ဒါပေမဲ့ တကယ် ရုပ်ရှင်ရိုက်ဖြစ်မယ် ဆိုရင်လည်း အဆင်သင့် ဖြစ်အောင်တော့ လုပ်ထားမယ်”

“ဂန်းစတားက လူရွေးတယ် အဖေရ၊ လူတကာနဲ့ ပရောပရီ နေတတ်တဲ့ ကောင်မျိုး မဟုတ်ဘူးရယ်၊ ရီးစံက ပျာယီးပျာယာရယ်၊ အမေ စုထားတဲ့ တန်ဖိုးကြီး ပန်းကန်တွေ ခွဲခွဲပစ်နေတာ မတွေ့ဘူးလား”

“အေးပါကွာ၊ သုံးရက်တည်းပဲကို သူတို့ အဆင်ပြေမှာပါ”

သုံးရက်တည်း သွားတာကို ရှိဂေးဟာ ဗွီဒီယိုစက် တွဲလျက်ပါတဲ့ ဆယ့်ရှစ်လက်မ တီဗွီရယ်၊ စစ်ကား ဗွီဒီယိုခွေ တစ်ဒါဇင်လောက်ရယ်ကို မရရအောင် သယ်လာတယ်။ ခုလည်း ဗီယက်ကောင်းတွေ အကြောင်း တတွတ်တွတ် ပြောနေလေရဲ့။ အာအိုယာမက နားသာထောင်နေရတာ မကြားတစ်ချက် ကြားတစ်ချက်ရယ်။ စိတ်က ရွေးရမယ့် ကောင်မလေး နှစ်ထောင်ကျော်ဆီ ရောက်နေတယ်။ နှစ်ထောင်ဆိုပဲ၊ အင်းလေ၊ ကောင်းတာပေါ့၊ စိတ်က ဒါကြောင့် ကြွနေတာ။ ကြည့်စမ်း- စိတ်အခြေအနေဟာ ရိုကို ဆုံးပြီးခါစ နွေဦးကာလနဲ့ ဘယ်လောက်များ ကွာခြားလိုက်သလဲ ဆိုတာ။

အဲဒီတုန်းကတော့ ကားမောင်းလာရင်း ရှိဂေး ရှေ့မှာ မငိုမိဖို့ပဲ တစ်ချိန်လုံး စဉ်းစားလာခဲ့တာ။ ဒါပေမဲ့လည်းလေ၊ အနက်ရှိုင်းဆုံး အနာဆိုတာတောင် အချိန်တန်ရင် ကျက်စမြဲ မဟုတ်လား။ အသစ်အသစ်သော အတွေ့အကြုံတွေ၊ ဖြစ်နိုင်ခြေတွေဟာ အနားမှာ ဝိုင်းလာစမြဲပဲလေ၊ ဒါ အမှန်တရားပါပဲ။ ဒါပေမဲ့ စိတ်လှုပ်ရှားမိတာလည်း အမှန်ပဲလေ။

ချက်အင်ဝင်ပြီးတာနဲ့ သူနဲ့ ရှိဂေး တင်းနစ် သုံးပွဲဆက်တိုက် ကစားမယ်။ ပြီးတော့ ဇရာမ ရေစိမ်ကန်ဝိုင်းကြီးထဲ ရေစိမ်ကြမယ်၊ တစ်ယောက်နဲ့တစ်ယောက် ဆပ်ပြာတိုက်ပေးကြမယ်၊ ကန်ကို အပေါ်စီးက မြင်ရပြီး ငါးမန်းတောင်ဟင်းချို သိပ်ကောင်းတဲ့ တရုတ်စားသောက်ဆိုင်မှာ စားကြမယ်။ ပြီးတော့ ပြန်လာပြီး ဟမ်ဘာဂါတောင်ကုန်း၊ ပလာတွန်း၊ ရမ်ဘို ဇာတ်ကားတွေ ထိုင်ကြည့်ကြမယ်။ ရိုးရိုးရှင်းရှင်း ကျန်းမာရေးနဲ့ ညီညွတ်ပြီး စိတ်ကျေနပ်စရာ အပန်းဖြေနည်းပါပဲ။

“ခု ဗီယက်ကောင်း တွေအကြောင်း အတော်သိနေပြီ အဖေရ၊ သူတို့ဟာ ဒီလောက်တောင် စွမ်းသလား”

“အင်း... တောတွင်းတိုက်ပွဲမှာတော့ ယှဉ်နိုင်သူ မရှိ ဆိုပါတော့ကွာ”

“ဂရင်းဘီရက်စ် (အမေရိကန် အထူးတပ်ဖွဲ့) ထက် သာသေးလား၊ စပက်ဇနက် (ရုရှအထူးတပ်ဖွဲ့)နဲ့ ဆိုရင်ကော”

“ဟာ... စပက်ဇနက်က ဗီယက်ကောင်းနဲ့မှ မတိုက်ဖူးတာ”

“ဟုတ်ဘူးလေ၊ တကယ်လို့သာ ယှဉ်တိုက်မယ်ဆိုရင် စပက်ဇနက်က ကော ဗီယက်ကောင်းတွေကို ရှုံးမှာလား”

“သူတို့နယ်မြေမှာ ဆိုရင်တော့ ဗီယက်ကောင်းကို ဘယ်သူမှ နိုင်မယ် မ ထင်ဘူး”

“တောတွင်း ထောင်ချောက်တွေနဲ့ တွေ့မှာနော်”

“ကျင်းတူး၊ အထဲမှာ ဝါးချွန်တွေ စိုက်ထားပြီး အပေါ်က မြေကြီးပါးပါး ဖုံးထားတာ၊ ဝုန်းဆို ကျသွားလို့ကတော့ ဝါးချွန်နဲ့ တံစို့ထိုးပြီးသား ဖြစ်မှာပဲ”

“ဝါးချွန်တွေမှာ အဆိပ်သုတ်ထားသေးတယ်ဆို”

“အဆိပ်မဟုတ်ဘူး၊ ချီး(ချေး)တွေ သုတ်ထားတာ၊ ဒါက အလကားရ တယ်လေ၊ ကျည်ဆန်တွေ၊ ဟယ်လီကော်ပတာတွေလို ဈေးမကြီးဘူးကိုး”

“ကြောက်စရာပဲနော်၊ သူတို့ အနံဆုံး ရွံစရာအကောင်းဆုံး ဗက်တီးရီးယား အများဆုံး ချီး(ချေး)နဲ့ သုတ်မှာ သေချာတယ်၊ လောင်းမလား အဖေ”

ကားမောင်းရင်း ဘီတယ်လ်သီချင်းတွေ နားထောင်လာကြတယ်။ ဒါ သူ တို့သားအဖ နှစ်ယောက်ကြားက ရခဲ့တဲ့ သဘောတူညီချက်အရပေါ့။ အာအိုယာ မက ဂန္ဆဝင်ဂီတကို နားထောင်ချင်တယ်၊ ရှီဂေးက ကိုမူရို တက်ဆူယာ သီချင်း တွေ နားထောင်ချင်တယ်၊ ဒါနဲ့ ကြားချပြီး ဘီတယ်လ် ဖြစ်သွားတာ။ အာအိယာ မဟာ ကားမောင်းရင်း နာရီကြည့်တယ်။ စီဒီဖွင့်စက်ကို ပိတ်တယ်။ တိုကျို အ ကဗ်အမ်တစ်ကို ဖွင့်တယ်။ အမျိုးသမီးတစ်ယောက်ရဲ့ တီးတိုးညင်သာတဲ့ အသံ လေး ထွက်လာတယ်။

“ဟင်... အဲဒါ ဘာလဲအဖေ၊ ဘာတွေ နားထောင်နေတာလဲ”

မနက်ဖြန်ရဲ့ သူရဲကောင်းမယ်လေး၊ ခု မင်းလေး ဘယ်နားရောက်နေ သလဲကွယ်၊ အိပ်မက်တွေ တကယ်ဖြစ်လာတော့မယ် ဆိုတာ မင်းလေး သိရဲ့ လား၊ သတ္တိလေး နည်းနည်းရှိဖို့သာ မင်းအတွက်လိုနေတာ...။

အင်း... ဒီခရီးက ပြန်ရောက်တာနဲ့ ပဏာမ ဆန်းစစ်ချက်တွေ ရလောက် ပြီ။ အင်း... နှစ်ထောင်၊ နှစ်ထောင်၊ ကောင်မလေး အယောက် နှစ်ထောင်တဲ့

ᔓᓂᐅᒪᔨᖅ

❑

(၃)

အဲဒီညက ဟိုတယ်အခန်းထဲမှာ ရမ်ဘိုသုံးကားတွဲ ထိုင်ကြည့်ကြတယ်။ ဖက်စ်ဘလတ် တစ်ဝက်လောက်ကျိုးတော့ ရှီဂေးက တယ်ကောင်းတဲ့ ကားပဲလို့ ဥဒါန်းကျူးရင့်တယ်။ ဇာတ်ကားဆုံးတော့ သူ မျက်ရည်တွေဘာတွေ ကျလို့။ ဒါပေမဲ့ ဒုတိယကားနဲ့ တတိယကားကို ဆက်ကြည့်တော့ ငြိမ်သွားတယ်။ ရမ်ဘို (၃) လည်း ဆုံးရော ဒေါသတွေ ထွက်ပါလေရော။

“ဘာတုံးဟ၊ လွန်လွန်းတယ်၊ မြင်းပေါ်က ငနဲက ဟယ်လီကော်ပတာကို မြားနဲ့ ပစ်ချသတဲ့၊ ကြည့်တဲ့လူတွေ အားလုံးကို စောက်ပေါ် မှတ်နေလား မသိ၊ သူ့ကိုယ်သူ ဘာများထင်နေလဲ မသိ၊ ဂျင်ဂျစ်ခန် မှတ်နေတယ် ထင်တယ်”

ရမ်ဘို တတိယကား ပြီးတော့ ညနှစ်နာရီကျော်ပြီ။ ရှီဂေးက အွန်လိုင်း တက်ဦးမယ်တဲ့၊ ပြီးတော့ အခန်းထဲမှာ သူ့တစ်ယောက်တည်း နေချင်တယ်တဲ့၊ အဖေ့လို အင်တာနက်အကြောင်း၊ ကွန်ပျူတာအကြောင်း ဘာမှ မသိတဲ့လူက သူလုပ်နေတာကို လာ လာ ကြည့်နေရင် မနေတတ်ဘူးတဲ့။

“အဖေ အပြင်ထွက်ပြီး သွားသောက်နေလေ”

သားတော်မောင်ရဲ့ အမိန့်အတိုင်း အာအိုယာမဟာ ကော့ညွှတ် တစ်ပုလင်း၊ ဖန်ခွက်တစ်ခွက်နဲ့ အခန်းထဲက ထွက်လာရတယ်။ ဟိုတယ်တစ်ခုလုံး တိတ်ဆိတ်လို့၊ ဧည့်ကြိုခန်းဘေးက နားနေခန်းကတော့ လွတ်နေတယ်။ ဆိုဖာ အိအိကြီးတွေ၊ စာကြည့်မီးတွေနဲ့ အင်မတန် ကောင်းတဲ့အခန်း။ လည်ချောင်း တစ်လျှောက် ပူခနဲ ဆင်းသွားတဲ့ ကော့ညွှတ်ကို သောက်ရင်း လူရွေးပွဲ အကြောင်း၊ ရိုကို့အကြောင်းတွေ စဉ်းစားနေမိတယ်။ ရိုကို့ကို လက်လွတ်ဆုံးရှုံး လိုက်ရတာဟာ သူ့ဘဝအတွက် အလှည့်အပြောင်း တစ်ခုပဲ။ ဒါမျိုး တစ်ခါမှ မမျှော်လင့်ခဲ့ဖူးသလို ဖြစ်သွားခဲ့သမျှ ကိစ္စတွေကိုလည်း စိတ်ထဲ ဝမ်းမြောက်ဝမ်းသာ လက်ခံနိုင်စွမ်း မရှိသေးပါဘူး။ ဒါပေမဲ့လို့ မမျှော်လင့်ထားလို့ မဖြစ်ရဘူးလို့မှ မရှိဘဲ။ တစ်စချင်း တစ်ခုချင်း တည်ဆောက်ခဲ့ရတဲ့ ဘဝဆိုတာလည်း တဒင်္ဂအတွင်း အပိုင်းပိုင်း အစိတ်စိတ် ပြိုသွား ပျက်သွား နိုင်တာပဲလေ။ ဒီအတွက် ဘယ်သူ့ကိုမှ အပြစ်တင်လို့ မရပါဘူး။ ကိုယ်တိုင်ကျက်အောင် လုပ်

နိုင်စွမ်းမရှိတဲ့ ဒဏ်ရာအနာတရကြီး တစ်ခု ရလိုက်ပြီးချိန်၊ လက်ခံနိုင်စွမ်း မရှိပေမဲ့ လက်ခံလိုက်ရချိန်မှာတော့ နာကျင်မှုကို ကျော်လွှားနိုင်အောင် တတ်နိုင်သမျှ ကြိုးစားဖို့ပဲ ရှိတာ မဟုတ်လား။ ဘယ်လောက်နက်တဲ့ ဒဏ်ရာဖြစ်နေပါစေ၊ အချိန်က ကုစားပေးတာပါပဲ။ နေ့ရက် တစ်ရက်ချင်းစီကို အောင်မြင်စွာ ကျော်လွှားနိုင်ဖို့ပဲ လိုတာပါ။ အချိန်တွေ ကုန်လာတာနဲ့အမျှ နာလန်ထလာတဲ့ လက္ခဏာတွေကို မြင်ရမှာ၊ တဖြည်းဖြည်းချင်း အနာဟာ ကျက်ပြီး အမာရွတ်အသွင် ပြောင်းသွားလိမ့်မယ်။ သားသမီးတွေ အနေနဲ့တော့ ဒါကို အပြည့်အဝ နားလည်လိမ့်မယ်လို့ မျှော်လင့်လို့ မရပါဘူး။ ရိုကို ဆုံးပြီးခါစ သုံးလေးလလောက်မှာ ရှီဂေးဟာ အရူးအမူးပဲ၊ တင်းနစ်ရိုက် သင်တယ်၊ တင်းနစ်ကလပ် နှစ်ခုကို ဝင်တယ်၊ ဗွီဒီယိုဂိမ်းကို တမှေ့တမော ကစားတယ်။ ကျောင်းမှာ ရန်ဖြစ်တယ်။ ဖူးရောင်ပေါက်ပြဲပြီး အိမ်ပြန်လာတယ်။ သူ့အတွင်းစိတ် အဖွဲတွက တစ်ခုခုကို အရူးအမူး လိုက်ရှာနေလို့ ခုလိုဖြစ်နေတယ်ဆိုတာ အာအိုယာမ သိပါတယ်။ ဒဏ်ရာက သည်းမခံနိုင်လောက်အောင် နာလွန်းလို့ ကြောက်လန့်တကြား ကုစားနေတာပေါ့။ တစ်ခုခုကို ရှာတွေ့သွားရင် နာကျင်မှုတွေ သက်သာသွားမှာလေ။ ကလေးတွေဟာ ဒီလိုကိစ္စမျိုးအတွက် ခံနိုင်ရည်ရှိဖို့ သိပ်ခက်တာကိုး။ သူရှာနေတဲ့ အရာကို ရှီဂေးတစ်ယောက် တွေ့သွားလား ဆိုတာတော့ သေချာမသိပါဘူး။ ဂျာမန်ဂီတပညာရှင် ဘွားတော်ကြီးကို ဂျပန်ခေါ်တယ် ဆိုတာလည်း သူ့နည်းသူ့ဟန်နဲ့ အနာကျက်ဖို့ ကြိုးစားတာပါပဲ။ ရိုကို သာ မသေခဲ့ရင် ဒီအလုပ်ကို ဘယ်တော့မှ လုပ်ဖြစ်မယ် မထင်။ အဲသလို မလုပ်ဖြစ်ရင် ဒီ ဂီတပညာရှင်ကြီးကိုလည်း ဆက်သွယ်ဖြစ်မှာ မဟုတ်ဘူးပေါ့။

ပေါလစ်တိုက်ထားတဲ့ ကျွန်းသားစားပွဲလေးပေါ်မှာ နယူးစ်ဝိခ် မဂ္ဂဇင်း တစ်စောင် ရှိနေတယ်။ ကြည့်ရတာ အမေရိကန်ဧည့်သည် တစ်ယောက်ယောက် ကျန်ခဲ့တာ နေမယ်။ ဒီဟိုတယ်က မန်နေဂျာကတော့ နိုင်ငံခြားမဂ္ဂဇင်းတွေ အပတ်စဉ်မှာမယ့် အစားမျိုး မဟုတ်ဘူး။ သူ လှန်လှောကြည့်လိုက်တယ်။ မဂ္ဂဇင်းထဲက ဓာတ်ပုံတစ်ပုံကို အာရုံကျသွားတယ်။ နယူးယောက်က အိမ်ခြေရာခြေမဲ့ ကောင်လေးတစ်ယောက်ပုံ။ ပုံစာမှာတော့ ဘဝမှာ တစ်ခါမှ ပွေ့ဖက်ခြင်း မခံခဲ့ရဖူးတဲ့ ဆယ့်ခြောက်နှစ်သား ကောင်လေး တဲ့။ ဓာတ်ပုံထဲက ကောင်လေးမျက်နှာကို သူ ငေးကြည့်နေမိတယ်။ ဒဏ်ရာတွေနဲ့ချည်း တည်ဆောက်ထားတဲ့ ဘဝပိုင်ရှင်ရဲ့ မျက်နှာ။ အချိန်နဲ့၊ ရည်မှန်းချက်တွေနဲ့ တည်ဆောက်ထားတာ မဟုတ်ဘူး၊ ဒဏ်ရာတွေနဲ့ တည်ဆောက်ထားခဲ့တာ။

အခြားလူတစ်ယောက်ကို ဘာခံစားချက်မှ မရှိဘဲ အလွယ်တကူ သတ်ပစ်လိုက်နိုင်တဲ့ လူတစ်ယောက်ရဲ့ မျက်နှာမျိုးပေါ့။

※※※

ကျွန်မ အဖေရဲ့ စီးပွားရေး ပြုကွဲသွားတော့ ကျွန်မတို့ မိသားစုနေနေတဲ့ ဧရာမ အိမ်ကြီးကနေ ဆင်းပြီး အိပ်ခန်းတစ်ခန်းတည်းပါတဲ့ တိုက်ခန်းကျဉ်းလေးကို ပြောင်းခဲ့ရတယ်။ အဖေမှာ အကြွေးတောင်လို ပုံနေတာ၊ ဒါပေမဲ့ သူ အမြဲလိုလို အိမ်မှာရှိနေလို့ ကျွန်မတို့ အရမ်းပျော်ခဲ့ရတာကို မှတ်မိပါသေးတယ်။ အဲဒီနှစ်နှစ်သစ်ကူးကာလမှာ အဝတ်အစားသစ်တွေနဲ့ လူတွေ လမ်းမပေါ် ပြည့်နေချိန်မှာ ကျွန်မတို့မှာ ဝတ်စရာ အဝတ်အစားသစ် မရှိခဲ့ဘူး။ အခန်းကလည်း အေးစိမ့် မှောင်မိုက်လို့ပေါ့။ တစ်မိသားစုလုံး စောင်ပုံကြားမှာ ဝင်ကွေးရင်း တီဗွီကြည့်ခဲ့ကြတယ်။ ရှေးခေတ် ဟာသကားပါ။ ရယ်ရင်းနဲ့ မောလာပြီး ဇာတ်သိမ်းမှာ ငိုရတဲ့ ဇာတ်ကားမျိုးပေါ့။ အဖေရယ်၊ အမေရယ်၊ အစ်ကိုရယ်၊ ညီမလေးရယ်၊ ကျွန်မရယ် ရယ်ရင်း ငိုရင်းနဲ့ အတူ ဖြတ်သန်းခဲ့ကြရတဲ့ ကာလလေးပါ။ ဒီအတွေ့အကြုံကနေ ကျွန်မအတွက် ပြင်းပြတဲ့ ဆန္ဒတစ်ခု ပေါ်ထွန်းလာခဲ့တယ်။ တစ်နေ့မှာ အောင်မြင်ကျော်ကြားတဲ့ ရုပ်ရှင်မင်းသမီး ဖြစ်ဖို့ပေါ့...။

“ဘယ့်နယ့်လဲ မဆိုးဘူး မဟုတ်လား”

ယိုရှိကာဝါက ပြောလိုက်တယ်။ ခု ယိုရှိကာဝါဟာ ဧရာမ အေဂျင်စီကြီးက မားကက်တင်း ဌာနမှူး ဖြစ်နေပြီ။ အရင် အာအိုယာမ အလုပ်လုပ်ခဲ့ဖူးတဲ့ အေဂျင်စီပေါ့။ သူ့ရုံးခန်းထဲက လျှောက်လွှာတွေ တစ်ထပ်ကြီး တင်ထားတဲ့ စားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်ရင်း ယိုရှိကာဝါနဲ့ အာအိုယာမဟာ စကားပြောနေကြတယ်။

“ကိုယ်ရေးအကျဉ်းအပြင် ဓာတ်ပုံနဲ့ ဒီလို ဘဝဇာတ်ကြောင်း အတိုလေးတွေ ထည့်ရေးခိုင်းလိုက်တာ အတော် ကောင်းသွားတယ်၊ ဘဝဇာတ်ကြောင်းလေးတွေ ဖတ်ရတာ ဓာတ်ပုံနဲ့ ပေါင်းလိုက်တော့ လူတစ်ယောက်အကြောင်း ပိုသိလာရတယ် မဟုတ်လား၊ လျှောက်လွှာပေါင်း လေးထောင်ကျော် ရတယ် သူငယ်ချင်းရဲ့၊ စားပွဲပေါ်မှာ ရှိတာတွေက အလားအလာ ကောင်းတဲ့ လျှောက်လွှာ တစ်ရာပဲ။ ဒီနေ့ သုံးဆယ်ထိ ဖြတ်မယ်။ သဘောတွေ့တာလေးတွေ ရှိရင် ဒီဖိုင်ထဲကို ထည့်၊ အိုကေလား”

တံခါးခေါက်သံနဲ့အတူ ခပ်ငယ်ငယ် အမျိုးသမီး ဝန်ထမ်းတစ်ယောက် အာအိုယာမအတွက် လက်ဖက်ရည် လာချတယ်။ ရုံးခန်းက သိပ်မကျယ်လှပေမဲ့ သီးသန့်ဆန်တယ်။ ဆိုဖာဆက်တင်ရဲ့ မျက်နှာချင်းဆိုင်မှာ ဇရာမစားပွဲကြီး ရှိတယ်။ ပြီးတော့ ဂင်ဇာ ရပ်ကွက်ကို စီးမြင်ရတဲ့ မှန်နံရံကြီးနဲ့ ကာထားတယ်။ ဝန်ထမ်းအမျိုးသမီး အခန်းထဲက ထွက်သွားတာကို အာအိုယာမ လိုက်ကြည့်နေမိတယ်။ သူနဲ့အတူ အလုပ်လုပ်ခဲ့ဖူးတဲ့ ဓာတ်ပုံဆရာတစ်ယောက်ရဲ့ အဆိုအရ လေးဆယ်ကျော်လာရင် မိန်းမတွေကို မျက်နှာတို့၊ ရင်သားတို့ထက် ခြေထောက်ကို အရင် သတိပြုမိလာတယ် ဆိုပဲ။ ဒုတိယကမ္ဘာစစ် ပြီးချိန်က စလို့ ဂျပန်အမျိုးသမီးတွေရဲ့ ခြေထောက်တွေဟာ သိသိသာသာ လှပလာသတဲ့။ အာအိုယာမကတော့ သိပ်သဘောမတူချင်လှဘူး။

ကော်ဖီစားပွဲပေါ်က စာရွက်ပုံကြီးကို ကြည့်ရင်း သက်ပြင်းချမိတယ်။ ဒီလုပ်ငန်းစဉ်ဟာ ဘယ်လောက်များ အဆင့်အတန်း ခွဲခြားလိုက်သလဲ။ လျှောက်လွှာ လေးထောင်ကျော်ထဲက တစ်ရာကို ရွေးထုတ်ပြီး ခုစားပွဲပေါ်မှာ ပုံထားတယ်။ ကျန်တဲ့ လျှောက်လွှာ သုံးထောင့်ကိုးရာကတော့ အခန်းထောင့်က ပုံးတွေထဲ ပစ်ထည့်လိုက်မှာပေါ့။ ဒီထဲက ခုနစ်ဆယ်ကို ပယ်ရလိမ့်ဦးမယ်။ အင်း... ပယ်ရမယ်။ ကောင်းတဲ့ကိစ္စတော့ မဟုတ်ဘူးလို့ သူ တွေးနေတယ်။

“နောက်အပတ် တနလ်ာနေ့ကို အင်တာဗျူးတွေ စလုပ်မယ်၊ အနည်းဆုံး နှစ်ရက်တော့ ကြာမှာပဲ၊ အခန်းတွေဘာတွေ စီစဉ်ပြီးပြီ၊ ခင်ဗျား အားတယ် မဟုတ်လား”

“ဒါနဲ့ ဒီရုပ်ရှင်ကို တကယ်ရိုက်ဖြစ်မယ်လို့ ခင်ဗျား ထင်လား”

“မပြောတတ်ဘူးဗျ၊ ဇာတ်ညွှန်းကတော့ ပြီးပြီ၊ ဖတ်ကြည့်သလောက်တော့ မစွံလှသေးဘူး၊ ပြီးတော့ ငွေထုတ်ပေးမယ့်လူလည်း မရှိသေးဘူး၊ ခင်ဗျား သိတဲ့အတိုင်း ဒီတိုင်းပြည်မှာက ဒါရိုက်တာဆိုတာ ဒုတိယတန်းစားပဲ၊ ထိပ်ဆုံးမှာ အမြဲရှိနေတာကတော့ ဇာတ်ညွှန်းနဲ့ ငွေပဲလေ”

အာအိုယာမက သွားဖြဲပြလိုက်တယ်။

“ဒါဆို အခြေအနေက မကောင်းသေးဘူးပေါ့”

“ဒီမယ်၊ ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်က ခင်ဗျားအတွက် သတို့သမီးရှာဖို့ မဟုတ်လား၊ ခုမှ နောင်တရမိတယ်တွေ ဘာတွေတော့ လာမပြောနဲ့၊ နောက်ပြန်လှည့်လို့ မရတော့ဘူး သူငယ်ချင်းရဲ့၊ ကျွန်တော်တို့ လုပ်တာတွေက မကောင်းတဲ့ကိစ္စ တစ်ခုမှ မပါပါဘူး၊ ခင်ဗျားအတွက် သတို့သမီး၊ မယားလောင်း၊ ခင်ဗျားဘဝ တစ်လျှောက်လုံး လက်တွဲသွားမယ့် လက်တွဲဖော်ကို ရှာတာလေ၊ မယားငယ်ရှာတာဆိုရင် တစ်မျိုးပေါ့ဗျ...”

“ပြီးတော့ ဓာတ်ပုံချည်း အားမကိုးနဲ့ဗျ၊ ဓာတ်ပုံက ပရိယာယ် များတယ်၊ မိန်းမတစ်ယောက်ကို နတ်သမီးလောက် လှအောင်ရော မျောက်မောင်းမလောက် ရုပ်ဆိုးအောင်ရော တတ်နိုင်တယ်၊ ကဲပါ သဘောကျတဲ့လူ တွေ့တာနဲ့ ဖိုင်ထဲထည့်နော်”

အာအိုယာမက ခေါင်းညိတ်ပြရင်း လျှောက်လွှာတွေကို စကြည့်တယ်။ အားမကိုးပါနဲ့ ဆိုပေမဲ့ ဓာတ်ပုံကို စကြည့်မိတာပဲ။ ဓာတ်ပုံတွေကတော့ ပုံလန်နေတာပဲ၊ နောက်ကောက် ချသွားမယ့် ဟာတွေချည်းပဲ။ ဂန္ဆဝင်ဂီတ လေ့လာဖူးသလား ကြည့်- ကြည့်စမ်း။ ဘဝဇာတ်ကြောင်း အက်ဆေးလေးတွေ ဖတ်ကြည့်။ အင်း... အများအားဖြင့်တော့-

မင်းသမီးကောင်း တစ်လက် ဖြစ်လာမည်ဟု ကျွန်မ ခံစားမိပါသည်။

ကျွန်မ၏ အရည်အချင်းကို အကောင်းဆုံး ဖော်ပြနိုင်သော အလုပ်သည် သရုပ်ဆောင်ခြင်းမှတစ်ပါး အခြားမရှိ။

သရုပ်ဆောင်ဖြစ်ဖို့ မွေးဖွားလာခဲ့သော ကျွန်မ- စသည်ဖြင့် တွယ်ကြတာချည်းပဲ။

ဘယ့်နယ်ဟာတွေလဲ။ တစ်ခါမှ ကြိုးစားမကြည့်ဖူးဘဲ ဒီကိစ္စအတွက် သူတို့မှာ အရည်အချင်း အပြည့်လို့ ဘယ့်နယ်ကြောင့် အပိုင် ပြောနေကြတာလဲ။ ဒါက ဘာကိုပြသလဲဆိုရင် သူတို့ လက်ရှိဘဝကို မကျေနပ်ဘူး ဆိုတာပဲ။ တကယ့်သရုပ်ဆောင် ဖြစ်ချင်တာထက် လက်ရှိ ဦးငွေ့ဖွယ် ဘဝက ရုန်းထွက်ပြီး ရင်ခုန်စိတ်လှုပ်ရှားဖွယ် ဘဝသစ်တစ်ခုကို ရချင်တာက ပိုတယ်။ ဒီလို မိန်းမမျိုးတွေကို ဘဝလက်တွဲဖော်အဖြစ် ဘယ့်နယ်ရွေးမတုံး။ ဓာတ်ပုံအရတော့ တချို့တွေဟာ ရင်သပ်ရှုမော ဖြစ်ချင်စရာပဲ။ ဂီတ အကနဲ့ နိုင်ငံခြား ဘာသာစကားတွေ ကျွမ်းကျင်တယ်လို့တော့ ရေးကြတာပဲ။ ဒါပေမဲ့ မဟုတ်သေးဘူး။ တစ်ခုခု

မှားနေကြတယ်။ အင်း... လျှောက်လွှာတွေ လှန်ဖတ်နေတဲ့ အာအိုယာမရဲ့ အကြည့်ဟာ တစ်နေရာမှာ ရပ်သွားတယ်။

အမည်	။	။	ယာမာဆာကီ အဆာမီ
အသက်	။	။	၂၄
ကိုယ်	။	။	.....ကိလို
အလေးချိန်			
ရင်	။	။	၈၂ စင်တီမီတာ
ခါး	။	။	၅၄ စင်တီမီတာ
တင်	။	။	၈၆ စင်တီမီတာ
မွေးရပ်	။	။	နာကာနို ရပ်ကွက်၊ တိုကျို
အလုပ်အကိုင်	။	။	အရောင်းအဝယ်ကုမ္ပဏီတွင် နှစ်နှစ် အလုပ်လုပ်ဖူး၊ မကြာသေးမီက ကုမ္ပဏီအလုပ်မှ ထွက်
ဝါသနာ	။	။	ဂီတ နှင့် အက (ဂန္ဆဝင်ဘဲလေးအက ၁၂ နှစ် အတွေ့အကြုံရှိ)
ကျွမ်းကျင်မှု	။	။	အက၊ စန္ဒရား၊ ကိတ်မုန့်ဖုတ်ခြင်း

...ကုမ္ပဏီက ထွက်ပြီးတဲ့ အချိန်မှာ ကျွန်မ တွေးမိတယ်။ ကာလ ရှည်ကြာ အိပ်မက်ဖြစ်တဲ့ စပိန်ကို သွားပြီး အခြေချလိုက်ရရင် ကောင်းမလား ပေါ့။ အဲဒီအချိန်မှာ ရေဒီယိုကနေ ဒီလူရွှေးပွဲအကြောင်း ကြားလိုက်ရတယ်။ ကျွန်မလေ ကိုယ့်ကိုယ်ကိုယ် သရုပ်ဆောင် ပါရမီရှိတယ်လို့ မတွေးမိဖူးပါဘူး။ ဒီလျှောက်လွှာကိုလည်း အရေးတယူ ကြည့်လိမ့်မယ်လို့ မမျှော်လင့်လှပါဘူး။ ဒါပေမဲ့ ဇာတ်လမ်းကို ဖတ်မိတဲ့အခါ အရမ်းကို တိမ်းညွတ်မိတယ်။ ခါးဒဏ်ရာ ကြောင့် အနားယူလိုက်ရတဲ့ အကမယ်တစ်ယောက် အကြောင်းကိုး။

ကျွန်မဟာ ဘဲလေးအကကို နှစ်ပေါင်းများစွာ လေ့ကျင့်ပြီး အသက် ဆယ့် ရှစ်နှစ်မှာ တင်ပါးဒဏ်ရာကြောင့် အကမယ်ဘဝကို စွန့်လွှတ်လိုက်ရသူပါ။ အဲဒီ အချိန်က လန်ဒန် ဘဲလေးကျောင်းတက်ဖို့ ပြင်ဆင်နေချိန်လေ။ ဆိုတော့

ကျွန်မအတွက် ကမ္ဘာပျက်သလိုပေါ့ရှင့်။ ဒီစိတ်ဒဏ်ရာက ပြန်နာလန်ထူဖို့ နှစ်တော်တော်ကြာအောင် အချိန်ယူလိုက်ရတယ်။ ပိုလွန်းတယ်ပဲ ဆိုဆို၊ ဒီကိစ္စဟာ သေခြင်းတရားကို လက်ခံနိုင်အောင် သင်ယူခိုင်းသလိုပါပဲ။ ဒီဒဏ်ရာဟာ ဘဝမှာ မေ့မရနိုင်လောက်အောင် ထိထိခိုက်ခိုက် ဖြစ်လွန်းတော့ ခေါင်းဆောင်မင်းသမီး နေရာက သရုပ်ဆောင်ရမှာကို ကျွန်မ အင်မတန် ခံစားနားလည်နိုင်တာပေါ့...

အာအိုယာမဟာ ယာမာဆာကီ အဆာမီရဲ့ ဓာတ်ပုံကို အကြိမ်ပေါင်းများစွာ ကြည့်တယ်။ သူ့ဘဝအကြောင်း အက်ဆေးလေးကိုလည်း ထပ်ခါ ထပ်ခါ ဖတ်မိတယ်။ အက်ဆေးက အတိုလေးပေမဲ့ သိပ်ပေါ်လွင်တာပဲ။ သူ့ရဲ့ မျက်လုံးတွေ၊ နှာတံတွေ၊ တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းတွေကို မြင်ရတာ ရိုက်ို့ကို သတိရမိတယ်။

နောက်ဆုံးမှာ အင်တာဗျူးခေါ်ဖို့အတွက် သူ လျှောက်လွှာ ၃၁ စောင် ရွေးထုတ်လိုက်တယ်။ တကယ်တမ်း စိတ်ဝင်စားတာကတော့ ယာမာဆာကီ အဆာမီ တစ်ယောက်တည်းပါ။ သူ့ရုံးကို ပြန်လာတော့ သူ့ဝန်ထမ်းတွေကို လူရွေးပွဲအကြောင်း ပြောပြမိတယ်။ ရည်ရွယ်ရင်းဖြစ်တဲ့ သတို့သမီး ရှာပုံတော်ကိစ္စတော့ ဘယ်ပြောမလဲ။ ရုပ်ရှင်ဇာတ်ညွှန်း တစ်ခုပေါ် အခြေခံပြီး သရုပ်ဆောင် ရှာတာပေါ့လေ။

“ကျွန်တော်က ထုတ်လုပ်သူ တစ်ယောက် ဖြစ်ကောင်း ဖြစ်သွားနိုင်တယ်၊ ဒါပေမဲ့ ဒီကိစ္စဟာ ကျွန်တော်တို့ လုပ်ငန်းအပေါ် ဘာဆိုးကျိုးမှ သက်ရောက်မှာ မဟုတ်ပါဘူး၊ တကယ်လို့ ရုပ်ရှင်ရိုက်ဖြစ်မယ်ဆိုရင် ဇာတ်လမ်းအိုင်ဒီယာအတွက် ငွေရမယ်၊ မူပိုင်ခွင့်ရဖို့လည်း ကြိုးစားရမှာပေါ့။ ဘယ်သူမှ ကန့်ကွက်လိမ့်မယ်လို့ မထင်ပါဘူး။ တကယ်လည်း မကန့်ကွက်ကြပါဘူး”

စကားတွေ ပြောနေရပေမဲ့ သူ့အတွေးထဲမှာ ယာမာဆာကီ အဆာမီ ကပဲလွှမ်းမိုးနေခဲ့တယ်။ ညနေခင်း အိမ်ပြန်လာပြီး ဂန်းစတားကို ခွေးကျောင်းထွက်ချိန်အထိပေါ့။ ဒီကောင်မလေးပဲ ဖြစ်ရမယ်လို့ တစ်မုဟုတ်ချင်း ဆုံးဖြတ်ချက် ကျသွားတာ သူ့ကိုယ်သူတောင် မယုံနိုင်ဘူး။ သူက လှလို့၊ မျက်လုံးတွေက မီးဝင်းဝင်းတောက်အောင် စိတ်အားထက်သန်မှုတွေ တွေ့ရလို့၊ ဘဲလေး အခြေခံရှိလို့ ဒါတွေကြောင့် မဟုတ်ပါဘူး။ သူ့အက်ဆေးကလေးမှာ ပါ

တဲ့ ဒီကိစ္စဟာ သေခြင်းတရားကို လက်ခံနိုင်အောင် သင်ယူခိုင်းသလိုပါပဲ ဆိုတဲ့ စာလုံးတွေကြောင့်ပါ။

ဘီးဂဲလ်ခွေးမျိုး ဖြစ်တဲ့အတွက် ဂန်းစတားဟာ အနံ့ခံရတာကို ကြိုက်တယ်။ လမ်းမှာ နှာခေါင်းတရှုံ့ရှုံ့နဲ့ အလုပ်ရှုပ်နေတာပဲ။ ဒါကြောင့် များသောအားဖြင့် အာအိုယာမဟာ ဂန်းစတားကို အတင်းဆွဲပြီး ရှေ့ဆက်သွားရလေ့ရှိတယ်။ ခုတော့ ဟိုကောင်မလေး ကိစ္စပဲ ခေါင်းထဲ ရောက်နေတော့ ဂန်းစတားက သူ့ကို ပြန်ဆွဲနေရတယ်။ အာအိုယာမကတော့ အတွေးရေယဉ်ကြောမှာ မျောနေတာပေါ့။

ရှီဂေးက ညစာစားပြီးလို့ အပေါ်ထပ်က သူ့အခန်းမှာ ကွန်ပျူတာရှေ့ ရောက်နေပြီ။ အောက်ထပ် ဧည့်ခန်းထဲမှာတော့ အာအိုယာမဟာ ကောညှက်ကလေး မြို့ရင်း အပေါ်ထပ်က တတောက်တောက်နဲ့ ကီးဘုတ်ခလုတ်တွေ ရိုက်နေသံကို ကြားနေရတယ်။ အဆာမီဟာ ဖန်ခွက်ကလေး တစ်လုံး ကိုင်ရင်း မီးဖိုခန်းထဲက ထွက်လာတယ်။ ပန်းကန်ခွက်ယောက်တွေ အားလုံး ဆေးပြီးလို့ ခု သူတို့နှစ်ယောက် သာသာယာယာ နေကြဖို့ အချိန်ရပြီ။ ဖန်ခွက်ထဲကို ရေခဲထည့်ရင်း အဆာမီ သူ့နားမှာ ဝင်ထိုင်တယ်။ ပြုံးလို့ ချိုလို့။

“နည်းနည်း သောက်ကြည့်မယ်နော်၊ ရေခဲနဲ့ဆို အဆင်ပြေပါ့မလား၊ ဒီလို ဘရန်ဒီမျိုးကို တစ်ခါတည်း မော့ချပစ်လိုက်ရမှာလား”

“ဘယ်လိုသောက်သောက် ကောင်းတဲ့အရက်ဟာ ကောင်းမြဲပဲ၊ ကိုလာလေး နည်းနည်းနဲ့ ရောသောက်လည်း အရသာရှိတာပါပဲ”

“အင်း... ရှီဂေးက ကျွန်မကို လက်ခံလို့ ဝမ်းသာပါတယ်၊ ဆယ့်ငါးနှစ်သားဆိုတာ သိတဲ့အတိုင်း စိတ်ခံစားလွယ်တယ် မဟုတ်လား၊ ဒါပေမဲ့ ရှီဂေးက ကျွန်မကို အမေလို့ အလွယ်တကူ ခေါ်နိုင်သားပဲနော၊ ရှိုးတိုးရှန်းတန်း ဖြစ်မနေဘူး”

“အင်း... တကယ်တော့ သူပဲ ကိုယ့်ကို နောက်အိမ်ထောင်ပြုဖို့ တိုက်တွန်းတာ”

“တကယ်လား၊ စ,နေတာ ဟုတ်ဘူးလားလို့”

“တကယ်ခင်ဗျ၊ ကိုယ် ဒီကလေးအတွက် အမြဲတမ်း ဂုဏ်ယူနေတာပါ၊ ငယ်ငယ်က အရမ်းခံစားခဲ့ရလို့ သူဟာ အရွယ်နဲ့မလိုက်အောင် စဉ်းစားတတ်တဲ့၊ ရင့်ကျက်တဲ့ လူငယ်လေးတစ်ယောက် ဖြစ်လာတယ် ထင်တာပဲ။ သေခြင်းတရားကို လက်ခံနိုင်ဖို့ သင်ကြားခဲ့ရသလိုလို့ မင်း အက်ဆေးထဲ ထည့်ရေးခဲ့တာ မှတ်မိသေးလား။ အင်း... ကိုယ်တို့ သုံးယောက်လုံး အဲဒီလိုအခြေအနေမျိုး ဖြစ်ခဲ့ဖူးတယ်။ ဒါကြောင့်မို့လည်း စပြီဆိုကတည်းက မင်းနဲ့ကိုယ် အပြန်အလှန် နားလည်ခဲ့ကြတာလား မပြောတတ်ပါဘူး”

အဆာမီက ခေါင်းညိတ်တယ်။ ကော့ညွှတ်ဖန်ခွက်ကို ပြုံးယောင်သမ်းနေတဲ့ နူတ်ခမ်းအစုံနဲ့ ထိတွေ့စေတယ်။

ဂန်းစတားက ကြိုးကို တင်းတင်း ဆောင့်ဆွဲလိုက်တယ်။ မိုးပျံနေတဲ့ အာအိုယာမရဲ့ အာရုံတွေ မြေပေါ် ပြန်ရောက်လာတယ်။ ပူဒယ်လ်ခွေးမလေး တစ်ကောင်ကို ဖြတ်လာရင်း ဂန်းစတားက အာအိုယာမကို လှည့်ကြည့်တယ်။ ဒီညဘာတွေဖြစ်နေတာလဲ ဆိုတဲ့ မျက်နှာပေးမျိုးနဲ့။ အဲဒီလို အကြည့်ခံရမှပဲ အာအိုယာမဟာ ရုက်ကိုးရုက်ကန်း ဖြစ်သွားပြီး ပြုံးစိစိကြီး လုပ်နေတယ်။ ကြည့်စမ်း၊ ယာမာဆာကီ အဆာမီ အကြောင်း စဉ်းစားမိတာနဲ့ မျက်နှာကြွက်သားတွေ တောင် အနားရ ပြုံးယောင်သမ်းနေပြီ။

တကယ်တော့ သူ့အကြောင်း ဘာဆို ဘာမှ ဂဃနဏ သိသေးတာ မဟုတ်ဘူးရယ်။

※※※

“ဆောရီးနော်”

ယိုရှီကာဝါက အင်တာအဗျူးခံတဲ့ ကောင်မလေးကို ပြောလိုက်တယ်။

“နောက်ဝင်မယ့်လူကို ခဏစောင့်ပါဦးလို့ ပြောပေးပါလား၊ ကျွန်တော်တို့ ငါးမိနစ်လောက် နားလိုက်ချင်လို့”

ဒီအေဂျင်စီမှာ သူရှိကတည်းက အင်မတန် ရင်းနှီးကျွမ်းဝင်ခဲ့ရတဲ့ အစည်းအဝေး ခန်းမကျယ်ကြီးထဲမှာ လူရွေးပွဲ အင်တာဗျူးကို လုပ်နေတာ။ နေ့လယ်တစ်နာရီက စလုပ်တယ်။ ခု ခုနစ်ယောက် မေးပြီးပြီ။ တစ်ယောက်ကို ဆယ်မိနစ်လောက် မေးမယ်လို့ စီစဉ်ထားကြပေမဲ့ မင်းသမီးလောင်းလျာ မမ

များက စိတ်စောပြီး အစောကြီး ကြိုရောက်နေကြတဲ့အတွက် ကော်ရစ်ဒါ စင်္ကြံမှာ ကုလားထိုင်တွေ တန်းစီခင်းပြီး စောင့်ခိုင်းထားရတော့တာပေါ့။ အင်တာဗျူးဖြေမယ့် ကလေးမတွေကို စိတ်ဖိစီးစေချင်တဲ့ ယိုရှိကာဝါဟာ မားကက်တင်းဌာနက အလှဆုံး ကောင်မလေးတစ်ယောက်ကို ရွေးပြီး ဧည့်ကြိုအဖြစ် ဆောင်ရွက်စေတယ်။ အမျိုးသားဝန်ထမ်း တစ်ယောက်က အင်တာဗျူးကို ဗွီဒီယို၊ ပိုလာရွိုက်ကင်မရာတွေနဲ့ တောက်လျှောက် မှတ်တမ်းတင်နေတယ်။

“ဒီအင်တာဗျူးကို ယိုကိုတာကလည်း လာချင်တယ်ဗျ၊ ကျွန်တော်က ခေါက်ထားခဲ့တာ” လို့ ယိုရှိကာဝါက အင်တာဗျူး မတိုင်ခင်ကတည်းက ပြောပြထားခဲ့တယ်။

“တခြားတစ်ယောက် ပါလာတာ ခင်ဗျား မကြိုက်ဘူးထင်လို့”

နာမည်ရယ်၊ အင်တာဗျူးမယ့် အချိန်ရယ်ကို တင်ကြိုရိုက်နှိပ်ထားတဲ့ စာရွက်ကို ပေးရင်း ယိုရှိကာဝါက ဆက်ပြောတယ်။

အာအိုယာမကတော့ စာရွက်ထဲမှာ ယာမာဆာကီ အဆာမီရဲ့ နာမည်တစ်ခုတည်း ကွက်မြင်နေတယ်။ တခြားကလေးမတွေကိုတော့ နည်းနည်းမှ စိတ်မဝင်စား။ ဒါကြောင့် ရှေ့ခုနှစ်ယောက်မှာ သူ တစ်ခွန်းမှ မမေး။ ယိုရှိကာဝါက ဒါကို သတိထားမိတယ်။

“အာအိုယာမ နည်းနည်းပါးပါး ဟန်ဆောင်ပန်ဆောင်ပဲ ဖြစ်ဖြစ် မေးခွန်းလေးဘာလေး မေးစမ်းပါဦး၊ တကတဲမှပဲ”

အင်တာဗျူးဖြေမယ့် ကလေးမတွေဟာ ခါးကျိုးမတတ် ဦးညွှတ်ရင်း ဝင်လာကြတယ်။ ကြောက်နေလိုက်တာများ လက်ဖျားလေးတွေ၊ ပခုံးစွန်းလေးတွေ တဆတ်ဆတ်ကို တုန်နေတာပဲ။

ဧည့်ကြိုက သူတို့ထိုင်ဖို့ ခုံနေရာပြတဲ့အခါ မထိုင်ခင် စားပွဲနဲ့ နဖူး ထိမတတ် ဦးညွှတ်ကြပြန်တယ်။ ယိုရှိကာဝါက မျက်နှာကြောကို တမင် တင်းထားတယ်။ မေးခွန်းတွေကလည်း အမျိုးမျိုး ပြောင်းမေးတယ်။

နာမည်

အသက်

အရပ်

အရင်က တီဗွီ ရုပ်ရှင် လုပ်ငန်းတွေမှာ ပါဖူးခြင်းရှိ၊ မရှိ

အားလပ်ချိန်ကို ဘယ်လို ကုန်ဆုံး

ဒစ္စကို နဲ့ ကလပ်တွေကို နှစ်သက်၊ မနှစ်သက်

ခုနောက်ပိုင်း ကြည့်ဖြစ်ပြီး ကြိုက်နှစ်သက်တဲ့ ရုပ်ရှင်တွေ

ဘယ်မင်းသမီးကို သဘောကျ၊ သူ့လို ဖြစ်ချင်စိတ် ဘယ်လောက်ရှိ

ခုနေ ယန်းဆယ်သန်းရရင် ဘာလုပ်ဖို့ စိတ်ကူး

ခုဝတ်ထားတဲ့ အဝတ်အစားကို ဘယ်သူ ဒီဇိုင်းဆွဲ

ကိုယ့်ရဲ့ အားအသာဆုံးအချက်က ဘာလို့ထင်

ကိုရီးယား အသားကင်ကို နှစ်သက်ခြင်း ရှိ၊ မရှိ

ခု ပြုံးပြစမ်းပါ

မတ်တတ်ရပ်ပြီး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ပြ

တကယ်လို့ ခု ရွေးချယ်ခံရပေမဲ့ မင့်ကောင်လေးက ကန့်ကွက်ရင် ဘယ်လိုလုပ်

ခင်ဗျားအဖေ ဘာအလုပ်လုပ်

စာဖတ်ဝါသနာ ပါ၊ မပါ

အကြိုက်ဆုံး စာရေးဆရာ

သတင်းစာ နေ့စဉ်ဖတ်၊ မဖတ်၊ ဖတ်တယ်ဆိုရင် ဘယ်အပိုင်းကို အရင်ဆုံးစဖတ်

နိုင်ငံခြား သွားရမယ်ဆိုရင် ဘယ်နိုင်ငံကို အကြိုက်ဆုံးလဲ

ခွေးနဲ့ ကြောင် ဘယ်သင်းကို ပိုချစ်

ဘယ်လို ယောကျ်ားအမျိုးအစားကို မုန်းသလဲ

ဘယ်လို ဂီတကို နားထောင်လေ့ရှိ

ရော့ခ်အပြင်းစားကို ကြိုက်၊ မကြိုက်

အီးဂဲလ်နဲ့ စတုန်း ဘယ်အဖွဲ့ကို ပိုကြိုက်

ဂန္ဆင်ဂီတကို နှစ်သက်သလား

သရီးတန်နာ ဆိုတာ ဘယ်သူတွေလဲ၊ ကာရီယာ၊ ဒိုမင်ဂို နဲ့ ပတ်ဖ်ရော့တီ သုံးယောက်ထဲမှာ ဘယ်သူ့အကြိုက်ဆုံးလဲ

လတ်တလော မက်ခဲ့တဲ့ အိပ်မက်တစ်ခုအကြောင်းပြော

အိပ်နေရင်း ထမင်းလုံးတစ္ဆေ ခြောက်ခံရဖူးသလား

ပန်းကန်ပြားပုံတွေကို စိတ်ဝင်စားသလား

ကိုယ့်ကိုယ်ကိုယ် လှတယ်ထင်သလား

ကလေးဘဝတုန်းက ကြီးလာရင် ဘာဖြစ်ချင်သလဲ

အိမ်ထောင်သည်ဘဝကို ဘယ်လိုသဘောထား၊ အိမ်ထောင်ရေးဖောက်ပြန်မှုကို ဘယ်လိုမြင်

ဆူရှီဆိုင်ရောက်ရင် ပထမဆုံး မှာဖြစ်တာက ဘာလဲ

အပြာဇာတ်ကား ထုတ်လုပ်ရေးမှာ သရုပ်ဆောင်ဖြစ်ဖို့ စိတ်ဝင်စားခြင်းရှိ၊ မရှိ

ဘားဆိုင်တွေမှာ ဖော်ချွတ်မယ် လုပ်ချင်စိတ် ရှိ၊ မရှိ

ဆေးသုံးဖူးခြင်းရှိ၊ မရှိ၊ ဘာဆေးတွေသုံး၊ ဘယ်လို အတွေ့အကြုံတွေ ခံစားရ

“ခု မေးခွန်းတွေကို ကျွန်တော်ချည်း ဒိုင်ခံမေးနေရတာ၊ ခင်ဗျား ဘာတစ်ခွန်းမှ မမေးဘူး၊ ခုမှ စိတ်မဝင်စားတော့ပါဘူးလို့တော့ မပြောနဲ့ဗျ၊ ဘာဖြစ်လို့လဲဆိုတာ ပြောစမ်းပါဦး”

ယိုရှိကာဝါက အင်တာဗျူးကို ခဏနားပြီး အာအိုယာမကို မေးတယ်။ ဟုတ်တယ်လေ။ ဒီကိစ္စက အာအိုယာမကြောင့် ဖြစ်လာတာ။ ခုမှ သူက ငူငူကြီး ထိုင်နေလို့ ဖြစ်မလား။ ယိုရှိကာဝါရဲ့ စိတ်ပျက်လက်ပျက် အမူအရာကို ထင်ထင်ရှားရှားကြီး တွေ့ရတဲ့အတွက် သူ့ကို အားလုံး ပြောပြလိုက်မှ ဖြစ်မယ်လို့ အာအိုယာမ ဆုံးဖြတ်လိုက်တယ်။ ဓာတ်ပုံဆရာကို သူ အပြင်ထွက်ခိုင်းလိုက်တယ်။ နှစ်ယောက်တည်း တီးတိုးပြောရမယ့် အကြောင်းတွေလေ။

“အို... ဘုရားသခင်”

အာအိုယာမ ပြောပြတဲ့ ယာမာဆာကီ အဆာမီ အကြောင်း နားထောင်ပြီးတဲ့အခါ ယိုရှိကာဝါဟာ ပြက်ချော်ချော်နဲ့ ဘုရားတလိုက်တယ်။ ယာမာဆာကီ အဆာမီရဲ့ ကိုယ်ရေး၊ အက်ဆေးနဲ့ ဓာတ်ပုံကို သူ ကြည့်နေတယ်။

“အာအိုယာမ ခင်ဗျား ဘာဖြစ်နေတာလဲ၊ ဒါ လျှောက်လွှာလေ၊ ဒါကို ကြည့်ပြီး ဆုံးဖြတ်လို့ မရဘူးလေ၊ ဒီလိုလုပ်တာ အန္တရာယ်ရှိတယ်လေ”

“ကျွန်တော်လည်း သိပါတယ်ဗျာ၊ ဒါပေမဲ့ သူ့အပေါ် ဒီခံစားချက်က အလိုလို ဖြစ်နေတာဗျ၊ သူ့ကို မြင်ပြီးကတည်းက တခြားလျှောက်လွှာတွေ၊ ခု အင်တာဗျူးတွေကို စိတ်ကို မဝင်စားတော့တာ၊ ကျွန်တော်လည်း ဘာတတ်နိုင်မှာလဲဗျာ”

“ဩော်- အာရုံသိပေါ့လေ၊ အလိုလိုသိတဲ့ စိတ်ပေါ့၊ ဆဋ္ဌမအာရုံပေါ့ ဟုတ်စ၊ ဆဋ္ဌမအာရုံကိုသာ ယုံကြည်ပါ၊ စကြာဝဠာကြီးက မင်းကို လမ်းပြမှာ”

“ဟင်... ဘာတွေပြောနေတာလဲ”

“ရှေးစကားပုံလေ”

“ဘယ်သူပြောတဲ့ ရှေးစကားပုံလဲ”

“ဘယ်သိမတုံးဗျ”

ယိုရှိကာဝါက သက်ပြင်းကြီး ချလိုက်တယ်။

“ဒီမယ်၊ ခင်ဗျားအတွက် အချက်အလက်တွေ ပိုရဖို့ လိုသေးတယ်၊ တခြား ကောင်မလေးတွေကိုလည်း စကားပြောကြည့်ဖို့ လိုသေးတယ်၊ ဒါမှ နှိုင်းယှဉ်ကြည့်လို့ ရမယ်၊ ဒီရည်ရွယ်ချက်နဲ့ပဲ ကျွန်တော်တို့ ခုလိုလုပ်ခဲ့ကြတာ

မဟုတ်လား၊ ခင်ဗျားရဲ့ အဆာမီဆိုတဲ့ ဟာလေးမှာ ဘာမှန်းမသိတဲ့ တစ်စုံတရာသော ဆွဲဆောင်မှုတစ်ခု ရှိနေတာတော့ ကျွန်တော် ဝန်ခံပါတယ်၊ ဒါပေမဲ့ လို့...”

အဆာမီဆိုတဲ့ ဟာလေးတဲ့လား။ အာအိုယာမ ထောင်းခနဲ ဖြစ်သွားတယ်။

“ယိုရှီကာဝါ ကျွန်တော် အတည်ပြောနေတာဗျ၊ တကယ် ပြောနေတာ”

“ကျွန်တော်လည်း အတည်ပြောတာပဲ၊ ဓာတ်ပုံလေးကြည့်၊ အက်ဆေးလေး တစ်မျက်နှာလောက် ဖတ်လိုက်တာနဲ့ သင်းဟာ ငါ့ဖူးစာရှင်ပဲ သေချာတယ် ဆုံးဖြတ်ပြီးသွားပြီလို့ ခင်ဗျား ကမူးရှူးထိုး လုပ်နေတာကို ကျွန်တော်က ထောက်ခံလိမ့်မယ်လို့ မထင်နဲ့ဗျား”

“ကိုယ့်အကြောင်းကိုယ် ရေးပြတဲ့ အက်ဆေးကသာ လူတစ်ယောက် အကြောင်း သိဖို့ အကောင်းဆုံးအရာလို့ ပြောခဲ့တာ ဘယ်သူလဲ၊ ခင်ဗျားပဲ မဟုတ်လား၊ အက်ဆေးထဲမှာ ရေးထားတာဟာ တကယ့်နှလုံးသားထဲက လာတာ ဟုတ်လား၊ မဟုတ်လား ဆိုတာကို ခင်ဗျား သိပါတယ်ဗျာ”

ယိုရှီကာဝါဟာ နှုတ်ဆိတ်နေတယ်။ ခဏနေမှ -

“အင်းလေ... ရပါတယ်၊ ကျွန်တော်လည်း သူ့အလှည့် ရောက်တဲ့အခါ သေချာကြည့်ပါ့မယ်။ ခုတော့ တခြားကလေးမတွေကိုလည်း နည်းနည်းပါးပါးတော့ မေးဦး၊ ဒီကိစ္စ ဖြစ်မြောက်အောင် မနည်းလုပ်ထားရတယ် ဆိုတာ သတိလေးဘာလေး ရဦး” လို့ ပြောလိုက်တယ်။

“အေးပါဗျာ၊ ဟုတ်ပါပြီ” လို့ အာအိုယာမက ပြန်ပြောတယ်။ တကယ်ကို လူမျိုးစုံ၊ အကြောင်းအရာစုံ၊ တင်ဆက်မှုမျိုးစုံနဲ့ ဇာတ်လမ်းစုံ တွေ့ရတာပဲ။

တစ်ယောက်က ၂၈ နှစ်၊ ဂျပန်အမျိုးသားတက္ကသိုလ်ကနေ ပြင်သစ်စာပေ အဓိကနဲ့ ဘွဲ့ရတယ်။ ကုမ္ပဏီကြီးတစ်ခုရဲ့ ပရောဂျက်ဝန်ထမ်းအဖြစ် ပဲရစ်မှာ သုံးနှစ် နေခဲ့ဖူးတယ်။ ဂျပန်ပြန်ရောက်တော့ ဖက်ရှင်ဒီဇိုင်နာ တစ်ယောက် ဖြစ်လာတယ်။ လေ့စ်အိန်ဂျလီးစ်မှာ ဖက်ရှင်စတိုးလေးတစ်ခု ဖွင့်ပြီး မာလီဘူး ကမ်းခြေမှာ နောက်ထပ် သုံးနှစ်နေတယ်။ အဲဒါတွေ အားလုံးကို ငြီးငွေ့လို့ စွန့်လွှတ်ပြီး ခု ကလေးစာအုပ်တွေမှာ သရုပ်ဖော်ပုံတွေ ဆွဲနေပြန်

သတဲ့။ သူ့ကြည့်ရတာ တကယ့် ဖက်ရှင်မော်ဒယ် တစ်ယောက်လိုပါပဲ။ မိုရိုကန် ဒီဇိုင်နာ တစ်ယောက်လို ဝတ်စားဆင်ယင်ထားတယ်။ ဂန္ဆဝင်ဘဲလေး အကကို လည်း အသေအချာ လေ့လာထားပြီး ဒီဇာတ်လမ်းမှာ သူ့ကို ရွေးချယ်လိုက်ရုံနဲ့ အားလုံးပြီးပြည့်စုံတယ် လို့ အခိုင်အမာပြောသလေ။ ဒီလိုမိန်းမမျိုးနဲ့တော့ ဘယ်လိုမှ မဖြစ်ဘူးဆိုတာ အာအိုယာမဘက်ကလည်း သိပ်သေချာတယ်။

နောက်တစ်ယောက်ကတော့ အပြာကား သုံးဆယ်ထက် မနည်းမှာ သရုပ်ဆောင်ဖူးတယ် တဲ့။ ကိုယ့်ကိုယ်ကိုယ် သတ်သေဖို့ နှစ်ခါတိတိ ကြိုးစားခဲ့ ဖူးပြီး စိတ္တဇဆေးရုံမှာ သုံးကြိမ်သုံးခါ ကုသမှု ခံယူခဲ့တယ်။ ခု အသက် သုံးဆယ့် သုံးနှစ်မှာ ယောဂဆရာမ ဖြစ်လာတယ်။ ဘယ်ဘက် လက်ကောက်ဝတ်က ဓား နဲ့လှီးထားတဲ့ အမာရွတ်တွေကို သူ့ရတနာပစ္စည်းတွေလို တယုတယနဲ့ လှန်ပြ နေသေးတယ်။

အတော်များများက သူတို့ မန်နေဂျာ ဆိုသူတွေနဲ့ အတူအကွ အင်တာဗျူး လာကြတယ်။ မန်နေဂျာဆိုတဲ့ ကောင်တစ်ကောင်က သူတို့ နှစ်ယောက်ရှေ့မှာ ဒူးထောက် ထိုင်ချလိုက်ပြီး “ကျေးဇူးပြု၍ ကျွန်တော်တို့ကို အလေးအနက် စဉ်းစားပေးပါ ဆရာတို့ ခင်ဗျား” လို့တောင် ပြောသွားသေးတယ်။ သေဇော်ကို အယူခံဝင်တာ ကျနေတာပဲ။

နောက်တစ်ယောက်က နတ်ဝင်သည်လိုလို၊ ဝိညဉ်ဆရာမကြီးလိုနဲ့ ခု အင်တာဗျူးနေတဲ့ ဆရာနှစ်ယောက်ရဲ့ ကိုယ်စောင့်နတ်တွေကိုတောင် သူမြင် နေရသတဲ့။ အာအိုယာမရဲ့ ကိုယ်စောင့်နတ်က ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားတဲ့ ပန်းချီဆရာလေး အသွင်နဲ့တဲ့။ ယိုရှီကာဝါရဲ့ ကိုယ်စောင့်နတ်က ရှဉ့်ပျံအသွင်နဲ့ တဲ့။

တစ်ယောက်၊ နှစ်ယောက်လောက်ကတော့ ကပြစမ်းပါဆိုတော့ အသည်းအသန် ငြင်းကြတယ်။ နောက်တစ်ယောက်ကတော့ ဝင်လာလာချင်း အဝတ်တွေ ချွတ်တော့တာပဲ။ အာအိုယာမက ကမန်းကတန်း တားမယ် ဟန်ပြင်ပေမဲ့ ယိုရှီကာဝါက လွတ်ထားလိုက်ဖို့ အချက်ပြတယ်။ ဝတ်လစ်စားလစ် ဖြစ်သွားတဲ့အထိ ချွတ်ပြီးတဲ့အခါ ခု သူဟာ လူသစ်၊ စိတ်သစ် ဖြစ်သွားပြီလို့ ကြွေးကြော်တယ်။ အသက်နှစ်ဆယ် မပြည့်သေးတဲ့ ကောင်မလေး တစ်ယောက်ကတော့ သူ့ရဲ့ ရှည်လျားလှစွာသော လိင်ဆက်ဆံမှု ရာဇဝင်ကို အားရပါးရ ဖောက်သည်ချသွားတယ်။

အသက်သုံးဆယ် ပတ်ချာလည် အမျိုးသမီးတွေကလည်း အများသားပဲ။ တစ်ယောက်ဆို ဒီအင်တာဗျူးအတွက် ဟိုကိုင်းဒိုးကနေ လေယာဉ်စီးပြီး လာခဲ့သတဲ့။ သူက ဆက်ပိုရှိမှာ ဆိုရင်ဖြင့် ဒစ္စကိုဘုရင်မ တစ်ယောက်ပါပဲ လို့ ဂုဏ်ယူဝံ့ကြွားစွာ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်တယ်။

“ကျွန်မ ငယ်ငယ်လေးကတည်းက ယောကျ်ားတွေဟာ ကျွန်မကို အရူးအမူးပဲရှင့်၊ ဒါကြောင့် ဒစ္စကိုမှာ ပုရိသအပေါင်း ခညောင်းချင်တဲ့ ဘုရင်မတစ်ပါး ဖြစ်လာတာပေါ့၊ ဒါပေမဲ့ ခုချိန်ထိ ကျွန်မရဲ့ ခန္ဓာကိုယ်နဲ့ နှလုံးသားကို ဘယ်သူ့ကိုမှ ပုံမအပ်ရသေးဘူး ရှင်တို့ရယ်၊ ဘာဖြစ်လို့လဲတဲ့ သူတို့က မေးကြတယ်၊ သိလား၊ ကျွန်မက မင်းသမီးလေ၊ ဘုရင်မ မင်းသမီးပေါ့၊ သရုပ်ဆောင်တယ် ဆိုတာကို တစ်ခါမှ မစမ်းကြည့်ရသေးပေမဲ့ ကျွန်မဟာ မွေးရာပါ ငွေကြယ်ပွင့်တစ်လက် ဆိုတာ နှလုံးသားထဲက သိပါသရှင့်”

နောက်တစ်ယောက်။

သူ ဖောက်ပြန်နေတာကို ယောကျ်ားက သိသွား၊ မိသွားပြီး ကွာရှင်းဖို့ တောင်းဆိုခံရပြီးကတည်းက သရုပ်ဆောင်ဖြစ်ဖို့ အရမ်းအရမ်းကို စိတ်အား ထက်သန် လာပါတော့တယ် ဆိုပဲ။

နောက်တစ်ယောက်။

ထိုင်ခုံမှာ မထိုင်ခင် ဝတ်လာတဲ့ ကုတ်အင်္ကျီရှည်ကြီးကို ချွတ်ချလိုက်တယ်။ ပြီးတော့ ဝင်ထိုင်တယ်။ ဘီကီနီနဲ့ ဒေါက်မြင့်ဖိနပ်နဲ့။ မဂ္ဂဇင်းတွေထဲမှာ ဝတ်လစ်စားလစ်မယ်အဖြစ် ကိုယ်ဟန်ပြဖူးပါတယ်။ ဒါပေမဲ့ တစ်ခါမှ အဲသလောက်နဲ့ တင်းတိမ်မယ် ဆိုတဲ့စိတ် မရှိခဲ့ဖူးဘူး။ ခု လူရွေးပွဲအကြောင်း ကြားကြားခြင်း ကံကြမ္မာရဲ့ ခေါ်သံ နားထဲမှာ လွင်လွင်ညံ။

တချို့ကတော့ လက်ဆွဲကာရာအိုကေ စက်လေးတွေ ယူလာပြီး အားပါးတရ ဖျော်ဖြေကြလေရဲ့။ သူနာပြုဆရာမ တစ်ယောက်၊ ကဗျာဆရာ တစ်ယောက်နဲ့ အဆိုတော်တစ်ယောက်ရဲ့ တီးဝိုင်း တင်ဆက်မှုကိုလည်း တွေ့ရတယ်။

အသက် ၇၀ ကျော် စပွန်ဆာ အဘိုးကြီးနဲ့ အတူတူနေတဲ့ မိန်းမတစ်ယောက်၊ မူကြိုကျောင်းဆရာမ တစ်ယောက်၊ အင်မတန် အရပ်ရှည်တဲ့ အာဖရို

ကန်-ဂျပန် ကပြားမ တစ်ယောက်၊ အားကစားနဲ့ ဖျော်ဖြေမှု ပေါင်းစပ်ထားတဲ့ တုတ်ချောင်းအက ပညာရှင်ဆိုသူ တစ်ယောက်။

နေ့လယ် ၃:၅၀ တိတိ။ သူ့အလှည့် ရောက်ပြီ။

❑

(၄)

“နောက်တစ်ယောက်”

မားကက်တင်းဌာနက ဧည့်ကြိုမယ်လေးရဲ့ အသံအဆုံးမှာ ယာမာဆာကီ အဆာမီဟာ တံခါးဝမှာ ကိုယ်ထင်ပြလာခဲ့တယ်။

အစည်းအဝေးခန်းရုံ နံရံဖြူဖြူတွေမှာ အရိပ်ထင်နေတဲ့ ယာမာဆာကီ အဆာမီ။

သူတို့နှစ်ယောက်ဆီ ဦးတည်လျှောက်လာတဲ့ ယာမာဆာကီ အဆာမီ။ ခေါင်းကို မဆိုစလောက်လေး ညွှတ်တယ်ဆိုရုံ ညွှတ်ပြီး ကုလားထိုင်မှာ ဝင်ထိုင်လိုက်တဲ့ ယာမာဆာကီ အဆာမီ။

အာအိုယာမဟာ သူ တစ်ခုခုတော့ ဖြစ်နေပြီဆိုတဲ့ ခံစားချက် ဝင်နေတယ်။ အင်မတန် ထူးဆန်းပြီး ထင်ရှားတဲ့ ခံစားချက်။ အပန်းဖြေ ပန်းခြံထဲ ရောက်လာတဲ့ အယောက်တစ်သန်းမြောက် ဧည့်သည်အဖြစ် တခုတ်တရ မှတ်တမ်းတင် ဂုဏ်ပြုဖို့ မီးမောင်းတွေအောက်မှာ၊ တဖျပ်ဖျပ် လင်းနေတဲ့ ကင်မရာတွေ ရှေ့မှာ၊ မိုးရွာသလို ကျလာတဲ့ ပူဖောင်းတွေ ကြားမှာ ပရိသတ် အပေါင်း ခညောင်းနေတဲ့ ခံစားချက်မျိုး၊ ဘီလီယံနဲ့ ချီတဲ့ ပန်းဝတ်မှုန်လေးတွေ ပေါင်းစပ်ပြီး အင်မတန်လှပတဲ့ ပန်းလေးတစ်ပွင့် ဖြစ်လာတာကို မျက်ဝါးထင်ထင် မြင်လိုက်ရတဲ့ ခံစားချက်မျိုး၊ စိတ်ခံစားချက် သက်သက်တင် မဟုတ်ဘဲ အစာအိမ်ထဲကပါ တလိမ့်လိမ့် တက်လာတဲ့ ငြိမ့်ငြိမ့်ညောင်းညောင်း ဝေဒနာလေး တစ်မျိုးကို ပူးတွဲခံစားရတယ်။

မဖြစ်နိုင်ဘူး၊ ဒါ အဓိပ္ပာယ်မရှိဘူး၊ ဒီလိုမျိုး မဖြစ်ရဘူး ဆိုတဲ့ အသံတစ်သံက သူ့ကို သတိပေးပါသေးတယ်။ ဒါပေမဲ့ ခုနက ခံစားချက်ဟာ အင်မတန် အင်အားကြီးပြီး သွေးကြောထဲက တစ်ဆင့် တစ်ကိုယ်လုံးကို ပျံ့နှံ့သွားချိန်မှာ တော့ အသံဟာ အားပျော့ပျောက်ကွယ် သွားတော့တယ်။ ယာမာဆာကီ အဆာမီဟာ လိုင်စင်ဓာတ်ပုံလေးထဲကထက် အဆပေါင်းများစွာ ပိုလှတယ်။ ရှက်ကိုးရှက်ကန်းနဲ့ ကြမ်းပြင်ကို စိုက်ကြည့်ရင်း အယောင်ယောင် အမှားမှားနဲ့ ရှက်ပြုံး ပြုံးနေပုံလေးကို မြင်လိုက်ရတဲ့အခါ အာအိုယာမရဲ့ သောကတွေ၊ အပူ

တွေဟာ နေလာနှင်းပျောက် ဖြစ်ကုန်တယ်။ မွေးရာပါ အကြားအာရုံ ချို့တဲ့နေတဲ့ လူတစ်ယောက်ကို ဂီတက ကုသပေးနေသလို ခံစားရတယ်။ အဲဒီ ဂီတဟာ ခုထိ စတောင် မစရသေးဘူး ဆိုတာလည်း သူသိနေတယ်။ ယိုရှိကာဝါ အသေအချာ ရွေးထားတဲ့ မားကက်တင်းက ဧည့်ကြိုကောင်မလေးကို သူ တစ်ချက် ကြည့်မိတယ်။ အင်း... ခုလို တကယ့်အလှကို မျက်ဝါးထင်ထင် တွေ့မြင်ရတဲ့အခါ ဧည့်ကြိုကောင်မလေးဟာ လှတယ်ထင်နေတဲ့ သူ့ကိုယ်သူ ရှက်ပြီး ကြမ်းပြင်ပေါ် လိမ့်နေအောင် ငိုနေသင့်တာပေါ့။

ယိုရှိကာဝါက မေးခွန်းစမေးနေပြီ။

“အင်း- ယာမာဆာကီ အဆာမီစံ နော်”

“ဟုတ်ပါတယ်၊ ယာမာဆာကီ အဆာမီ ပါ”

ဘယ်လောက်လှလိုက်တဲ့ အသံလဲ။

အာအိုယာမ က တွေးလိုက်တယ်။ သူ့တစ်ယောက်တည်း ဒီလိုတွေးတာ မဟုတ်ဘူး။ ယိုရှိကာဝါလည်း ဒီလိုပဲ ခံစားရတယ် ထင်တယ်။ သူတို့ နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် ကြည့်မိကြတယ်။ အသံက နားထဲကနေ တစ်ဆင့် နှာဗ်ကြောတွေထဲ စီးဆင်းပြီး လည်ကုပ်ထဲထိ စိမ့်ဝင်သွားသလိုပဲ။ အသံက စူးလွန်း၊ နက်လွန်း၊ ကွဲလွန်းခြင်း အလျှင်းမရှိ။ ကြည်လင်၊ ချိုမြပြီး နားဝင်ချိုလှတယ်။

“ခင်ဗျား ဒီလူရွေးပွဲအကြောင်းကို ရေဒီယိုမှာ ကြားခဲ့တာလား”

ယိုရှိကာဝါ ကိုယ်တိုင် စိတ်လှုပ်ရှားနေတဲ့ ပုံပဲ။

“ဟုတ်ပါတယ်ရှင်”

အာအိုယာမဟာ သူနဲ့ မျက်နှာချင်းဆိုင် အနေအထား။ အင်း... သူ့ မတိုမရှည် ဆံပင်ပျော့လေးတွေကို ရိုးရိုးလေး နောက်မှာ စုပြီး စည်းထားတယ်။ မသပ်မရပ် ကပိုကရို ပုံစံမျိုး တစ်စက်မှ မမြင်ရဘူး။ အလွန်အကျွံ လုပ်လာတာ၊ အပိုဆာဒါး လုပ်နေတာမျိုး မရှိ။ သူ့ဝဲဉာဉ်၊ စိတ်နှလုံးဟာ သူ့အရေပြား အောက်နားလေးတင် ကပ်နေတာလို့ အာအိုယာမ က ထင်မိတယ်။ သူ့ပုံစံလေး က ဘာမှ ဖုံးကွယ် လျှို့ဝှက်ထားတာမျိုး မရှိဘူးလေ။

ရုပ်ရှင်လုပ်ငန်း၊ ရုပ်မြင်သံကြား လုပ်ငန်းတွေမှာ အရင်က အလုပ်လုပ်ခဲ့ဖူးသလား ဆိုတဲ့ ယိုရှိကာဝါရဲ့ မေးခွန်းကို သူက ခေါင်းကလေးခါပြီး ဟင့်အင်းလို့ အသံချိုချိုလေးနဲ့ ဖြေရှာတယ်။

“ဒါနဲ့ပတ်သက်လို့ ပြောဖူး၊ ဆိုဖူးတာတွေ ရှိပေမဲ့ တစ်ခါမှ တော့တော့ဆိုင်ဆိုင် ပြောဖူးတာမျိုးတော့ မဟုတ်ပါဘူး”

“ဟုတ်လား၊ ဘာဖြစ်လို့လို့ ထင်လဲ”

“အင်း... ဘယ်အေဂျင်စီနဲ့မှ အဆက်အသွယ်က မရှိဘူးလေ...”

“ဆိုတော့ အကျိုးဆောင်ပုဂ္ဂိုလ်၊ အေးဂျင့်၊ မန်နေဂျာတွေ...”

“ဟင့်အင်း၊ ဘာမှ မရှိပါဘူးရှင့်”

“ဒါကို သေချာလေး ပြောပြစမ်းပါ”

“အင်း... တစ်ခါတော့၊ ကြာတော့ ကြာပါပြီလေ၊ ကျွန်မ ကောလိပ်တက်နေတုန်းမှာ ဘယ်လိုပြောရမလဲ၊ စောင့်ကြည့်ခံရတယ် ပြောမလား၊ လမ်းပေါ်သွားနေတုန်း လူတစ်ယောက်က စကားလာပြောတယ်၊ သူနဲ့ လိုက်သွားမိတဲ့အခါ အပြာဇာတ်ကားအတွက် သရုပ်ဆောင်ရွေးတဲ့ အေဂျင်စီက ဖြစ်နေတယ်၊ အဲဒီ အတွေ့အကြုံက ဆိုးလွန်းလို့ ကျွန်မလည်း အဲဒီအချိန်ကတည်းက အေဂျင်စီ ဆိုရင် အတော် ကြောက်သွားတယ်ရှင့်”

“ဒါဆို ခင်ဗျားက ကိုယ့်သဘောနဲ့ ကိုယ်ပဲ လျှောက်ဖြစ်တာပေါ့၊ ဘယ်သူကမှ အကြံမပေးဘူးလား”

“တစ်ခါတုန်းကတော့ တေးသံသွင်းကုမ္ပဏီ တစ်ခုမှာ အလုပ်လုပ်တဲ့ လူတစ်ယောက်ရဲ့ အကြံဉာဏ်ကို ယူဖူးပါတယ်၊ ခုတော့ သူနဲ့ အဆက်အသွယ် မရှိတာ အတော်ကြာသွားပါပြီ”

“ဘယ်ကုမ္ပဏီပါလိမ့်”

“ဗစ်တာပါ”

“သူ့နာမည် သိခွင့်ရှိမလား”

“ရှီဘတစ်ပါရှင့်၊ ပြည်တွင်းဂီတ ထုတ်လုပ်ရေးဌာနက ထင်ပါရဲ့”

“ကျေးဇူးပါပဲ၊ ဆိုတော့ ခင်ဗျားက ကောလိပ်က ဘွဲ့ရခဲ့တယ်။ ကုန်သွယ်ရေး ကုမ္ပဏီတစ်ခုမှာ လုပ်ဖူးတယ်၊ ခု အလုပ်က နားထားတယ်၊ ဆို တော့ ခင်ဗျား ဘယ်လို အသက်မွေးဝမ်းကျောင်းနေလဲ ပြောပြပါလား၊ အချိန်ပိုင်းအလုပ်တွေ ဘာတွေများ လုပ်သလား”

“ဟုတ်ကဲ့၊ သူငယ်ချင်းတစ်ယောက်ကို တစ်ပတ် သုံးရက်လောက် ကူပေး ပါတယ်”

“ဘယ်လို အလုပ်မျိုးလဲ၊ စားသောက်ဆိုင် အလုပ်မျိုးလား”

“ရပ်ကွက်ထဲက ဘားဆိုင်လေးပါ၊ ခပ်သေးသေးလေးပေါ့၊ ဆိုင်ရှင် မား မားစံ နဲ့က အဆိုသင်တန်းမှာ သိခဲ့ကြတာ၊ အတော်ကြာပြီ”

“ဒါနဲ့ ခင်ဗျား သောက်ရတာကို ကြိုက်သလား”

“နည်းနည်းပါပဲ၊ မလွဲသာတဲ့ အခါပေါ့”

“အဲဒီမှာ တစ်ပတ်သုံးရက် အလုပ်လုပ်တော့ လောက်ငအောင်ရလား”

“ခုတော့ မော်ဒယ်အလုပ်လည်း နည်းနည်း စလုပ်နေပါတယ်၊ ပြီး တော့...”

“မော်ဒယ်အလုပ်၊ ဟုတ်လား”

“ဒါလည်း အဲဒီလောကထဲက မိတ်ဆွေ အမျိုးသမီးတစ်ယောက် ကူညီလို့ ပါ၊ မဂ္ဂဇင်းကြီးတွေရဲ့ မျက်နှာဖုံး မော်ဒယ်အဆင့် မဟုတ်ပါဘူး၊ သတင်းစာ ကြော်ငြာနဲ့ ကုမ္ပဏီ ကက်တလောက် စာအုပ်တွေမျိုးမှာပါ”

“သိပါပြီ၊ ဒါနဲ့ ခင်ဗျား ဆူဂီနာမီမှာ နေခဲ့တယ်နော်”

“ဟုတ်ကဲ့၊ ကာဆာ ပရိုင်မာ မှာပါ”

“အဲဒါက လူနေတိုက်ခန်းတွဲတွေလိုမျိုး ထင်ပါရဲ့၊ ကျွန်တော်နဲ့ အာအိုယာ မက ခုခေတ် ကလေးမတွေရဲ့ အကြောင်းကို သိပ်မသိလှဘူးဗျ၊ ဆိုတော့ မေး တဲ့မေးခွန်းက သိပ်ပုဂ္ဂိုလ်ရေးဆန်သွားရင် ခွင့်လွှတ်ပါနော်၊ မဖြေချင်လည်း ရပါ တယ်၊ ဥပမာအားဖြင့် ခုခေတ်မှာ ခင်ဗျားလို အမျိုးသမီးလေးတွေဟာ တစ်လ ကို ဝင်ငွေ ဘယ်လောက်ရရင် လုံလောက်သလဲဆိုတဲ့ မေးခွန်းမျိုးပေါ့၊ ဘာဖြစ်

လို့လဲဆိုတော့ အပြင်မှာ ကြည့်လိုက်ရင် ကလေးမလေးတွေဟာ ယန်းသောင်းနဲ့ သိန်းနဲ့ ချီပေးရမယ့် တန်ဖိုးကြီး လက်ကိုင်အိတ်လေးတွေ ကိုယ်စီနဲ့လေ၊ အဲဒီအတွက် သူတို့ ဘယ်ကများ ငွေတွေ ရနေကြပါလိမ့်လို့ တွေးမိတာပါ”

ယိုရှိကာဝါက အာအိုယာမကို ကြည့်လိုက်တယ်။ ခင်ဗျား ကောင်းစားဖို့ ကျွန်တော်က မေးပေးရတာပါလို့ မျက်နှာအမူအရာနဲ့ ပြောနေတယ်။

“ရိုးရိုးသားသား ဖြေရမယ်ဆိုရင် သူတို့ ဘယ်က ငွေတွေရနေသလဲ ဆိုတာ ကျွန်မအတွက်လည်း ပဟေဠိ တစ်ခုလိုပါပဲလေ”

ယာမာဆာကီ အဆာမီဟာ ယိုရှိကာဝါ နဲ့ အာအိုယာမ နှစ်ယောက်လုံးကို တစ်လှည့်စီ ကြည့်ရင်း ရှင်းရှင်းလင်းလင်း ပီပီသသပဲ ဖြေပါတယ်။ သူ့လေသံက ခုခေတ် ကောင်မလေးတွေလို လုပ်ပြောတဲ့ ခပ်ချဲ့ချဲ့အသံမျိုး မဟုတ်ဘူး၊ ဘယ်လိုပြောရမလဲပေါ့နော်၊ အင်း... အွန်း... အဲ နဲ့ အဓိပ္ပာယ် မရှိတာတွေ ထည့်မပြောဘူး။ သူ နည်းနည်း ကြောက်နေတယ် ဆိုတာ အာအိုယာမ သိတယ်။ ဘယ်လိုသိလဲ ဆိုတာတော့ မပြောတတ်ဘူး။ သူ့လေသံကို နားထောင်ကြည့်ရင်း ခံစားမိတာပဲ။

ယာမာဆာကီ အဆာမီက ဆက်ပြောနေတယ်။

“ဒါပေမဲ့ အဲဒီ အမျိုးသမီးတွေကို ကျွန်မ ထောက်ခံပါတယ်၊ ဈေးကြီးတဲ့ အိတ်တွေ၊ လက်ဝတ်လက်စားတွေ ဝယ်ပြီး သုံးဖြုန်းနေကြတယ်လို့ ဆရာပြောတဲ့ ကောင်မလေးတွေကိုပေါ့၊ သူတို့ဟာ အပြာမင်းသမီးတွေ ဖြစ်ချင်ဖြစ်မယ်၊ လိင်အလုပ်သမတွေ ဖြစ်ချင်ဖြစ်မယ်၊ ကျွန်မ ခုနေတဲ့ အခန်းငှားခက တစ်လကို ယန်း ခုနစ်သောင်းကျော်ကျော် ကျတယ်၊ ကျွန်မက ငွေကုန်ကြေးကျများတဲ့ ကိစ္စတွေမှာ ဝါသနာမပါတော့ တစ်လ ယန်းတစ်သိန်းခွဲလောက် ဝင်ငွေဆို ချွေချွေတာတာ စိစိစစ်စစ် သုံးရင် လောက်တယ်။ ယန်းနှစ်သိန်းလောက် ဝင်ရင်တော့ စာအုပ်လေး စီဒီလေး ဝယ်၊ ရေဖိုး၊ မီးဖိုး ဂက်စ်ဖိုး ကုန်ကျစရိတ်အတွက်လည်း ပူစရာ မလိုတော့ဘူးပေါ့”

အာအိုယာမက ပထမဆုံးအကြိမ် မေးခွန်းစမေးတယ်။ “ငွေကုန်ကြေးကျများတဲ့ ဝါသနာဆိုတာ ဥပမာလေး ပြောပြနိုင်မလား”

အာအိုယာမရဲ့ အသံဟာ မသိမသာ တုန်နေတယ်။ သူမေးတဲ့ မေးခွန်းက အင်မတန် ဖျင်းသွားသလားလို့ သူ စိုးရိမ်မိသေးတယ်။ ယာမာဆာကီ အဆာမီ ပြုံးပြလိုက်တော့မှ သူ့စိုးရိမ်စိတ်တွေ လျော့သွားတယ်။

“ဥပမာအားဖြင့်က ကျွန်မမှာ အပူပိုင်းဒေသ ငါးမျိုးတွေ မွေးရတာ ဝါသနာပါတဲ့ သူငယ်ချင်းတစ်ယောက် ရှိတယ်။ အဲဒီငါးတွေ မွေးဖို့ သူ ဧရာမ ငါးကန်ကြီးတစ်ခု ဆောက်တယ်၊ ငါးတွေ မွေးတယ်၊ အဲဒီအတွက် အကြွေးတွေ အများကြီးတင်တယ်၊ အကြွေးတွေဆပ်ဖို့ အလုပ်နှစ်ခု လုပ်ရတယ်၊ နောက်တစ်ယောက်ကတော့ ဥရောပက လာတဲ့ ဝိုင်ခွက်တွေကို စုတာ၊ အဲလိုစုဖို့ အလုပ်ကို ဇယ်ဆက်မတတ် လုပ်လိုက်တာ အိပ်ချိန်တောင် မရှိဘဲ နေမကောင်းဖြစ် အိပ်ရာထဲ လဲပါလေရော”

အာအိုယာမဟာ သူပြောတာကို ကောင်းကောင်း သဘောပေါက်ပါတယ်။ သူလည်း ခုတစ်လော ဒီကိစ္စကို တစ်ခါတလေ စဉ်းစားနေမိတာလေ။ အရင်အချိန်တွေတုန်းက အပူပိုင်းဒေသက ငါးတွေ မွေးမယ်တို့၊ ဥရောပဝိုင်ခွက်တွေ စုမယ်တို့ စတဲ့ ကိစ္စတွေဟာ သာမန်လူတွေအတွက် လက်လှမ်း မမီဘူး၊ အိပ်မက်ထဲတောင် ထည့်မက်ဝံ့တဲ့ ကိစ္စတွေ မဟုတ်ခဲ့ဘူး။ ခုတော့ လမ်းပေါ် လျှောက်သွားလိုက်တာနဲ့ ဘေးတစ်ဖက်တစ်ချက်က ဆိုင်တွေမှာ တစ်ကမ္ဘာလုံးက လိုချင်တဲ့ပစ္စည်း အကုန်ရနိုင်ပြီလေ။ နည်းနည်းလေး အပင်ပန်းခံလိုက်မယ်ဆိုရင် လိုချင်တာအကုန် ပိုင်ဆိုင်နိုင်တယ်။ ဒါကြောင့် အဲဒီလို ပိုင်ဆိုင်ခွင့်ရဖို့ လူတွေဟာ အများကြီး အပင်ပန်းခံကြတယ်။ ပစ္စည်းဥစ္စာနဲ့ ပတ်သက်ရင် လူတွေဟာ စိတ်ဆန္ဒကို ထိန်းချုပ်ဖို့ ခက်ခဲတယ် မဟုတ်လား။

ဒါပေမဲ့ သူဘယ်လိုဖြေဖြေ ဘာမှ အရေးမကြီးပါဘူး။ သူ့အသံလေး နားထောင်နေရတာနဲ့တင် စိတ်က ချမ်းသာလှပြီ။ သူ့အသံလေးက အာအိုယာမရဲ့ အရေပြားကို လက်ချောင်းထိပ်ကလေးနဲ့ ပွတ်ပေးနေသလိုလို၊ လျှာဖျားလေးနဲ့ အသာအယာ ထိတို့နေသလိုလို။

ယိုရှီကာဝါက မေးခွန်းတွေ ဆက်မေးတယ်။

“ဘယ်လို စာအုပ်မျိုးတွေ ဖတ်လေ့ရှိလဲ”

“များသောအားဖြင့် နိုင်ငံခြားက လျှို့ဝှက်သည်းဖို ဝတ္ထုတွေ များပါတယ်။ စာရေးဆရာတော့ မရွေးပါဘူး၊ ဒါပေမဲ့ နိုင်ငံရပ်ခြားခရီးက သိပ်မသွား

ဖူးတဲ့အတွက် နိုင်ငံခြားက မြို့တွေ၊ နေရာတွေအကြောင်း ရေးထားတာကို သဘောကျတယ်၊ လျှို့ဝှက်သည်းဖိုနဲ့ စုံထောက်ဝတ္ထုတွေမှာဆိုရင် လမ်းတွေ၊ အိမ်တွေ၊ အဆောက်အအုံတွေ၊ မြို့တွေအကြောင်း အသေးစိတ် ရေးထားလေ့ ရှိတယ်လေ။ ဒါကြောင့် အဲဒီလို စာအုပ်မျိုးတွေကို ကြိုက်တာပါ”

“ဘယ်တိုင်းပြည်ကို အသွားချင်ဆုံးလဲ”

“ကျွန်မက ဟာဝိုင်အီကလွဲလို့ ဘယ်မှ မရောက်ဖူးဘူး၊ ဟိုနိုလူလူက ကမ္ဘာ့စိတ်လှုပ်ရှားစရာ အကောင်းဆုံးနေရာတော့ မဟုတ်ဘူးမဟုတ်လား၊ မိုနာကိုတို့၊ တူရကီတို့၊ ဥရောပက တိုင်းပြည် ခပ်သေးသေးလေးတွေ... ပြီးတော့ အံ့သြစရာကောင်းတဲ့ လှပတဲ့ ဒေသတွေပေါ့”

မိုနာကိုတို့၊ တူရကီတို့လို့ ပြောနေတဲ့အချိန် သူ့ခေါင်းလေး စောင်းသွားပြီး ဟိုးအဝေးတစ်နေရာကို လှမ်းမျှော်ကြည့်နေတဲ့ အကြည့်မျိုး သူ့မျက်ဝန်းတွေမှာ ထင်ဟပ်လာတယ်။

သူနဲ့ နှစ်ယောက်တည်း ဂျာမန်မြို့သေးသေးလေးက ကျောက်တုံးစီထားတဲ့ လမ်းကလေးတွေပေါ်မှာ လျှောက်နေရ၊ အချိန်က နွေဦးနွေအစ၊ အိမ်ကလေးတွေရဲ့ တံစက်မြိတ်အောက်မှာ ပန်းရောင်စုံလေးတွေ ပွင့်နေကြ၊ ရှေးဟောင်း အုတ်ကျောက်စီလမ်းပေါ် လက်ချင်းချိတ်လို့ လျှောက်ကာလှမ်းရင်း နေရောင်ဆမ်းလို့ တဖျပ်ဖျပ် လက်နေတဲ့ မြစ်ပြင်ကို အဝေးမှာ ကောင်းကင်ယံမှာ ပျံကာသွားတဲ့ ဘီလုံးငှက်ကလေးတွေ အော်သံ ကြား။

အင်း... ကိုယ် အဲဒီမှာ လပေါင်းများစွာ နေခဲ့ဖူးတယ်။ ဘုရားကျောင်းနဲ့ လေမှုတ်တူရိယာ ပညာရှင် အမျိုးသမီးကြီး အိမ်ကလွဲလို့ တခြားဘယ်မှ သွားစရာ မရှိခဲ့ဘူး။ ညတိုင်း အစောကြီး အိပ်ရာ ဝင်ရတယ်။ နိစ္စဓူဝ လုပ်နေကျ အတိုင်း ထပ်ကာတလဲလဲ လုပ်ခဲ့ရတယ်။ ဒါပေမဲ့ အဲဒီအချိန်ဟာ ကိုယ့်ဘဝရဲ့ တကယ်ထူးခြားတဲ့ ကာလလေး ဆိုတာကို မှတ်မိနေခဲ့တယ်။ အဲဒီမြို့လေးရဲ့ အလှနဲ့ တိတ်ဆိတ်ငြိမ်သက်မှု အရသာကို တစ်ကိုယ်တည်း ခံစားခဲ့ရတယ်။ အဲဒီအချိန်မှာပဲ တစ်စုံတစ်ခုကို သတိပြုမိခဲ့တာပေါ့။ ဂျပန်မှာ ဘယ်လောက်ပဲ တစ်ယောက်တည်း နေရတယ် ဆိုစေကာမူ အဲဒီလောက် ဘယ်တော့မှ အထီးမကျန်ဘူးလေ။ ကိုယ်နဲ့ အသားအရောင်၊ မျက်လုံး အရောင်၊ ဘာသာစကား မတူတဲ့ လူတွေကြားမှာ နေရတဲ့ အခါမတော့ အထီးကျန်စိတ်ဟာ ရိုးတွင်းခြင်ဆီထဲ

ထိ ရောက်အောင် စိမ့်ဝင်ခံစားရတယ်ကွယ်။ တစ်နေ့နေ့တော့ ကိုယ်ချစ်တဲ့လူနဲ့ အတူ ဒီကို ပြန်လာဦးမယ်၊ ချစ်သူနဲ့ လက်ချင်းချိတ်ပြီး လမ်းလျှောက်ရင်း အထီးကျန်တဲ့ အကြောင်းကို ဖောက်သည်ချမယ်လို့ တေးထားခဲ့တယ်။ ဒါပေမဲ့ လို့ အဲဒါ ဘယ်တော့မှ တကယ်ဖြစ်လာမယ်လို့ မထင်ခဲ့ဖူးဘူး၊ ကိုယ့်အိပ်မက် တွေ တကယ်ဖြစ်လာဖို့... ဖြစ်လာဖို့...။

မျက်လုံးထဲ ရုတ်တရက် မြင်လာတဲ့ ဒီမြင်ကွင်းဟာ ချို့မြိန်အရသာ ရှိလွန်းလို့ အာအိုယာမဟာ ယုံတောင် မယုံနိုင်လောက်အောင် ခံစားနေရတယ်။ သူ့နှလုံးခုန်သံ မြန်လာလို့ အသက်ပြင်းပြင်းရှူရင်း ကိုယ့်ကိုယ်ကိုယ် တည်ငြိမ်အောင် ထိန်းနေရတယ်။ နောက်မေးခွန်းတစ်ခု မေးရမလား၊ ဒါမှမဟုတ် နေ့ခင်းကြောင်တောင် အိပ်မက်ထဲမှာ သူနဲ့ အတူတူထိုင်ရင်း နှလုံးသားက စကားတွေကို ငြိမ်ငြိမ်လေး နားထောင်နေရမလား ဆိုတာကို အာအိုယာမ မဝေခွဲနိုင်ဘူး။ ဒါပေမဲ့ ယိုရှီကာဝါ မေးတဲ့အထဲ မပါတဲ့ ကိစ္စတွေကို သူ မေးချင်သေးတယ်။

“ခင်ဗျား...”

သူ့အသံက အက်ကွဲကွဲဖြစ်နေလို့ လည်ချောင်းရှင်းရသေးတယ်။

“ခွင့်ပြုပါ၊ ခင်ဗျားရဲ့ အက်ဆေးထဲမှာ ကုမ္ပဏီက အလုပ်ထွက်ပြီးတဲ့ နောက် စပိန်ကို သွားရရင် ကောင်းမလားလို့ စဉ်းစားခဲ့သေးတယ်လို့ ပါတယ် နော်”

“ဟုတ်ပါတယ်ရှင့်”

“အဲဒီမှာ ကာလရှည်ကြာ နေထိုင်ဖို့ စီစဉ်ခဲ့တာလား”

“ဒီလိုပါ၊ ဘဲလေးအက သင်တန်းတုန်းက ခင်ခဲ့တဲ့ သူငယ်ချင်းတစ်ယောက်က မက်ဒရစ်မှာ နေတယ်လေ၊ ဒါကြောင့် အဲဒီကို သွားရကောင်းမလားလို့ စိတ်ကူးတာပါ၊ ဒါပေမဲ့ အဲဒီကိစ္စကို တစ်ခါမှ သေသေချာချာ စဉ်းစားပြင်ဆင်ခဲ့တာမျိုး မလုပ်ခဲ့ဖူးဘူး၊ ဒါကြောင့် ကျွန်မ တကယ်ပဲ သွားချင်ရဲ့လား၊ သွားနိုင်ရဲ့လား ဆိုတာကို ကိုယ့်ကိုယ်ကိုယ် သံသယဖြစ်မိပါတယ်”

သူ ပြောနေရင်းနဲ့ ခေါင်းလေး ငုံ့သွားတယ်။ ဝမ်းနည်းသွားသလိုပါပဲ။ အာအိုယာမ ရင်ထဲမှာ စူးခနဲ ဖြစ်သွားတယ်။ အဲဒီ ပုံရိပ်လေးကို မှတ်ဉာဏ်ထဲ စုပ်

ယူထားမိတယ်။

“ဘဲလေးနဲ့ ပတ်သက်တဲ့ အတွေ့အကြုံလေးတွေ သိပါရစေ”

“ဟုတ်ကဲ့၊ ရပါတယ်”

သူ့ခေါင်း ပြန်မော့လာတယ်။ အာအိုယာမကို ကြည့်ရင်း ဖြေတယ်။

“ခင်ဗျား ဘဲလေးလေ့ကျင့်ရင်း ထိခိုက်မိခဲ့တယ်လို့ ဆိုထားတယ်”

“မှန်ပါတယ်”

“အင်း... ကာလရှည်ကြာ စူးစူးနစ်နစ် လုပ်ခဲ့တဲ့ အရာတစ်ခုကို လက်လျှော့လိုက်ရတာ သိပ်ခက်မှာပဲ။ ပြောဖို့ ခက်နေတယ် ဆိုရင်လည်း...”

“မခက်ပါဘူး၊ ရပါတယ်၊ ခုတော့ ဒီအကြောင်းကို ဆွေးနွေးလို့ ရပြီလို့... ထင်ပါတယ်ရှင်”

နောက်ဆုံးစကားလုံးတွေကို ပြောလိုက်နေရင်း သူက အာအိုယာမ ကို ကြည့်ရင်း မပွင့်တပွင့်လေး ပြုံးလိုက်တယ်။ ဒီအပြုံးလေးကလည်း အာအိုယာမ ရင်ထဲ နစ်ဝင်သွားပြန်တယ်။ အားလျှော့တဲ့ အပြုံး၊ လက်မြှောက် အရှုံးပေး လိုက်တဲ့ အပြုံး၊ လုပ်ချင်ရာ လုပ်ပေတော့ အသင်လောကဓံ ဆိုတဲ့ အပြုံးမျိုး၊ ဒီ အပြုံးကို အာအိုယာမ သိပ်ရင်းနှီးလွန်းတယ်။

“ကျွန်တော် မေးတာ ပုဂ္ဂိုလ်ရေး ဆန်သွားရင် ပြောပါ၊ ခင်ဗျား ရေးထား တဲ့ အထဲမှာ ဒီကိစ္စဟာ သေခြင်းတရားကို လက်ခံနိုင်အောင် သင်ယူခိုင်းသလို ပါပဲလို့ မတော်တဆဖြစ်မှု အကြောင်းကို ရေးထားတာ တွေ့လိုက် ပါတယ်”

“အင်း... ကျွန်မ အဲဒီလို ရေးလိုက်မိတယ် ထင်ပါရဲ့”

ယာမာဆာကီ အဆာမီက သူ့ကို စိုက်ကြည့်လိုက်တယ်။ ဘယ်လို အကြည့်မျိုးလေးလဲကွယ်၊ တစ်ကိုယ်လုံးကို တုန်တုန်ခိုက်ခိုက် ဖြစ်သွားသလိုပါ ပဲ။ အာအိုယာမ ဆိုတဲ့ ကိုယ်ထည်ကြီး အရည်ပျော်ကြပြီး ရွှံ့အိုင် ဖြစ်သွားသလို ပါပဲ။

“အဲဒီစာကြောင်းက ကျွန်တော့်ကို ခံစားစေတယ်ဗျ”

“ရှင်”

ဘယ်သူမှ ထင်မထားတဲ့ အာအိုယာမရဲ့ စကားကြောင့် ယာမာဆာကီ အဆာမီဟာ မျက်လုံးလေး ဝိုင်းသွားတယ်။ အသက်ရှူတောင် ခဏရပ်သွား သလား မသိ။

“ကျွန်တော် ထင်တာကတော့ လူတိုင်းမှာ အနည်းနဲ့အများ အဲဒီလို အတွေ့အကြုံမျိုး ရှိခဲ့ဖူးတယ်လို့ပေါ့၊ ကိုယ်တန်ဖိုးထားရတဲ့ တစ်စုံတစ်ရာ ဆုံးရှုံးသွားတာ၊ ပျောက်ကွယ်သွားတာ၊ ဘယ်တော့မှ ပြန်အစားထိုးလို့ မရတာ မျိုးပေါ့၊ အဲဒီအတွက် ခင်ဗျား ဝမ်းနည်းမယ်၊ ပူဆွေးမယ်၊ အော်မယ် ဟစ်မယ် ငိုမယ် ယိုမယ်ပေါ့ဗျာ၊ ဒါပေမဲ့ ခင်ဗျား ဘာမှလုပ်လို့ မရပါဘူး၊ ဘဝမှာ ဆက်လက်ရှင်သန်ဖို့အတွက် အမှန်တရားကို လက်ခံရမှာပဲ၊ ဆုံးရှုံးသမျှကို လက်ခံပြီး ဒီဖြစ်ရပ်တွေက ထားခဲ့တဲ့ ဒဏ်ရာတွေနဲ့ပဲ နေတတ်အောင် နေရတာပေါ့လေ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ခင်ဗျားလို အမျိုးသမီးငယ်လေး တစ်ယောက်က ဒီလို အသုံးအနှုန်းမျိုး သုံးလိုက်တာကို ဖတ်ပြီးတဲ့ အချိန်မှာ စိတ် ဒဏ်ရာရခဲ့ပေမဲ့ ရိုးသားပွင့်လင်းစွာနဲ့ ဘဝကို ဖြတ်သန်းနေတဲ့ မိန်းမပျိုလေး တစ်ယောက်လို့ ခင်ဗျားကို ကျွန်တော် ထင်မိပါတယ်”

ယိုရှီကာဝါက အာအိုယာမရဲ့ ပေါင်ကို အသာကုတ်ပြီး အချက်ပေးတယ်။ ခင်ဗျားဟာက မေးတာမဟုတ်ဘဲ ပြောတာဖြစ်နေပြီ ဆိုတဲ့ သဘောပေါ့၊ ယာမာဆာကီ အဆာမီကတော့ အသက်ပြင်းပြင်း ရှူသွင်းပြီး ဖြည်းဖြည်းချင်း မျှဉ်းပြီး ပြန်ထုတ်နေတယ်။

“ကျွန်မ အကြောကြီး ခံစားခဲ့ရပါတယ်၊ ဘယ်လောက်ကြာမှန်းတောင် မမှတ်မိနိုင်လောက်အောင်ပါပဲ။ ဘဲလေးမှာ ရှိသမျှ အင်အားအကုန် ပုံအော စိတ် နှစ်ထားတာ ဆိုတော့ ဘဲလေးကို အစားထိုးလို့ရမယ့် အရာမျိုး ရှာမတွေ့ခဲ့ဘူး၊ မိဘနဲ့ သူငယ်ချင်းတွေကတော့ အချိန်က ကုစားသွားမှာပါလို့ ဝိုင်းပြောကြတာ ပေါ့၊ သူတို့ပြောတာ အမှန်ပဲဆိုတာ စိတ်က သိပါတယ်၊ အချိန်ကြာလာတာနဲ့ အမျှ ဖြည်းဖြည်းချင်း သက်သာလာမယ်ပေါ့၊ ဒါပေမဲ့ အဲဒီအချိန်ကို စောင့်ရတာ ပင်ပန်းလှပါတယ်၊ တစ်ခုခုလုပ်နေလည်း မရ၊ ဘာမှမလုပ်ဘဲ ဒီအတိုင်း ထိုင် နေတော့လည်း ပိုဆိုးတယ်၊ ဒါကြောင့် ကဲ- သေတာထက် ပိုဆိုးတာရှိဦးမလား၊ သေခြင်းတရားကို လက်ခံနိုင်ခဲ့ရင် ဆိုတဲ့ အတွေးနဲ့ ဒီလိုရေးခဲ့တာပါပဲလေ”

※※※

“ခင်ဗျား ဘယ်လိုထင်လဲ”

ယာမာဆာကီ အဆာမီ ထွက်သွားပြီးပြီးချင်း ယိုရှိကာဝါက ဓာတ်ပုံဆရာကို အပြင်ထွက်ခိုင်းတယ်။ ဧည့်ကြိုကောင်မလေးကို ဆယ့်ငါးမိနစ် နားမယ်လို့ ပြောခိုင်းလိုက်တယ်။ အဲဒီမှာ အာအိုယာမက ယိုရှိကာဝါကို မေးတော့တာပဲ။

“ကျွန်တော် ဘယ်လိုထင်လဲ ဟုတ်လား”

ယိုရှိကာဝါဟာ အိတ်ထဲက လှခ် စီးကရက်ဘူးသစ်ကို ထုတ်တယ်၊ စီးကရက်ဘူးကို အချိန်ယူပြီး ဖောက်တယ်၊ စီးကရက်တစ်လိပ်ကို ထုတ်တယ်၊ မီးညှိတယ်။ ပြီးတော့မှ-

“ဘယ်လိုဖြေရမှန်း သေချာ မသိဘူးဗျ” လို့ ပြောလိုက်တယ်။

“ဒီကောင်မလေးဟာ တစ်ခုခုတော့ တစ်ခုခုပဲ၊ မိန်းမတစ်ယောက်နဲ့ စကားပြောပြီးတာနဲ့ ဆေးလိပ်သောက်ချင်လာတာ နောက်ဆုံးအကြိမ်က ဘယ်တုန်းကမှန်းတောင် မမှတ်မိတော့ဘူး”

ယိုရှိကာဝါဟာ ဆေးလိပ်ငွေ့ကို မျှဉ်းပြီး မှုတ်ထုတ်၊ အာအိုယာမကို ကြည့်၊ သက်ပြင်းကြီး ချလိုက်ရင်း-

“ခင်ဗျားကတော့ တစ်ချီတည်းနဲ့ ပါသွားတာပဲ၊ ဘာတဲ့ စိတ်ဒဏ်ရာတွေ ရခဲ့ပေမဲ့ ရိုးသားစွာ ဘဝကို ဖြတ်သန်းနေတဲ့ မိန်းမပျိုလေး ဟုတ်လား၊ ဒါက ဘာစကားလဲ၊ လူရွေးပွဲ အင်တာဗျူးမှာ အဲလိုစကားမျိုး ဘယ်သူမှ မပြောဘူး၊ ကျုပ်ဖြင့် ထိုင်ခုံပေါ်က ပြုတ်တောင် ကျတော့မလို့”

အာအိုယာမက သူခံစားရတဲ့အတိုင်း ပြောတာဖြစ်ကြောင်း ချေပတယ်။ တစ်ယောက်ယောက်က သူ့ကို အဲဒီလို တွေးထင်ခံစားအောင် မလုပ်နိုင်တာ ကြာလှပြီပေါ့။

“အေးပါ၊ သူက ရိုးသားတဲ့ပုံ ပေါက်တာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီကောင်မလေးက တစ်ခုခုတော့ တစ်ခုခုပဲ၊ ကျွန်တော့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေတယ်”

ယိုရှိကာဝါရဲ့ စကားကြောင့် အာအိုယာမက အံ့သြသွားတယ်။ ဟင်... ဘာကိုလဲ။

“သေချာတော့ မသိဘူး၊ ဒါပေမဲ့ တစ်ခုခုပဲ၊ ကဲပါ ထားပါတော့”

ကျန်တဲ့လူတွေကတော့ ဝတ္တရားကျေရုံပဲ မေးဖြစ်ကြတယ်။ အာအိုယာမဟာ နည်းနည်းမှ စိတ်ဝင်စားတဲ့ပုံ မပြဘဲ ပိန်လိမ်ပြီး နေရသလို အချိုးချိုးနေလို့ ယိုရှိကာဝါဟာ စိတ်လည်းဆိုး၊ ပင်လည်း ပင်ပန်းလာတယ်။ ဒါကြောင့် လာခ်တစ်ဘူးလုံး ကုန်အောင် တစ်လိပ်ပြီး တစ်လိပ် သောက်တယ်။ အာအိုယာမကတော့ နောက်တစ်ကြိမ် ယာမာဆာကီ အဆာမီနဲ့ နှစ်ယောက်တည်း ဆုံအောင် ဘယ်လိုလုပ်ရမလဲ ဆိုတာ တစ်ခုပဲ စိတ်ထဲမှာ တွေးနေတာလေ။

⁂

ပုံမှန်ပြန်နေကျထက် အိမ်ကို တစ်နာရီစောပြီး ပြန်ရောက်တယ်။ အင်တာဗျူးကို ရိုက်ထားတဲ့ ၈-မမ ဗွီဒီယိုတိပ်ခွေ ပါလာတယ်။ ဒါကို တစ်ယောက်တည်း ပြန်ကြည့်ဖို့ သူ အင်မတန် စိတ်အားသန်နေတယ်။ ရီးစံက မီးဖိုခန်းထဲမှာ ညစာ ပြင်နေတယ်။ ရှီဂေး ကျောင်းက ပြန်မလာမချင်း သူ ပြန်ဦးမယ် မထင်ဘူး။ ခု ညနေခြောက်နာရီ ရှိပြီ၊ အထက်တန်း စရောက်ချိန်ကတည်းက ရှီဂေးဟာ (၇) နာရီ ထက်စောပြီး အိမ်ပြန်မရောက်ဘူး။ ရောက်ရင်လည်း အင်မတန် ဆာလောင်နေတဲ့ ခြင်္သေ့လို ညစာကို အတင်း ထိုးသိပ်စားပြီး သူ့အခန်းထဲ ဝင်သွားတော့တာပဲ။ တိပ်ခွေကို တစ်ယောက်တည်း အေးအေးဆေးဆေး ကြည့်ဖို့ အဲဒီအချိန်အထိ စောင့်ရမယ်။

ကိစ္စတွေ အတော်ခရီးရောက်မှပဲ သူ ရှီဂေးကို ဒီအကြောင်း ပြောပြမယ် စိတ်ကူးထားတယ်။ ယာမာဆာကီ အဆာမီနဲ့ ရှီဂေးနဲ့ တွေ့ပေးဖို့ကတော့ အချိန်ယူရဦးမှာပေါ့။

“ရှီဂေးက နောက်ကျမယ် မဟုတ်လား”

ရီးစံက အာလူးလှီးရင်း လှမ်းမေးတယ်။

“ခုက ငါးနာရီခွဲဆို မှောင်ပြီလေ၊ သူ အိမ်ကို ခပ်စောစော ပြန်ရောက်ရင် ကောင်းမယ် ထင်တယ်”

အာအိုယာမက ထမင်းစား စားပွဲမှာ ထိုင်ပြီး ညနေခင်း သတင်းစာကို ဖတ်နေတယ်။ ရိုကိုဟာ နှစ်ပေါင်းများစွာ အချိန်ယူပြီး သူတို့ရဲ့ မီးဖိုခန်း၊ ထမင်းစားခန်းကို သာယာနာပျော်ဖွယ် နေရာလေး ဖြစ်အောင် ဖန်တီးသွားခဲ့

တယ်။ နေ့လယ်နေ့ခင်းဆို ဒီထဲမှာ နေရတာက ဧည့်ခန်းထဲထက်တောင် ပိုပြီး သက်သောင့်သက်သာ ရှိသေးတယ်။ ဥယျာဉ်ထဲကို ထွက်ဖို့ တံခါးပေါက်က မှန်နဲ့ချည်း လုပ်ထားတာက တစ်ကြောင်း၊ တောင်ဘက် မျက်နှာမူထားတဲ့ ပြတင်းပေါက်တွေကြောင့်က တစ်ကြောင်း ထမင်းစားခန်းဟာ တစ်အိမ်လုံးမှာ နေရောင်အရဆုံး အခန်း ဖြစ်နေတော့တာပေါ့။

“ရပါတယ်၊ ဒီအရွယ် ချာတိတ်တွေဟာ လုပ်စရာ အလွန်များတယ် မဟုတ်လား၊ သိတဲ့အတိုင်း အပေါင်းအသင်းတွေ တရုံးရုံးနဲ့ကိုး”

ရီးစံကို အာအိုယာမက ဖြေလိုက်တယ်။

“ဒါပေမဲ့ မှောင်လာရင် အန္တရာယ်မကင်းဘူးလေ ဆရာရယ်၊ ကျွန်မ အိမ်ကို လမ်းလျှောက်ပြန်တဲ့အခါ မီးတွေလင်းနေတဲ့ လမ်းကပဲ ပြန်ရတယ်၊ ခပ် မှောင်မှောင် ပန်းခြံတွေကို ဖြတ်သွားရတဲ့အခါ ဆယ်ကျော်သက် ကောင်လေး တွေဟာ အုပ်စုဖွဲ့ပြီး နေကြတာ ဆရာ၊ ကြောက်စရာ သိပ်ကောင်းတယ်”

“စိတ်မပူပါနဲ့ ရီးစံရယ်၊ ငယ်ငယ်ကတည်းက တစ်ခုခု ဖြစ်တော့မယ်ဆို ပြေးသာပြေးလို့ ကောင်းကောင်း သင်ထားပါတယ်၊ သူ ဘာလုပ်ရမလဲ ဆိုတာ သူသိပါတယ်”

“အင်း... ဟုတ်မှာပါ ဆရာ၊ ဒါပေမဲ့ ခုခေတ်က ဘာမဆို ဝယ်လို့ ရတယ် လေ၊ ရှုရှုနဲ့ တရုတ်လုပ် ပစ္စတိုတွေကအစ ရနေတော့ ကြောက်စရာ ကောင်း တာပေါ့ရှင့်”

“ဟုတ်ကဲ့ပါ၊ ရှီဂေးကို ကျွန်တော် ဒီအကြောင်းတွေလည်း ပြောပြထားပါ တယ်၊ သူတို့အရွယ်တွေ ဆိုတာက ရထားပေါ်မှာ ချစ်စရာကောင်းတဲ့ ကောင်မလေး တစ်ယောက်ကို တွေ့တာနဲ့ တခြား ဘာမှ မစဉ်းစားတော့ဘဲ နောက်တစ်နေ့ ဒီအချိန် အဲဒီကောင်မလေးနဲ့ ဆုံမယ့် ရထားချိန်ကိုပဲ ပလက်ဖောင်းပေါ်ကနေ ရင်တခုန်ခုန်နဲ့ စောင့်တတ်ကြတာကိုးဗျ”

“အဲဒီလိုမျိုးဆို ကောင်းတာပေါ့ရှင်၊ ဒါပေမဲ့...”

ရီးစံက စတူးဟင်း ချက်နေတယ်။ စတူးဟင်းနဲ့ စွပ်ပြုတ်တွေကို သူ အများကြီးလုပ်ပြီး နောက်နေ့စာအတွက်ပါ ထုတ်ပိုးသိမ်းဆည်းပေးထားတာ။ စားခါနီးမှ နွေးပြီး စားနိုင်အောင် အဆင်သင့် ပြင်ပေးထားတာ။ တစ်ခါတလေ

စိတ်လိုလက်ရ ရှိရင်တော့ အာအိုယာမက ကိုယ်တိုင် ဟင်းချက်တယ်။ ပြီးရင် သူ့သားနဲ့ နှစ်ယောက်သား စားကြတာပေါ့၊ ဂန်းစတားကတော့ မှန်တံခါးရဲ့ အပြင်ဘက်မှာ ရောက်နေတယ်။ ရီးစံ ရေခဲသေတ္တာထဲကို ဟင်းပွဲတွေ သွားထည့်တိုင်း အပြင်ကနေ တဝုတ်ဝုတ် ဟောင်နေတယ်။ အစာကျွေး၊ အစာကျွေးလို့ တောင်းနေတာ နေမှာပေါ့။

မီးဖိုထဲမှာ ညစာပြင်ဆင်နေတဲ့ ယာမာဆာကီ အဆာမီကို ဂန်းစတား အစာတောင်းနေတဲ့ မြင်ကွင်းကို အာအိုယာမ မြင်ယောင်မိပြန်တယ်။ ယာမာဆာကီ အဆာမီ ဝတ်ထားတဲ့ မီးဖိုချောင် ဝတ်စုံလေးရဲ့ ဒီဇိုင်းနဲ့ အရောင်ကို တောင် သူ အသေးစိတ် မြင်နေရတယ်။ ဂန်းစတား ဆိုတဲ့ အကောင်ဟာ သူစိမ်းဖြစ်တဲ့ ယာမာဆာကီ အဆာမီကို စစချင်းတော့ အကျွမ်းတဝင် မရှိဘူး၊ ကြောက်ကြောက်နဲ့ ဟောင်နေတယ်။ နှစ်လ၊ သုံးလလောက် အကြာမှာတော့ ယဉ်ပါးတဲ့ ဟောင်သံအဖြစ် ပြောင်းလာခဲ့တယ်။ ခုနစ်နှစ်ဆိုတဲ့ အချိန်နဲ့စာရင် သုံးလ ဆိုတာ ဘာမှ မဟုတ်ပေမဲ့ ဂန်းစတားဟာ ယာမာဆာကီ အဆာမီကို ခင်တာ မြန်တယ်လေ။ အင်း... ဘာဖြစ်လို့လဲ...။

ခုနစ်နာရီကျော်ကျော်လောက်မှာ ရှီဂေး ပြန်ရောက်လာတယ်။ ဆာလိုက်တာ သေတော့မယ် ဘာညာနဲ့ တစ်အိမ်လုံး ကြားအောင် အော်တယ်။ ဒါ သူ လုပ်နေကျမို့ ဘယ်သူမှ မအံ့သြကြဘူး။ ဂျပန် နိုင်ငံရေးသမားတွေရဲ့ ကိုယ်ကျင့်တရား ပျက်ယွင်းမှု၊ အောက်လုံးထိုးမှု၊ ယုတ်မာမှု၊ ကောက်ကျစ်မှု၊ ရာသရရင် ဘနဖူး သိုက်တူးမှု သတင်းတွေကို ကြည့်ရင်း ရှီဂေးဟာ စတူးလေး ပန်းကန် ပြောင်အောင် တီးလိုက်တယ်။ ပြီးတာနဲ့ သူငယ်ချင်းတစ်ယောက်ဆီက ခဏငှားလာတဲ့ ဆော့ဝဲလ် အသစ်တစ်ခု စမ်းစရာရှိတယ်လို့ ကြေညာရင်း သူ့အခန်းထဲ ဝင်သွားတော့တယ်။

ကဲ... အခု ဘယ်သူမှ မရှိတော့ဘူး။

ယာမာဆာကီ အဆာမီ ရဲ့ အင်တာဗျူး တစ်ခုတည်း ကွက်တည်းဖြတ်ထားတဲ့ ဗွီဒီယိုအခွေကို စိတ်တိုင်းကျ ကြည့်ခွင့်ရပြီ။ ဒါပေမဲ့ ဒီထက်ပို အရေးကြီးတာ တစ်ခုကို သတိရတယ်။ သူနဲ့ နှစ်ယောက်တည်း တွေ့ရဖို့၊ ဘယ် အချိန်လဲ ဆိုတော့ မြန်လေ ကောင်းလေပေါ့။ ခု သူ့ဆီ ဖုန်းခေါ်ပြီး အဖြစ်မှန်ကို ပြောပြလိုက်ရမလား။ ကိုယ် မင်းကို ချစ်နေပြီ ထင်တာပဲ လို့လေ။ ယိုရှီကာဝါကတော့ ဒါကို ကျိန်းသေပေါက် ကန့်ကွက်မှာပဲ။ အင်း- လူရွေးပွဲရဲ့ တကယ့်

ရည်ရွယ်ချက်ကိုတော့ မပြောတာ ကောင်းတယ်။ ဒါပေမဲ့ သူ့ရဲ့ အက်ဆေးကို ဖတ်ပြီးချိန်မှာ၊ အင်တာဗျူး မေးပြီးချိန်မှာ ဘယ်လို ခံစားရတယ် ဆိုတာကို ပွင့်ပွင့်လင်းလင်း ဝန်ခံချင်သားပဲ။ မင်းလေးနဲ့ တွေ့ရတဲ့ နေ့တိုင်းကို အမြဲတမ်း ဖြစ်ချင်တယ်ကွာ။

အာအိုယာမ ရင်ခုန်သံ မြန်လာတယ်။ သူ့ တယ်လီဖုန်းနံပါတ် ရှိနေသားပဲ။ ခုမှ ညရှစ်နာရီ ထိုးပြီးခါစဆိုတော့ လူလွတ် မိန်းမပျိုလေး တစ်ယောက်ဆီ မဖွယ်မရာ ဖုန်းခေါ်ချိန်းဆိုတာမျိုး အထင်မရောက်စေဖို့ တစ်နာရီကျော်လောက် အချိန်ရတယ်။ ဧည့်ခန်း ဆိုဖာမှာ ထိုင်ရင်း ကြိုးမဲ့ဖုန်းကို ကောက်ကိုင်လိုက်တယ်။ ရှီဂေးတို့အရွယ် ကောင်ကလေး သူကြွေနေတဲ့ ကောင်မလေးကို ဘူတာရုံ ပလက်ဖောင်းမှာ ရပ်စောင့်နေတဲ့ ဖီလင်မျိုး သူ ခံစားနေရတယ်။

မဖြစ်သေးပါဘူး၊ ဒီလို မလုပ်သင့်သေးဘူး။

အာအိယာမဟာ ခပ်တိုးတိုးညည်းရင်း ဖုန်းကို ပြန်ချထားလိုက်တယ်။ အရက်ကောင်တာကို ဖွင့်ပြီး သူ့ရဲ့ စျေးအကြီးဆုံး ဂရန်း ရှန်ပိန်ကော့ညှက်ပုလင်းကို ထုတ်ပြီး ဖန်ခွက်ထဲ လောင်းထည့်လိုက်တယ်။

ည ၈:၃၀ တိတိ။

သိပ်မူးမသွားခင် အာအိုယာမဟာ ကြိုးမဲ့ဖုန်းပေါ်က နံပါတ်တွေကို နှိပ်လိုက်တယ်။

ယာမာဆာကီ အဆာမီဟာ ပထမဆုံး ဖုန်းမြည်သံမှာပဲ ချက်ချင်း ကောက်ကိုင်လိုက်တယ်။

“ဟုတ်ကဲ့”

သူ့အသံဟာ နက်ကျောကျော၊ ထူအမ်းအမ်း ဖြစ်နေသလိုပဲ။

အိပ်ချင်မူးတူးများ ဖြစ်နေရှာသလား။

“အား... ခုပြောနေတာ အာအိုယာမပါ၊ နေ့လယ်က အင်တာဗျူးတဲ့ ထုတ်လုပ်သူ နှစ်ယောက်ထဲက တစ်ယောက်လေ”

“အို... ဟယ်လို”

ခုတော့လည်း သူ့အသံဟာ အာအိုယာမကို တစ်ညနေလုံး ဖမ်းစားခဲ့တဲ့ ကြည်လွင်ချိုမြသံ ဖြစ်သွားပြန်ပေါ့။ အသံကလာ ပြောင်းလဲမှုဟာ မြန်လွန်း အားကြီးလှသမို့ အာအိုယာမ စိတ်ထဲ တစ်ချက်တော့ ထင့်သွားတယ်။

“ဒီနေ့ အချိန်ပေးလို့ ကျေးဇူးတင်ပါတယ်ရှင်” တဲ့။

အင်း... လုပ်ငန်းသဘောဆန်ဆန် ပြောဦးမှ ဖြစ်မယ်။

“ခင်ဗျားမှာ အချိန်ရှိမယ်ဆိုရင် ကျွန်တော် ခင်ဗျားနဲ့ ဆက်ဆွေးနွေးချင်ပါ သေးတယ်။ တခြား ထုတ်လုပ်သူ တစ်ယောက်ဖြစ်တဲ့ မစ္စတာ ယိုရှိကာဝါ ကတော့ အားမယ် မထင်ဘူး၊ ဆွေးနွေးတာကို နေ့လယ်နေ့ခင်း တစ်ရက်ရက် လုပ်ချင်ပါတယ်၊ အထင်မှားမှာ စိုးလို့ပါ”

“ကျေးဇူးတင်ပါတယ်ရှင်၊ ဝမ်းသာပါတယ်”

“ဒါဆို ဘယ်အချိန်လောက် အဆင်ပြေမလဲ ခင်ဗျ”

“ဆရာ ကြိုက်တဲ့အချိန် ရပါတယ်၊ ခု- ကျွန်မက နေ့ဘက်မှာ အလုပ်မ လုပ်ဘူးလေ၊ ဒါကြောင့်...”

“ဒါဆို သန်ဘက်ခါ၊ အင်း... ကြာသပတေးနေ့ နေ့လယ် တစ်နာရီဆိုရင် ရော”

“သိပ်ကောင်းပါတယ်ရှင့်၊ အဆင်ပြေပါတယ်”

ဒီလိုနဲ့ အကာဆာကာ ဟိုတယ်ကြီးတစ်ခုက ကဖေးဆိုင်တစ်ဆိုင်ကို နေရာသတ်မှတ် သဘောတူလိုက်ကြတယ်။

※※※

ဖုန်းချပြီးတဲ့အခါ အာအိုယာမဟာ ဆိုဖာပေါ် နှစ်ပြီး ထိုင်ချလိုက်တယ်။ နွေး ထွေးတဲ့ ကောင်းကင်ပြာပေါ် တစ်ဟုန်ထိုး တက်သွားတဲ့ မိုးပျံဘောလုံး တစ်လုံး လို ကိုယ့်ကိုယ်ကိုယ် ခံစားနေရတယ်။ လေးခွက်မြောက် ကော့ညွှက်ကို သောက်ပြီးချိန်မှာ ယိုရှိကာဝါဆီက ဖုန်းဝင်လာတယ်။

“ညဉ့်နက်မှာ ဖုန်းခေါ်ပြီး နှောင့်ယှက်တယ် မထင်နဲ့ဗျ၊ ကျွန်တော့် စိတ် ထဲ မရှင်းလို့”

“အို... ရပါတယ်ဗျ”

အာအိုယာမရဲ့ အသံဟာ ဟီလီယံ အပြည့်နဲ့ ဘောလုံးလို ပေါ့ပါး သွက်လက် နေတယ်။

“တစ်ခုခုကို သံသယဖြစ်လို့ရယ်တော့ မဟုတ်ဘူး၊ ဒါပေမဲ့ ခင်ဗျား ပြန်သွားတော့ ကျွန်တော် ဗစ်တာ့ကို ဖုန်းလှမ်းဆက်လိုက်တယ်။ အရေးတော့ မကြီးပါဘူး၊ တစ်ခုခု မှားတာလည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ ပြည်တွင်း ဂီတ ထုတ်လုပ်ရေးဌာနမှာ မစ္စတာရှီဘတ ဆိုတဲ့ ပရိဂျဲဆာ မရှိဘူးတဲ့ဗျ”

အရက်နဲ့ စိမ်ထားတဲ့ အာအိုယာမရဲ့ ဦးနှောက်ဟာ ယိုရှီကာဝါရဲ့ သတင်းစကားကို ချက်ချင်း အဓိပ္ပာယ် မဖော်နိုင်ဘူး။ ဘာ ဗစ်တာလဲ။ ဘာ ရှီဘ တလဲ။ ဘာတွေ ပြောနေတာလဲ။

ယိုရှီကာဝါက ဆက်ပြောတယ်။

“အဲ... မရှိဘူးဆိုတာ မရှိတော့ဘူးလို့ ပြောတာ။ အဲဒီဌာနမှာ အလုပ်လုပ်တဲ့ ပရိဂျဲဆာ မစ္စတာရှီဘတ ဟီရိုရှီဟာ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်က ဆုံးသွားတာတဲ့ဗျ”

❑

(၅)

ချိန်းထားတဲ့ ဟိုတယ်ကို အာအိုယာမဟာ မိနစ်လေးဆယ်လောက် စောရောက်နေတယ်။ ကဖေးဆိုင်က ဟိုတယ်လော်ဘီနား ပထမထပ်မှာ။ မနေ့က တစ်နာရီမှာ စားပွဲတစ်လုံး ချန်ထားဖို့ ဘွတ်ကင် ကြိုချိတ်ထားခဲ့တယ်။ ပြီးတော့ ဟိုတယ် အပေါ်ဆုံးထပ်က စားသောက်ဆိုင်မှာလည်း နေ့လယ် တစ်နာရီခွဲကို ပြတင်းပေါက်နားကပ်လျက် စားပွဲတစ်လုံးကို ဘွတ်ကင်ယူထားတယ်။ ဒါကို သူ အတော်လေး စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့တာ။ မြေအောက်ထပ်က ဂျပန် စားသောက်ဆိုင်မှာ ဆူရှီ၊ ဒါမှမဟုတ် ဆူကီယာကီ စားရမလား၊ မြို့ထဲက ချစ်ခ်ဘစ်စထရိုမှာပဲ စားရမလား၊ ပြင်သစ် စားသောက်ဆိုင် သွားရမလား စသည်ဖြင့်ပေါ့၊ အဲဒီကိစ္စက ဖိစီးနှိပ်စက်နေတာကြောင့် မနေ့က တစ်မနက်လုံး ဘာအလုပ်မှ မလုပ်ဖြစ်ဘူး။ သူ့ပုံကြည့်ရတာ အိပ်မက်ထဲ လမ်းလျှောက်လာတဲ့ လူလို ဖြစ်နေသလား မသိ၊ သူ့ဝန်ထမ်းတွေက တွေ့တိုင်း နေကောင်းရဲ့လား၊ ဆေးစစ်ပါဦး၊ ဆရာဝန်ပြပါဦးချည်း ပြောကြတာ။

ကဖေးဆိုင်က နေ့လယ်စာစားသူတွေနဲ့ ပြည့်နေတယ်။ သူ့စားပွဲ လွတ်ချိန်ကို အပေါက်ဝမှာ ရပ်စောင့်နေရတယ်။ ယာမာဆာကီ အဆာမီ ရောက်နေသလား ဆိုတာကို သူ လော်ဘီထဲမှာ သေချာကြည့်ခဲ့တယ်။ မဟုတ်ရင် ပျာယာခတ်ပြီး ငါးစက္ကန့်တစ်ခါလောက် နာရီကြည့်နေတဲ့ သူ့ကို မြင်သွားမှာလေ။

တစ်နေ့ညက ယိုရှီကာဝါက ဖုန်းထဲက ပြောခဲ့တယ်။

“နားထောင်စမ်း အာအိုယာမ၊ ခင်ဗျား အတော်ခရီးရောက်နေပြီ ဆိုတာ ကျွန်တော်သိတယ်၊ ဒါပေမဲ့ သိပ်အလွန်အကျွံတွေ မလုပ်မိစေနဲ့ဦးဗျာ၊ ဘာပဲလုပ်လုပ် မလောပါနဲ့၊ ကျွန်တော်တို့ သူ့အကြောင်း ဘာမှ သိသေးတာ မဟုတ်ဘူး၊ ပြီးတော့ သူနဲ့ပတ်သက်လို့ တစ်ခုခုမှားနေတယ် ဆိုတဲ့ အတွေးကို ကျွန်တော် စိတ်ထဲက ဖျောက်လို့ မရသေးဘူး ဖြစ်နေတယ်၊ သူက ရည်ရွယ်ချက်ရှိရှိ လိမ်လည်လှည့်ဖြားနေတာလို့ ပြောတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ လွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်က ဆုံးသွားတဲ့ လူကို သူ့ဆရာပါလို့ ထည့်

ပြောတာကို ဘဝင်မကျဘူး၊ အဲဒီလူက နှလုံးရောဂါနဲ့ ဆုံးသွားတာတဲ့၊ ဒါပေမဲ့ သူ့ဆရာလို့ ပြောပြီး ဒီလူ သေတာကို သူ ဘာလို့မသိတာလဲ”

ယိုရှိကာဝါဟာ ဘာဖြစ်လို့ ရှောမွေးကို ဗာရာဏသီ ခဲ့နေတာလဲ ဆိုတာ အာအိုယာမ နားကိုမလည်နိုင်ဘူး။ အဆက်အသွယ် ရှိခဲ့တဲ့၊ အကြံပေးဖူးတဲ့ တေးသံသွင်းလုပ်ငန်းက လူတစ်ယောက် သူ့ဘာသာသူ ရောဂါကြောင့် ဆုံးသွားတာကို ဘာသံသယ လာဝင်နေတာလဲ။ အလကား အမြင်ကျဉ်းတဲ့ တစ်ဖက်ပိတ်လူ။

ဒီကိစ္စကို တတိယလူ တစ်ယောက်ယောက်ကသာ လေ့လာစောင့်ကြည့် အကဲဖြတ်နေမယ်ဆိုရင် အမြင်ကျဉ်းတဲ့ တစ်ဖက်ပိတ်လူဟာ ယိုရှိကာဝါ မဟုတ်ဘူး၊ မွန်နေတဲ့ အာအိုယာမပဲဆိုတာ သေချာသိမှာပဲ။ ဒါပေမဲ့ အာအိုယာ မကတော့ ဘယ်သိပါ့မလဲ။ အဲဒီလိုပြောရင်လည်း လက်ခံမှာ မဟုတ်ဘူးလေ။ ဒါကြောင့် သူ ယိုရှိကာဝါကို ဒါ ဘာမှ အရေးမကြီးဘူးလို့ ပြန်ပြောတယ်။ နာမည်မှားတာလည်း ဖြစ်ချင်ဖြစ်မယ်၊ မှားမှား မမှားမှား ဘာအရေးပါလို့တုန်း၊ ဘာမှ အရေးမကြီးတာကိုကွာ။ ယိုရှိကာဝါကတော့ ဖုန်းမချခင် ပြောသွားတယ်။

“ဟုတ်ပါတယ်ဗျာ၊ ထားလိုက်ပါတော့၊ ဒါပေမဲ့ ဘာလုပ်လုပ် သတိတော့ ထားနော်၊ ဟုတ်ပြီလား”

※※※

ကြမ်းပြင်ကနေ မျက်နှာကြက်ထိ အပြည့် မှန်ပြတင်းပေါက်ကြီးနားက စားပွဲကို ရောက်တော့ အာအိုယာမဟာ ရေခဲစိမ် လက်ဖက်ရည် မှာလိုက်တယ်။

ကဖေးဆိုင်က အနွေးဓာတ်လည်း လွတ်ထား၊ မှန်ပြတင်းပေါက်ကြီးတွေ ကတစ်ဆင့် နေရောင်လည်း ကောင်းကောင်းရနေတော့ အင်မတန်နွေးပြီး သက်သောင့်သက်သာ သိပ်ရှိတယ်။ အာအိုယာမကတော့ ဝတ်ထားတဲ့ ရှုပ်အောက်မှာ ချွေးပြန်ပြီး လည်ချောင်းကလည်း မီးစနဲ့ ထိုးထားသလို ခြောက်သယောင်းနေတယ်။ သူ တခြားစားပွဲတွေကို ကြည့်လိုက်တယ်။ လူလတ်ပိုင်းအရွယ် အမျိုးသမီးတွေ၊ အတန်းဖော် သူငယ်ချင်းတွေ ပြန်လည် တွေ့ဆုံပွဲ၊ ဘာအသင်း ညာအသင်းက အသင်းသား မိတ်ဆွေတွေ၊ နယ်က လာလည်တဲ့ လူတွေက အများစု၊ တခြားစားပွဲတွေမှာတော့ အရောင်း

ကိုယ်စားလှယ်တွေ၊ ကုမ္ပဏီဝန်ထမ်းတွေနဲ့ ပြည့်နေတယ်။ ယန်းနှစ်ထောင်တန် စပယ်ရှယ် နေ့လယ်စာ စားလေ့ရှိတဲ့ ဝတ်စုံပြည့် ကော်လာဖြူ ဝန်ထမ်းများပေါ့၊ အားလုံး တစ်ပုံစံတည်းပဲ။

ရေခဲစိမ် လက်ဖက်ရည် ရောက်လာပြီ။

အာအိုယာမဟာ ခွက်တစ်ဝက်လောက်ကို နှစ်ကျိုက်နဲ့ ကုန်အောင် မော့လိုက်တယ်။ ပြီးတော့ ဆက်တွေးနေမိတယ်။

အင်း... ယန်းနှစ်ထောင်တန် စပယ်ရှယ် နေ့လယ်စာ နေ့တိုင်းစား၊ နိစ္စဓူဝ ဒါ ဒါပဲ လုပ်၊ ယန်းနှစ်ထောင်တန် စပယ်ရှယ်နေ့လယ်စာ နေ့တိုင်း စားနိုင်ဖို့အရေး နေ့တိုင်း အလုပ်လုပ်နေကြတဲ့ သူတို့အဖို့ ဘဝဟာ ထူးပြီး ပျော်လှပျင်းလှတာမျိုး ဘာမှ ရှိမယ်မထင်ဘူး။

သူ့အတွေး ရထားကြီးဟာ ကဖေးဆိုင် အဝင်ဝမှာ ပေါ်လာတဲ့ ယာမာဆာကီ အဆာကီကြောင့် ရုတ်တရက် လမ်းချော်သွားတယ်၊ စိတ်အာရုံထဲက ထွက်သွားတယ်။ သူ့ကို မြင်လိုက်တယ် ဆိုရင်ပဲ အာအိုယာမရဲ့ နှလုံးသားဟာ လည်ချောင်းဝထိ ခုန်တက်လာတယ်။ သူ ပြောချင်တာ၊ ဆိုချင်တာတွေကို အကြိမ်ကြိမ်အခါခါ စဉ်းစားခဲ့ပေမဲ့ ခု မှတ်ဉာဏ်ဘဏ်တိုက်ထဲကနေ လုံးဝဥဿုံ ပျောက်ဆုံးသွားသလိုပါပဲ။

နေစမ်းပါဦး၊ ငါ ဘာတွေဖြစ်နေတာလဲ။

သူ့ဘာသာသူလည်း အံ့သြနေမိတယ်။

အသက် ၄၂ နှစ်အရွယ် ယောကျ်ားတစ်ယောက်ဟာ ဒီလို မဖြစ်သင့်ဘူး၊ မဖြစ်ထိုက်ဘူး။

ယာမာဆာကီ အဆာမီဟာ ကဖေးဆိုင်ထဲကို မျက်လုံးဝေ့ပြီး ကြည့်တယ်။ သူ့ကို မြင်သွားတယ်။ သူရှိတဲ့ စားပွဲကို ခပ်သုတ်သုတ် လှမ်းလာတယ်။ စားစရာဇန်းတွေ ကိုင်ပြီး ပျားပန်းခပ် အလုပ်များနေတဲ့ စားပွဲထိုး အမျိုးသား၊ အမျိုးသမီးတွေကို ရှောင်ရင်းပေါ့။

လူရွေးပွဲ အင်တာဗျူးနေ့ကလိုပဲ သူ့ဆံပင်လေးတွေကို နောက်မှာစုပြီး စည်းထားတယ်။ အပြာဖျော့ဖျော့ဝတ်စုံ၊ လိမ္မော်ရောင်တောက်တောက် စကတ်ပဝါ၊ ဆူဒီဂျာကင်၊ စတော့ကင် ခြေအိတ်အနက်နဲ့ ယာမာဆာကီ အဆာမီဟာ

သိပ်မျက်စိပသာဒ ရှိတာပဲ။ သူ့အလှကို အားဖြည့်ပေးမယ့် ဝတ်စားဆင်ယင်မှု မျိုးကို ကောင်းကောင်းနားလည်တဲ့ အမျိုးသမီး တစ်ယောက်ပဲ။ ပင်ကိုအလှကို ဘယ်လို ဖက်ရှင်နဲ့ လိုက်ဖက်တယ်ဆိုတာ သိနေတဲ့အတွက်...။

"နည်းနည်းနောက်ကျသွားလို့ တောင်းပန်ပါတယ်ရှင်"

ယာမာဆာကီ အဆာမီက အာအိုယာမ ရှေ့က ထိုင်ခုံမှာ ဝင်ထိုင်လိုက်တယ်။ ဇာခန်းဆီး လိုက်ကာကို ထွင်းဖောက်ပြီး ဝင်လာတဲ့ နေရောင်အောက်မှာ သူ့ရုပ်ပုံလွှာကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား မြင်နေရတယ်။ အင်တာဗျူးအခန်းထဲက မီးရောင်အောက်မှာ အလှကြီးလှခဲ့တဲ့ ယာမာဆာကီ အဆာမီဟာ ခု သဘာဝအလင်းရောင်အောက်မှာ ဆယ်ဆမက ပိုလှနေတယ်လို့ အာအိုယာမ တွေးနေတယ်။

"ကိစ္စမရှိပါဘူး၊ ကျွန်တော်လည်း ရောက်တာ မကြာသေးဘူး၊ ကျွန်တော့် ရုံးက ဒီနားတင်ပဲ"

အာအိုယာမဟာ ယာမာဆာကီ အဆာမီကို စိုက်မကြည့်ရဲဘူး၊ ဒါကြောင့် သူ့မျက်လုံးတွေကို ဘယ်နားမှာ နေရာချထားရမလဲ ဆိုတာကို မသိဘူး။ ခု အထက်တန်း ကျောင်းသားလေးလို သူ ဖြစ်နေခဲ့ပြီ။ သူ့အဖြစ်ကို သူ့သား ရှီဂေးသာ မြင်ရင် ဘယ်လောက်များ ဟားလိုက်မလဲ။ ဝမ်းနည်းရိပ်ကလေး မသိမသာ သန်းနေတဲ့ ယာမာဆာကီ အဆာမီရဲ့ ချစ်စရာ မျက်နှာကလေးကို ငေးလိုက်တိုင်း နှလုံးသားနဲ့ အစာအိမ်ဟာ ခန္ဓာကိုယ်ထဲကနေ ပြိုင်တူခုန်ထွက်တော့မလို ခံစားရတယ်။ ဒါကြောင့် အာအိုယာမက သူနဲ့ အကြည့်ချင်းမဆုံအောင် ရှောင်လွဲနေတယ်။ သူ့ကို ငေးနေတာ မြင်သွားရင် တဏှာရူး နှာဘူးလို့ ထင်သွားလိမ့်မယ်။ အဲဒီလို အထင်မခံနိုင်ဘူး။

ယာမာဆာကီ အဆာမီဟာ လင်မနစ် တစ်ခွက်မှာပြီး ခေါင်းကလေး တစ်ဖက်ကို ယိမ်းလို့ ပြုံးနေတယ်။

"ဆရာနဲ့ ထပ်တွေ့ရလို့ ကျွန်မ တကယ်ပဲ ဝမ်းသာပါတယ်" လို့ ချိုမြမြနဲ့ ခပ်တိုးတိုးလေး ပြောတယ်။

နောက်ကျလို့ ခပ်သုတ်သုတ် ပြေးလာတယ် ထင်ပါရဲ့။ ပါးကလေးနှစ်ဖက်က နှင်းဆီသွေးရောင် ပြေးနေလိုက်တာ။ အင်တာဗျူးမှာတုန်းက ယာမာ

ဆာကီ အဆာမီရဲ့ စိတ်ဝိညာဉ်ဟာ သူ့အရေပြားအောက်လေးတင် ရှိနေတယ်လို့ ထင်ခဲ့တာကို အာအိုယာမ ပြန်သတိရတယ်။ တကယ်ပဲ။ သူ ပြုံးလိုက်တဲ့အခါ ပျော်နေတဲ့ စိတ်နှလုံးကို ဒုတ်ဒုတ်ထိ မြင်ရတာပဲ။ စကားစပြောတိုင်း သူ့ကို ကြည့်ပြီး ပြောမယ်။ ပြီးရင် အဝေးတစ်နေရာဆီ အကြည့်ကို လွှဲလိုက်မယ်လို့ အာအိုယာမက ဆုံးဖြတ်လိုက်တယ်။ အမယ်လေး... စိတ်ပင်ပန်းလိုက်တာနော်။

“သက်သောင့်သက်သာ နေပါ ခင်ဗျ”

အင်း... သက်သောင့်သက်သာ နေရမှာက နင်ဟဲ့ အကောင်ရဲ့လို့ သူ့ဘာသာသူ တွေးနေမိတယ်။

“ခင်ဗျားကို တစ်ခုခု မရမနေ မေးဖို့ မဟုတ်ပါဘူး”

ယာမာဆာကီ အဆာမီက ခေါင်းညိတ်လိုက်တယ်။

“ဟုတ်ကဲ့ရှင့်” လို့ ပြောတယ်။

ဒီအသံ။ ဒီအသံ။

ဒီ နွေးထွေးချိုမြလှတဲ့ အသံလေးဟာ သူ့ နာဗ်ကြောတွေထဲထိ စိမ့်ဝင်ရစ်ခွေနေတာပဲ။

“ကျွန်တော်တို့ နေ့လယ်စာ စားကြရင် ကောင်းမယ်လို့ ထင်မိတယ်။ ဒီဟိုတယ် အပေါ်ဆုံးထပ်က ဆိုင်မှာ စားရင်း စကားပြောကြတာပေါ့၊ ဒီဆိုင်က အသားကင် စပယ်ရှယ်ကောင်းတာ၊ ခင်ဗျား အဆင်ပြေရဲ့လား”

“ကျွန်မ ဘာဖြစ်ဖြစ် ကြိုက်ပါတယ်ရှင်”

အာအိုယာမဟာ လက်ဖဝါးမှာ ချွေးစေးတွေ ပြန်နေတယ်။ သူက လက်ကို ဘောင်းဘီနဲ့ ကျိတ်သုတ်နေတုန်း သိပ်ထူးဆန်းတဲ့ ကိစ္စတစ်ခုကို မြင်လိုက်ရတယ်။

ခပ်ငယ်ငယ်ပဲရှိဦးမယ့် မသန်စွမ်းကောင်လေး တစ်ယောက်ဟာ ဂိုးချဲနဲ့ ကဖေးဆိုင်ထဲ ဝင်လာတယ်။ သူ့အမေလို့ ထင်ရတဲ့ မိန်းမကြီး တစ်ယောက်က ဂိုးချဲကို နောက်ကနေ တွန်းလာတယ်။ သူတို့ဟာ တစ်ခုခုကို ပြောဆို ရယ်မောရင်း ဆိုင်ထဲ ဝင်လာကြရင်း ကောင်လေးက ဆိုင်ထဲကို ဝေ့ကြည့်တယ်။ သူ့

အကြည့်က ယာမာဆာကီ အဆာမီဆီ ရောက်လာတဲ့အခါ ကောင်ကလေးဟာ မျက်လုံးတွေ ပြူးထွက်လာတယ်။ မျက်နှာပေါ်က အပြုံးတွေ ပျောက်သွားတယ်။ မျက်နှာတစ်ခုလုံး သွေးဆုတ်ပြီး ဖြူဖပ်ဖြူရော် ဖြစ်သွားတယ်။ ဝိုးချဲပေါ်ကနေ ရုတ်တရက် ထပြေးတော့ မလိုတောင် ဖြစ်သွားတယ်။ နောက်က မိန်းမကြီးဟာ ကောင်လေး ဖြစ်ပုံကို ကြည့်ရင်း ဘာဖြစ်တာလဲလို့ လှမ်းမေးနေပုံပဲ။ ကောင်လေးက ခေါင်းခါပြတယ်။ ဝိုးချဲဘီးတွေကို သူ့ဘာသာ လက်နဲ့တွန်းရင်း ဆိုင်ထဲကနေ ခပ်သုတ်သုတ် ထွက်သွားခဲ့တယ်။ အဲဒီမြင်ကွင်းကို ကြည့်နေတဲ့ ယာမာဆာကီ အဆာမီကတော့ ဘာမှ သေချာသိပုံ မရဘူး။

“ခင်ဗျား အသိလား”

အာအိုယာမက မေးလိုက်တော့ သူ ခေါင်းခါပြတယ်။ ပခုံးတွန့်ပြတယ်။ သူလည်း အာအိုယာမလိုပဲ ထင်မထားတဲ့ မြင်ကွင်းကြောင့် အံ့သြနေပုံပဲ။ ကြည့်ရတာ ချာတိတ်ဟာ ယာမာဆာကီကို သူ့အသိ တစ်ယောက်ယောက်နဲ့ လူမှားပုံပဲ။ ဒါမှမဟုတ် ချာတိတ်ဟာ လတ်တလောမှာ တစ်ခုခု ထိခိုက်ဒဏ်ရာ ရခဲ့တာ ထင်တယ်။

ခုထိ ယာမာဆာကီ အဆာမီ အကြောင်းကို ဘာမှ မသိသေးပါဘူး။ မသိပေမယ့်လို့ သူ့အတွေးထဲက မိုးပျံဘောလုံးလေးကို ပေါက်ကွဲသွားစေမယ့် ဒီလိုကိစ္စ သံသယတွေ၊ ယိုရှိကာဝါရဲ့ သံသယစကားတွေကို ခေါင်းထဲ အဝင်ခံလို့ မဖြစ်ဘူး မဟုတ်လား။

※※※

“အမဲသားက ဒီလောက် အရသာရှိလိမ့်မယ်လို့ တစ်ခါမှ ထင်မထားမိဘူး”

စားသောက်ဆိုင်မှာ အာအိုယာမဟာ ခိုသားကင်၊ ကိုဘေးအမဲကင်နဲ့ ဘာဂန်ဒီဝိုင်နီ မှာလိုက်တယ်။

ယာမာဆာကီ အဆာမီဟာ ဝိုင်နီကို တမြို့မြို့သောက်ရင်း အာအိုယာမရဲ့ မေးခွန်းတွေကို ပေါ့ပေါ့ပါးပါးပဲ ဖြေနေတယ်။ ရောက်လာတဲ့ အစားအသောက်တွေကို ကုန်အောင် စားတယ်။ ဘာမှ မည်မည်ရရ မစားနိုင်ဘဲ ဝိုင်ကိုပဲ မဲသောက်နေတဲ့ အာအိုယာမကတော့ သူလုပ်သမျှ အားလုံးကို ချစ်သောမျက်စိနဲ့ ကြည့်နေ မြင်နေရတယ်။ သူစကားပြောပုံလေး၊ ဝိုင် သောက်ပုံ

လေး၊ ခက်ရင်းနဲ့ ခေါင်းကိုင်နေပုံလေး။ အရင်တုန်းက ဒီလို ကောင်မလေးမျိုးနဲ့ ဘာလို့များ မဆုံစည်းခဲ့ပါလိမ့်။ အို... ခုလည်း နောက်မကျသေးဘူးလေ။

“ခုလို ကျွေးမွေးတာ ကျေးဇူးတင်ပါတယ်ရှင်၊ ဒါ စကားပြောဖို့ သက်သက်ပဲလား”

“ဟုတ်ပါတယ်”

“ကျွန်မ ကံကောင်းတာပေါ့နော်”

“ခင်ဗျား စားကောင်းတယ် ပြောလို့ ဝမ်းသာပါတယ်”

“အို... ကောင်းတာပေါ့၊ ဒါနဲ့ ဆရာ ဒီလိုဆိုင်မျိုးကို မကြာခဏ လာလေ့ရှိတယ်လား”

”မကြာခဏတော့ မဟုတ်ပါဘူး၊ ရောက်တော့ ရောက်ဖြစ်ပါတယ်။ ဒီလို ဆိုင်မျိုးက တကယ့် အမှန်အကန် ဆိုင်မျိုးလို့ ပြောရမယ်ထင်တယ်”

“အို... အမှန်အကန်တဲ့လား”

“များသောအားဖြင့် စားသောက်ဆိုင်တွေမှာ ဘေးပတ်ဝန်းကျင် မြင်ကွင်း၊ အတွင်းပိုင်း အပြင်အဆင်၊ တည်နေရာတွေကို အဓိက ထားကြတယ်လေ၊ အစားအသောက် အရသာက ဒုတိယပေါ့၊ ဒီဆိုင်က အစားအသောက်သည် အဓိကဗျ၊ အကောင်းဆုံး အသားဟင်းပွဲတွေအတွက် ဂုဏ်ယူကြတာ၊ စားသောက်နေရင်း သက်သောင့်သက်သာ ရှိစေဖို့ သူတို့ ဂရုစိုက်ကြတာ”

“အင်း... အရသာလည်း တကယ်ကောင်း၊ သက်သောင့် သက်သာလည်း အရမ်းရှိပါတယ်၊ ဒီကို ဆရာကြီးတွေပဲ လာနိုင်တယ် ထင်တယ်နော်”

“ဟင်... ဘာဆရာကြီးတွေလဲ”

“အစစအရာရာမှာ ဆရာကြီး ဖြစ်နေတဲ့ လူတွေပေါ့”

“ဩော်... လူချမ်းသာတွေကို ဆိုလိုတာလား”

“ဟုတ်၊ ငွေရော အာဏာရော လုပ်ပိုင်ခွင့်ရော ရှိတဲ့ လူစားတွေပေါ့ရှင်”

“ကြော်... ဒီလိုစားသောက်ဆိုင်မှာ စားလိုက်လို့ ကိုယ့်ကိုယ်ကိုယ် ဆရာကြီး ဖြစ်သွားတယ်လို့ ကျွန်တော်တော့ မထင်ပေါင်ဗျာ၊ ချမ်းသာတိုင်း ဘဝရဲ့ အရည်အသွေး အပြည့်ရှိမယ်လို့ ယုံကြည် ယူဆထားလို့ မဖြစ်ဘူးဗျ”

“အဲလိုလား၊ အင်း... ကျွန်မ သေချာတော့ မသိပါဘူးရှင်၊ ကျွန်မအဖေက လခစား ဝန်ထမ်းလေ၊ ကျွန်မတို့မိသားစုက သာမန် လူလတ်တန်းစား မိသားစုပါပဲ။ ပိတ်ရက်ဆို စတိုးဆိုင်ကြီးတွေ သွားကြတယ်၊ ခရီးတိုလေးတွေ ထွက်တယ်၊ စားကြသောက်ကြပြီ ဆိုရင်တော့ ဆိုဘဆိုင်၊ ဒါမှမဟုတ် မိသားစုဆိုင်မှာပဲ စားကြပါတယ်။ အဲသလောက်ပဲ တတ်နိုင်တာကိုးရှင့်၊ ဒါကြောင့် ဒီလိုဆိုင်မျိုးဟာ မဂ္ဂဇင်းတွေထဲမှာပဲ တွေ့ဖူးတာလေ၊ ဒါ လူ့မလိုင်တွေ အတွက်ပဲလို့ ကျွန်မ ထင်ထားတာပေါ့”

“ခုတော့ ဒါဟာ မမှန်တော့ဘူးဗျ၊ ဘယ်လိုပဲပြောပြော ဂျပန်ဟာ ချမ်းသာတဲ့ တိုင်းပြည်တစ်ခု ဖြစ်လာတာ အမှန်ပဲ။ တိုကျိုမှာ ကမ္ဘာ့နိုင်ငံ အသီးသီးက အကောင်းဆုံးဆိုတဲ့ ဟင်းလျာ အားလုံးရတယ်၊ မဲ့လို့...။ အင်း... ခု ဒီလိုဆိုင်မျိုးမှာ စားသောက်ပြီး ပြောရတာတော့ သိပ်မသင့်တော်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ဂျပန်တွေနဲ့ အသင့်တော်ဆုံးက ဆိုဘ ဆိုင်တွေပဲ။ ဂျပန်ရိုးရာ ဆိုဘာဆိုင်တွေပေါ့၊ ဒီက အစားအသောက်က သိပ်ကောင်းပါတယ်၊ ဒါပေမဲ့ ဒီမှာတော့ အမြဲမစားနိုင်ဘူး၊ ဆိုဘဆိုင်ကို လွမ်းသဗျာ”

ယာမာဆာကီ အဆာမီက သူ့ပန်းကန်ကို ငုံ့ကြည့်ရင်း ပြုံးတယ်။

“ကျွန်မ ပြောတာ ရိုင်းလိမ့်မယ်တော့ မထင်မိပါဘူး”

“ဟင်... ဘာကိုလဲ”

“ခု ဆရာပြောသလို ပြောတဲ့လူမျိုး ကျွန်မ မတွေ့ဖူးလို့ပါရှင့်”

“ကြော်... မတွေ့ဖူးဘူးလား”

“ဒီဖျော်ဖြေရေးကဏ္ဍက လူတွေကို သိပ်တော့ မသိပါဘူး၊ ဒါပေမဲ့ အဲဒီလူတွေ အတော်များများ၊ အို... အားလုံးနီးနီးက ဟို... သိပ် ကိန်းကြီးခန်းကြီး နိုင်လွန်းသလားလို့လေ”

“အင်း... မပြောတတ်ပါဘူး၊ ကျွန်တော် တစ်ယောက်ပဲ မှားများနေသလား မသိဘူး၊ ဒါပေမဲ့ ပြောလိုက်ပါရစေတော့၊ ခင်ဗျားလို အမျိုးသမီးမျိုး

လည်း ကျွန်တော် တစ်ခါမှ မတွေ့ခဲ့ဖူးဘူး ယာမာဆာကီစံ”

“ဟုတ်လားရှင့်၊ ဘယ်လိုမျိုးလဲ ဆရာ”

“ဖျော်ဖြေရေးကဏ္ဍမှာ လုပ်ချင်ကြတဲ့ အမျိုးသမီးလေးတွေဟာ ဒီလို နေရာမျိုးမှာ စားရတာကို သိပ်ဂုဏ်ယူတယ်၊ တက်သစ်စ မင်းသမီးကလေး အဖြစ်နဲ့ပေါ့၊ သူတို့ကို မိတ်ဆက်ကြ၊ ပိုးကြ ပန်းကြတဲ့ ယောကျ်ားတွေနဲ့အတူ အဲဒီလူတွေ ကျွေးတဲ့ အစားအသောက်ကို စားကြတာပေါ့၊ ကျွန်တော့် အဓိက အလုပ်က မှတ်တမ်းတင် ရုပ်ရှင်တွေပါ၊ ဒါပေမဲ့ ဒီလိုကလေးမတွေ အများကြီး တွေ့ခဲ့ဖူးတယ်”

“အင်း... လူ့သဘာဝဟာ ကြောက်စရာပဲနော်”

“ဒါပေမဲ့ အဲဒီလို မာယာသာဒ္ဌေယျ များသူတွေထဲ ခင်ဗျား မပါဘူးဗျ၊ ခင်ဗျားက တကယ့် ပကတိ အစစ်အမှန်ပဲ”

ယာမာဆာကီ အဆာမိ မျက်နှာမှာ ရှက်ပြုံးလေး ဝေဆာသွားတယ်။

သူက စားပွဲအောက်ကို စိုက်ကြည့်ရင်း-

“ကျေးဇူးတင်ပါတယ် ဆရာ” လို့ ပြောလိုက်တယ်။ တကယ်ပါပဲ။ အမျိုးသမီး တစ်ယောက်နဲ့ ခုလို ကျေနပ်နှစ်သက်ဖွယ် စားသောက်ပွဲဟာ အာအိုယာမအတွက် နှစ်ပေါင်းများစွာအတွင်း ဒါပထမဆုံးပဲ။ ယာမာဆာကီ အဆာမီဟာ သူ ထင်ထားတာထက် ပိုပြီး ချစ်စရာကောင်းတယ်၊ စွဲမက်ဖွယ် ကောင်းတယ်။ စားသောက်ဆိုင်က အထွက် သူ့ကို ပြောလိုက်တဲ့ စကားကြောင့် ပိုပြီး ကျေနပ်မိတယ်။

“ဆရာ့ကို တစ်ခုလောက် တောင်းဆိုပါရစေ ဆရာ၊ တစ်မျိုး ဖြစ်နေမလား မသိပေမဲ့ ကျွန်မ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကြိုးစား ရုန်းကန်ခဲ့ရတာ ကြာခဲ့ပါပြီ။ ကျွန်မကို နှစ်သိမ့်ပေးမယ့်လူလည်း မရှိ၊ အကြံပေးမယ့် လူလည်း သေချာမရှိပါဘူး၊ ဗစ်တာမှာတော့ ကျွန်မကို အကြံပေးခဲ့တဲ့ လူတစ်ယောက် ရှိခဲ့ဖူးပါတယ်၊ ဒါပေမဲ့ အဲဒီဆရာနဲ့လည်း သူငယ်ချင်းက တစ်ဆင့်ပဲ ဆက်သွယ်ရတာပါ၊ တစ်ခါမှ တိုက်ရိုက် လူချင်း မတွေ့ဖူးပါဘူး ရှင့်၊ ဒါကြောင့် ဆရာ့လို ပုဂ္ဂိုလ်မျိုးက ကျွန်မကို အကြံဉာဏ်ပေး သွန်သင်ဆုံးမပေးမယ်ဆိုရင် ဘယ်လောက် ကောင်းမလဲလို့ တွေးမိပါတယ်၊ ဆရာက အင်မတန် အလုပ်များ

တဲ့ ပုဂ္ဂိုလ်ဆိုတာ သိပါတယ်၊ အချိန်အားလေး ရမယ်ဆိုရင် ဆိုဘ ဆိုင်၊ ဒါမှမဟုတ် မိသားစု ဆိုင်လိုမျိုးမှာ စားရင်းသောက်ရင်း စကားပြောချင်မိပါတယ်၊ ဒါမှမဟုတ် တယ်လီဖုန်းနဲ့ ဆိုရင်လည်း...”

ဓာတ်လှေကား စောင့်နေချိန်မှာ အာအိုယာမက သူ့ လိပ်စာကတ် ထုတ်ပေးလိုက်တယ်။ ရုံးရဲ့ တယ်လီဖုန်းနံပါတ် အဲဒီမှာ ပါတာပေါ့။ ယာမာဆာကီ အဆာမီက ပြုံးရင်း ကတ်ကလေးကို ပျောက်သွားမှာစိုးတဲ့ ပုံမျိုးနဲ့ လက်ဖဝါးထဲထည့်ပြီး ရင်ဘတ်မှာ ကပ်ထားလေရဲ့။ ဓာတ်လှေကားနဲ့ ဆင်းနေချိန် အာအိုယာမ ရင်ထဲမှာတော့ ကုလားဘုရားပွဲ လှည့်နေပြီ။ တတ်နိုင်ရင် တိုကျိုတစ်မြို့လုံးကို လက်တံနှစ်ဖက်ထဲ ထည့်ပြီး ဖက်ထားပစ်လိုက်ချင်တာ။

※※※

“ကျွန်တော်တော့ ရင်သပ်ရှုမောပဲဗျာ”

ရုံးရောက်ရောက်ခြင်း ယိုရှိကာဝါဆီ ဖုန်းဆက်ပြီး အမောတကော ပြောမိတယ်။ သူ့အသံက ကျယ်ကျယ်လောင်လောင် ဖြစ်နေတာလည်း သတိပြုမိပါရဲ့။

“ခုခေတ် ဒီလို မိန်းကလေးမျိုး ရှာတွေ့နိုင်မှာ မဟုတ်တော့ဘူး”

ယာမာဆာကီ အဆာမီနဲ့ ပြောခဲ့တဲ့အထဲက အရေးကြီးတဲ့ အချက်တွေကို သူ အကျဉ်းချုပ်ပြီး ပြောပြလိုက်တယ်။ ပြောပြနိုင်မှာပေါ့၊ သူ့ မှတ်ဉာဏ်ထဲမှာ ယာမာဆာကီ အဆာမီ ပြောခဲ့တဲ့ စကားလုံးတိုင်းကို ထွင်းထု စုဆောင်း ထားပြီးပြီကိုး။

“သူက အရမ်း ချစ်စရာကောင်းလွန်း၊ ချိုသာလွန်း၊ ရိုးရှင်း လွန်းလှတယ်။ ကျွန်တော် ဆိုလိုတာကတော့ သူဟာ သရုပ်ဆောင်နဲ့တော့ မကိုက်ဖူး၊ သဘာဝကျတဲ့ အားသာချက်ကတော့ သူ့ဆီမယ် ရှိနေတယ်ဗျ”

“ဟုတ်လား”

အာအိုယာမက အင်တိုက်အားတိုက် ပြောနေတာကို ယိုရှိကာဝါက အေးစက်စက်နဲ့ တုံ့ပြန်တယ်။

“အင်း အဆိုးမြင်တယ်ပြောလည်း ခံရမှာပဲ သူငယ်ချင်း၊ ကျွန်တော့် သဘောထားက ဘယ်လိုဆိုတာ ခင်ဗျား သိပါတယ်။ ဒီကောင်မလေးဟာ တစ်ခုခုတော့ လွဲနေတယ်၊ ဒါနဲ့ လူရွေးပွဲလုပ်ရတဲ့ တကယ့် ရည်ရွယ်ချက်ကို ပြောလိုက်သေးလား”

“မပြောပါဘူး”

အာအိုယာမ အသံဟာ အက်တက်တက် ဖြစ်နေတယ်။ ယိုရှီကာဝါ နားမ လည်ပါဘူး။ အေးလေ သူမှ ယာမာဆာကီနဲ့ နေ့လယ်စာ အတူမစားဖူးတာ။ သူငယ်ချင်းအတွက် ခြောက်ပစ်ကင်း သဲလဲစင်ကလေး ရှာပေးချင်တဲ့ လောဘ လည်း ပါမှာပေပေါ့။ အာအိုယာမအတွက်ကတော့ ယာမာဆာကီ အဆာမီဟာ အားလုံး ပြီးပြည့်စုံနေခဲ့ပြီ။

“ဗစ်တာတေးသံသွင်းက ရှီဘတအကြောင်း ကျွန်တော် ထပ်သိခဲ့ရတယ်”

ယိုရှီကာဝါက ဒီလိုပြောလိုက်တော့ အာအိုယာမက ကျိတ်ပြီး သက်ပြင်း ချလိုက်မိတယ်။

“၁၉၇၀ ကျော်လောက်မှာ နာမည်ကြီးတဲ့ တေးစီးရီးတွေ သူ ထုတ်ခဲ့ တယ်၊ ဒီလောကမှာ အတန်အသင့် နာမည်ရှိတဲ့လူလို့ ပြောကြတယ်၊ ဒါပေမဲ့ အတော်လည်း မိန်းမလိုက်စားသတဲ့။ သီချင်းပရိဂျူဆာတွေ ဆိုတာ သိတဲ့ အတိုင်း အဆိုတော်မလေးတွေ၊ တက်သစ်စ မင်းသမီးတွေကို သီချင်းအတွက် ရော၊ ခန္ဓာကိုယ်အတွက်ပါ စီမံပေးတတ်ကြသကိုး၊ ဒါပေမဲ့လို့ ရှီဘတဟာ နောက်ပိုင်းနှစ်တွေမှာ တေးထုတ်လုပ်ရေးဘက်မှာ သြဇာအာဏာ ကျဆင်းလာ သတဲ့၊ ဒါကြောင့် အကြံပေးတဲ့ အလုပ်ကို လုပ်တယ်၊ အကြံပေးတယ် ဆိုတာ လည်း တကယ်တော့ ဇာတ်လမ်းရှာတာပါပဲ၊ ဒါကြောင့် ဗစ်တာဟာ သူ့ကြောင့် အတော် ဒုက္ခများခဲ့သတဲ့၊ ရှီဘတအကြောင်း ခင်ဗျား ကောင်မလေးကို မေး လိုက်သေးလား”

“မေးတာပေါ့ဗျ”

အာအိုယာမက ဒေါသတကြီး ပြန်ပြောလိုက်တယ်။

“နားထောင်စမ်း ယိုရှီကာဝါ၊ သူက ရှီဘတကို မြင်တောင် မြင်ဖူးတာ မဟုတ်ဘူး၊ သူ့သူငယ်ချင်းက တစ်ဆင့်ခံ ဆက်သွယ်ပေးတာ၊ သိရဲ့လား”

“ဟုတ်လို့လား”

“ဒီမယ်... အဲဒီ ရှီဘတက မိန်းမလိုက်စားတဲ့ လူဆိုရင် သူ့မှာ ကောင်မလေးတွေ စာအုပ်တစ်အုပ်စာလောက် ရှိမှာပေါ့”

“အင်း... ရှိနိုင်ပါတယ်”

“ဒါကြောင့် ယာမာဆာကီ အဆာမို့ အလှည့် မရောက်ဘူးနေမှာပေါ့၊ ဒါကြောင့် သူသေပြီ ဆိုတာတောင် ဟိုက မသိတာပေါ့၊ ဒါကြောင့် အဲဒီကုမ္ပဏီက လူတွေက ယာမာဆာကီ အဆာမီ ဆိုတာကို မကြားဖူးတာပေါ့”

ယိုရှီကာဝါက ဟန့်ဆိုပြီး အသံပြုလိုက်တယ်။ လည်ချောင်းရှင်းသံနဲ့ လျောင်ရယ်ရယ်သံ နှစ်ခုကြားက အသံမျိုး။

အာအိုယာမဟာ အတော် စိတ်အနှောင့်အယှက် ဖြစ်သွားတယ်။ သီချင်း အတွက်ရော၊ ခန္ဓာကိုယ်အတွက်ပါ စီမံပေးသတဲ့လား။ ပွဖောင်းဖောင်း တဏှာရူး ပရိဂျူဆာက ယာမာဆာကီ အဆာမီရဲ့ ပခုံးကို ဖက်ထားတဲ့ ပုံကို မျက်စိထဲ မြင်ယောင်လာတယ်။ မင်းလေး နားလည်တယ်နော်၊ ကောင်းနယ် ကောင်းနယ် လို့ ငမူးသံနဲ့ ပြောနေတာတောင် နားထဲ ကြားလာလို့ ဗိုက်ကို လက်သီးနဲ့ ထိုးခံလိုက်ရသလို အောင့်သက်သက်ကြီး ဖြစ်နေတယ်။

“နောက်တစ်ခု ရှိသေးတယ်၊ သူတို့မိသားစုက ဆူဂီနာမီမှာ နေတယ်လို့ ပြောတယ်နော်၊ အဲဒီမှာ မနေတော့တာ နှစ်နှစ်ကျော်ပြီတဲ့၊ ကျွန်တော် စုံစမ်း ခိုင်းတဲ့အခါ သူတို့ ပြောင်းသွားပြီလို့ ပြောတယ်”

“ဟ... လူတွေ တစ်ချိန်လုံး ပြောင်းရွှေ့နေကြတာပဲဗျ”

အာအိုယာမဟာ စိတ်မရှည်တော့ဘူး။ ဘာဖြစ်လို့များ ယိုရှီကာဝါဟာ ဒီ အသေးအမွှားလေးတွေကို လိုက်စပ်စုနေတာလဲ။

“မှန်ပါတယ်”

“ဒါပေမဲ့ သူတို့ ဘယ်ပြောင်းသွားသလဲဆိုတာ အိမ်ရှင်လည်း မသိဘူးတဲ့၊ များသောအားဖြင့် ဘယ်ပြောင်းသွားတယ် ဆိုတာကို အိမ်ရှင်ကို ပြောခဲ့တတ်တယ် မဟုတ်လား၊ စာရေးဖို့ လိပ်စာပေးခဲ့တာပေါ့”

“ဒါက သူ့အကြောင်းနဲ့သူ ရှိမှာပေါ့”

“အေးပေါ့၊ ဟုတ်တာပေါ့”

ယိုရှီကာဝါက လှောင်နေတဲ့ အသံနဲ့ ပြန်ပြောလိုက်တယ်။

“ယိုရှီကာဝါ၊ သူငယ်ချင်းက ကျွန်တော့်အတွက် စိတ်ပူတာ သိပါတယ်၊ ဒါပေမဲ့လို့ ကျွန်တော် စိတ်ဆုံးဖြတ်ပြီးပြီ။ အမှန်အတိုင်း ပြောရရင် အဲဒီ အင်တာဗျူးမှာ တခြားကောင်မလေးတွေကို တစ်စက်မှ စိတ်မဝင်စားဘူး၊ ရုပ်ရှင်ကိစ္စလည်း စိတ်မဝင်စားဘူး”

“ဟင်... နေဦးလေ”

“စိတ်မပူပါနဲ့၊ ကျွန်တော် ခင်ဗျားကို တန်းလန်းကြီး ပစ်မထားပါဘူး၊ ခင်ဗျား လိုအပ်တာပြော၊ ဇာတ်ညွှန်းနဲ့ ပတ်သက်တဲ့ ကျွန်တော့် အိုင်ဒီယာ အတွက် မူပိုင်ခွင့်ကိုလည်း ခင်ဗျားပဲ ယူ၊ ဟိုဖက်က ဂျာမန်တွေ ကိစ္စကိုလည်း ကျွန်တော့် တာဝန်ထား၊ ဒါပေမဲ့ ကျွန်တော့် ဆုံးဖြတ်ချက်ကိုတော့ ခင်ဗျား ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ်နဲ့ လက်ခံလိုက်ပါဗျာ၊ ကျွန်တော်ကတော့ အဲဒီ ရုပ်ရှင်ကိစ္စကို စိတ်မပါတော့ဘူး၊ ထုတ်လုပ်သူလည်း မလုပ်ချင်တော့ဘူး၊ ခင်ဗျား သဘောပေါက်တယ် မဟုတ်လား”

ယိုရှီကာဝါက ခဏငြိမ်နေတယ်။ ပြီးမှ သက်ပြင်းကြီးချရင်း အေးစက်စက် ပြန်ပြောတယ်။ တကယ့်ကို အေးစက်စက်။

“ရုပ်ရှင်ဆိုတာ ကျွန်တော့် စိတ်ထဲလည်း အလေးအနက် မထားပါဘူး၊ ခဏလေး ငြိမ်ငြိမ်နေပြီး နားထောင်စမ်းပါ၊ အဲဒီ ရုပ်ရှင်ကိစ္စလည်း ကျွန်တော် စီမံပါ့မယ်၊ ဒါ ပြဿနာ မဟုတ်ပါဘူး၊ ကျွန်တော် စိတ်ပူတာက ခင်ဗျားပဲ၊ ရှီဘတာကိစ္စ ခင်ဗျား မှန်တယ်ပဲထား၊ မိသားစု အိမ်ပြောင်းသွားတာလည်း ထားလိုက်ဦး၊ ဒါပေမဲ့လို့ ဒီကလေးမအကြောင်း သိအောင် လုပ်စမ်းပါ အာအိုယာမရယ်၊ ဘာမှ သေချာမသိဘဲ စွတ်တင် မနေစမ်းပါနဲ့၊ ကျုပ်က ပိုနေတာလည်း ဖြစ်ချင် ဖြစ်မယ်၊ သက်တူရွယ်တူ တစ်ယောက် ဒီခပ်ငယ်ငယ် ကလေးမလေးကို ရသွားလို့ မနာလို ဖြစ်နေတာလား ဆိုတာလည်း နည်းနည်းတော့ ဟုတ်တယ်။ ဒါပေမဲ့ ရိုးရိုးသားသား ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားတာပါ။ ခင်ဗျား ဒါကို မမြင်ဖူးလား”

“အင်း... ကျွန်တော် မြင်ပါတယ်”

ဦးချဲ့နဲ့ ကောင်လေး ဖြစ်ပျက်သွားပုံကို မျက်စိထဲ မြင်ယောင်လာတယ်။ ဒါပေမဲ့ ခဏပါပဲ။ ယာမာဆာကီ အဆာမီနဲ့ နေ့လယ်စာစားခဲ့ရတဲ့ မြင်ကွင်းတွေက ပြန်လွှမ်းမိုးသွားတယ်။ ဒီလိုမျိုး တစ်ယောက်ယောက်နဲ့ အတူရှိနေရုံလေးနဲ့တင် စိတ်ချမ်းသာနေရင် ဘာသံသယမှ မထားသင့်တော့ဘူး မဟုတ်လား။ ဒါကြောင့် ဦးချဲကောင်လေး မြင်ကွင်းဟာ ပြန်ပျောက်သွားတယ်။ ယိုရှီကာဝါ့ စကားတွေကိုလည်း အလေးအနက် မထားဖြစ်တော့ဘူး။

“ဒါပေမဲ့ တစ်ခုခုကို စိုးရိမ်တယ်လို့ အတိအကျ ပြောနေတာတော့ မဟုတ်ပါဘူး၊ ဒါက ခံစားချက်ပါပဲ၊ ခု ခင်ဗျားဟာ ကောင်မလေးကို မိုးမမြင် လေမမြင် ဖြစ်နေပြီဆိုတော့ ဒါလည်း ကောင်းတာပါပဲ။ ဘဝကို ပျော်ပျော်နေတာ အရေးကြီးတဲ့ ကိစ္စပါပဲ၊ လှောင်တာ မဟုတ်ဘူး၊ တကယ် ပြောတာပါ၊ ဒါပေမဲ့ ဘဝဟာ အဲဒီလောက် မလွယ်ဘူး အာအိုယာမ၊ ဒီလောက် အဆင်းရှိတဲ့ ကလေးမလေးဟာ ရည်းစားသနံ့ မရှိဘဲ ခုချိန်ထိ...။ ထားပါတော့၊ သူက ပြည့်စုံလွန်းနေလို့ပါ၊ သူ့အကြောင်း မသိတာလည်း ပါမှာပေါ့၊ ဒါပေမဲ့ တစ်ခုတော့ လုပ်ပါ အာအိုယာမရယ်၊ ခု ကလေးမကို ဖုန်းနံပါတ်ပေးလိုက်ပြီ မဟုတ်လား၊ သူ့ကို တစ်ပတ်အတွင်း မဆက်သွယ်နဲ့ ဟုတ်ပြီလား၊ သူက စပြီး ဆက်သွယ်လာခဲ့ရင် သတိသာ ထားပေတော့၊ မဆက်သွယ်ရင်တော့ တစ်ပတ်ကျော်ရင် ခင်ဗျား လှူပ်ရှားပေတော့၊ ဘယ်လိုလဲ”

※※※

တစ်ပတ်တင်းတင်းပြည့်ပြီ။

ယာမာဆာကီ အဆာမီ ဆီက ဘာအဆက်အသွယ်မှ မရဘူး။

အာအိုယာမဟာ စိတ်ချရအောင် နောက်တစ်ပတ် ထပ်စောင့်တယ်။ ဒါပေမဲ့ အဲဒီ နှစ်ပတ်အတွင်း သူ့အကြောင်း စဉ်းစားနေရတာနဲ့တင် အလုပ်က ဟုတ်တိပတ်တိ မလုပ်ဖြစ်ပါဘူး။ ရှီဂေးနဲ့ ရီးစံကတောင် ငူငူငိုင်ငိုင် ဖြစ်နေတဲ့ သူ့ကိုကြည့်ရင်း နေလို့မှ ကောင်းရဲ့လားလို့ မေးလာကြတယ်။ မေးလည်း မေးချင်စရာပဲလေ။ သူကလည်း ဒီနှစ်ပတ်အတွင်း သုံးကီလိုလောက် ဝိတ်ကျသွားတာကိုး။

ယိုရှီကာဝါနဲ့ အပေးအယူလုပ်ပြီး ၁၅ ရက်မြောက်နေ့မှာတော့ အာအိုယာမက ယာမာဆာကီ အဆာမီကို ဖုန်းခေါ်လိုက်တယ်။

“ကျေးဇူးတင်လိုက်တာ ဆရာရယ်”

ယာမာဆာကီ အဆာမီဟာ ကျောရိုးတွေပါ အရည်ပျော်ပြီး ပုံလဲကျသွားလောက်တဲ့ အသံချိုချိုလေးနဲ့ ပြောလိုက်တယ်။

“ဆရာ့အသံကို နောက်ထပ် မကြားရတော့ဘူးလို့ ကျွန်မ ထင်မိနေတာ သိလား ဆရာ”

❑

(၆)

“ပိုလွန်းတယ်လို့များ ဆရာ ထင်မလား မသိဘူးနော်၊ ဒါပေမဲ့ ကျွန်မလေ နေ့တိုင်း ဆရာ ဖုန်းခေါ်မှာကို စောင့်နေတာ ရှင့်”

စကားလုံး တစ်လုံးချင်းစီဟာ အမှုန်လေးတွေအဖြစ် တယ်လီဖုန်းနားထောင်ခွက်ထဲကနေ အာအိုယာမရဲ့ နားထဲဝင်ပြီး ဦးနှောက်ထဲ တန်းရောက်သွားတယ်။ အာအိုယာမရဲ့ ကျောရိုးတစ်လျှောက် ထုံတုံတုံကြီး ခံစားနေရတယ်။ တစ်ကိုယ်လုံး ဝိုင်၊ သို့မဟုတ် ကော့ညွှတ်ကန်ထဲ ဝင်စိမ်ပြီး ခန္ဓာကိုယ်က ဝိုင်တွေ၊ ကော့ညွှတ်တွေကို စုပ်ယူနေသလိုမျိုး ချိုမြမြ ရှုတတလေး ဖြစ်နေတယ်။ ဒီလောက် ချစ်စရာကောင်းတဲ့ ကောင်မလေးကို ဘယ်အရူးကများ နှစ်ပတ်လုံးလုံး ပစ်ထားခဲ့ပါလိမ့်။ ညည်းဆို တစ်ယောက်တည်း ဒူးကလေး နှစ်ဖက်ကို ပိုက်ပြီး ထိုင်နေရင်း တယ်လီဖုန်း မြည်သံကို စောင့်ဆိုင်းနေရှာမယ့် သူကလေးရဲ့ ပုံရိပ်လွှာဟာ အစ္ဆတ္တ စက္ခုအာရုံမှာ ထင်ဟပ်လာတယ်။ နှလုံးသားကို ဓားနဲ့ စိုက်ခံလိုက်ရသလိုပါပဲ။

“အင်း... အလုပ်တွေက ရူးမတတ်ပါပဲ၊ သိပ်ကို အလုပ်များတာလေ”

သူ အက်ကွဲကွဲကြီး ပြောလိုက်တယ်။ သူ့အသံဟာ လည်ချောင်းထဲကနေ လျှောထွက်လာသလိုပဲ။

“ဒါကြောင့် အချိန်မရလို့ပါ”

“ကျွန်မ သိပါတယ်၊ နားလည်ပါတယ် ဆရာ၊ ဆရာတစ်ယောက် အလုပ်တွေ များရှာမှာပဲလို့လည်း တွေးပါသေးတယ်”

အာအိုယာမဟာ ဘာပြောရမှန်းကို မသိတော့ပါဘူး။ သူ့ကိုသာ ထွေးပွေ့ထားလိုက်ချင်တော့တာပဲ။

“အင်း... ခု ဘာလုပ်နေတာလဲ”

မေးပြီးမှ အတော်တုံးတဲ့ မေးခွန်းမှန်း သိတယ်။ စောက်ရူး။

“ဆရာ့ဖုန်းကို ထိုင်စောင့်နေတာလေ”

“ဖုန်းစောစော မခေါ်မိလို့ ဆောရီးပါဗျာ”

“ရပါတယ် ဆရာ၊ ခု ဆရာ့အသံကို ကြားရပြီပဲလေ နော်”

ခဏာ ငြိမ်သွားကြတယ်။ သူ့အသက်ရှူသံလေးကို အာအိုယာမ ကြားနေရတယ်။

“ဒါပေမဲ့လေ၊ ဆရာ ဖုန်းခေါ်ဖို့ အချိန်အားရပါစေလို့ ကျွန်မ မျှော်လင့်နေမိတယ် ဆရာ”

“ခင်ဗျားကို ကျွန်တော့် လိပ်စာကတ် ပေးထားတာပဲ၊ ကျွန်တော့်ဆီ ဖုန်းခေါ်ပေါ့”

“အဲလိုဆို အဆင်ပြေတယ်လား ဟင်”

“ဒါပေါ့ဗျ၊ နေဦး၊ ကျွန်တော်တို့ ညစာ အတူတူစားကြမလား”

“ဟင်... ဆရာ တကယ်ပြောတာလားဟင်”

“ဘယ်ညဆို အဆင်ပြေမလဲ”

“ကျွန်မက အင်္ဂါ၊ ကြာသပတေးနဲ့ သောကြာ ညတွေမှာပဲ အလုပ်လုပ်တာ ဆရာ”

“ဒါဆို လာမယ့် ဗုဒ္ဓဟူးည”

“အိုး... ဆရာ၊ ကျွန်မ စောင့်တောင် မစောင့်နိုင်တော့ဘူး ရှင့်”

ဖုန်းချပြီးတဲ့အခါ အာအိုယာမဟာ အသက်ပြင်းပြင်း အကြိမ်ပေါင်းများစွာ ရှူသွင်း ရှူထုတ် လုပ်နေမိတယ်။ သူ့တစ်ကိုယ်လုံး ပြေလျော့သွားပြီး မျက်နှာကလည်း အလိုလိုပြုံးနေတာ သတိထားမိတယ်။ ခေါင်းထဲမှာတော့ အချစ်ရဲ့ အသံက ထပ်ကာထပ်ကာ စီစီညံ။

စောင့်တောင် မစောင့်နိုင်တော့ဘူး...

စောင့်တောင် မစောင့်နိုင်တော့ဘူး...

မစောင့်နိုင်တော့ဘူး။

※※※

“အဖေ၊ ခုတစ်လော အဖေ ဘာတွေ ဖြစ်နေတာလဲ”

ယာမာဆာကီ အဆာမီနဲ့ ဒုတိယအကြိမ် မဒိတ်ခင် ညမှာပေါ့။ အာအိုယာမနဲ့ ရှီဂေးဟာ ညစာ အတူစားနေတုန်း တီဗွီကလာတဲ့ အန်ဘီအေ အမေရိကန် ဘတ်စကက်ဘော ပွဲစဉ်တွေကို ထိုင်ကြည့်နေကြတယ်။ ရီးစံက ပုဇွန်ဖက်ထုပ်ပေါင်း၊ အမဲသား အာလူး စတူးနဲ့ ဟင်းသီးဟင်းရွက် စွပ်ပြုတ်ကို သူတို့သားအဖအတွက် ပြင်ဆင်ပေးနေတယ်။ ပွဲက ချီကာဂိုဘူးလ်နဲ့ အော်လန်ဒိုမဲဂျစ် နှစ်သင်း တွေ့တဲ့ပွဲ၊ တကယ့် ပွဲကြီးပွဲကောင်း။

“ဟင်... ငါဘာဖြစ်နေလို့တုံး၊ မင်း ဘာတွေပြောနေတာတုံး”

အာအိုယာမက ဘယ်ဘက်လက်မှာ ဘီယာခွက်၊ ညာဘက်လက်က ပုဇွန်ဖက်ထုပ်ပေါင်းကို ညှပ်ထားတဲ့ တူတွေကို ကိုင်ထားတယ်။ ဘီယာကိုလည်း မသောက်၊ ဖက်ထုပ်ကိုလည်း မစားဘဲ ဒီအတိုင်းကြီး ငိုင်နေတာ တစ်မိနစ်ကျော် ကျော် ကြာသွားပြီ။ ဖက်ထုပ်ဟာ တူထဲက လွတ်ပြီး ကြမ်းခင်း ကော်ဇောပေါ် ကျလုမတတ်။ အာအိုယာမရဲ့ မျက်လုံးတွေဟာ တီဗွီကို ကြည့်နေပေမဲ့ မိုက်ကယ် ကျော်ဒန်တို့၊ ပန်နီဟတ်ဒဝေးတို့ရဲ့ လှုပ်ရှားမှုတွေကို မမြင်ဘူး။ ဘယ်မြင်ပါ့မလဲ၊ ယာမာဆာကီ အဆာမီကိုပဲ စဉ်းစားနေတာကိုး။

“အဖေရာ၊ အဖေ ပွဲပေါ် စိတ်မရောက်တာ အသိသာကြီးပါ၊ အဖေ့ ကြည့်ရတာ အိပ်မွေ့ချ ခံထားရသလိုပဲ”

ဟာ... ငါတော့ မိုပြီထင်တယ်လို့ အာအိယာမက တွေးလိုက်တယ်။ ဖက်ထုပ်ကို ပါးစပ်ထဲ ထည့်လိုက်တယ်။ ပြီးတော့ -

“အို... အင်” နဲ့ မသိချင်ယောင်ဆောင်ပြီး ပြောနေတယ်။ မရပါဘူး။ ရှီဂေးက ဆက်ပြောတယ်။

“အဖေ ကြောင်နေတာ သိပ်သိသာတယ်။ ဖက်ထုပ်ကို ကိုင်ပြီး မျက်လုံးတွေက အိပ်မက်မက်နေသလိုပဲ၊ အဖေ ဆေးလေးဘာလေး စစ်ကြည့်ပါဦး”

“ငါ ဘာမှမဖြစ်ဘူး၊ ပူမနေနဲ့”

“အဲဒီလိုပဲ ပြောကြတာပဲ အဖေ၊ အဖေ နိုးထခြင်း ဇာတ်ကားထဲက ရော ဘတ်ဒီနီးရိုး၊ ရိန်းမန်း ဇာတ်ကားထဲက ဒတ်စတင် ဟော့ဖ်မန်းတို့ကို ကြည့်ဖူး တယ် မဟုတ်လား၊ ခု အဖေ ဖြစ်နေပုံက သူတို့နဲ့ တူနေတယ်၊ အဖေ အယ်လ်ဇိုင်းမားများ ဖြစ်နေပြီလား၊ ဒါမှမဟုတ် ဦးနှောက်တွေ ရေမြုပ်လို ဖြစ်သွားတတ်တဲ့ ရောဂါများ ဖြစ်နေလား မသိ”

“ရေမြုပ်လို ဟုတ်လား”

“ပရိုင်ယွန်ဆိုတဲ့ ပိုးတစ်မျိုး ရှိတယ်၊ အဲဒီပိုးဟာ ဦးနှောက်တွေကို အပေါက်တွေ ဖောက်ပစ်ပြီး နောက်ဆုံး ဦးနှောက်ဟာ ပန်းကန်ဆေးတဲ့ ရေမြုပ်လို အပေါက်အပေါက်တွေနဲ့ ဖြစ်သွားတတ်သတဲ့”

“အမယ်... မင်း တော်တော်သိပါလား”

“ဇီဝဗေဒကို ကျွန်တော် သဘောကျတယ်လို့ အဖေ့ကို ပြောခဲ့သားပဲ၊ ဒါက အရေးမကြီးဘူး၊ အဖေ ဆေးရုံသာ သွားပြစမ်းပါ”

“အဲဒီရောဂါက ကုသတဲ့ ဆေး ရှိလို့လား”

“ရှိတော့ မရှိသေးဘူးတဲ့”

“ဒါဆို ဆေးရုံသွားပြီး ဘာအကျိုးထူးမှာလဲ”

“အင်း... ဒါပေမဲ့ သားအတွက် စဉ်းစားဦးလေ၊ သားက ခုမှ အထက်တန်းတက်ရုံ ရှိသေးတယ်။ အဖေက ရိန်းမန်းလို ဂေါက်ကြောင်ကြီး ဖြစ်သွားလို့ မရဘူးလေ၊ ကျွန်တော်က အဖေ့ကို ပြုစုရင်း အိုသွားတော့မှာ ပေါ့ဗျ”

ရှီဂေးက အတည်ပြောနေတာ။ နောက်တာ မဟုတ်ဘူး။ အာအိုယာမက တော့ သူ့အကြောင်း သူ သိတဲ့အတွက် ဘီယာမြို့ရင်း ရယ်နေတယ်။ ခု သူ့သားကို ယာမာဆာကီ အဆာမီ အကြောင်း ပြောပြလိုက်ရတော့မလား။ အေးလေ... အနှေးနဲ့အမြန်တော့ ပြောပြရမှာပဲ။ တီဗွီပေါ်မှာတော့ ချီကာဂိုဘူးလ်တွေ နိုင်နေတယ်။ ဆံပင်အစိမ်း ဆိုးထားတဲ့ ဒင်းနစ်ရော့ဒ်မန်းက တစ်ဖက်လူတွေကို လှည့်စားပြီး မိုက်ကယ်ဂျော်ဒန်ကို ဘောလုံးပေး၊ ဂျော်ဒန်က ခုန်ပြီး ဂိုးသွင်းတော့မယောင် ဟန်ပြ၊ တစ်ဖက် နောက်တန်း သုံးယောက်က သူ့နောက်အလိုက်မှာ စကော့တီ ပစ်ပင်ကို ဘောလုံးထိုးပေး၊ ပစ်ပင်က အသာလေး ဂိုးသွင်းလိုက်တယ်။ အင်းမကြာခင် ယာမာဆာကီ အဆာမီဟာ သူတို့နဲ့အတူ

ညစာစားရင်း ဒီပွဲတွေ အတူကြည့်ကြရတော့မယ်။ ရှီဂေး သိသင့်တယ်။ ခုချိန်ဟာ ပြောသင့်တာ ပြောပြရမယ့် အချိန်ပဲ။ ဒါမှ မနက်ဖြန် ဒီတ်လုပ်တဲ့ အကြောင်းကို ညာစရာ မလိုဘဲ အေးအေးသက်သာ ဖြစ်စေလိမ့်မယ်။

“အဖေ မင်းကို ပြောစရာရှိတယ် ရှီဂေး”

သူ့အဖေရဲ့ လေသံကို ကျက်မိတဲ့ ရှီဂေးဟာ အသေအချာ နားထောင်ဖို့ စားလက်စ တူကို ချလိုက်တယ်။

အာအိုယာမဟာ ဖြစ်သမျှကိစ္စတွေ ရှီဂေးကို ပြောပြလိုက်တယ်။ သူတို့ ဇာတ်လမ်းစခဲ့တဲ့ လူရွေးပွဲ အကြောင်းတော့ မပြောဘူး။

“သူက အသက်ဘယ်လောက်လဲ”

အာအိုယာမ ပြောလို့ပြီးတော့ ရှီဂေးက မေးလိုက်တယ်။

“နှစ်ဆယ့်လေးနှစ်ထင်ပါရဲ့”

“အတော်ငယ်တယ်နော်”

“အင်း”

“ကျွန်တော်နဲ့တောင် သိပ်မကွာဘူး၊ အင်းလေ... အဖေ ကိုယ့်ဟာကိုယ် သိမှာပေါ့၊ အဖေနဲ့ဆို အသက်က အတော်ကွာတာကိုး”

“အဖေ ကိုယ့်ဘာသာကိုယ် ဘာလုပ်နေမှန်း သိလိမ့်မယ်လို့ သားက မျှော်လင့်တယ်ပေါ့”

“သူက အဖေ့ကို အချဉ်ဖမ်းနေတာ မဟုတ်ဘူး ဆိုတာ သေချာလား”

“ငါ သူ့ကိုတွေ့တာ မကြာသေးဘူးကွ၊ မနက်ဖြန် သူနဲ့အတူတူ ညစာစား ဖို့ ချိန်းထားတယ်။ မနက်ဖြန် အပါအဝင်မှ သုံးခါပဲ တွေ့ဖူးသေးတာ”

“အင်း... အဖေက အဖေဆိုတော့ ပြောရတာ မကောင်းဘူး၊ ဒါပေမဲ့ ခု ခေတ်ဟာမတွေကို သတိထားနော် အဖေ၊ ယာကူဇာတို့ ဘာတို့နဲ့ နွယ်မနေဘူး လို့ မပြောနိုင်ဘူး၊ သားတို့ အတန်းထဲက ကောင်မလေးတွေဆို အသက် (၁၅) နှစ်မှာ မသိတာ မရှိသလောက်ပဲ၊ ခေတ်က ငြိမ်းချမ်းရေးနဲ့ ချစ်ခြင်းမေတ္တာ ခေတ် မဟုတ်ဘူး အဖေရေ၊ ရသမျှ နွာမယ့်ခေတ်ဗျ”

“ဆိုတော့ ကောင်မလေးတွေက ငါ့ကို ကြွေမယ်လို့ မင်း မထင်ဘူးပေါ့”

“အဲဒီလိုလည်း မဟုတ်ပါဘူး၊ ကျွန်တော် ပြောချင်တာက အဖေ ခု မွန်နေတယ်၊ အဲဒါ သေချာတယ်၊ ကျွန်တော့်အတန်းထဲက ဟာမတွေဟာ အားလုံး နီးပါး အဖေတို့လို ဘဲကြီးတွေကို အရေခွံကျွတ်အောင် နွာတတ်တယ်။ ကျွန်တော့် အပေါ်တန်းက ကောင်မတစ်ယောက်ဆို ဟို နှိပ်စက်ပြီး နှိပ်စက်ခံပြီး လိင်ဆက်ဆံတဲ့ ကလပ်မှာ အလုပ်လုပ်လို့ ကျောင်းထုတ်ခံရသတဲ့။ အဖေ ယုံနိုင်ရဲ့လား။ ဒါကြောင့် ကျွန်တော် ရည်းစားထားရင် ကာဇက်စတန်က ကောင်မလေးကို ရှာပြီး ထားမယ်လို့ စိတ်ကူးတယ်၊ ဘာသာစကား မတူတော့ ပြောဆို ဆက်သွယ်ရတာတော့ ခက်ချင် ခက်မယ်၊ ဒါပေမဲ့...”

“ကာဇက်စတန်က ဟုတ်လား”

“အင်း... အဲဒီက မိန်းမတွေဟာ လှရုံမက အကျင့်စာရိတ္တလည်း ကောင်း၊ ကိုယ်ရည်ကိုယ်သွေးလည်း ကောင်းကြတယ်တဲ့”

“ဩော်... မင်း အတော်စဉ်းစားထားတာပဲ”

“ကျွန်တော်တို့ အရင်က ဒီအကြောင်း ပြောဖူးသေးတယ်လေ၊ မှတ်မိလား၊ ကျွန်တော်က အတန်းထဲက ကောင်မလေးတွေထဲ လှတာ သိပ်ရှားတယ် ဆိုတော့ အဖေက လှတဲ့ မိန်းကလေးတွေဟာ ရောင်စုံ ပိုးတောင်မာကောင်လိုပဲ ရှားတယ်လို့ ပြောတယ်လေ”

“မှန်တယ်”

“ဒါပေမဲ့ အဆင်းရော အချင်းပါ ပြည့်စုံတဲ့ မိန်းမလှဆိုတာ ရောင်စုံ ပိုးတောင်မာကောင်ထက် အဆတစ်ရာ ရှာရခက်တယ် အဖေ၊ ဂျပန်ကြောင်ရိုင်းလို၊ ကုန်းနေ ရေနေ ဆလမန္ဒာလို၊ နူတ်သီးနီ အိုင်းဘစ်ဒ့ဂ်လို ရှားတာဗျား”

အော်လန်ဒို မက်ဂျစ်ဟာ တိုက်စစ်ဆင်နေတယ်။ ဟတ်ဒဝေးဟာ သုံးမှတ် သုံးကြိမ် ဆက်ရတယ်။

“အင်း... ငါ မင်းကို သူနဲ့ မိတ်ဆက်ပေးမှာပါ”

“အင်း... သား သူ့ကို သေချာ ကြည့်ပေးမှာပါ၊ အဖေ့အတွက်ပေါ့”

ရှီဂေးက ပေါ့ပေါ့ပါးပါးပဲ ပြောနေတယ်။

“သား သူ့ကို အဖေ့ထက်ပိုပြီး ကြည့်တတ်မှာပါ အဖေ၊ သားနဲ့ သူ အသက်သိပ်မကွာတာထက် ပိုအရေးကြီးတာက ခု အဖေက အရမ်းမွန်နေလို့ပဲ ဗျ သိရဲ့လား”

※※※

အရင်တစ်ခါ ချိန်းတဲ့ ကဖေးဆိုင်မှာပဲ ညနေခြောက်နာရီ တွေ့မယ်လို့ ချိန်းထားကြတယ်။ သူ မိနစ်နှစ်ဆယ် ကြိုရောက်တယ်။ ခြောက်နာရီ ထိုးဖို့ ငါးမိနစ် အလိုမှာ ယာမာဆာကီ အဆာမီ ရောက်လာတယ်။ ထုံးစံအတိုင်း ဆံပင်တွေကို နောက်မှာ စုပြီး စည်းထားတယ်။ လည်ပင်းဖုံး ဆွယ်တာနဲ့ ဘောင်းဘီပွပွနဲ့၊ သားရေဂျာကင်ကို ဘယ်ဘက် လက်မောင်းပေါ် တင်လို့။ ကာလံဒေသံနဲ့ လိုက်ဖက်တဲ့ ဖက်ရှင်ပါပဲ။

အာအိုယာမဟာ စိတ်လှုပ်ရှားလာပြန်တယ်။ ဒါပေမဲ့ ရှီဂေးနဲ့ စကားပြောပြီး ချခဲ့တဲ့ ဆုံးဖြတ်ချက်က သူ့ကို ပြန်သတိပေးနေတယ်။ မစားခင် အရက်မမူးခင် ယာမာဆာကီ အဆာမီရဲ့ ပုဂ္ဂလိက ဘဝဇာတ်ကြောင်းကို မေးရလိမ့်မယ်။ တကယ်တော့ ယာကူဇာတို့ ဘာတို့နဲ့ ပတ်သက်နေမယ်လို့ အာအိုယာမ နည်းနည်းမှ မထင်ပါဘူး။

အလွန် အတွေ့အကြုံများတဲ့ ယိုရှီကာဝါရဲ့ စကားကို လျစ်လျူရှုနိုင်ပေမဲ့ သူ့သား ရှီဂေးရဲ့ စကားကိုတော့ လျစ်လျူမရှုနိုင်ခဲ့ဘူး။ ရှီဂေး ပြောတာ မှန်တယ်။ မျက်စိပါတဲ့ ဘယ်သူမဆို သူ မွန်နေတာ၊ အချစ်နာကျနေတာကို မြင်မှာပဲ၊ တွေ့မှာပဲ။ ယာမာဆာကီ ဘက်ကကော။ သူ ဖုန်းခေါ်လိုက်တဲ့အခါ ယာမာဆာကီဟာ တုန်တက်မတတ် ဝမ်းသာသွားတာ။ ခုလည်း သေချာပြင်ဆင်ဝတ်စားလာပြီး အပြုံးပန်းတွေကို ဝေနေတာပဲလေ။ ဒါ ဟန်ဆောင်နေတာ ဟုတ်ပါ့မလား။ အင်း... ဒါပေမဲ့ ယာမာဆာကီ အဆာမီရဲ့ ရည်မှန်းချက်နဲ့ သူ့ရဲ့ ရည်မှန်းချက်ဟာ ပြဒါးတစ်လမ်း၊ သံတစ်လမ်းလည်း ဖြစ်နိုင်သေးတာပဲ။ ယာမာဆာကီ အဆာမီဟာ သူ့ကို ယောကျ်ားတစ်ယောက် အဖြစ် အားကိုးတာ မဟုတ်ဘဲ ရင့်ကျက်တဲ့၊ တည်ကြည်တဲ့ ဆရာသမား တစ်ယောက်လို အားကိုးတာ ဆိုရင်ရော။ ဒီည ဒီကိစ္စကို ကွဲကွဲပြားပြား သိအောင် လုပ်ရမယ်။

“ကျွန်တော်တော့ ဘီယာ သောက်နေတယ်။ ခင်ဗျားကော...”

ယာမာဆာကီ အဆာမီက မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်တယ်။ ခေါင်း လေးညွှတ်လိုက်တယ်။ မျက်နှာလေးက တစ်သမတ်တည်း ပြုံးလို့၊ ပျော်နေတာ ကြည်နူးနေတာကို အတိုင်းသား မြင်ရတယ်။ ဒါ ဟန်ဆောင်တာ ဟုတ်ပါ့မလား ကွာ၊ တကယ်လို့သာ ဟန်ဆောင်နေတာ ဆိုရင်တော့ ပါရမီရှင် သရုပ်ဆောင်မှ သာ ဖြစ်နိုင်မှာပဲ။

“ကျွန်မလည်း ဘီယာပဲ”

ယာမာဆာကီ အဆာမီက ပြောပြီး ခေါင်းယမ်းတယ်။ ပြီးတော့ ခိခနဲ ရယ်တယ်။

“ဟင်... ဘာတွေများ ဒီလောက် သဘောကျနေတာလဲ”

အပျော်ဟာ ကူးတတ်တယ်ကိုး၊ အာအိုယာမက ပြုံးပြုံးကြီး မေးလိုက် တယ်။

“ဆောရီးပါရှင့်၊ ဆရာ့ကို ထပ်တွေ့ရလို့မယ်လို့ ကျွန်မ မျှော်လင့်မထား ဘူး၊ ခု ထပ်တွေ့ရတော့ သိပ်ဝမ်းသာနေလို့ပါ”

စားပွဲထိုးလေးက နောက်ထပ် ဘီယာတစ်လုံး လာချတယ်၊ ဖန်ခွက်ထဲ ငှဲ့ ပေးတယ်။

“ကျွန်တော် သဘောကျတဲ့ အီတာလျံ စားသောက်ဆိုင်မှာ ဘွတ်ကင် ယူထားတယ်၊ ဒါပေမဲ့ ခုနစ်နာရီခွဲမှ စားပွဲရမှာ၊ အဲဒီလောက် စောင့်နိုင်ပါ့မ လား”

“စောင့်နိုင်ပါတယ်”

ဘီယာခွက်ချင်း တိုက်လိုက်တယ်။ ကဲ... တဲ့ပဲမေးမကွာ၊ ချပြီ။

“ယာမာဆာကီ စံ၊ ခင်ဗျား မိသားစုအကြောင်း ကျွန်တော် မမေးမိသေး ဘူး မှတ်တယ်၊ သူတို့ ကျန်းကျန်းမာမာပဲလား”

တကယ်ပါပဲ။ ယာမာဆာကီရဲ့ သကာရည်ဆမ်းထားသလို အလုံးစုံ ပြုံး ပျော်နေတဲ့ မျက်နှာလေးဟာ ခလုတ်ပိတ်လိုက်သလို ပျောက်ကွယ်သွားခဲ့ တယ်။ သူ့မျက်နှာ တစ်ခုလုံး ဖွေးသွားတယ်။ နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့

လိုက်တယ်။ အာအိုယာမရဲ့ ဦးနှောက်ထဲမှာ ယိုရှီကာဝါရဲ့ စကားတွေ ကြားယောင်လာခဲ့တယ်။

ခုအချိန်ထိ ကျွန်တော်တို့ နှစ်ယောက်လုံး ဒီကလေးမ အကြောင်းကို ဘာမှ မသိကြသေးဘူး။

သူ့ကို မနမ်းမိခင်၊ သူ့လက်ကလေးကို ကိုင်ပြီး နှစ်သိမ့်မပေးမိခင် သူလိမ်နေတယ်ဆိုရင် သိမှဖြစ်မယ်၊ သူ တစ်ခုခုကို ဖုံးကွယ်ထားနိုင်တယ်။

အဲဒီ အလိမ်အညာက ဘာလဲ။

“ကျွန်မ ဆရာ့ကို ဘာမှ ဖုံးကွယ်မထားချင်ဘူး ဆရာ၊ အမှန်ကို ပြောပြပါ့မယ်၊ အားလုံးကိုပေါ့”

အာအိုယာမဟာ သတင်းဆိုး ကြားရမယ့်လူလို ကိုယ့်ကိုယ်ကိုယ် ပြင်ဆင်ထားလိုက်တယ်။ နှလုံးခုန်ကလည်း မြန်လိုက်တာ။ ဂျာကင် အနားစွန်းလေးတောင် နှလုံးခုန်သံနဲ့အတူ လှုပ်ခါနေသလိုပဲ။ သူ အာရုံအပြည့်အဝ စိုက်ထားလိုက်တယ်။ တစ်လောကလုံးမှာ သူနဲ့ ယာမာဆာကီ နှစ်ယောက်တည်း ရှိနေသလိုပေါ့။

“ကျွန်မ ငယ်ငယ်လေးကတည်းက အဖေနဲ့အမေ ကွဲသွားတာ ဆရာ၊ မှတ်တောင် မမှတ်မိဘူး၊ ကျွန်မကို အမေ့မောင် ကျွန်မ ဦးလေးနဲ့အတူ နေဖို့ ပို့ထားကြတာ။ ကျွန်မ မှတ်မိတာကတော့ ဦးလေးမိန်းမက ကျွန်မကို မတရားနှိပ်စက်တာပဲ။ သူက တကယ်ကို... အင်း... ဒါက နားထောင်ကောင်းတဲ့ အကြောင်းအရာ မဟုတ်ဘူး၊ စိတ်ချမ်းသာစရာလည်း မပါဘူးရှင့်၊ ဒါပေမဲ့ အမှန်ပဲ ဆိုတော့...”

အာအိုယာမက ခေါင်းညိတ်ပြတယ်။ ခုံကို နည်းနည်း နေရာရွှေ့လိုက်တယ်။

“တစ်ခါက ဆောင်းတွင်းကြီး ကျွန်မကို အေးစက်နေတဲ့ ရေကန်ထဲ နှစ်ထားတယ်၊ နမိုးနီးယားနဲ့ သေမလို ဖြစ်တဲ့အထိပဲ၊ နောက်တစ်ခါ ကျွန်မ ဆံပင်ကို ဆောင့်ဆွဲပြီး ပြတင်းပေါက်နဲ့ ခေါင်း ပစ်ဆောင့်လိုက်တာ နဖူးကွဲပြီး သွေးတွေ အများကြီး ထွက်လာတယ်၊ အဲဒီတုန်းက ကိုယ့်ကိုယ်ကိုယ် သေပြီတောင် ထင်တာ၊ ပြီးတော့ လှေကားပေါ်က တွန်းချတယ်၊ သေလောက်ပေမဲ့ ပခုံး

အဆစ်ပဲ လွဲသွားတယ်။ ကလေးဘဝမှာ အမြဲ ကျိုးပဲ့ပေါက်ပြဲပြီး နေခဲ့ရတာပေါ့၊ မူလတန်းတက်တော့ ကျောင်းက ဆရာဝန်က ဒါကို သတိထားမိပြီး စုံစမ်းရာက အဖြစ်မှန်ကို သိသွားကြတဲ့အတွက် ကျွန်မကို အမေ့ဆီ ပြန်ပို့လိုက်တယ်။ အမေက အဲဒီအချိန် နောက်အိမ်ထောင်ပြုပြီးပြီ၊ သူ့ နောက်ယောကျ်ား၊ အဲ... ကျွန်မ ပထွေးပေါ့၊ ခုချိန်ထိ သူ့ကို အဖေလို့ ဘယ်လိုမှ မသတ်မှတ်နိုင်ဘူး၊ ခုလို ပြောရတာ မုန်းပေမဲ့ ဒါက အမှန်ပါပဲ”

ယာမာဆာကီဟာ နောက်ထပ် ဆက်ပြောဖို့ အားမွေးနေသလို ပုံစံနဲ့ ခဏ ငြိမ်နေတယ်။ အာအိုယာမရဲ့ နှလုံးသားဟာ ပေါက်ထွက်မတတ် အပြင်းအထန် ခုန်တယ်။ သူ ဒီလိုအကြောင်းတွေ နားထောင်ရလိမ့်မယ်လို့ လုံးဝ ထင်မထားဘူး၊ ယာမာဆာကီ ပြောတဲ့ စကားလုံး တစ်လုံးချင်းစီကို မြင်ကွင်း အဖြစ် သူ ပုံဖော်နေမိတဲ့အခါ သွေးတွေ ခဲသွားမတတ်ပဲ။ ဖြစ်ရလေ၊ ဖြစ်ရလေ ကလေးရယ်။

“ပထွေးကတော့ ဦးလေး မိန်းမလို နေ့တိုင်း ရိုက်နှက်နေတာမျိုး မလုပ်ပါဘူး၊ ဒါပေမဲ့ သူက စကားနဲ့ နှိပ်စက်တာ၊ ဟဲ့... ကောင်မ၊ အယုတ်တမာမ၊ နင့် မြင်ရတာနဲ့တင် ကျက်သရေ ယုတ်တယ်၊ စောက်ကန်းမလေး၊ သွားစမ်း၊ ငါ သတ်မိလိမ့်မယ်၊ ညစ်ပတ်လိုက်တာ လွန်ရော၊ စောက်နုံကလည်း ဆိုးလိုက်တာလို့ သူ အမြဲ ပြောတတ်တယ်၊ သူက ကျွန်မကို သူတို့နဲ့ တစ်ခန်းတည်း ဘယ်တော့မှ ပေးမနေဘူး၊ ညစာစားရင်တောင် အတူတူ မစားရဘူး၊ ကျောင်းက ပြန်ရောက်တာနဲ့ ကျွန်မကို တခြားအခန်းထဲ သွားနေဖို့ သူမောင်းထုတ်တယ်၊ အဲဒီတုန်းကတော့ ဩော်... ဘဝဆိုတာ ဒီလိုပါလားလို့ပဲ ထင်မိတာပေါ့ ဆရာ၊ အမေကလည်း ဘာတစ်ခွန်းမှ ဝင်မပြောဘူး၊ ယုတ်စွအဆုံး အမေ စိတ်မကောင်းလိုက်တာ သမီးရယ်လို့ ပြောဖော်ရရင်ကို တော်သေးတယ်လေ၊ ခု ပြန်စဉ်းစားကြည့်တော့ အဲဒီလို သူ တစ်ခါမှ မပြောဖူးဘူး၊ ဘာဖြစ်လို့လဲ ဆိုတာ ခုထိ မသိဘူး ဆရာရယ်၊ ခုထိ အမေနဲ့ ရံဖန်ရံခါ တွေ့ဖြစ်ပါတယ်၊ လက်ဖက်ရည် သောက်ရင်းပေါ့၊ တစ်ခါကတော့... အင်း သိပ်မကြာသေးဘူး၊ ကျွန်မတို့ သားအမိ အတူတူ သောက်ဖြစ်ကြတယ်၊ အမေက တကယ့် အရက်သမားပဲ၊ သူ တင် မဟုတ်ဘူး၊ သူ့အမေ ကျွန်မအဘွားတုန်းကလည်း အရက်သမားပဲ။ အဘွားက အကြိမ်ပေါင်းများစွာ ကွာရှင်းလိုက်၊ လက်ထပ်လိုက်နဲ့ နေခဲ့တာ။ အမေက သူ့အမေလို ဘဝကို မဖြတ်သန်းချင်ဘူးလို့ ပြောဖူးတယ်၊ ဒါပေမဲ့ ခုထိတော့ သူ့အမေအတိုင်း ဘဝကို ဖြတ်သန်းနေတာပဲလေ”

ယာမာဆာကီဟာ မျက်ရည်လေးတွေ ဝိုင်းနေတာ မြင်ရတော့ အာအိုယာမ ရင်ထဲမှာ တင်းကျပ်လာတယ်။ နံရိုးတွေကို ကော့ဆက် ကိုယ်ကျပ်အင်္ကျီဝတ်ပြီး ဖျစ်ညှစ်ထားသလိုပဲ။ ယာမာဆာကီက နှုတ်ခမ်းတွေကို ကိုက်ရင်း မျက်ရည်မကျအောင် ထိန်းပြီး သူ့ဇာတ်လမ်းကို ဆက်ပြောတယ်။

“အမေက ပြောသေးတယ်၊ ဘဝသစ်တစ်ခုကို အမြဲမြင်ယောင် နေခဲ့ပေမဲ့ တကယ်ဖြစ်လာအောင်တော့ မလုပ်နိုင်ခဲ့ဘူးတဲ့။ သူ့မှာ ခွန်အား မရှိဘူးတဲ့၊ ခွန်အားဆိုတာ သူတစ်ပါးကို ကြင်နာတတ်တဲ့ စာနာတတ်တဲ့ စွမ်းအားတစ်ခုပါတဲ့၊ ကျွန်မကို အဲဒီခွန်အားမျိုး ရစေချင်တယ်တဲ့၊ သူကတော့ ဒီတစ်သက် ရဖို့ မဖြစ်နိုင်တော့ဘူးတဲ့။ အမေ့ နောက်ယောက်ျားက ဝိုးချဲ့နဲ့ သွားလာရတဲ့ မသန်မစွမ်းလေ၊ လမ်းမလျှောက်နိုင်ဘူး၊ ကျွန်မက အပြေးမြန်တယ်၊ ဒါကြောင့်မို့ ကျွန်မပထွေးက ကျွန်မကို မုန်းနေတာပါလို့ အမေက ပြောတယ်၊ ဒါပေမဲ့...”

အာအိုယာမဟာ သက်ပြင်းမောကြီးတွေ ခဏခဏ ခိုးချမိတယ်။ ယာမာဆာကီရဲ့ ဝန်ခံချက်ဟာ အားလုံးကို ရှင်းပြနိုင်ခဲ့ပြီ။ အာအိုယာမ ရင်ထဲက အလုံးကြီးလည်း ကျသွားခဲ့ပြီ။ သူ့အမေနဲ့ သူ့ပထွေးဟာ ဆူဂီနာမီက တိုက်ခန်းမှာ နေခဲ့ကြတယ် ဆိုတာကို သံသယရှိစရာ မလိုဘူး၊ သူတို့ဟာ ယာမာဆာကီရဲ့ တရားဝင်မိဘတွေ ဖြစ်ပေမဲ့ သူတို့က ပေယျာလကန် ပစ်ထားတဲ့ သမီးတစ်ယောက်အနေနဲ့ သူတို့ ဘယ်ကိုပြောင်းပြောင်း ဘာအရေးစိုက်စရာ လိုလို့လဲ။

“ပြီးခဲ့တဲ့ အခေါက်တုန်းက ဆရာဟာ ကျွန်မကို တွေ့ပြီး မေးခဲ့တယ်နော်၊ အဲဒီတုန်းက ကျွန်မ ဆရာ့ကို လိမ်ခဲ့မိပါတယ် ဆရာ၊ ကျွန်မတို့ မိသားစုဟာ ဆိုဘဆိုင်၊ မိသားစုဆိုင်တွေ သွားစားကြတယ်လို့လေ၊ တကယ်တော့ မိသားစုအနေနဲ့ ဘယ်ကိုမှ မသွားဖူးခဲ့ပါဘူး။ ပထွေးက ဘယ်မှ မသွားနိုင်တဲ့အပြင် ကျွန်မက အိမ်မှာတောင် သူတို့နဲ့ ထမင်းအတူတူ စားခွင့်မရှိဘူးလေ၊ ဆိုင်သွားပြီး အတူတူစားဖို့ ဆိုတာတော့ ဝေးတာပေါ့၊ ဒါပေမဲ့ ကျွန်မအပေါ် သိပ်ကောင်းတဲ့ ဆရာ့ကို ကျွန်မ လိမ်ခဲ့မိတယ်လေ၊ အဲဒီအတွက် ကျွန်မမှာ ပြောစရာစကား မရှိဘူး ဆရာ၊ ခု မင်းထွက်သွား လိုက်စမ်းလို့ ဆရာ ပြောမယ်ဆိုရင်လည်း ပြောလိုက်ပါ ဆရာရယ်၊ ကျွန်မ ထွက်သွားပါ့မယ်”

အာအိုယာမဟာ ယာမာဆာကီရဲ့ မျက်ဝန်းတွေကို စိုက်ကြည့်နေတယ်။ အထဲမှာ မျက်ရည်တွေ အရည်လည်နေတယ်။ အာအိုယာမဟာ စကားလုံး ရွေးနေတယ်။ ဒါပေမဲ့ သူ့ခံစားချက်ကိုပဲ ပြောဖို့ ဆုံးဖြတ်လိုက်တယ်။

“မင်း ခုနေ ထွက်သွားရင် ကိုယ်ဘာလုပ်မိမလဲ ဆိုတာ ကိုယ့်ကိုယ်ကိုယ် သေချာမသိဘူး၊ မင်းနဲ့တွေ့ရဖို့ ကိုယ်ဘယ်လောက်တောင် ဇလောင်ဆူခဲ့ရတယ်၊ စိတ်မောခဲ့ရတယ် ဆိုတာကို မင်း သိမယ် မထင်ပါဘူး ယာမာဆာကီရယ်၊ ခု မင်းပြောခဲ့တဲ့ ကိစ္စတွေဟာလေ၊ မင်းကို တွေ့ချင်တဲ့ စိတ်ကို နည်းနည်းမှ မပြောင်းသွားစေဘူး သိရဲ့လား”

ယာမာဆာကီက ခေါင်းတဆတ်ဆတ် ညိတ်ပြရာတယ်။ သူ ခပ်တိုးတိုးလေး ရှိုက်ရှိုက်ပြီး ငိုတယ်။ ငိုပါစေ၊ ငိုပါစေလေ။

⁂

နီရှီ-အဇာဘူမှာ ရှိတဲ့ စားသောက်ဆိုင်ကို အသွား တက္ကစီပေါ်မှာ သူ နားမလည်တာ တစ်ခုရှိတယ်လို့ အာအိုယာမက ယာမာဆာကီကို ပြောလိုက်တယ်။

“မေးပါ ဆရာ၊ နောက်ဆို ဆရာ့ကို ဖုံးကွယ်ထားဖို့ထက်စာရင် ကျွန်မ အသေပဲ ခံလိုက်တော့မယ် သိလား”

ယာမာဆာကီဟာ ဖြောင့်ချက်ကို ဝန်ခံအပြီး စိတ်ထဲက ဝန်ထုပ် ဝန်ပိုးကြီး ကျသွားသလို ခံစားရတယ် ထင်တယ်။ အာအိုယာမရဲ့ သဘောထားကိုလည်း သူ သိလောက်ပြီမို့ အာအိုယာမကို မသိမသာလေး မှီနွဲ့ပြီး ထိုင်နေတယ်။ အာအိုယာမ အနေနဲ့လည်း ထူးထူးဆန်းဆန်း စိတ်ပေါ့ပါးနေတယ်။ သူ တို့နှစ်ယောက် တစ်စုံတစ်ရာသော အတိုင်းအတာအထိ နားလည်မှု ရခဲ့ပြီ၊ မျှဝေခံစားခဲ့ပြီးပြီလို့ သူ ထင်တယ်လေ။

“ကိုယ်က ပါရဂူတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ မင်း ကလေးဘဝက စိတ်ရော ကိုယ်ပါ အနှိပ်စက်ခံခဲ့ရတယ် ဆိုတာတော့ အင်မတန် ထင်ရှားပါတယ်။ ကိုယ် သိသလောက်တော့ အဲဒီလို ဖြစ်ခဲ့ဖူးတဲ့ လူတွေဟာ တခြားလူတွေနဲ့ ဆက်ဆံရာမှာ ခက်ခဲလေ့ ရှိတယ်။ ကလေးဘဝက အနှိပ်စက်ခံရသူတွေဟာ ကြီးလာတဲ့အခါ လူတွေ မနှစ်မြို့တဲ့ အရာတွေကို မသိစိတ်နဲ့ လုပ်တတ်ကြတယ်လို့ ဖတ်ဖူးတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့စိတ်ထဲမှာ လူတွေက မုန်းတာ ရွံတာ မကြိုက်တာကို စွဲလမ်းနေလို့တဲ့၊ ဒါပေမဲ့ မင်းကတော့ အဲဒီလို မဟုတ်ဘူး၊ အဲဒီလို ဖြစ်မလာဘူး၊ တစ်နည်းအားဖြင့်တော့

ကလေးဘဝ အနှိပ်စက်ခံရမှုရဲ့ အမာရွတ်တွေ မင်းမှာ ကျန်မနေခဲ့ဘူးလို့ ထင်တယ်”

ယာမာဆာကီဟာ ခုတော့ အာအိုယာမ ပခုံးပေါ် လုံးလုံးလျားလျား ခေါင်းကလေး မှီထားခဲ့ပြီ။ အဲဒီခေါင်းလေးကို ညိတ်ပြနေတယ်။ ကြားတယ် ဆိုရုံ အသံတိုးတိုးလေးနဲ့ -

“ကျေးဇူးတင်ပါတယ် ဆရာ” လို့ ပြောနေတယ်။

သူ့မျက်နှာဟာ အာအိုယာမ မျက်နှာနဲ့ ကပ်နေပြီ။ သူ့ရဲ့ ရှည်လျား ကော့စင်းနေတဲ့ မျက်တောင်လေးတွေကို မိုးပြီး မြင်ရတဲ့အခါ အာအိုယာမဟာ ကျောရိုးတစ်လျှောက် တုန်ခါသွားရပြန်တယ်။

စားသောက်ဆိုင်က နီရှီ-အဇာဘူ လမ်းဆုံကနေ တက်သွားတဲ့ တောင်ကုန်းလေး တစ်ခုပေါ်က တိတ်ဆိတ်ငြိမ်သက်တဲ့ လမ်းကလေးထဲမှာ တည်ရှိတယ်။ အီတလီ တပ်စ်ကန် ဒေသ ဟင်းလျာတွေနဲ့ နာမည်ကြီးလှတဲ့ ဒီဆိုင်ဟာ လမ်းညွှန်စာအုပ်တွေ၊ မီဒီယာတွေထဲမှာ မပါဘူး။ စားသောက်ဆိုင် စီမံခန့်ခွဲသူတွေကလည်း မီဒီယာတွေထဲ ပါမှာကို လိုလားပုံ မရဘူး။ အတွင်းပိုင်း အပြင်အဆင်က အံ့မခန်း၊ ဝန်ဆောင်မှုက လက်ဖျားခါရလောက်အောင် ကောင်းလှပြီး လာစားသောက်သူတွေ ဘယ်တော့မှ နောင်တမရစေမဲ့ ဆိုင်မျိုးပေါ့။ စားပွဲတွေကို ခြားထားတဲ့ မှန်နံရံလိုက်ကာလေးတွေနဲ့ ၁၇ ရာစုနှစ် ဖလော်ရန့် ပန်းပုလက်ရာတွေကို နံရံတစ်ချပ်လုံး အပြည့် ထုဆစ်ထားတဲ့ ဒီဆိုင်အတွက် မန်နေဂျာ ဂုဏ်ယူမယ်ဆိုလည်း ဂုဏ်ယူထိုက်တာပေါ့။

စားသောက်ဆိုင်က အကြီးစားကြီး မဟုတ်ပါဘူး။ ဒါကြောင့် ပုံမှန်ဖောက်သည် တစ်ယောက်ယောက်ရဲ့ ထောက်ခံချက် မပါဘဲ ဒီဆိုင်ကို ဘွတ်ကင်ချိတ်လို့ မရဘူး။ သူတို့ စားပွဲမှာ ဝင်ထိုင်လိုက်ကြတဲ့အခါ ယာမာဆာကီ အဆာမီရဲ့ မျက်လုံးလေးတွေဟာ အရောင်တဖျပ်ဖျပ် လက်နေတယ်။ စားပွဲထိုးလေး တစ်ယောက် ရောက်လာတယ်။ ခံတွင်းနှူး အဖျော်ယမကာ ဘာမှာကြမလဲတဲ့။ ယာမာဆာကီ အဆာမီက ကမ်ပါရီနဲ့ လိမ္မော်ရည် မှာတယ်။ သူ မှာတာ သိပ်များ တုံးလွန်းသွားသလား ဆိုတဲ့ အကြည့်နဲ့ အာအိုယာမကို ကြည့်တယ်။ အာအိုယာမက ကောင်းတယ်ဆိုတာကို မျက်နှာဟန်အမူအယာနဲ့ ပြပြီး သူ့အတွက် ဒီဆိုင်ရဲ့ စပယ်ရှယ် အဖျော်ယမကာ ဖြစ်တဲ့ ကာပက်စီယို မှာတယ်။

အဖွင့်မီနူးအဖြစ် ပါစတာသုံးမျိုး မှာတယ်။ အဓိက ဟင်းလျာအဖြစ် ဖလော်ရန်တင်း တီ-အရိုး အမဲစတိတ် နဲ့ ၁၉၈၉ ထုတ် ဘာဘာရက်စ်ကို ဝိုင်တွေကို မှာလိုက်တယ်။

ခံတွင်းနူး ယမကာအဖြစ် ကမ်ပါရီ ရောက်လာခဲ့ပြီ။

ယာမာဆာကီ အဆာမီဟာ ကမ်ပါရီကို မြို့နေတယ်။

“အဲဒါ ဘဲလေးကြောင့်လို့ ထင်တာပဲ”

အရင်းမရှိ အဖျားမရှိ ရုတ်တရက် ထပြောတဲ့ စကားကြောင့် သူ ဘာကို ဆိုလိုမှန်း အာအိုယာမ ရုတ်တရက် နားမလည်ခဲ့ဘူး။

“ဩော်... ခုနက ဆရာပြောတယ်လေ။ ဘဝရဲ့ နှိပ်စက်ခံရတဲ့ အမာရွတ်တွေ မကျန်ရစ်ခဲ့ဘူး ဆိုတာလေ၊ ဆရာ့ဆီက ဒီစကားကြားရတာ ကျွန်မ သိပ်ဝမ်းသာတာပဲ၊ အဲဒါ မှန်တယ်လို့ ထင်တယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ အမာရွတ် မကျန်တာလဲဆိုတာ စဉ်းစားနေတာ၊ တက္ကစီပေါ်မှာလည်း ဒီကိစ္စကို စဉ်းစားလာခဲ့တာ၊ ပြီးတော့ ဒီဆိုင်၊ အံ့ဩဖို့ကောင်းတဲ့ ဒီဆိုင်ကို ရောက်လာတဲ့အခါ...”

ယာမာဆာကီက စကားပြောတာ ခဏရပ်လိုက်ပြီး ပြုံးပြန်တယ်။ အင်မတန် ပြီးပြည့်စုံလွန်းတဲ့ အပြုံးပါပဲ။ ဒီအပြုံးရဲ့ ဖမ်းစားမှုကို ခံနိုင်တဲ့လူ လောကမှာ ရှိမှရှိပါလေစ။

“ကျွန်မက တစ်ခုခုကို စဉ်းစားပြီး တန့်နဲ့နဲ့ ခံစားနေတာမျိုး မရှိဘူး ထင်တယ်၊ ဒါကြောင့်လည်း စိတ်ကျရောဂါတွေ ဘာတွေ မဖြစ်တာထင်တယ်၊ ဒီရောက်တော့ ဒီ စားပွဲခင်းတွေ၊ ဖယောင်းတိုင်စွပ်တွေ၊ လက်သုတ်ပဝါတွေ၊ ဟောဒီ မှန်နံရံဒီဇိုင်းတွေ၊ နံရံပန်းချီ ကောက်ကြောင်းတွေ၊ ဒါတွေ အားလုံးဟာ အသေးစိတ် လက်နဲ့လုပ်ထားတာ ထင်တယ်နော်၊ စားပွဲတစ်ခုနဲ့တစ်ခု ဒီဇိုင်းက မတူဘူးလေ”

“ဟုတ်မယ် ထင်တယ်”

“သေချာပါတယ်၊ ဒီလက်ရာတွေဟာ အရမ်းကို ကောင်းလွန်းတယ်၊ အဲဒါတွေကို ငေးကြည့်ရင်း ခုနက မေးခွန်းရဲ့ အဖြေဟာ ခေါင်းထဲ အလိုလို ဝင်လာတယ် ဆရာ၊ အဲဒါ ဘဲလေးကြောင့်ပဲ”

“မင်း ဆိုလိုတာက အတိတ်ရဲ့ ဒဏ်ရာတွေ အနာကျက်သွားဖို့ အမာရွတ်တောင် မကျန်ခဲ့စေဖို့အတွက် ဘဲလေးက ကူညီခဲ့တယ်ပေါ့”

“ဟုတ်တယ် ဆရာ၊ မှတ်မှတ်ရရ ကျွန်မ လေးတန်းမှာပေါ့၊ ကျွန်မတို့ဟာ ဆူဂီနာမီက တိုက်ခန်းသေးသေးလေးမှာ နေကြတော့ လမ်းထဲမှာ ဘဲလေး သင်တန်းကျောင်း ခပ်သေးသေးလေး တစ်ခု ရှိခဲ့တယ်၊ အဘွားကြီး တစ် ယောက်နဲ့ သူ့သမီး ဖွင့်ထားတာ။ ကျောင်းလခကလည်း သက်သာတော့ အမေ က ကျွန်မကို ဘဲလေးသင်ပါလားလို့ အကြံပေးတယ်၊ ကျွန်မ ခန္ဓာကိုယ် အချိုး အဆစ်က ဘဲလေးအကနဲ့ အင်မတန် သင့်တော်သတဲ့၊ တစ်နှစ်လောက် သင်ပြီး တဲ့အခါ သင်တန်းဆရာမကြီးက ကျွန်မကို ဘဲလေးသင်တန်းကျောင်းကြီးမှာ ဆက်သင်သင့်တယ်လို့ ပြောလာတယ်။ ကျွန်မအတွက် မိတ်ဆက်စာကို သူ ရေးပေးခဲ့တယ်၊ ဒီလိုနဲ့ ဂျပန်ရဲ့ အကြီးဆုံး ဘဲလေး စတူဒီယိုတွေထဲက တခုဖြစ် တဲ့ မိနာမီ-အာအိုယားမား ကျောင်းမှာ ပညာတော်သင်စရိတ် ချီးမြှင့်ခံခဲ့ရတယ်”

ယာမာဆာကီက စားပွဲခင်းကို စိုက်ကြည့်နေတယ်။ အာအိုယာမက ငြိမ် ပြီး နားထောင်နေတယ်။

“အင်း... ဘယ်လိုပြောရမလဲ၊ ဘဲလေးလို အကသင်နေချိန်မှာ မ ကောင်းသော အတွေး၊ မကောင်းသော အကြံ၊ မကောင်းတဲ့အရာ အားလုံးဟာ ခန္ဓာကိုယ်ထဲက ထွက်သွားသလိုပဲ၊ အဲဒါတွေ အငွေ့ပြန်ပြီး ထွက်သွားတာကို တောင် မြင်နေရသေးတယ်။ ဘဲလေး စတူဒီယိုတွေမှာ ပတ်ပတ်လည် ကိုယ်လုံး ပေါ် မှန်ကြီးတွေရှိတာ သိတယ်မဟုတ်လား၊ အကလေ့ကျင့်ခန်း အသစ်တက် ပြီးလို့ ကိုယ့်ကိုယ်ကိုယ် မှန်ထဲကြည့်လိုက်ရင် စိတ်သစ် လူသစ် ဖြစ်နေသလိုပဲ၊ အရာရာ သန့်စင်ကြည်လင်နေသလိုပဲ၊ အလွန်တရာ လှပတဲ့ တစ်စုံတစ်ရာကို မြင်နေရတယ်၊ အင်း... သေချာတော့ ရှင်းမပြတတ်ပါဘူး၊ ဒါပေမဲ့ အဲဒီအရာ ဟာ ကျွန်မ ပြဿနာတွေကို မေ့သွားစေတယ်၊ အဲဒီလိုနည်းနဲ့ ကျွန်မ ဖြတ် ကျော်ခဲ့တာပေါ့”

ဝိုင်ထည့်ပေးတဲ့ စပယ်ရှယ် ဝိုင်စားပွဲထိုး ရောက်လာတယ်။

ဘာဘာရက်စ်ကို ဝိုင်အဖုံးကို ဝက်အူရစ်နဲ့လှည့်ပြီး ဖွင့်တယ်။ အာအိုယာ မရဲ့ ဖန်ခွက်ထဲ အရင်ဆုံး ထည့်ပေးတယ်။ အာအိုယာမက တစ်ငုံငုံပြီး ဝိုင်ကို လျှာထဲမှာ လှိမ့်ပြီး အရသာခံတယ်။ ယာမာဆာကီရဲ့ စကားတွေကြောင့်

မျက်ရည်မဝိုင်းမိအောင် အာရုံလွှဲတဲ့ သဘောလည်း ပါတာပေါ့။ သူက ဝိုင်စားပွဲထိုးကို ခေါင်းညိတ်ပြလိုက်တယ်။ နောက်ထပ် စားပွဲထိုးတစ်ယောက်က သူ့ရဲ့ခံတွင်းနှူးယမကာ ကာပက်စီယိုကို လာချပေးတယ်။ စားပွဲထိုးတွေ ထွက်သွားပြီး သူတို့နှစ်ယောက်တည်း ရှိတဲ့အခါ အာအိုယာမ စစချင်း ပြောနိုင်တာကတော့-

"အင်း... ဟုတ်တယ်" ဆိုတဲ့ စကားလုံးတွေပဲ။

ခဏနေမှ သူ ဆက်ပြောနိုင်တယ်။

"မင်းဟာ အံ့သြစရာပဲနော်၊ သိပ် အံ့သြစရာ ကောင်းတယ်"

သူတို့နှစ်ယောက် ခွက်ချင်းတွေ့ပြီး တို့စ်လုပ်ကြတယ်။

"ဆရာ တကယ်ပဲ သေချာနားလည်တယ်နော်၊ ဟုတ်တယ်မဟုတ်လား၊ ဆရာ နားလည်ခံစားတတ်တဲ့အတွက် ကျွန်မ အရမ်းဝမ်းသာတယ် ဆရာ၊ ကျွန်မလေ အရာရာကို ဘဲလေးအတွက် ပုံအောပစ်ခဲ့တယ်၊ ဘဲလေးကလွဲလို့ ကျန်တာ ဘာမှ မစဉ်းစားတော့ဘူး၊ ဒီမှာပဲ တင်ပဆုံရိုး ဒဏ်ရာရသွားတဲ့အခါ ကျွန်မကို ဘယ်သူမှ နှစ်သိမ့်ပေးနိုင်တဲ့လူ မရှိခဲ့ဘူး ဆရာ။ သူငယ်ချင်းလည်း မရှိ၊ တခြားလူတွေနဲ့ တွေ့နိုင် ဆုံနိုင်တဲ့ အခွင့်အရေးကလည်း မရှိတဲ့အခါ ခု ဆရာဟာ ဒီအကြောင်းတွေကို ကျွန်မ သေချာပြောပြဖြစ်တဲ့ ပထမဦးဆုံးသောလူပါပဲ။ ပထွေးအကြောင်းရော၊ တခြားသော ကျွန်မရဲ့အကြောင်းတွေရောပေါ့၊ အကုန်လုံးပေါ့၊ ဒီအကြောင်းတွေကို တစ်ခါမှ ဘယ်သူ့ကိုမှ ပြောမပြခဲ့ဖူးဘူးလေ"

❑

(၇)

အာအိုယာမဟာ ယာမာဆာကီကို တက္ကစီနဲ့ အိမ်လိုက်ပို့တယ်။ ညစာကို အချိန်ယူပြီး အေးအေးဆေးဆေး စား၊ ဝိုင်ကို ဇိမ်နဲ့သောက်၊ အချိုပွဲ သုံးဆောင်ပြီးကြတဲ့ အချိန်မှာတော့ ည ဆယ့်တစ်နာရီ ကျော်ခဲ့ပြီ။ တစ်နေရာရာဝင်ပြီး သောက်ကြဦးစို့လို့ ပြောရင်လည်း သူ ငြင်းမှာ မဟုတ်ဘူးဆိုတာ အာအိုယာမ က သေချာသိပေမဲ့ ဒီညအဖို့ တော်လောက်ပြီလို့ သူ ခံစားရတယ်။ လွန်ခဲ့တဲ့ ငါးနာရီအတွင်း ကြားခဲ့ရတဲ့ ဘဝဇာတ်လမ်းတွေ၊ စိတ်ခံစားမှုတွေနဲ့တင် တော်ပါပြီ။ ကံထပ်မစမ်းချင်တော့ပါဘူး။ နတ်ဘုရားတွေက ယောကျ်ားသား တစ်ယောက်အတွက် ပေးတဲ့ ပျော်ရွှင်မှုဟာ အတိုင်းအတာ ရှိရမှာပေါ့။ ဝိုင်နဲ့ ယမကာ အရှိန်တွေကြောင့် ယာမာဆာကီရဲ့ လက်ကလေးကို ကိုင်ထားချင်စိတ်တွေ ဖြစ်နေခဲ့ပေမဲ့ ဒါကိုလည်း သူ တွန်းလှန်နိုင်ခဲ့တယ်။ အသက် ၄၂ နှစ် ရှိပြီဖြစ်တဲ့ ယောကျ်းတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်ရဲ့ လက်ကလေး ကိုင်ဖို့ ချီတုံချတုံ ဖြစ်နေတာ ဘယ်လောက် အဓိပ္ပာယ်မဲ့လိုက်သလဲ။

နာကာမီဂူရို ဘူတာနားမှာ တက္ကစီ ရပ်လိုက်တဲ့အခါ မကြာခင် နောက်တစ်ကြိမ် ညစာစားကြပါဦးစို့လို့ သူ ပြောလိုက်တယ်။

“ဟုတ်၊ ဘယ်တော့လဲ ဆရာ”

ယာမာဆာကီဟာ အားတက်သရော မေးပြီးမှ သူ့ကိုယ်သူ သတိပြုပြီး သွားဟန်နဲ့ ရုက်ကိုးရုက်ကန်း ဖြစ်သွားတယ်။ မဟုတ်တာ လုပ်နေတဲ့ ကလေးကို လူမိသွားသလိုမျိုးပေါ့။ ဒါကို သူ့မျက်နှာလေးပေါ်မှာ ထင်ထင်ရှားရှား တွေ့ရပါတယ်။ ရုက်သွေးတက်လာတာ၊ ခေါင်းလေး မသိမသာ ငုံ့သွားတာ၊ ရင်ထဲက အပျော်အတွက် ရုက်ပြုံးလေး ပြုံးလိုက်တာ၊ ဒါတွေဟာ စကားလုံးပေါင်း အသိန်းအသောင်းထက် ပိုပြီး အစွမ်းထက် လှတယ်။ အာအိုယာမတော့ အချစ်ဆိပ်သင့်ပြီ ထင်ပါရဲ့။

“ကိုယ် ဖုန်းဆက်လိုက်မယ်”

“ကျွန်မ စောင့်နေမယ်နော်”

※※※

“ခုချိန်ကြီး ဒုက္ခပေးမိတာ စိတ်တော့ မကောင်းဘူးဗျာ”

အိမ်အပြန် တက္ကစီပေါ်မှာတင် မိုဘိုင်းဖုန်းနဲ့ ယိုရှိကာဝါဆီ ခေါ်လိုက်မိတယ်။ ဒီည ဒိတ်တဲ့အကြောင်း ပြောပြချင်လှပြီ၊ တက္ကစီနောက်ခန်းမှာ ထိုင်ရင်း တိမ်ပေါ် ရောက်နေသလိုလို၊ သူ့သွေးကြောထဲက သွေးတွေဟာ ပျားရည်တွေအဖြစ် ပြောင်းသွားသလိုလို၊ သူ့ဘေးထိုင်ခုံ ခေါင်းမှီနေရာမှာ ယာမာဆာကီရဲ့ ရေမွှေးနံ့ သင်းသင်းလေးက စွဲကျန်ခဲ့တယ်။ လက်ကလေး ကိုင်ထားရ ကောင်းမလားလို့ ဝိရောဓိ ဖြစ်ခဲ့တာကို သတိရမိတယ်။ အချစ်ဟာ သူ့အရွယ် ယောကျ်ားတစ်ယောက်ကိုတောင် သုခဘုံ ရောက်နေသလို အရသာနဲ့ ခံစားချက်တွေ ပေးစွမ်းနိုင်တာကိုး။ ဒါကြောင့် လက်ဆွဲအိတ်ထဲက ဖုန်းကိုထုတ်ပြီး ဒီအကြောင်းကို ကမ္ဘာပေါ်က အသက်လေးဆယ်ကျော် ယောကျ်ားတိုင်း သိသင့်တယ်လို့ တွေးလိုက်တယ်။ ဒါပေမဲ့ တကယ်တော့ ယိုရှိကာဝါဆီပဲ ဖုန်းခေါ်ဖြစ်တာပါ။ ကမ္ဘာပေါ်က အသက်လေးဆယ်ကျော် ယောကျ်ားထုကြီး ကိုယ်စားပေါ့။

“ခင်ဗျား အိပ်နေပြီလား”

“ဘာကိစ္စတုံး သူငယ်ချင်း၊ သန်းခေါင်တောင် ရောက်တော့မယ်”

ယိုရှိကာဝါဟာ အသံနွမ်းကြီးနဲ့ ဖြေတယ်။ ပင်ပန်းနေတာလား၊ မူးနေတာလား တစ်ခုခုပဲ။ အာအိုယာမဟာ သူ့အိမ်ကို ခဏခဏ ရောက်ဖူးတယ်။ ဧည့်ခန်းကျဉ်းလေးထဲ ထိုင်၊ မိန်းမနဲ့ ကလေးတွေ အိပ်ချိန်မှာ ကော်ဒွန်ဘလူကို သောက်၊ ပုလင်းနဲ့ ဖန်ခွက်တွေကို ဂေါက်သီးရိုက် ဆုတံဆိပ်တွေ တင်ထားတဲ့ စင်ပေါ်ကယူ၊ မီးဖိုခန်းထဲမှာ ချိစ်တုံးလေး နည်းနည်း လှီးယူပြီး မဂ္ဂဇင်းတစ်အုပ်၊ ဗွီဒီယိုတစ်ကားနဲ့ ကိုယ့်ဘာသာကိုယ် ရှာကြံ အပန်းဖြေနေရတဲ့ သနားစရာ သူငယ်ချင်း၊ အိပ်ခါနီး တစ်ယောက်တည်း မူးအောင် သောက်ရုံမှတစ်ပါး အခြားမရှိရှာတဲ့ လူ။ သူ့ကို သိအောင် ပြောရမယ်။ သက်လတ်ပိုင်း အမျိုးသားတွေအဖို့ အခွင့်အရေးတွေအားလုံး ကျန်ရစ်ခဲ့ပြီ ဆိုပြီး လက်မြောက်အရှုံးပေးဖို့ မလိုဘူး ဆိုတာကိုပေါ့။

“ဒီည ကျွန်တော် ဒိတ်ဖြစ်ခဲ့တယ်”

ကြွားတဲ့ဝါတဲ့ အသံမျိုးမဖြစ်အောင် သတိထားပြီး သူ ပြောလိုက်တယ်။

“အိုး... ဟုတ်လား၊ ဆိုတော့...”

“သူ့အတိတ်အကြောင်းတွေ အကုန်သိခဲ့ရတယ်”

“ဘယ်လိုမျိုးတွေလဲ”

“ခင်ဗျားကို အကုန်ပြောပြလို့ မဖြစ်ဘူး၊ သိပ်ကို ပုဂ္ဂိုလ်ရေး ဆန်တာတွေကိုး၊ သူ့ကလေးဘဝက အတော် ခက်ခဲခဲ့ရှာတာ၊ ကြီးပြင်း လူလားမြောက်လာအောင် သူ့ဘာသာသူ ကြိုးစားရုန်းကန်ခဲ့ရတယ် ဆိုပါတော့၊ ဒါပေမဲ့ ခင်ဗျား တွေးထားသလိုမျိုး...”

ဟင်... ယိုရှိကာဝါဟာ ဘာမှ ပြန်မပြောပါလား။

“ဟယ်လို... ယိုရှိကာဝါ၊ ခင်ဗျား ရှိနေသေးလား”

“ရှိပါတယ်”

ယိုရှိကာဝါရဲ့ စိတ်မရှည်တဲ့ အသံကြောင့် အာအိုယာမရဲ့ အချစ်သုခတွေ ပိုပြီး ပြင်းထန်လာတယ်။ ကြည့်စမ်း၊ ဒီ အကောင်ကြီးဟာ သူငယ်ချင်းအတွက် တောင် ဝမ်းမသာနိုင်ရှာပါလား၊ ထင်ရှားတဲ့ အမျိုးသမီး ဂျာနယ်လစ်တစ် ယောက် ရေးတဲ့ ဆောင်းပါးတစ်ခုကို သူ သတိရမိတယ်။ စိတ်ခံစားမှုကို ဖော်ပြတဲ့ အမူအရာအကြောင်းတွေပေါ့။ ပျော်လို့ ပြုံးတာ၊ စိတ်ညစ်လို့ နဖူးကြောကြီး ရှုံ့နေတာ၊ စိတ်ဆင်းရဲလို့ နှမ်းလျ သာခွေယိုင်နေတာ၊ ဒါတွေသာ မရှိခဲ့ရင် ဘဝတွေဟာ ခြောက်သွေ့လွန်းမှာတဲ့။ သူက ဆက်ရေးထားတယ်။ ‘စိတ်ခံစားမှုများဖြင့် ပြည့်နှက်နေသော ဘဝသည် အချို့သော လူများအတွက်သာ ရနိုင်သော အခွင့်အလမ်း ဖြစ်ပေသည်’ တဲ့။ ယိုရှိကာဝါဟာ အဲဒီ အချို့သော လူများထဲမှာ ပါပုံမရဘူး။

“ကျွန်တော်တော့ ဒီအကြောင်းတွေ ကြားပြီးတဲ့အခါ သူ့ကို တကယ်ပဲ အထင်ကြီးမိတယ်”

“အင်း... ကောင်းတာပေါ့”

မဟုတ်သေးဘူး၊ ယိုရှိကာဝါရဲ့ အသံဟာ စိတ်မရှည်တဲ့ အသံထက် စိတ်ဆင်းရဲနေတဲ့ အသံမျိုး ဖြစ်နေတာ။

“ယိုရှိကာဝါ ဘာတွေဖြစ်လို့လဲ ဟင်”

ပြန်မဖြေဘူး။

ဖုန်းချလိုက်မှ ကောင်းမယ် ထင်တယ်။

“အင်းလေ၊ ဒါဆိုလည်း နောက်မှပဲ ပြန်ခေါ်...”

“မဟုတ်ဘူး မဟုတ်ဘူး၊ ရပါတယ်၊ ကျွန်တော်က ခင်ဗျား ပျော်နေတာလေးကို မဖျက်ဆီးချင်လို့ပါ၊ ကျွန်တော့် အမေလေ၊ ခင်ဗျား သိတယ် မဟုတ်လား”

“အင်း... သိတယ်လေ၊ တစ်ခုခုများ ဖြစ်လို့လား”

သူ့အမေ ဆုံးသွားပြီ ထင်တယ်၊ ဘုရားရေ၊ ဒုက္ခပါပဲ၊ ငါက ငါပြောချင်တာတွေ ဇွတ်ပြောနေတာ၊ သူ ဘာဖြစ်နေလဲဆိုတာ မမေးမိဘူး၊ အင်း... ငါက တောင်ထိပ်ပေါ်က ခံစားချက်မျိုးကိုး၊ ငါ့ သူငယ်ချင်း ချောက်ထဲ ကျနေတာကို မမေးမိဘူး၊ ဖြစ်မှဖြစ်ရလေ။

“သူငယ်ချင်း၊ မပြောနဲ့တော့နော်”

“ဟာ... အဲဒီလို မဟုတ်ပါဘူးဗျ၊ အမေက ထုံးစံအတိုင်းပေါ့၊ အသက်ကြီးလွန်းတော့ သတိလက်လွတ်နဲ့၊ အင်း... လေ့ကားပေါ်က ပြုတ်ကျတာဗျ၊ ခက်သားပဲ၊ တစ်ခါတလေကျတော့လည်း အမေ့ကို ဟိုသင်း ဖြစ်သွားလည အားလုံး ဒုက္ခငြိမ်းမယ်လို့... တော်ပါပြီဗျာ၊ ဘာတွေပြောမိနေမှန်း မသိပါဘူး ဆောရီးပါပဲ”

“သူငယ်ချင်း ကျွန်တော်က တောင်းပန်ရမှာပါ၊ ခင်ဗျား ခုလို ဖြစ်နေချိန်မှာ အလိုက်ကမ်းဆိုးမသိ ကိုယ် ပြောချင်တာပြောဖို့ အချိန်မတော် ဖုန်းခေါ်မိတာ ကျွန်တော်လေ”

“ဟေး... သူငယ်ချင်း၊ ခင်ဗျား ဖုန်းခေါ်တာကို ကျွန်တော် ဝမ်းသာပါတယ်၊ ကျွန်တော် စိတ်ဓာတ်ကျနေတာတော့ အမှန်ပဲဗျ၊ လူကြီးတွေ သူငယ်ပြန်ပြီဆိုရင် တခြားတစ်ယောက်လို ဖြစ်သွားတော့တာပဲလို့ ကြားဖူးပေမဲ့ အဲဒါက အမေဖြစ်နေမယ် ဆိုရင်... ဆိုးတာပေါ့ဗျ၊ ဒါပေမဲ့လေ တကယ်တမ်း ခံစားရတာက ကျွန်တော့် မိန်းမပါ၊ တကယ်ဆို အစကတည်းက သက်ကြီးစောင့်ရှောက်ရေး ဂေဟာမှာ အမေ့ကို ထားရမှာ၊ နေ့ရွေ့ညရွေ့နဲ့ ခုနစ်နှစ် ကြာသွားခဲ့တယ်၊ အနီးကပ် အမေ့ကို ပြုစုရတာက မိန်းမလေ၊ မိန်းမက ကျွန်တော့်

အမေကို ကျွန်တော့်ထက်ပိုပြီး စိတ်ပူတယ်၊ တစ်ခုခုဖြစ်တိုင်း ငိုကြီးချက်မနဲ့ သူ့အပြစ်ပါလို့ ပြောရှာတာ၊ အမေနဲ့ သူနဲ့ ကြားမှာ ကျွန်တော် မသိတဲ့ သေချာနားမလည်တဲ့ သံယောဇဉ်ကြိုးတစ်ခု ရှိတယ် ထင်တယ်”

“ခု ခင်ဗျားအမေ အခြေအနေ ဘယ်လိုလဲ”

“အင်း... ခြေထောက်ပဲ ထိသွားတာပါ၊ ခု ဆေးရုံမှာလေ၊ မိန်းမ လိုက်သွားတယ်။ အမေ့ခြေထောက်တွေက တိုတိုလေးတွေ၊ ဒါပေမဲ့ လှေကားပေါ်က ကျတော့ ခြေချင်းဝတ် ကျိုးသွားရှာတယ်။ အသက်ငယ်တဲ့ လူတွေလို မဟုတ်ဘူးတဲ့၊ ဆရာဝန် ရှင်းပြတာကတော့ မီးသွေးခဲကို တူနဲ့ ထုခွဲလိုက်သလို အရိုးတွေဟာ အမှုန့်ဖြစ်ပြီး အင်း... ပကတိအတိုင်းတော့ ဘယ်တော့မှ ပြန်မကောင်းနိုင်တော့ဘူး ဆိုပဲ၊ အဲဒီအကြောင်း တွေးရင်း အိမ်မှာ တစ်ယောက်တည်း ထိုင်သောက်ဖြစ်နေတယ် ဆိုပါစို့၊ အရှုံးသမားပေါ့လေဗျာ၊ မဟုတ်ဘူးလား”

“အဲလို မပြောပါနဲ့ ယိုရှီကာဝါရယ်”

“သက်ကြီး စောင့်ရှောက်မှု ဂေဟာတွေဟာ သိပ်ကောင်းသတဲ့”

“အင်း... လက်ကမ်းစာစောင်တွေမှာ ဖတ်မိပါတယ်”

“ဈေးကလည်း အရမ်းကြီးသတဲ့၊ အင်း... ထားပါတော့လေ ပြောမိတာ ဆောရီးပါ”

“ကိစ္စမရှိပါဘူး သူငယ်ချင်းရာ”

“တကယ်တော့ ခင်ဗျားကို မနာလိုဘူး အာအိုယာမ၊ ကျုပ်နဲ့ သက်တူရွယ်တူ သူငယ်ချင်းက အသက် ၂၄ နှစ်အရွယ် ချစ်စရာကောင်းတဲ့ လှလွန်းတဲ့ ကလေးမလေးနဲ့ ဒိတ်လုပ်နေတဲ့အချိန်၊ ကျုပ်ကတော့... ကြည့်စမ်း ဘယ်လောက်များ ကွာခြားလိုက်သလဲ ဆိုတာ”

အာအိုယာမဟာ ပြန်မပြောဘူး။ သူနဲ့ ယာမာဆာကီကို ဆုံစည်းအောင် ဖန်တီးပေးခဲ့တဲ့ သူငယ်ချင်းဟာ ခု ခံစားနေရပြီ။ တစ်ခုခု စိတ်သက်သာရာရအောင် ပြောလိုက်ချင်ပေမဲ့ သူ့ရဲ့ ချစ်မာန်တက်နေတဲ့ စိတ်အခြေအနေဟာ သူတစ်ပါးရဲ့ ဒုက္ခကို ခံစားနားလည်ပေးနိုင်ဖို့ မလွယ်ဘူး လေ။

“အို ဒါနဲ့”

ယိုရှီကာဝါက ခဏငြိမ်သွားတယ်။ သက်ပြင်းချသံ ကြားရတယ်။

“ထားလိုက်ပါတော့၊ ဘာမှ မဟုတ်တော့ဘူး”

“ဘာလဲဗျ”

“ဘာမှ မဟုတ်ဘူး၊ မေ့လိုက်တော့”

“ဟာ... ပြောပါဗျ”

“ကောလာဟလပါ၊ ဘားက ကောင်မလေး တစ်ယောက်ဆီက ကြားလာတာ၊ စိတ်ချရတဲ့ သတင်းရင်းမြစ်လည်း မဟုတ်ပါဘူး”

“အင်း”

“ဟို တေးသံသွင်းက ရှီဘတလေ၊ သူ့ ခြေထောက်ဟာတဲ့”

ခြေထောက်... ဟုတ်လား။ ရှီဘတ ဆိုတဲ့ နာမည်က မိုးထိပျံနေတဲ့ အာအိုယာမရဲ့ စိတ်တွေကို မြေကြီးအောက် ဆွဲချလိုက်သလိုပဲ။ မိန်းမလိုက်စားတဲ့ ဒီ ပရိဂျူဆာဟာ ယာမာဆာကီနဲ့ တစ်ဆင့်ခံ ဆက်သွယ်ဖူးတယ်။ ဒါမှမဟုတ် ဒီထက်ပိုတဲ့ ဆက်ဆံရေးမျိုး ရှိလေမလား။ စိတ်ကူးကြည့်တာနဲ့တင် ဒီမအေပေးကို တူးတူးခါးခါး မုန်းမိတယ်။ ရှီဘတဟာ ညတိုင်း မိန်းမလှလေးတွေ ထည်လဲနဲ့ ညစာစားမယ်၊ သူ မကိုင်ရက်လို့ ချီတုံချတုံ ဖြစ်နေတဲ့ ယာမာဆာကီရဲ့ လက်ကလေးကိုတင်မက၊ တစ်ကိုယ်လုံးကို...။

ဒီအကောင့်ကို သတ်ပစ်ရမှာ၊ ခု သတ်စရာမလိုဘဲ သူ့ဘာသာသူ သေသွားတာကို ကျေးဇူးတင်ရမယ်။

“ရှီဘတဟာ အဆက်အသွယ်ကောင်းတဲ့ မိသားစုက ဆင်းသက်လာတာ၊ ကောလာဟလ သတင်းတွေအရတော့ ရှီဘတဟာ ခြေထောက် ဖြတ်ခံရသတဲ့။ တစ်ယောက်ယောက်က သူ့ခြေထောက်ကို ခြေချင်းဝတ်ကနေ ဖြတ်ပစ်ဖို့ ကြိုးစားလို့ နှလုံးရပ်ပြီး သေရတာ၊ တစ်နည်းအားဖြင့်တော့ အသတ်ခံရတာတဲ့၊ ဘားဆိုင်က ကလေးမဆီက ကြားလာတာပဲ၊ ကြားရတာတော့ ၁၃ ရက်နေ့ သောကြာ (Friday the 13th) သရဲကားလိုပဲ၊ ဟုတ်ဟန်တော့ မတူပါဘူး”

အာအိုယာမဟာ စိတ်သက်သာသွားတယ်။ ဒီကောလာဟလမျိုးက သူ့ယာမာဆာကီနဲ့ ဘာမှ မပတ်သက်ဘူးလေ။ တကယ်လို့ ကောလာဟလ မှန်ခဲ့ရင်တောင် ခွေးမသား ရှီဘတဟာ သူနဲ့ ထိုက်တန်တာကို သူ ရတာပဲ။ အာအိုယာမဟာ ချစ်စိတ်မွန်နေတာရယ်၊ မနာလိုအူတိုတာရယ်၊ အရက်အရှိန်ရယ် ပေါင်းပြီး ဒီအကြောင်းကို ခေါင်းထဲက ပယ်ချ ထုတ်ပစ်လိုက်တယ်။ မစဉ်းစားတော့ဘူး၊ တစ်နည်းအားဖြင့်တော့ ဒီကိစ္စကို ဟိုတယ်ကဖေးဆိုင်မှာ ဝိုးချဲ့နဲ့ ဝင်လာတဲ့ ကောင်လေးနဲ့ ဆက်စပ်စဉ်းစားမိလောက်အောင် သူ ကံအကြောင်း မလှခဲ့ဘူး ဆိုပါစို့။

※※※

“အမယ်လေး... အဖေကိုး၊ ဂန်းစတားက ဟောင်နေတော့ ကျွန်တော်က အိမ်ကို သူခိုးကပ်ပြီ မှတ်နေတာ”

အိမ်ရှေ့တံခါးမကြီးကို ဖွင့်ပြီးဝင်လာတော့ ညအိပ်ဝတ်စုံနဲ့ ရှီဂေးကို မတ်တတ်ရပ်ပြီး စစ်သုံး ဓါးမြောင်ကြီး ကိုင်လျက်သား တွေ့ရတယ်။

“ဟာ... မင်း ဒါကြီး ဘယ်က ရလာတာလဲ”

ဓါးမြောင်ကြီးဟာ ဧရာမကြီး၊ အသွားတင် ၃၀ စင်တီမီတာလောက် ရှည်တယ်။

“ဒါကြီးက အဖေပဲ ဝယ်လာတာလေ၊ စင်ကာပူကလား ဟောင်ကောင်ကလား မသိ”

“ဟုတ်လား၊ အေး... ငါ့ဘာသာငါပဲ အပြစ်တင်ရမှာပဲ ဒါဆို”

ဧည့်ခန်းထဲကနေ မီးဖိုချောင်ထဲ သွားရင်း သတိရလာတယ်။ ဟုတ်သားပဲ။ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က သူ အရှေ့တောင်အာရှဘက် သွားရင်း မနီလာ လဟာပြင်စျေးထဲက ဝယ်လာတာ။ အဲဒီတုန်းက အန္တရာယ်ကြီးတဲ့ပစ္စည်း အိမ်ကို သယ်လာရကောင်းလားဆိုပြီး ရှိကို ပွမ်တာ ခံရသေးတယ်။ အဲဒီနောက်ပိုင်း စုပ်စမြုပ်စ ပျောက်သွားတာ။

“မင်း ဘယ်က တွေ့တာလဲ သား”

ရေခဲသေတ္တာထဲက အီဗီယန် ရေသန့်တစ်ဘူးကို ဖောက်၊ ဆိုဖာပေါ်လှဲရင်း ရေကို တဂွပ်ဂွပ်သောက်ရင်း မေးလိုက်တယ်။

“တွေ့တာ သိပ်မကြာသေးဘူး အဖေ”

ဓားမြှောင်ကို ပလတ်စတစ် ဓားအိမ်ထဲ ပြန်ထည့်ရင်း ရှီဂေးက ဖြေလိုက်တယ်။

“ဘယ်နေရာကလဲ”

“အဖေ့ အရက်ဗီရိုထဲကပေါ့”

“ဟင်... ငါလည်း တစ်ခါမှ မတွေ့ဖူးပါဘူး”

“အောက်ဆုံးထပ် အဖေ့ ဝိုင်ပုလင်းတွေ အနောက်မှာ အမေက အဖေ့ အတွက် ထည့်ထားတာဗျ”

အရက်ဗီရို အောက်ဆုံးထပ်က တံခါးနှစ်ထပ်နဲ့ သော့ခတ်ထားတာ။ အာအိုယာမ ဥရောပသွားတိုင်း ဝယ်လာတဲ့ ကောင်းပေ့ဆိုတဲ့ ဝိုင်ပုလင်းတွေ ထည့်သိမ်းထားတာ။

“ဘာလို့ အဖေ့အတွက် ထည့်ထားတာ ဖြစ်ရပြန်တာတုံး”

“အမေက ဘယ်ပစ္စည်းကိုမှ လွှင့်ပစ်လေ့ မရှိဘူးလေ၊ အဖေ ဝယ်လာတာကို သဘောမကျရင် ပွစိပွစိ လုပ်မယ်၊ လွှင့်ပစ်မယ် ဘာညာ ပြောပေမဲ့ တကယ်တမ်း ဘာကိုမှ မပစ်ဘူး၊ အကုန်သိမ်းထားတာ”

“အင်း... ဟုတ်တယ်၊ ဟုတ်တယ်”

အာအိုယာမဟာ ခေါင်းညိတ်ရင်း မျက်လွှာချပြီး ပြုံးနေမိတယ်။ စိတ်ထဲမှာ ရှိကို့ မျက်နှာကို မြင်ယောင်လာတယ်။ ရှီဂေးလည်း ဒီလိုပဲ မြင်ယောင်နေမယ်လို့ သူ ထင်တယ်လေ။

“ဓားက အသစ်အတိုင်းပဲ၊ သံချေးလည်း မလိုက်ဘူး၊ အဲဒီနေရာက စိုထိုင်းဆ နည်းတယ်လေ၊ ပစ္စည်းသိမ်းဖို့ အကောင်းဆုံးပေါ့”

“မင်း ဘယ်လိုလုပ် ရှာတွေ့လဲ”

“လွန်ခဲ့တဲ့ နှစ်လလောက်က ပိန်ပိန်ရှည်ရှည် ကျွန်တော့် ဘော်ဒါတစ်ကောင် အိမ်လာအိပ်တာ မှတ်မိလား”

ရှီဂေးက ကျောင်းမှာ ပေါ်ပြူလာလေ၊ ရံဖန်ရံခါ သူငယ်ချင်းတွေ ညအိပ်ညနေ အိမ်ခေါ်လာတတ်တယ်။ အာအိုယာမက မသိကျိုးကျွန်ပေမဲ့ ရီးစံက ဧည့်သည်လာရင် တနင့်တပိုး ချက်ကျွေးတော့တာ။

“အဲဒီကောင်က ဝိုင်ခရေဇီဗျ”

“ဘယ်လို၊ အထက်တန်း ပထမနှစ် ကျောင်းသားက ဝိုင်ခရေဇီတဲ့လား”

“အင်း... သူက ဟိုဟာ ဖြစ်ချင်တာလေ၊ အဖေတို့ ခေါ်ခေါ်နေတာဘာ... စားပွဲထိုးလေ”

“ဝိုင်စပယ်ရှယ်လစ် စားပွဲထိုး”

“အင်း... အဲဒါ ဖြစ်ချင်တာ၊ ဒါကြောင့် အဖေ့ ဝိုင်ဗီရိုကို ကြည့်ချင်တာ”

“ဟေ... အသက် ၁၅ နှစ်မှာ သူ ဘာဖြစ်ချင်တယ် ဆိုတာ ဆုံးဖြတ်ပြီးပြီတဲ့လား”

“အတော်များများက အဲဒီလိုပဲ”

“ဩော်... အဲဒါ ကောင်းပါ့မလားဟာ၊ ငယ်ငယ်ရွယ်ရွယ်မှာ ဆုံးဖြတ်တာ မမှားနိုင်ဘူးလား”

“ခေတ်က အဖေတို့ခေတ် မဟုတ်တော့ဘူး အဖေ၊ ကမ္ဘာသစ်ဗျ၊ အဖေတို့ ငယ်ငယ်ကလို ရွှေရောင်နေ့ရက်များ မဟုတ်ဘူး၊ နေရာတကာ ယိုယွင်းပျက်စီးခြစားနေတဲ့ ခေတ်ဗျ”

“အင်း... ဒါတော့ ဟုတ်ပါတယ်”

“ဦးနှောက်ရှိတဲ့ လူတိုင်း ဒီတိုင်းပြည် ရနေတဲ့ အောင်မြင်မှုတွေဟာ ရေရှည်မခံဘူးဆိုတာ သိတယ် အဖေ၊ ဝိုင်စပါယ်ရှယ်လစ်ဆိုတာ ကောင်းတဲ့ စိတ်ကူးပါပဲ၊ လက်တွေ့ကျတယ်၊ တကယ်လုပ်ရင် တကယ်ဖြစ်နိုင်တယ်၊ ကျွန်တော်တို့ အသက်အရွယ်မှာ ကိုယ်ဘာဖြစ်ချင်တယ် ဆိုတာကို ဆုံးဖြတ်ကြတာပဲ၊ တချို့က ဆော့ဖ်ဝဲလ် အင်ဂျင်နီယာတဲ့၊ ဂရပ်ဖစ်ဒီဇိုင်နာတဲ့၊ ကွန်ပျူတာ

နဲ့ ပတ်သက်တာတွေပေါ့၊ ဒါပေမဲ့ တစ်ခုခုကို စပါယ်ရှယ်လစ် ဖြစ်ချင်ရင် စောစောစလေ ကောင်းလေ မဟုတ်လား”

“မင်းကကော ဘာဖြစ်ချင်လဲ”

“ခုတော့ မဆုံးဖြတ်သေးဘူး၊ ကျွန်တော်က ဇီဝဗေဒနဲ့ ဓာတုဗေဒကို ကြိုက်တယ်။ ဒါပေမဲ့ ဇီဝဓာတုဗေဒ၊ မော်လီကျူး ဇီဝဗေဒတို့ကို ကျွန်တော် ဘာမှမသိသေးဘူးလေ၊ ဒါကြောင့်”

ရှီဂေးက ဓားမြှောင်ကို နေရာတကျ ပြန်ထားတယ်။ သေ့ကို အာမက် နက် ပုလင်းနောက်က ဝှက်နေကျနေရာမှာ ပြန်ချိတ်တယ်။

“မင်း ရန်ဖြစ်တာတို့ ဘာတို့မှာ ဒါကို မသုံးနဲ့နော်၊ အိမ်ဖောက်ခံရ ရင်တောင် မသုံးနဲ့ကွာ၊ လက်နက်ရှိရင် အန္တရာယ်ကြီးတယ် သားရယ်”

“သိပါတယ် အဖေ၊ ဒါပေမဲ့ ညကြီးသန်းခေါင် ဂန်းစတားဟောင်တော့ လက်နက်မရှိရင် ဘယ်လိုလုပ်မလဲ၊ ကျွန်တော်က တစ်ယောက်တည်းလေ”

အာအိုယာမက နာရီကြည့်လိုက်တယ်။

အင်း... ည တစ်နာရီ ထိုးတော့မယ်။ သူပျော်ရွှင်ဖို့ သားကို အိမ်မှာ တစ်ယောက်တည်း ထားခဲ့မိလို့ အပြစ်မကင်းသလို ခံစားလာရတယ်။ အီဗီယန် ရေဘူးကို အကုန်သောက်လိုက်ပြီး -

“အေးပါ သားရယ်၊ နောက်ဆို ညဥ့်နက်အောင် မနေတော့ပါဘူး” လို့ ပြောလိုက်တယ်။

ရှီဂေးက အပေါ်ထပ်တက်ဖို့ လှေကားဆီ ဦးတည်ရင်း -

“အခြေအနေက ဘယ်လိုလဲ အဖေ လို့ မေးတယ်။

“ဘာအခြေအနေလဲ”

“ဒိတ်တာလေ”

“အခြေအနေက ကောင်းသကွ၊ သူက ကလေးဘဝမှာ ကံဆိုးခဲ့တယ် ဆို ပါစို့၊ ဒီည အဲဒီအကြောင်း အတော်များများ သိလာခဲ့တယ်၊ နှိပ်စက်တတ်တဲ့

မိသားစုမှာ ကြီးပြင်းလာပေမဲ့ အဲဒီ စိတ်ဒဏ်ရာတွေကို ဘဲလေးနဲ့ ကုစားနိုင်ခဲ့တယ်။ သူ့ခြေထောက်ပေါ် သူ ရပ်တည်နိုင်ခဲ့တယ်ပေါ့”

ရှီဂေးဟာ လှေကားတစ်ဝက်လောက်မှာ ရပ်သွားတယ်။ သူ့ကို လှည့်ကြည့်တယ်။

“ဘာဖြစ်ပြန်ပြီတုံး”

ရှီဂေးက ပခုံးတွန့်ပြလိုက်တယ်။

“ကျွန်တော် ဘဲလေးအကြောင်း ဘာမှ မသိဘူး၊ ဒါပေမဲ့ ကလေးဘဝက စိတ်ဒဏ်ရာဆိုတာ လွယ်လွယ်နဲ့ ကုစားလို့ မရဘူး ဆိုတာတော့ သိတယ် အဖေ” လို့ ပြောလိုက်တယ်။

အင်း... သားဟာ ကြီးပြင်းလာပြီ၊ အရွယ်နဲ့ မလိုက်အောင် ရင့်ကျက်လာပြီလို့ အကြိမ်တစ်ထောင်မြောက်အဖြစ် အာအိုယာမ တွေးနေမိတယ်။ သူက ပြုံးလိုက်ပြီး သူ့သားကို ဂွတ်နိုက်လို့ ပြောတယ်၊ အချစ်ကိစ္စကို ရှီဂေး နားလည်မှာပါလို့ သူ့ကိုယ်သူ အသံတိတ် ပြောလိုက်တယ်။

“ဂွတ်နိုက် အဖေ”

လှေကားထိပ်ကနေ ရှီဂေးက လှမ်းပြောတယ်။ သူ့အသံက နူးညံ့ပြီး အရွယ်ရောက်ပြီးသား လူကြီးတစ်ယောက်လိုပဲလေ။

※※※

ဆောင်းဦးကာလကနေ ဆောင်းရာသီကို ရောက်လာခဲ့ပြီ။

တိုကျိုအက်ဖ်အမ်မှာ အပိုင်းလိုက် ထုတ်လွှင့်နေတဲ့ မနက်ဖြန်ရဲ့ သူရဲကောင်းမယ်လေး အစီအစဉ်ဟာလည်း တိတ်တိတ်ဆိတ်ဆိတ် သေဆုံးတော့မယ့် အချိန် နီးကပ်လာခဲ့ပြီ။

အစီအစဉ် ပြီးခါနီးမှာ ဇာတ်ညွှန်းကိစ္စ အခက်အခဲကြောင့် နောက်ထပ် လူရွေးပွဲတွေကို ဆိုင်းငံ့ထားတယ်လို့ ကြေညာဖို့ ယိုရှီကာဝါက ပြောတယ်။ ဒါ ပြဿနာ မဟုတ်ပါဘူး။ နှစ်စဉ်နှစ်တိုင်း ရုပ်ရှင် တစ်ဒါဇင်လောက်ဟာ ဒီလိုပဲ အကြောင်းမညီညွတ်လို့ ရိုက်ကူးရေး ဖျက်သိမ်းလေ့ ရှိတာကိုး။

“ကျွန်တော်တို့က တကယ့် ရုပ်ရှင်ထုတ်လုပ်သူ စစ်စစ်လည်း မဟုတ်တဲ့ အတွက် ဘာမှ ဂုဏ်သိက္ခာ ထိခိုက်စရာလည်း မရှိဘူး၊ ကြိုးစားတယ်၊ အဆင်မ ပြေလို့ ပျက်တယ် ဒါပဲလေ၊ နောက်နှစ်ပတ်လောက်ဆို အားလုံး ဒါကို မေ့သွား ကြမှာ”

ခုတစ်လော ယိုရှီကာဝါဟာ ပြန်တက်ကြွလာတယ်။ သူ့အမေကို တိုက်ျို ဆင်ခြေဖုံးက သက်ကြီး စောင့်ရှောက်ရေးဂေဟာကို ပို့လိုက်ပြီ။

“ခင်ဗျားအဖို့ကတော့ ခက်ခဲလိမ့်မယ် အာအိုယာမ၊ ခင်ဗျားရဲ့ အချစ်တုံး လေး ယာမာဆာကီစံကို ဒီရုပ်ရှင် ဆက်မလုပ်ဖြစ်တော့ဘူး ဆိုတာ ပြောရတော့ မယ်လေ၊ ခင်ဗျား သူနဲ့ မအိပ်ရသေးဘူး မဟုတ်လား၊ အမှန် မပြောရသေးခင် အိပ်လိုက်မိရင်တော့ ပြဿနာများမယ် ဆိုတာ ကျွန်တော် သိတယ်ဗျ”

အိပ်ဖို့မပြောနဲ့ လက်တောင် မကိုင်ဖြစ်သေးပါဘူးလေ။ လွန်ခဲ့တဲ့ နှစ်လ အတွင်း သူတို့နှစ်ယောက် လေးငါးခါလောက် ဒိတ်ထပ် လုပ်ကြပြီးပြီ။ ညစာ စားကြ သောက်ကြ၊ စကားပြောကြ ဒီလောက်ပါပဲ။ သူနဲ့အတူ ရှိရတာကို ယာမာဆာကီ ကျေနပ်တယ်၊ ပျော်တယ်ဆိုတာ သူ သေချာသိတယ်။ သူ ဖုန်း ခေါ်လိုက်တိုင်း ယာမာဆာကို့ အသံဟာ ရွှင်မြူးကြည်လင်နေတာပဲ။ အမြဲတမ်း သေချာပြင်ဆင် ခြယ်သပြီး ရောက်လာလေ့ ရှိတယ်။ သူကတော့ တစ်ခါတွေ့ ပြီးတိုင်း တစ်ခါတိုးပြီး ချစ်လာတာပါပဲ။ အာအိုယာမဟာ သူသိသမျှ အကောင်း ဆုံး ဆိုင်တွေကို ခေါ်သွားတယ်။ တကယ့် ဝိုင်အကောင်းစားတွေနဲ့ ယာမာဆာ ကီကို မိတ်ဆက်ပေးတယ်။ တမေ့တမော အချိန်ယူပြီး ညစာစားကြတယ်။ ယာမာဆာကီက ဘဲလေးအကြောင်း ပြော၊ သူက ဂျာမနီတုန်းက အတွေ့အကြုံ တွေ ပြော၊ ပြောမကုန် ဆိုမကုန်ပါပဲ။

ဒါပေမဲ့ မနက်ဖြန်ရဲ့ သူရဲကောင်းမယ်လေး အစီအစဉ် နောက်ဆုံးပိုင်း လွှင့်ဖို့ ရက်နီးလာတဲ့အခါ အာအိုယာမဟာ ဖိအားများလာခဲ့တယ်။ ဒီရုပ်ရှင် ဆက်မရိုက်ဖြစ်တော့ဘူး ဆိုတာကို ဘယ်လိုပြောရပါ့။ တကယ်တော့ ရုပ်ရှင် ကိစ္စ တစ်ခုတည်း မဟုတ်ဘူး။ သူ့ဘဝအကြောင်းကိုလည်း ယာမာဆာကီဟာ ဘာမှ မသိသေးဘူးလေ။ လွန်ခဲ့တဲ့ ခုနစ်နှစ်က သူ့မိန်းမ ဆုံးပါးသွားခဲ့ပြီး ခု ၁၅ နှစ်အရွယ် သားဖြစ်သူနဲ့ အတူနေနေတဲ့ မုဆိုးဖို ဆိုတာကို ပြောဖို့ နေရာ ကောင်း အခါကောင်းကို သူ စောင့်နေတယ်။ ယာမာဆာကီဟာ သူ့ဘဝ အကြောင်းကို မမေးမိအောင် သတိကြီးကြီး ထားနေပုံပါပဲ။

အောက်တိုဘာ နှောင်းပိုင်း၊ မနက်ဖြန်ရဲ့ သူရဲကောင်းမယ် နောက်ဆုံးပိုင်း လွှင့်ဖို့ တစ်ပတ်အလို၊ တိုကျိုကို ဆောင်းလေအေးတွေ စဝင်လာတဲ့ တစ်ညနေမှာတော့ အချိန်ကျပြီလို့ အာအိုယာမ ဆုံးဖြတ်လိုက်တယ်။

ရှင်ဂျူကု အနောက်ပိုင်းက ဟိုတယ်တစ်ခုရဲ့ ဘားခန်းမှာ ယာမာဆာကီ ချိန်းလိုက်တယ်။ ညစာမစားခင်မှာ ရုပ်ရှင်ကိစ္စအကြောင်း ဇာတ်လမ်းဖြတ်မှ ဖြစ်မယ်။ ပြောမှ ဖြစ်မယ်။ အဲဒီလို အတွေးတွေ ပလုံစီရင်း သူ မိနစ်နှစ်ဆယ် စောရောက်လာခဲ့တယ်။

ဒီဘားက ရှန်ပိန်ကို အဓိကထားတဲ့ ဘား။ ခွက်တွေကိုတောင် တကယ့် ရှန်ပိန်ခွက်တွေချည်း သုံးတာ။ မဂ္ဂဇင်းတွေမှာ အတော်အတန် ပါတဲ့အတွက် လူသိလည်းများတယ်။ ဒါပေမဲ့ ခုတော့ စောသေးလို့ ဘားခန်းထဲ လူတစ်ဝက်လောက်ပဲ ရှိတယ်။ စားပွဲထိုးတွေက အာအိယာမကို နာမည်ခေါ် နှုတ်ဆက်ပြီး စားပွဲမှာ နေရာချထားပေမဲ့ သူက ဘားမှာပဲ ထိုင်လိုက်တယ်။ ရုပ်ရှင်အကြောင်း ပြောတဲ့အချိန် သူ ယာမာဆာကီနဲ့ မျက်နှာချင်း မဆိုင်ချင်ဘူး။ ဘေးတိုက်ပဲ နေရာယူပြီး ပြောချင်တယ်။

အနက်ရောင် ဝမ်းဆက်နဲ့ ယာမာဆာကီ ရောက်လာတဲ့အခါ ယောကျ်ားတိုင်း သမင်လည်ပြန် မကြည့်ဘဲ မနေနိုင်ကြဘူး။

“ရှင်ဂျူကုကို မရောက်တာ ကြာ ကြာလှပြီ”

ယာမာဆာကီက အာအိုယာမ ဘေးမှာ ဝင်ထိုင်ရင်း ပြုံးပြုံးလေး ပြောလိုက်တယ်။

“အရှေ့နာကာနိုက စားသောက်ဆိုင်လေး တစ်ခုကို သွားကြတာပေါ့၊ အရင် ဂေရှားမယ်ဟောင်း တစ်ယောက် ဖွင့်ထားတာလေ၊ အီဒိုခေတ် ကူရူဝါဟင်းလျာတွေ တည်ခင်းတဲ့ ဆိုင်၊ အပြောင်းအလဲလေး ဖြစ်အောင်ပေါ့နော်”

“ဘယ်ဆိုင်သွားသွား အစားအသောက်က မစားဘဲ မနေနိုင်အောင်ကို ကောင်းလွန်းပါတယ် ဆရာရယ်”

ယာမာဆာကီက သူ့ ခါးသိမ်ကလေးကို လက်နဲ့ ထောက်ရင်း-

“ဟောဒီမှာ ဝလာမှာတောင် ကြောက်နေရပြီနော်”

လို့ ပြောလိုက်တယ်။

အာအိုယာမက သွားဖြဲရင်း ဒွမ် ပယ်ရစ်ဂန္ဓမ် ရို့စ် နှစ်ခွက် မှာလိုက်တယ်။ တို့စ်လုပ်ပြီး တစ်ငုံစီ သောက်ကြပြီးတဲ့အခါ သူ အားတင်းပြီး စပြောတော့တယ်။

“ဒီည သတင်းဆိုးတစ်ခု ပြောစရာရှိတယ် ယာမာဆာကီ”

ယာမာဆာကီရဲ့ ဖန်ခွက်ကို ကောင်တာပေါ် ချနေတဲ့ လက်ဟာ လမ်းခုလတ်မှာ ရပ်သွားတယ်။ သူ့ ကိုယ်လုံးလေးက တောင့်တင်းသွားသလိုပဲ။

“ဘာများလဲဟင်”

သူက လေသံလေးနဲ့ မေးလိုက်တယ်။

အစီအစဉ်ကတော့ ယိုရှီကာဝါ အကြံပေးလိုက်သလို အမှန်တစ်ဝက် မုသားတစ်ဝက် သုံးပြီး အကြမ်းဖျဉ်း ရှင်းပြဖို့ပဲ။ အာအိုယာမဟာ ရှန်ပိန်ခွက်ကို ငုံကြည့်ရင်း အားယူနေတယ်။ အသံ မတုန်အောင်လို့ပေါ့။

“မင်း အင်တာဗျူး ဖြေခဲ့တဲ့ လူရွေးပွဲ လုပ်ခဲ့တဲ့ ရုပ်ရှင်ကိစ္စပါ”

ယာမာဆာကီဟာ ဟူးခနဲ လေကို မှုတ်ထုတ်လိုက်တယ်။

ရှန်ပိန်ကို ခွက်တစ်ဝက်ကျိုးအောင် သောက်ပြီး အာအိုယာမကို ကြည့်လိုက်တယ်။ သူ့ ပြုံးစစအကြည့်က ဘာမှန်းမသိပေမဲ့ စပြောမိပြီမို့ အာအိုယာမဟာ စိတ်သက်သာလာတယ်။

“ဘာလို့ ပြုံးနေတာလဲ”

“အင်... ဘယ်မှာပြုံးလို့လဲ၊ ဆက်ပြောလေ ဆရာ”

“မင်း ခု ပြုံးနေတာကို”

“ပြုံးဘဲနဲ့”

“ပြုံးပါတယ်၊ ခုသတင်းက သတင်းကောင်း မဟုတ်ဘူးလေ၊ ခုလို ပြုံးပြုံးကြီး ကြည့်နေတော့ ပြောရခက်တာပေါ့”

“ရုပ်ရှင်အကြောင်းဆို”

“အင်းလေ”

“မင်းသမီး နေရာကို တစ်ယောက်ယောက် ရသွားလို့လား”

ယာမာဆာကီက ပြုံးတာလည်း မဟုတ်၊ မဲ့တာလည်း မဟုတ်၊ မျက်နှာထားက မှန်းရခက်ပါ့။

“အဲဒီလိုမဟုတ်ဘူး၊ ဒီလိုလေ၊ ကိုယ်တို့မှာ ဒီရုပ်ရှင်အတွက် ဇာတ်ညွှန်းရေးပေးမဲ့ ဇာတ်ညွှန်းရေးဆရာ ရှိခဲ့တယ်။ သူ့နယ်ပယ်မှာတော့ အတော်နာမည်ကြီးတဲ့ လူပေါ့၊ အင်း... အသေးစိတ်တွေတော့ ထားလိုက်ပါတော့၊ အဲဒီ ဇာတ်ညွှန်းကို ငွေထုတ်ပေးတဲ့ ဘက်က ပယ်လိုက်တယ်။ ဒါနဲ့ ဇာတ်ညွှန်းရေးဆရာက ဒေါပွပြီး နုတ်ထွက်သွားတယ်”

“အို... ဒါဆို ဆရာတို့ တခြားဇာတ်ညွှန်းရေးဆရာ တစ်ယောက် ရှာရမှာပေါ့”

“အဲဒီလောက် မလွယ်ဘူးကွဲ့၊ ဖြန့်ဖြူးရေးဘက်က ဒီပရောဂျက်ကို ဒီဇာတ်ညွှန်းဆရာ ရေးမှ လက်ခံမယ်လို့ သဘောတူထားတာ၊ အခု ငွေထုတ်တဲ့ဘက်ရယ်၊ ဖြန့်မယ့် ကုမ္ပဏီရယ် ထိပ်တိုက်တွေ့ကြတဲ့အခါ၊ အင်း... ကိုယ်က ရုပ်ရှင်လုပ်ငန်း ကျွမ်းကျင်သူတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ရုပ်ရှင်ဟာ ငွေထုတ်တာရယ်၊ ဖြန့်ပေးတာရယ် မရှိဘဲ ဖြစ်မလာဘူးလေ၊ နောက်အပတ်ဆို ထုတ်လုပ်မှုကို ခဏ ရပ်ဆိုင်းထားမယ်လို့ ကြေညာကြလိမ့်မယ်၊ ဒါပေမဲ့ ဘယ်တော့မှ ပြန်မစတော့မှာကို ကြောက်ရတယ်လေ”

အာအိုယာမက ယာမာဆာကီကို မသိမသာ ကြည့်လိုက်တယ်။ သူက ပြုံးတုံးတုံး လုပ်နေပြန်ပြီ။ ခဏနေလို့ သူပြောလိုက်တဲ့အခါ အာအိုယာမဟာ ပါးစပ် အဟောင်းသား ဖြစ်သွားတယ်။

“ဆရာကတော့ စိတ်အနှောင့်အယှက် ဖြစ်နေမှာပဲ၊ ကျွန်မကတော့ ခုလို ဖြစ်တာကို သဘောကျတယ်”

“ဟင်... ဘာလို့လဲ”

“ဆောရီးပါရှင့်”

“ဘာသဘောကျစရာ ရှိလို့လဲကွာ”

“ကျွန်မ အက်ဆေး ရေးခဲ့တာ မှတ်မိတယ် မဟုတ်လား၊ ဒီ နေရာ အတွက် အရွေးမခံရဖို့ ရာနှုန်းပြည့်နီးပါး သေချာတယ် ဆိုတာလေ၊ ဒါပေမဲ့ ကျွန်မ အရွေးမခံရရင် တစ်ယောက်ယောက် အရွေးခံရမှာလေ၊ ဒါဆို ဆရာလည်း အဲဒီ အရွေးခံရတဲ့ မင်းသမီးလောင်းလျာနဲ့ အချိန်ကုန်နေမှာပဲ၊ အဲဒီလို ကြီး ဖြစ်နေရင် မကြိုက်ပါဘူး၊ ဆရာက ကျွန်မနဲ့ ခဏခဏ တွေ့ဖို့ အချိန်ရှိမှာ မဟုတ်တော့ဘူးပေါ့၊ ဟုတ်ဘူးလား”

သူက ခွက်ကို မြှောက်ပြီး အာအိုယာမ ခွက်နဲ့ တိုက်လိုက်ပြန်တယ်။ ခွက် ချင်းတိုက်သံလေးဟာ ခေါင်းလောင်းသံလေးတွေလို ချိုမြွလွန်းလှတယ်။ ခု တော့ ဝန်ထုပ်ဝန်ပိုးကြီး ပခုံးပေါ်ကနေ ဖုတ်ခနဲ ပြုတ်ကျသွားသလို ခံစားလိုက် ရတယ်။ စိတ်သက်သာလိုက်ပုံများ။

❑

(၈)

အရှေ့နာကာနို ရပ်ကွက်ရဲ့ လမ်းကြားလေး တစ်ခုမှာ တည်ရှိတဲ့ စားသောက်ဆိုင်ကလေး။

ရုတ်တရက်ဆို ဘယ်လိုမှ ကြည့်လို့ မမြင်နိုင်တဲ့ ဆိုင်။ နီယွန်မီး မရှိ၊ ဆိုင်းဘုတ် မရှိ၊ ဆိုင်ရှိနေမှန်း သိသာတဲ့ ဘယ်လို အရာမျိုးမှ မရှိ။

သူနဲ့ ရိုကို ခဏခဏ ရောက်ခဲ့တုန်းကနဲ့ အပြင်ပန်း အဆင်အပြင်မှာ ဘာမှ ကွာခြားမှု မရှိသေးတဲ့ ဆိုင်။

ဒါပေမဲ့ လမ်းကြားထဲမှာ နိုင်ငံခြားသား တိုးရစ်တွေ၊ မိတ်ကပ်တွေ ပြင်ထားတဲ့ ယောကျ်ားပြည့်တန်ဆာလေးတွေ အများကြီး ရှိနေတယ်။ ငမူးတွေလည်း ပေါပါ့။ ယာမာဆာကီ အဆာမီကို တွဲပြီး ဒီလူတွေကို ဖြတ်လျှောက်လာတဲ့အခါ ဒီလူတွေဟာ သူတို့ကို လှည့်တောင်မကြည့်ပေမယ့် ယာမာဆာကီ အဆာမီကတော့ သူတို့ကို စိတ်ဝင်တစား လိုက်ကြည့်နေတယ်။ ဒါပေမဲ့ သူ့မျက်နှာမှာ ရွံ့တာ၊ ကြောက်တာ စတဲ့ ခံစားချက်မျိုး ဘာမှ မတွေ့ရဘူး။ သာမန်လူတွေကို ကြည့်သလို ကြည့်နေတာပဲ။ သူတို့ကြားကနေ တိုးဝှေ့ပြီး လမ်းကြားတစ်လျှောက် ဆင်းလာတဲ့အခါ အာအိုယာမဟာ စိတ်ကြီးဝင်မိတယ်။ ပြည့်တန်ဆာတွေ ကြားက ဖြတ်လျှောက်ရင်းပေါ့။ ဒီ သနားစရာ ယောကျ်ားနဲ့ မိန်းမတွေခမျာ ခန္ဓာကိုယ်နဲ့ ဂုဏ်သိက္ခာကို ရောင်းစားကြရရှာတယ်။ သူကတော့ စက်စက်ယိုအောင်လှတဲ့ မိန်းမပျိုလေးကို လက်တွဲရင်း အခန့်သား နေနိုင်တယ်။ ဒါ ကံကောင်းမှုပဲလို့ ခံစားနေရ တယ်။

စုတ်တံနဲ့ လက်ရေးလှ ရေးထားတဲ့ လက်ရေးမီနူးစာရွက် ထိပ်ဆုံးမှာ အီဒို ကူရူဝါ ရီယိုရီ ဆိုတဲ့ စာလုံးတွေ ရှိနေတယ်။

စားသောက်ဆိုင်က သေးသေးလေးပဲ။ ကောင်တာစားပွဲရှည်မှာ ထိုင်ခုံ ခုနစ်လုံးနဲ့ သီးသန့်စားပွဲဝိုင်းနှစ်ခု ဒါပဲရှိတယ်။

စားပွဲဝိုင်းတစ်ခုမှာတော့ ဆံပင်ဖြူလွပိုင်ရှင် အဘိုးကြီးသုံးယောက် ထိုင်နေတယ်။ ကြည့်ရတာ ဘဏ်ဥက္ကဋ္ဌတို့၊ ဒါရိုက်တာတို့၊ ကုမ္ပဏီပိုင်ရှင်တို့ ဖြစ်လိမ့်မယ်။ ဂေါက်အကြောင်း၊ စတော့ရှယ်ယာ ဈေးကွက်အကြောင်း၊

ကျန်းမာရေးကိစ္စတွေ အကြောင်းကို ဆာကေးအေးကို စုပ်ကာ စုပ်ကာနဲ့ ပြော နေကြတယ်။

အမြဲ ကီမိုနိုပဲ ဝတ်တတ်တဲ့ ဆိုင်ရှင် ကိုင်စံဟာ အင်္ဂေ့တထောင်းထောင်း ထနေတဲ့ လက်ဆေးပဝါလိပ်လေးတွေ၊ ထောင့်မှန်ကွက်သဏ္ဌာန် ပုံဖော်ထားတဲ့ ဆက်ဆူးမား ဖန်ခွက်တွေနဲ့ ထည့်ထားတဲ့ ကော့တေး နှစ်ခွက်နဲ့ အတူ ရောက်လာခဲ့တယ်။

“ဟယ်လို ကိုလူစိမ်း”

လို့ အာအိုယာမကို နှုတ်ဆက်တယ်။ တကယ်တော့ ဆိုင်ရှင်နဲ့ သူက အင်မတန် ရင်းနှီးတယ်။

ယာမာဆာကီ အဆာမီဟာ ကော့တေးကို မြည်းကြည့်ပြီး အရသာ သိပ်ရှိ တယ်လို့ ပြောလိုက်တယ်။

သူ့အသံဟာ အလုံပိတ် ဆိုင်ကလေးထဲ လိုဏ်ထွက်သွားတယ်။ ဆံဖြူ ပုဂ္ဂိုလ်ကြီး သုံးဦးဟာ သူတို့ရဲ့ တန်ဖိုးကြီး ဝတ်စုံတွေကို ကိုင်သလိုလိုနဲ့ ယာမာ ဆာကီ့ဘက် မသိမသာ လှည့်ကြည့်ကြတယ်။ သူတို့ဟာ ဘဝမှာ မိန်းမလှ ပေါင်း မရေမတွက်နိုင်အောင် ကြုံတွေ့ခဲ့ရလောက်တဲ့ အသက်အရွယ်တွေပါ။ ဒါပေမဲ့ ယာမာဆာကီရဲ့ ညှို့ငင်ဓာတ်အပြည့်နဲ့ အသံရဲ့ ဖမ်းစားမှုကနေတော့ မ လွတ်နိုင်ကြဘူး။ နူးညံ့ပေမဲ့ နားစည်ထဲ ရောက်သွားအောင် ထွင်းဖောက်နိုင်တဲ့ ဒီအသံဟာ ဦးနှောက်အတွင်းထဲထိ စပျစ်နွယ်လို တွယ်တက်သွားတာလေ။

“ကြိုက်တယ်ဆိုလို့ ဝမ်းသာပါတယ်၊ ဒီဆိုင်ရဲ့ အထူးစပါယ်ရှယ်က ဆာ ကေးအေးနဲ့ ဂျပန်ရှောက်သီး ရောထားတဲ့ ဒီကော့တေးလေ”

ကိုင်စံဟာ ရှင်ဘာရှိက ဂေရှားမယ် တစ်ယောက်၊ အာအိုယာမထက် အနည်းဆုံး ဆယ်နှစ်လောက် ကြီးလိမ့်မယ်။ အသက်သုံးဆယ်ကျော်မှာ ဂေရှား မယ်ဘဝက အငြိမ်းစားယူပြီး ဆရာဝန်တစ်ယောက်နဲ့ လက်ထပ်တယ်။ မကြာ ပါဘူး ဆရာဝန်နဲ့ ကွဲပြီး ဒီဆိုင်ကို ဖွင့်တယ်။ ကိုင်ဟာ ထိပ်တန်း ဂေရှားမယ် တစ်ယောက် ဖြစ်ခဲ့တာမို့ သူ့မှာ နယ်ပယ်စုံက ဗွီအိုင်ပီ ကွန်ရက်ကြီး ရှိနေ တယ်။ တစ်ခါက ခင်ဗျားဘဝမှာ အမှတ်အရဆုံး ဖောက်သည်က ဘယ်သူလဲလို့ အာအိုယာမ မေးဖူးတယ်။ ကိုင်က ဘာဖြေလဲဆိုတော့ ခရူးရှက်ဗ် တဲ့လေ၊ သူ

ဂေးရှားမယ် လုပ်ခဲ့တဲ့ အချိန်ကို အာအိုယာမ မမီပါဘူး။ ဒါပေမဲ့ ဒီဆိုင်ကို ပုံမှန်လာဖြစ်တာတော့ နှစ်နှစ်ဆယ် ပြည့်တော့မယ်။ ကိုင်စံဟာ ရိုကိုနဲ့လည်း အတော်ခင်တယ်။ အာအိုယာမရဲ့ ဘဝဇာတ်ကြောင်းကိုလည်း အူမချေးခါးမကျန် သိတဲ့အခါကျတော့ ခု ချစ်သူသစ် လောင်းလျာလို့ ပြောရမယ့် ယာမာဆာကီ အဆာမီနဲ့ သူ့ကို ဆုံပေးချင်တာပေါ့။

မိတ်ဆက်ကြပြီးတဲ့အခါ ကိုင်စံဟာ သူ မူလည်ခံနေတဲ့ အဘိုးကြီးတွေ ဝိုင်းမှာ သွားပြန်ထိုင်တယ်။ ခြေထောက်တစ်ဖက် နည်းနည်းဆာနေတဲ့ သက်လတ်ပိုင်းအရွယ် အမျိုးသမီး၊ ကိုင်စံရဲ့ လက်ထောက်ဟာ ခံတွင်းနူး အစားအစာအဖြစ် ဂျယ်လီသွပ်ထားတဲ့ ငါးစည်ဖောင်းကို ယူလာတယ်။ နို့ဝင်ဘာလပဲ ရှိသေးပေမဲ့ အခန်းတစ်ခုလုံး အနွေးဓာတ် ကောင်းကောင်း လွှတ်ထားပြီမို့ ကိုင်စံနဲ့ လက်ထောက်တို့ဟာ တာတာမီဖျာပေါ် ခြေဖလာနဲ့ သွားလာနေကြတယ်။ ဘာဖြစ်လို့မှန်းမသိ ကီမိုနို ဝတ်စုံပြည့်ဝတ်ပြီး ခြေဖလာနဲ့ အမျိုးသမီး ထော့နဲ့ထော့နဲ့နဲ့ မီးဖိုချောင်ဘက် သွားနေတာကို သူ လိုက်ကြည့်ရင်း ဒီဆိုင်ရဲ့ ထူးဆန်းတဲ့ ဆွဲဆောင်အားကို ခံစားနေရတယ်။

“အီဒို ကူရူဝါ ရီယိုရီ ဆိုတာ ဘာလဲဟင်”

ငါးစည်ဖောင်း အသားလွှာတစ်လွှာကို တူနဲ့ညှပ်နေရင်း ယာမာဆာကီ အဆာမီက မေးလိုက်တယ်။

“ဒီကိစ္စနဲ့ပတ်သက်လို့ သီအိုရီ အမျိုးမျိုး ရှိတယ်၊ အပြောအများဆုံး သီအိုရီကတော့ ဒီဟင်းလျာဟာ အီဒိုခေတ် ဂေရှား ဆောင်ကြာမြို့ငှက်တွေမှာ စတင် တည်ခင်းခဲ့တယ်လို့ ဆိုတယ်။ ဒါပေမဲ့ တချို့ကတော့ ဟိုကိုင်းဒိုး လမ်းဟောင်းက ထမင်းဆိုင်လေးတွေမှာ ဒီဟင်းပွဲတွေ စခဲ့တာတဲ့။ ဘာပဲပြောပြော အီဒိုခေတ်ရဲ့ အမှတ်တံဆိပ်လို့ သိထားတဲ့ ဒီဟင်းလျာဟာ ကိုယ့်အဖို့တော့ ကိုင်ဆကီထက် ပိုနှစ်သက်စရာ ကောင်းတဲ့ ဟင်းပါပဲ”

အဘိုးကြီး သုံးယောက်နဲ့ အတူထိုင်နေတဲ့ ကိုင်ဟာ စကား သိပ်မပြောဘူး။ သူတို့ပြောတာ နားထောင်၊ ခွက်တွေထဲ ငှဲ့ပေးရင်း မေးတာ ဖြေရုံလောက်ပဲ။ ကိုယ်ပျောက်သလို နေတာ။ အဲဒါ ဂေရှားမယ် တစ်ယောက်ရဲ့ တုန့်ပြန်မှုမှတဲ့ အရည်အချင်းပဲ၊ ဒီလိုနည်းနဲ့ နားစွင့်ရင်း သူတို့ သတင်းတွေ ရခဲ့ကြတာလေ။

ယာမာဆာကီ အဆာမီက မျက်လုံးလေး ကလယ်ကလယ် ဖြစ်နေတယ်။

“ဆရာပြောတဲ့ ကိုင်ဆကီ ဆိုတာကို ဘာမှန်းမသိဘူး ဆရာ”

ပြင်သစ်တို့၊ အီတာလျံတို့ ဆိုင်တွေ သွားတုန်းကထက် ခုဆိုင်က ယာမာဆာကီ အဆာမီ အတွက် ပိုစိတ်ကျဉ်းကျပ်စေသလိုပဲ။ ဒီနေရာ ဒီပတ်ဝန်းကျင်နဲ့ အသားမကျသေးလို့လေ၊ ရိုကိုလည်း ပထမဆုံး စရောက်တော့ ဒီလိုပဲ။

“မင်း အသက်အရွယ်မှာ ကိုင်ဆကီကို သိရင် ပုံမှန် ဘယ်ဟုတ်ပါ့မလဲ”

“အင်း... သေချာမသိပေမဲ့ ပြောသံ ကြားဖူးတာကတော့ ကိုင်ဆကီက အရသာရှိတယ်ဆို”

“ကိုယ်တော့ မထင်ပါဘူးကွာ”

ကိုင်စံရဲ့ လက်ထောက်ဟာ ဟဲလိုးတေး ဆာရှီမီကို အစ်ရှီကာဝါ စီရင်စုက ဂျင်ဂျိုရူ ဆာကေးနွေးနဲ့ တွဲပြီး ချတယ်။ ခွက်ကို ကိုင်ပြီး သောက်လိုက်တဲ့ အခါ ယာမာဆာကီ အဆာမီရဲ့ ထုတ်ချင်းပေါက် မြင်ရမတတ် ပါးပြင်လေးဟာ နှင်းဆီသွေးရောင် တစ်ချက် ရဲသွားတယ်။

အာအိုယာမက ဟိုဘက်စားပွဲဝိုင်းက ဘိုးတော်ကြီး သုံးယောက်ဘက် တစ်ချက်ကြည့်၊ အသံကို နှိမ့်ပြီး ပြောလိုက်တယ်။

“ကိုင်ဆကီဆိုတာ အဘိုးကြီး၊ အဘွားကြီးတွေအတွက် စပါယ်ရှယ် ဟင်းလျာလေ”

ယာမာဆာကီက တခစ်ခစ်ရယ်တယ်။ သူ့ရယ်သံဟာ အာအိုယာမ နား တွေအတွက်တော့ ဆေးတစ်ခွက်ပဲလေ။ ဖဲလိုးတေး ဆာရှီမီပေါ်မှာ ဝါဆာဘီ လေး တင်ရင်း-

“ဘယ်လိုမျိုးလဲ ပြောဦးလို့...” ဆိုပြီး မူန္တဲ့နဲ့ ပြောနေပြန်ပြီ။

သူ့လက်ချောင်းတွေ တူကို ကိုင်တွယ်နေပုံကို အာအိုယာမ ငေးနေမိ တယ်။ သူ့လက်ချောင်း သွယ်သွယ်လေးတွေ၊ ပန်းရောင်သန်းနေတဲ့ လက်သည်းခွံလေးတွေ၊ လက်ခုံပေါ်က သွေးပြန်ကြော ပြာစိမ်းစိမ်းလေးတွေ၊ အင်း... သူ့အရေပြားက နူးညံ့ချောမွေ့လွန်းလို့ လူလုပ်ထားတဲ့ အလွှာပါးလေး တစ်ခုလိုပါပဲ။

“ကိုင်ဆကီ ဟင်းတွေ အားလုံးရဲ့ အခြေခံက နူးအိ ပျော့ပျောင်းဖို့ပဲ၊ သွားကြား မည်ပ်ရဘူး၊ ဒါကြောင့် အသား၊ ငါး၊ ပုစွန် အားလုံးကို ရောမွှေကြိတ်ပြီး ပေါင်းထားတာ၊ ပြောရရင်တော့ ကိုင်ဆကီ ဆိုတာ ဝါးရလွယ် မျိုရလွယ်အောင် လုပ်ထားတဲ့ စားစရာပဲပေါ့”

ကောင်တာစားပွဲရှည်မှာ ပခုံးချင်းတေ့ ထိုင်နေပြီး ပခုံးစွန်းတွေ ထိတွေ့မိကြတိုင်း တင်းခနဲ ဖြစ်ဖြစ်သွားတာကို အာအိုယာမ သိနေတယ်။ သြော်... သူနဲ့အတော် အသားကျနေပြီ ထင်ထားတာ၊ ခုထိ အထိမခံနိုင်အောင် စိတ်လှုပ်ရှားတုန်းကိုး။ လည်ချောင်းတွေ ခြောက်လာတယ်။ တအားနင်းကန် ဇွတ်သောက်ပစ်ချင်စိတ်ကို အတင်း ထိန်းချုပ်ထားရတယ်။ ဆန့်ကျင်ဖက် လိင်ကြောင့် စိတ်တင်းကျပ်လာရင် တချို့က စကားတစ်ခွန်းမှ မပြောတော့ဘူး၊ တချို့က ကရားရေလွှတ် တတွတ်တွတ် ပြောတယ်။ အာအိုယာမက ဒုတိယ အမျိုးအစားပေါ့။

“ဂျပန် အစားအသောက်တွေဟာ ကျန်းမာရေးအတွက် ဘယ်လို ကောင်းကျိုးတွေ ရှိကြောင်း လူတွေ ပြောကြတယ်။ ဒါပေမဲ့ ဂျပန်ရိုးရာ စားပွဲရဲ့ တခြားသော ရှုထောင့်တွေ ရှိသေးတယ်။ ဒီလို ကောင်တာ စားပွဲရှည်မှာ အစားအသောက်ကို ချပေးတဲ့အခါ စားသုံးသူတွေဟာ အချင်းချင်း မျက်နှာချင်းဆိုင် ထိုင်နေရတာ မဟုတ်ဘဲ အစားအသောက်ဘက် မျက်နှာမူပြီး ဘေးတိုက် ထိုင်ရတယ်လေ၊ ဒါ ပြန်စဉ်းစားကြည့်ရင် ထူးဆန်းနေမှာပဲ။ ဆူရှီဆိုင်မှာ ဆိုရင် အားလုံးက အီတမေး စားတော်ကဲကြီးဘက် လှည့်ပြီး ထိုင်ရတယ်၊ စားနေရင်း အစားအသောက် အကြောင်းကို စားတော်ကဲနဲ့ ဆွေးနွေးနိုင်တယ်။ ဒါ ဘာပြည်ကြီးငါးလဲ၊ ဘယ်က ဖမ်းတာလဲ၊ နောက်နှစ်ပတ်လောက်ဆိုရင် သိပ် ဆူတဲ့ အကောင်တွေ ရမှာနော်၊ ခုက နည်းနည်း အရသာပေါ့နေသေးတယ်၊ စသည်ဖြင့်ပေါ့၊ စားနေရင်း အစားအသောက်အကြောင်းကို ချက်ချင်း ချက်ပေးနေတဲ့ စားဖိုမှူးနဲ့ ဆွေးနွေးနိုင်တယ် ဆိုတာ အတော်ထူးခြားတဲ့ စားပွဲပုံစံလေ”

“အင်း... ဟုတ်မှာပေါ့၊ ဒါပေမဲ့ ဆူရှီဆိုင်ကို ကျွန်မ သိပ်မရောက် ဖြစ်ပါဘူး ဆရာရယ်၊ ဈေးက ခေါင်ခိုက်နေတာကို၊ ဆူရှီဘားမှာ ထိုင်ဖူးတဲ့ အကြိမ်အရေအတွက်ကို လက်ချိုးရေလို့ ရပါရဲ့။ ဒါပေမဲ့ ဆရာပြောတာ ကျွန်မ နားလည်ပါတယ်၊ အခြေအနေ အချိန်အခါကို ပြောတာ မဟုတ်လား”

“ဒါထက် ပိုတယ်၊ ဂျပန်ဆူရှီဆိုင်တွေဟာ အားပြိုင်ပွဲပဲ”

“ဟင်... ဘယ်လို အားပြိုင်တာလဲ”

“ဆူရှီဘားမှာ ထိုင်စားနေတဲ့ စားသုံးသူတွေဟာ အုပ်စုကြီးတစ်စုရဲ့ အဖွဲ့ဝင်တွေလိုပဲ။ ဆူရှီဘားတွေမှာ ပုံမှန်ဖောက်သည်တွေဟာ တစ်ယောက်နဲ့ တစ်ယောက် သိကြတယ်၊ ရင်းနှီးကြတယ်။ တစ်ခါမှ မစားဖူးတဲ့ အပြင်လူအနေနဲ့ ဆိုင်ထဲဝင်ပြီး အဲဒီအုပ်စုထဲ ဝင်ထိုင်ဖို့က အတော် သတ္တိမွေးရလိမ့်မယ်။ ဆူရှီဆိုင် ပုံမှန်ဖောက်သည်တွေဟာ သူတို့ဘာသာ သူတို့ သဟဇာတ ဖြစ်နေကြတဲ့ အတွင်းပိတ် လူ့အဖွဲ့အစည်းလေး တစ်ခုပဲ၊ သူတို့ စကားဝိုင်းမှာ အတိုက်အခံ ရယ်လို့ မရှိဘူး၊ များသောအားဖြင့် စားတော်ကဲကြီးက တစ်ဆင့် ပြောကြတာ။ ဆူရှီ စားတော်ကဲဟာ အခမ်းအနားမျူးလိုပဲ၊ အဲဒီလိုဆိုင်မျိုးမှာ ချစ်သူနဲ့ အကြည်ဆိုက်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ အဲလို နှစ်ယောက်တည်းကမ္ဘာ လုပ်နေရင် ကျန်တဲ့ ဖောက်သည်တွေက ငြိုငြင်လိမ့်မယ်”

“အင်း... ဟုတ်မှာပဲ”

“နောက်တစ်ခု ရှိသေးတယ်။ စိတ်ဖိစီးနေရင်၊ ပင်ပန်းနေရင် ဘယ်တော့မှ မစားသင့်တဲ့ အစားအသောက် နှစ်မျိုးဟာ ဆူရှီနဲ့ ကိုင်ဆကီပဲ”

“ဟင်... ဘာလို့လဲ”

“နို့ဆီရပ်ခြား ရောက်နေတယ် ဆိုပါစို့၊ အလုပ်က ပင်ပန်း၊ စိတ်က ဖိစီး၊ စိတ်ရောကိုယ်ပါ နွမ်းနေရင် ဆူရှီလိပ် အေးအေးတွေ၊ ကိုင်ဆကီတွေကို စားကို မစားချင်တာ။ ကိုယ့်အတွေ့အကြုံအရ အဲဒီလို ပင်ပန်းနေရင် ပူပူစပ်စပ် ကိုရီးယားတို့၊ စီချမ် တရုတ်အစားအစာတွေက ကောင်းတယ်။ အစပ်က လူကို တက်ကြွစေတယ်လေ”

“ကျွန်မ အစပ်ကြိုက်တယ်၊ အိန္ဒိယ အစားအသောက်မျိုးလေ”

“အိန္ဒိယ အစားအသောက်က ကောင်းပါတယ်၊ များသောအားဖြင့် အစပ်ဟင်းလျာတွေက ရာသီဥတုပူတဲ့ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်တို့က မြစ်ဖျားခံတာပဲ၊ ဒါပေမဲ့ ကိုရီးယားကျတော့ အေးတဲ့တိုင်းပြည် ဖြစ်ပါလျက်နဲ့ ဘာလို့ ပူပူစပ်စပ်တွေ အရမ်းစားသလဲဆိုတာ အစက သဘောမပေါက်ဘူး။ ကိုရီးယားဟာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာကြီးတဲ့ တိုင်းပြည်ပဲ၊ ဒါပေမဲ့ သမိုင်းကြောင်းက မလှခဲ့ဘူး၊ ကိုးရီးယား ပြည်သူတွေဟာ

နိုင်ငံခြားသားတွေရဲ့ သိမ်းပိုက်အုပ်စိုးမှုအောက်မှာ ရက်ရက်စက်စက် ဒဏ်ခံခဲ့ရတယ်။ မျက်စိအောက်တင် ချစ်ရခင်ရသူတွေ၊ ဆွေမျိုးတွေ အသတ်ခံရတာကို မြင်ခဲ့ရတယ်၊ သူတို့ ကြုံခဲ့ရတာဟာ စိတ်ကူးကြည့်ရင်တောင် ကြက်သီးထစရာ ကောင်းလွန်းတယ်၊ ဒါပေမဲ့ အခြေအနေ ဘယ်လောက်ဆိုးဆိုး အသက်နဲ့ခန္ဓာ မြဲနေရင် အစားတော့ စားရမယ် မဟုတ်လား၊ သတ္တိနဲ့ ခွန်အား လက်ကျန် နည်းနေမယ်ဆိုရင် ခံတွင်းလိုက်စေတဲ့ အပူအစပ် ဟင်းလျာတွေဟာ အကောင်းဆုံးဆိုတာ သူတို့ သိလာကြတယ်။ ဆူရှီတို့၊ ကိုင်ဆကီတို့မှာ ဒီလို လှုံ့ဆော်နိုင်တဲ့ အစွမ်းအစ မရှိဘူး၊ တစ်ခါဝါးစာ အတုံးလေးတွေ လုပ်၊ အေးစက်စက်၊ လတ်လတ်ဆတ်ဆတ် စား၊ ပျော့ပျောင်းနူးညံ့ပြီး လျှာခနဲ့ ကျသွားတဲ့ အစားအသောက်တွေလေ သူတို့က၊ အဲဒီ အစားအသောက်တွေဟာ အင်အားကို မပေးစွမ်းနိုင်ဘူး၊ ဒါကြောင့် ကိုယ့်သီအိုရီကတော့ ဆူရှီနဲ့ ကိုင်ဆကီဟာ ငြိမ်းချမ်းပေါ်ကြွယ်နေတဲ့ အချိန်ရဲ့ စံတော်ဝင် အစားအသောက်တွေ ဖြစ်တယ်၊ ဒီတိုင်းပြည်မှာ ရှိတဲ့လူတွေဟာ ဂျပန်လူ့အဖွဲ့အစည်းသည် နွေးထွေးပျူငှာ ချစ်ခင်စရာလို့ မြင်ကြတယ်။ တခြားတစ်ဖက်က ကြည့်မယ်ဆိုရင် လောကမှာ ဂျပန်သာ အကောင်းဆုံး၊ ဂျပန်ကလွဲလို့ တခြားလူ အဝင်မခံ၊ နိုင်ငံခြားသားတွေ ပြန် ဆိုတဲ့ အဓိပ္ပာယ်ပေါက်နေပြီး ကိုယ်တို့ရဲ့ အစားအသောက်တွေကလည်း ဒီ အခြေအနေကို ထင်ဟပ်စေတယ်၊ တစ်နည်းအားဖြင့် ဂျပန် အစားအသောက်ဟာ ဂျပန် လူအဖွဲ့အစည်းအတွက်ပဲ၊ အပြင်လူအတွက် လုံးဝ မရည်ရွယ်ဘူး ဆိုတဲ့ သဘောပေါ့”

အာအိုယာမဟာ ပြောရင်းနဲ့ သောက်လိုက်တာ ဂျင်ဂျူရူ ဆာကေးနွေးကို မီကာဝါချီယာကီခွက်နဲ့ ငါးခွက်လောက် ကုန်သွားတယ်။ လေပေါတာ အရေးမကြီးဘူး၊ တော်ကြာ မူးသွားရင် တကယ့်ကိစ္စကျ ပြောရခက်မယ်လို့ သူ့ကိုယ်သူ သတိပေးနေတယ်။ ယာမာဆာကီ အဆာမီဟာ တူကိုချပြီး သူ့ကို ခိုးကြည့်နေတယ်။ လှလိုက်တဲ့ မျက်နှာလေး၊ ပုစ္ဆာဆန်လိုက်တဲ့ မျက်နှာလေး၊ ပဟေဠိ အပြည့်နဲ့ မျက်နှာလေး၊ ကြည့်တဲ့ရှုထောင့် ပြောင်းသွားတာနဲ့ သူ့မျက်နှာ အသွင်အပြင်ဟာ ချစ်စရာအသွင် တစ်မျိုးစီ ပြောင်းသွားတယ်။

“ဆရာ... ဆရာက အဲသလိုမျိုးတွေ တွေးရ ပြောရတာ ကြိုက်တာလား ဟင်”

“ဘယ်လိုမျိုးလဲ”

“ခုနက ပြောနေသလိုမျိုးပေါ့”

“အမြဲတမ်းတော့ မဟုတ်ပါဘူး၊ လောကမှာ ကြာကြာပိုနေလေလေ ဒီလို မျိုး သုံးမရတဲ့ အတွေးတွေ ခေါင်းထဲမှာ စုလာလေလေ နေမှာပေါ့”

ယာမာဆာကီဟာ ဟဲလိုးတေး ဆာရှီမီ နောက်ဆုံး တစ်တုံးကို ယူစား လိုက်တယ်။

“ဆရာ့အတွေးတွေက သူများဆီက ကူးချတာ မဟုတ်ဘူး၊ ပင်ကို အတွေးအခေါ်တွေ၊ ဆရာ ဘယ်လောက်ပြောပြော ကျွန်မတော့ နားထောင်ရ တာ မငြီးငွေ့ပေါင်”

အဲဒီစကား ကြားလိုက်ရတော့ သူ့မျက်နှာကြီးများ နီသွားမလား၊ မသိသာ ပါစေနဲ့လို့ ဆုတောင်းနေမိတယ်။ ကိုင်စံရဲ့ လက်ထောက်ဟာ နောက်ထပ် ဆာ ကေးနွေး ပုလင်းသေး တစ်ပုလင်း၊ ငါးရှဉ့်ကင်၊ ကျိုအီမို၊ ရှီမီကျီ မှိုပေါင်းတွေကို ငရုတ်ကောင်းဆော့စ်နဲ့ တွဲပြီး လာချတယ်။

“ဆရာ... ဆရာဟာလေ ကျွန်မနဲ့ အတူ သွားလာ စားသောက်နေတုန်း ကျွန်မကို လူတစ်ယောက်လို၊ ဦးနှောက်ပါသူ တစ်ယောက်လို ဆက်ဆံတဲ့ ပထမဆုံး ယောကျ်ားပါပဲ ဆရာ”

ဟိုဘက်ဝိုင်းက ငနဲကြီးသုံးယောက် နောက်ဆုံး အချိုပွဲကို မှီဝဲပြီးကြပြီ။ ကိုင်စံက သူတို့ ကုတ်အင်္ကျီတွေ ယူပေးနေပြီ။ သွားကြဖို့ ပြင်ဆင်နေတုန်းကို စကားစ မပြတ်ကြသေးဘူး။

“ဂင်ဇာ ခဏ ဝင်ကြဦးမလား”

“အား... မဝင်နိုင်တော့ဘူးဗျ၊ မနက်ဖြန် မနက်အစောကို ဆီယက်တဲလ် သွားရမယ်၊ လေယာဉ်ခရီးရှည်တွေဟာ ကိုယ်ခံအားစနစ်ကို ထိခိုက်စေတယ်ဗျ၊ ခါးကတော့ ပြောမနေနဲ့တော့”

သူတို့ကို ဖြတ်သွားကြတုန်း သွားပါဦးမယ်၊ ဂွတ်နိုက်ပါလို့ အဘိုးကြီးတွေ က သူတို့ကို နှုတ်ဆက်သွားကြတယ်။ အင်း... တကယ် အာဏာပါဝါ ရှိတဲ့လူ တွေဟာ အမြဲတမ်း ယဉ်ကျေးသိမ်မွေ့ကြတာကိုး။

ယာမာဆာကီက သူ့စကားကို ဆက်တယ်။

“များသောအားဖြင့် ယောကျ်ားတွေဟာ ကျွန်မလို ကောင်မလေးမျိုးကို အလေးအနက် မထားတတ်ကြဘူး ဆရာ ”

“မင်း ကိုယ့်ကို မြှောက်လွန်းနေပါပြီ”

“အဲလို မဟုတ်ပါဘူး၊ ဆရာ ပြောတာတွေဟာ သိပ်စိတ်ဝင်စားဖို့ ကောင်းတာပဲ တကယ်”

ဆာကေးကို မြံ့ရင်း အာအိုယာမရုက်ပြုံး ပြုံးနေတယ်။

“ဒီလိုပဲ စိတ်စေစားရာ ပြောဖြစ်တာပါကွယ်။ တကယ်တော့ ကိုယ်က ဆူရှိကြိုက်တယ်”

ယာမာဆာကီ အဆာမီက လွင်လွင်လေး ရယ်လိုက်တယ်။ ကိုင်စံက အဘိုးကြီးတွေကို လိုက်ပို့၊ သူ့လက်ထောက်က မီးဖိုခန်းထဲရောက် ဆိုတော့ ခုဆိုင်ထဲမှာ သူတို့နှစ်ယောက်တည်း။ အာအိုယာမလည်း ရယ်မိတယ်။ ဟုတ်တယ်လေ၊ ဆူရှိက ဘာဖြစ်ညာဖြစ်နဲ့ ဗာရာဏသီ ချီပြောပြီး နောက်ဆုံး ဆူရှိကြိုက်သား ဆိုတဲ့ သူ့စကားဟာ ဘယ်လောက်များ အမြီးအမောက် မတည့်လိုက်သလဲ။ အဲဒီလို ရယ်လိုက်တဲ့အခါ စိတ်တင်းကျပ်မှုတွေ အားလုံး အငွေ့ပြန်သွားတယ်။ ကဲ... ခု လိုရင်းစကားကို ပြောမှပဲ။ ကိုင်စံဟာ ပြန်ရောက်လာတယ်။ သူတို့နဲ့ဝေးရာ အခန်းထောင့်မှာ ထိုင်ရင်း အစီခံမပါတဲ့ ပိစ် စီးကရက်ကို မီးညှိဖွာရှိုက်နေတယ်။

အာအိုယာမ စပြောပြီ။

“ဒီည အရေးကြီးတဲ့ ကိစ္စတစ်ခုကို ပြောချင်တယ်”

ယာမာဆာကီက သူ့ကို ကြည့်တယ်။ သူ့ရဲ့ အလေးအနက် ဟန်ပန်ကြောင့် တူကို ချထားလိုက်တယ်။ ယာမာဆာကီရဲ့ ပါးပြင်ကလေးဟာ ဖျော့ဖျော့လေး ရဲနေတယ်။ လက်တွေကို ပေါင်ပေါ်တင်၊ မျက်လွှာလေးချပြီး သူ့စကားကို ငုံလင့်နေတယ်လေ။

“ကိုယ့်ဘဝအကြောင်း မင်းကို တစ်ခါမှ မပြောပြဖူးဘူးနော်၊ လွန်ခဲ့တဲ့ခုနစ်နှစ်တုန်းက ကိုယ့်အိမ်သူဟာ ကင်ဆာနဲ့ ဆုံးသွားခဲ့တယ်”

ယာမာဆာကီဟာ အိမ်သူဆိုတဲ့ စကားလုံးအပြီး တင်းခနဲ တစ်ချက် ဖြစ်သွားပြီး ကင်ဆာနဲ့ဆုံးတယ် ဆိုတာအပြီးမှာ အာအိုယာမကို မော့ကြည့်တယ်။

“သူဆုံးပြီးနောက်ပိုင်း ကိုယ်လည်း ဘယ်သူနဲ့မှ ဇာတ်လမ်း မစခဲ့ဖူး၊ ကိလေသာကုန်ခန်းသလို နေတာတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ သူဆုံးသွားပြီးတဲ့နောက် ကိုယ်အလုပ်ထဲပဲ စိတ်နှစ်ပြီး နေခဲ့တယ်၊ ဂျာမန် လေမှုတ်တူရိယာ ပညာရှင် အမျိုးသမီးကြီးအကြောင်း ပြောပြဖူးတယ် မဟုတ်လား၊ အဲဒါ ကိုယ့် အိမ်သူ ဆုံးပြီးစမှာ လုပ်ဖြစ်ခဲ့တဲ့ ကိစ္စပေါ့၊ ဒီဆိုင်ကို အိမ်သူနဲ့ ကြိမ်ဖန်များစွာ လာဖူးတယ်၊ ဒါကို တလွဲမထင်ပါနဲ့နော်၊ ကိုယ်က ကိုယ့်အိမ်သူကို လွမ်းဆွတ်ပြီး သူ့နေရာမှာ အစားထိုးစရာ တစ်ယောက်ယောက်ကို ရှာနေတာ မဟုတ်ပါဘူး၊ မင်းက သူနဲ့တူလို့ သူ့ကို သတိရမိတာမျိုးလည်း မဟုတ်ဘူး၊ မင်းနဲ့ သူနဲ့က မတူပါဘူး၊ မင်းက တစ်မူထူးခြားတဲ့ ကွဲပြားခြားနားသူရယ်ပါ၊ လွန်ခဲ့တဲ့ နှစ်လလောက်က မင်းနဲ့ စတွေ့ပြီးတဲ့အခါမယ်... အင်း... ကိုယ်... အိမ်ထောင်ထပ်ပြုဖို့ စဉ်းစားလာမိတယ်”

သူ့စကားကို ယာမာဆာကီ အဆာမီ သေချာနားမထောင်ဘူးဆိုတာ ပြောရင်း သတိပြုမိလာတယ်။ ယာမာဆာကီ အဆာမီရဲ့ ပါးပြင်ပေါ်က နှင်းဆီသွေးရောင်တွေ လျော့ရဲသွားတယ်။ ဝတ်စုံနက်အောက်က သူ့ပခုံးတွေဟာ တဆတ်ဆတ် တုန်နေတယ်။

“တစ်မျိုးတစ်မည် ခံစားရမယ်ဆိုရင် ခွင့်လွှတ်ပါ၊ မျှော်လင့်မထားတာမျိုးကို ကိုယ်ပြောလိုက်မိတယ် ဆိုရင် စိတ်စနိုးစနောင့် ဖြစ်မှာပဲ။ ဒါပေမဲ့ ကိုယ် ပြောဖို့ ဆုံးဖြတ်ထားလို့ပါ၊ ကိုယ်က မုဆိုးဖိုပါ တစ်ယောက်တည်း နေရတာကို ငြီးငွေ့ပင်ပန်းနေပြီ။ မင်းကို ခုလို တွေ့နေတယ်ဆိုတာ လက်ထပ်ယူချင်လို့ပါပဲ”

ယာမာဆာကီ အဆာမီက အာအိုယာမကို ဖျတ်ခနဲ တစ်ချက်ကြည့်ပြီး ချက်ချင်းပဲ မျက်လွှာချသွားတယ်။ နှုတ်ခမ်းတွေ တွန့်ကွေးပြီး ပြုံးဖို့ ကြိုးစားပေမဲ့ ချက်ချင်းပဲ လက်လျှော့လိုက်တယ်။ ပြီးတော့ ခေါင်းယမ်းတယ်။

“ကျွန်မက ဒီလိုမျိုး မဟုတ်ဘူး၊ ဒီလို မိန်းမမျိုး မဟုတ်ဘူး”

ဒီစကားကို ပြောနေချိန်မှာ သူ့အသံဟာ တစ်မျိုးပဲ။ အာအိုယာမဟာ ရုတ်တရက် လေအေးတွေ သူ့ကိုယ် ဖြတ်တိုက်နေသလို ခံစားလိုက်ရတယ်။ ဒီ

လိုမိန်းမမျိုး မဟုတ်ဘူး ဆိုတာ ဘာအဓိပ္ပာယ်လဲ။ ခုလို ကမ်းလှမ်းတာကို လက်ခံဖို့ ရည်ရွယ်ချက် မရှိဘူးလို့ ပြောတာလား၊ ဒါမှမဟုတ် သူတို့ နှစ် ယောက်ရဲ့ ပတ်သက်မှုကို ဒီလောက်ထိ လေးနက်ဖို့ အစီအစဉ်မရှိဘူးလို့ ဆိုလို တာလား။

“ဆောရီးပါ”

ယာမာဆာကီ အဆာမီက ဒီစကားကို ပြောရင်း ထရပ်လိုက်တယ်။ ကိုင် စံက သူတို့ကို မသိမသာ အကဲခတ်နေတယ်။ အာအိုယာမဟာ မိုးပြိုပြီလို့ ခံစား နေရတယ်။ တစ်ခုခု လုပ်ရမယ်ဆိုတာ သိပေမဲ့ ဘာမှ စဉ်းစားလို့ မရဘူး။ နံရံ က ချိတ်မှာ ချိတ်ထားတဲ့ လယ်သာကုတ်ကို ယူနေတဲ့ ယာမာဆာကီကို ကြည့် ရင်း ကြက်သေသေပြီး ဒီအတိုင်း ထိုင်နေမိတယ်။

“ခွင့်လွှတ်ပါဆရာ၊ ကျွန်မ အိမ်ပြန်တော့မယ်”

သူ့မျက်နှာမှာ ဘာခံစားချက်မှ ရှာမတွေ့ဘူး။ ပကတိ မျက်နှာသေပဲ။ အာအိုယာမဟာ ဘာလုပ်လို့ ဘာကိုင်ရမှန်းကို မသိဘူး ဖြစ်နေတယ်။ ယာမာ ဆာကီ ထွက်သွားပြီး တံခါးကို အသံမထွက်အောင် ပြန်ပိတ်ပေးသွားတာကို ကျောက်ရုပ်ကြီးလို ငေးကြည့်နေမိတယ်။ ကိုင်စံက စီးကရက်ကို ထိုးခြေပြီး “ဟယ်... ရှင်ဘာလုပ်နေတာလဲ၊ သူ့နောက်ကို လိုက်လေ” လို့ ပြောမှ သတိ ပြန်ဝင်လာတယ်။

လယ်သာကုတ်ကို လက်မှာ ချိတ်ရင်း ယာမာဆာကီ အဆာမီဟာ အပြေး တစ်ပိုင်း လျှောက်နေတယ်။ လမ်းမကြီး မရောက်ခင် မီဖို့ဆိုရင် အာအိုယာမ လည်း အပြေးတစ်ပိုင်း လိုက်မှဖြစ်မယ်။

“အဆာမီစံ”

သူ့နာမည်ကို ခေါ်လိုက်ပေမဲ့ လည်ချောင်းဟာ ခြောက်သွေ့လွန်းနေလို့ လေသံလောက်ပဲ ထွက်နိုင်တယ်။ လူပေါင်းစုံနဲ့ ပြည့်နေတဲ့ ဒီလမ်းကြားလေး ဟာ ခုတော့ ခြောက်အိပ်မက်လို ဖြစ်နေတယ်။ လျှပ်ပေါ်လော်လည်တဲ့ အဝတ်အစားနဲ့ မိန်းမတွေ၊ မိတ်ကပ်တွေနဲ့ ယောကျ်ားပြည့်တန်ဆာ ကောင် လေးတွေ၊ ဖယ်လီနီရဲ့ ရုပ်ရှင်ကားထဲ၊ ဒါမှမဟုတ် အိပ်မက်ဆိုးကြီး တစ်ခုထဲ ရောက်နေသလိုပဲ။ ဆံပင်အစိမ်းရောင်တွေ၊ ငွေရောင် ခြေသည်းဆိုးဆေးနဲ့

ခြေထောက်တွေ၊ ဒေါက်မြင့်ဖိနပ် ခရမ်းရောင်တွေ၊ ယောကျ်ားဖာလေးတွေရဲ့ ခရမ်းပြာရောင် နူတ်ခမ်းဆိုးဆေးတွေ၊ ပန်းရောင် တောက်တောက် စတော့ကင်တွေ၊ အာအိုယာမဟာ စိတ်ရှုပ်လာတယ်။ ဘာလုပ်ရမှန်း မသိအောင် ဖြစ်လာတယ်။ ယာမာဆာကီ အဆာမီကို ဘာပြောရမလဲ ဆိုတာတောင် သူ စဉ်းစားလို့ မရဘူး။ ညလေအေးက မျက်နှာကို ပွတ်ဆွဲသွားတဲ့ အခါမှ ပကတိ အခြေအနေ မှန်ဆီ ပြန်ရောက်လာတယ်။

“အဆာမီစံ”

သူ့နာမည်ကို တတိယအကြိမ် ခေါ်လိုက်တဲ့ အခါမတော့ ယာမာဆာကီက လှည့်ကြည့်ပြီး သူ့ကို ရပ်စောင့်နေတယ်။ မီးရောင် မှိန်မှိန်အောက်မှာ ယာမာဆာကီဟာ မျက်မှောင်လေး ကြုတ်ထားတယ်။ စိတ်ရှုပ်နေပုံပဲ။

“မမျှော်လင့်ဘဲ ဒီလိုတွေ ဖြစ်ကုန်တာ ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် မိုက်မဲတာပါ၊ ဘာပဲဖြစ်ဖြစ် အနည်းဆုံး တက္ကစီတော့ ငှားပေးလိုက်ပါရစေ၊ ခု စကားမပြောချင်လည်း ရပါတယ်။ နောက်တစ်ခါ ဖုန်းနဲ့ဖြစ်ဖြစ် ပြောတာပေါ့ နော်၊ ဒါနဲ့ပတ်သက်လို့ စဉ်းတောင် မစဉ်းစားချင်ဘူး ဆိုလည်း ကိစ္စမရှိပါဘူး၊ ဒါ ပြောချင်တာပါ”

ယာမာဆာကီက ခေါင်းယမ်းနေတယ်၊ မျက်နှာထားကတော့ မပြောင်းလဲဘူး၊ ပါးစပ်ကလည်း မသဲမကွဲ တစ်ခုခု ရေရွတ်နေတယ်။ သူ့ ထွက်သက်တွေဟာ အငွေ့အဖြစ် ပြောင်းလဲပြီး ညလေထုထဲ ပျံ့လွင့်သွားတယ်။ ဒါပေမဲ့ သူ ဘာပြောသလဲ ဆိုတာတော့ မကြားရဘူး။ အာအိုယာမဟာ သူ့ကိုယ်သူ စိတ္တဇ ရုပ်ရှင်ထဲ ရောက်နေတယ်ဆိုတဲ့ ခံစားချက်ကို ဖျောက်လို့ မရသေးဘူး၊ အသက်ရှူထုတ်လိုက်တိုင်း အငွေ့တွေ ထသွားလို့သာ တကယ် ဖြစ်ရပ်လို့ သိနေရတာ။

ယာမာဆာကီဟာ တစ်ခုခု ပြောလိုက်တော့မယ့် ဟန် ပြင်ပြီးမှ တစ်ဖက်ကို ချာခနဲ လှည့်သွားတယ်။ ပြီးတော့ ဖြည်းဖြည်းပဲ လျှောက်ရင်း အာအိုယာမကို ကျောခိုင်းသွားတယ်။ သူလျှောက်တာ သိပ်နှေးလွန်းတဲ့အတွက် သူ့ နောက်က လိုက်ဖို့က ခက်ပြန်တယ်။ အာအိုယာမဟာ လျှောက်လိုက် ရပ်လိုက်နဲ့ ဖြစ်နေတယ်။ အဝေးတစ်နေရာက မိုးမျှော်တိုက် အစုအဝေးကို သူ ငေးနေတယ်။ မိုးမျှော်တိုက်ကြီးတွေပေါ်မှာ မီးနီလေးတွေ မှိတ်တုတ် မှိတ်တုတ်နဲ့

နှလုံးခုန်သံလို စည်းချက်ညီညီ တွေ့နေရတယ်။ လမ်းမပေါ် ရောက်တဲ့အခါ အာအိုယာမနဲ့ ယာမာဆာကီဟာ မတိုင်ပင်ဘဲ ရပ်လိုက်ကြပြီး မျက်နှာချင်း ဆိုင်လိုက်ကြတယ်။ ဘယ်သူမှ တက္ကစီခေါ်ဖို့ မကြိုးစားကြဘူး။ ယာမာဆာကီဟာ ကုတ်ကို လက်မှာ ချိတ်ထားတုန်းပဲ။ ခဏနေမှာ ကုတ်ကို သူ့ပခုံးပေါ် ခြုံလိုက်တယ်။ လက်နှစ်ဖက်ကို အာအိုယာမရဲ့ လည်ပင်းဆီ ယှက်သိုင်းပြီး သူ့မျက်နှာလေးကို အာအိုယာမ ရင်ဘတ်မှာ အပ်ထားလိုက်တယ်။ သူ့ပခုံးလေးတွေဟာ တဆတ်ဆတ် တုန်နေတယ်။ အာအိုယာမဟာ ရုတ်တရက်ဖြစ်တဲ့ အခြေအနေကြောင့် ဘာလုပ်ရမှန်းကို မသိဘူး၊ ယာမာဆာကီ လဲမကျသွားအောင်တော့ သူ ထိန်းထားတယ်။ ခဏနေတော့ ယာမာဆာကီဟာ လက်လွှတ်လိုက်ပြီး နောက်တစ်လှမ်း ဆုတ်လိုက်တယ်။

“ဆရာ ကျွန်မကို ကစားနေတာတော့ မဟုတ်ဘူးမဟုတ်လားဟင်”

ယာမာဆာကို့ အသံဟာ လေသံကလေးလောက်ပဲ၊ ဒါပေမဲ့ ရေခဲလို အေးစက်နေတယ်၊ စကားပြောလိုက်တဲ့အခါ သူ့မျက်နှာထားဟာ ဘယ်လို အဓိပ္ပာယ်ဖွင့်ရမယ်မှန်း ခန့်မှန်းမရလောက်အောင် ပြောင်းသွားတယ်။ အရင်တုန်းက ယာမာဆာကီဟာ မျက်နှာဖုံးစွပ်ထားတာ၊ အဲဒီ မျက်နှာဖုံး အမြှေးပါးက ခု ကွာကျသွားသလိုပဲ။ အာအိယာမဟာ ဖြန်းခနဲ ကြက်သီးတွေ ထလာတယ်။ သူ ကမန်းကတန်း အသံခပ်အက်အက်နဲ့ ပြောတယ်။

“မဟုတ်ပါဘူး၊ အလေးအနက် ပြောတာပါ၊ ဒီထက် လေးနက်တာလည်း မရှိတော့ဘူး”

ယာမာဆာကီရဲ့ မျက်နှာလေး ပုံမှန်အခြေအနေ ပြန်ရောက်လာတာကို သူ မြင်နေရတယ်။ မျက်နှာဖုံး အမြှေးပါးဟာ အရေပြားမှာ ပြန်ကပ်လိုက်သလိုပဲ။ တစ်မျိုးပဲ၊ ထူးတော့ ထူးဆန်းတယ်။ သူ့ရဲ့ ပကတိမျက်နှာက ဘာလဲ။ မျက်နှာဖုံးက ဘယ်ဟာလဲ။

“ကျေးဇူးတင်ပါတယ် ဆရာ”

ဟော... ခု ကြားနေကျ ဆည်းလည်းသံလေး ပြန်ဖြစ်သွားပြီ။ သူတို့နားကို တက္ကစီတစ်စီး ရောက်လာခဲ့တယ်။ ယာမာဆာကီက ကားထဲ ဝင်လိုက်တယ်။

“ဒီညအတွက် ကျေးဇူးတင်ပါတယ် ဆရာ”

အာအိုယာမက ခါးကို ကိုင်းပြီး ယာမာဆာကီရဲ့ ပါးကလေးကို နမ်းလိုက်မိတယ်။ ယာမာဆာကီက အာအိုယာမကို စိုက်ကြည့်ရင်း ဆရာ့ကို ချစ်တယ်လို့ လေသံလေးနဲ့ ပြောရင်း သူ့နှုတ်ခမ်းကို အာအိုယာမရဲ့ နှုတ်ခမ်းအစုံနဲ့ ဖိကပ်ရင်း နမ်းလိုက်တယ်။

“တူတူပါပဲ၊ ကိုယ် မင်းကို ချစ်တယ်”

အာအိုယာမဟာ ခဏနေမှ ပြန်ပြောနိုင်တယ်။ တက္ကစီ နောက်ခန်းကနေ ယာမာဆာကီဟာ အာအိုယာမကို လက်ပြန်တဆက်ရင်း တဖြည်းဖြည်း ဝေးလို့ သွားတော့တယ်။

※※※

“ရှင် ဒီကလေးမကို ဘယ်မှာ တွေ့လာခဲ့တာလဲ”

ဆိုင်ထဲပြန်ရောက်တော့ ကိုင်က ဆာကေးနွေး တစ်ပုလင်းနဲ့ သူ့ကို စောင့်နေတယ်။ ကိုင်ရဲ့ ကိုယ်ပိုင် အာရီတာ-ယာကီ အရက်ခွက်နဲ့ ထည့်ပြီး အာအိုယာမကို ပေးလိုက်တယ်။ အာအိုယာမဟာ ကိုင့်ကို လူရွေးပွဲကိစ္စက စပြီး ယာမာဆာကီ အဆာမီနဲ့ သူ့ရဲ့ အကြောင်းတွေကို မခြွင်းမချန် အကုန် ပြောပြလိုက်တယ်။ သူ့အသံဟာ ကြောက်စရာ ကိစ္စတခုကြောင့် ရှော့ခ်ရနေတဲ့ ကလေးတစ်ယောက်ရဲ့ အသံလိုပဲ။ ရုတ်တရက် သူ့ကို ဆွဲပြီး နမ်းလိုက်တဲ့ ယာမာဆာကီရဲ့ အနမ်းအရှိန်က ခုထိ မပြယ်သေးဘူး။ ယာမာဆာကီ အဆာမီရဲ့ နှုတ်ခမ်းလေးတွေဟာ အေးစက်၊ ပျော့ပျောင်းပြီး ချိုမြေနေလိုက်တာ။ နမ်းပြီးတဲ့အခါ ပီတိ၊ အရှက်နဲ့ အပြစ်မကင်းတဲ့ ခံစားမှုတွေ ထွေးရောယှက်တင် ခံစားလိုက်ရတယ်။ ဒါ ဘယ်ခံစားချက်နဲ့မှ မတူဘူး၊ ပြန်နုတ်လို့ မရတော့မယ့်၊ သို့မဟုတ် ခွင့်မလွှတ်နိုင်တဲ့ အရာတစ်ခုကို လုပ်လိုက်မိသလိုပဲ၊ ခါးသီး နာကျင်သလိုလို၊ ထွေရီ မူးယစ်နေသလိုလို၊ ဒီနှုတ်ခမ်းလေးတွေကို နောက်တစ်ကြိမ် ထပ်နမ်းခွင့် ရဖို့အတွက် ငါ့မှာ ရှိသမျှ အရာအားလုံးကို စွန့်လွှတ်ဆို စွန့်လွှတ်နိုင်တယ်လို့ အာအိုယာမ တွေးနေတယ်။

ကိုင်က အာအိုယာမနဲ့ မျက်နှာချင်းဆိုင် ထိုင်ရင်း ပိစ် စီးကရက် နောက်ထပ်တစ်လိပ်ကို ခဲ၊ ဆာကေး ထပ်ထည့်ပေးနေတယ်၊ ကိုင်ဟာ ဂေရှား

မယ်ပီပီ အင်မတန်လှတယ်။ ဒါပေမဲ့ အိုပြီလေ။ မျက်နှာမှာ အရေးအကြောင်းတွေ ပေါ်နေပြီ။

“ဒီတော့ ခင်ဗျား ဘယ်လိုထင်လဲ”

အာအိုယာမဟာ ကိုင်ကို ဘာရယ်မဟုတ်ဘဲ မေးလိုက်တယ်။ တကယ်တော့ ကိုင်ရဲ့ အမြင်ကို လိုချင်လှတယ်လည်း မဟုတ်ဘူး၊ သူလေးဟာ တကယ့် ရတနာလေ၊ အလှတရားလေ၊ သူ့လို မိန်းမပျိုမျိုး ခုခေတ် ရှာတွေ့မယ် မထင်ဘူး၊ ဟုတ်တယ် မဟုတ်လားလို့ သူ တင်ကြိုကောက်ချက် ချထားသလို ကိုင်က ထောက်ခံမယ် ထင်တာလေ။

“ထူးဆန်းတဲ့ ကလေးမပဲ”

ကိုင်က စီးကရက်မီးခိုးတွေ မှုတ်ထုတ်ရင်း ပြောလိုက်တော့ အာအိုယာမဟာ အံ့အားသင့်သွားတယ်။

“ထူးဆန်းတယ် ဟုတ်လား”

“အင်း... ဒီလို မိန်းကလေးမျိုး ကျွန်မ တစ်ခါမှ မမြင်ဖူးဘူး”

“အင်း... ခုခေတ်က ကျွန်တော်တို့၊ ခင်ဗျားတို့ ခေတ်လိုမှ မဟုတ်တာ ကိုင်ရယ်”

“မှန်ပါတယ်၊ ဒါပေမဲ့ ဘယ်ခေတ်ရောက်ရောက် ဘယ်တော့မှ မပြောင်းလဲမယ့် အရာတွေရှိတယ် အာအိုယာမစံ၊ လူတစ်ယောက်အတွက် အရေးအကြီးဆုံးက ဘာလဲဆိုတဲ့ မေးခွန်းဟာ ဘယ်ခေတ်ရောက်ရောက် မပြောင်းလဲဘူး၊ ကျွန်မ တစ်ယောက်ယောက်နဲ့ တွေ့ရင် သူဘာကို တန်ဖိုးထားသလဲဆိုတာ တစ်မိနစ် နှစ်မိနစ် အတွင်းကို ပြောနိုင်တယ်၊ ခုခေတ် ကောင်လေး၊ ကောင်မလေးတွေဟာ နှစ်မျိုးနှစ်စားပဲ ရှိတယ်။ တစ်မျိုးက သူတို့အတွက် ဘာအရေးအကြီးဆုံးလဲ ဆိုတာ မသိဘူး၊ နောက်တစ်မျိုးကတော့ သူတို့အတွက် အရေးကြီးတဲ့ အရာကို ရအောင်ယူနိုင်တဲ့ အစွမ်းအစ မရှိဘူး၊ ဒါပေမဲ့ ဒီ မိန်းကလေးကတော့ မတူဘူး၊ သူဟာ သူ့အတွက် ဘာအရေးအကြီးဆုံးလဲ ဆိုတာကို ကောင်းကောင်း သိတယ်၊ ရအောင် ယူနိုင်တဲ့ အစွမ်းအစလည်း ရှိတယ်၊ ဒါပေမဲ့လို့ ဒါကို ဘယ်သူမှ အသိမခံဘူး၊ သေချာတာကတော့ သူ့အတွက် အရေးအကြီးဆုံး အရာဟာ ငွေမဟုတ်ဘူး၊ အောင်မြင်ကျော်ကြားမှု

မဟုတ်ဘူး၊ သာမန် ပျော်စရာဘဝတစ်ခု မဟုတ်ဘူး၊ အားကိုးရမယ့် ယောကျ်ားသား မဟုတ်ဘူး၊ ဘာသာတရား အသစ်အဆန်း တစ်ခုလည်း မဟုတ်ဘူး၊ ဒါပေမဲ့ သူ့အကြောင်းကို ဒီလောက်ပဲ ပြောနိုင်တယ်၊ သူက ဟာဒီ စီးကရက် မီးခိုးငွေ့လိုပဲ၊ ရှင် သူ့ကို သေသေချာချာ ရှင်းရှင်းလင်းလင်း မြင်တယ်လို့ ထင်ပေမဲ့ သူ့နားရောက်ရင် မီးခိုးလို ပျောက်သွားပြီး ဘာမှ မရှိတော့ဘူး၊ အဲဒီလို အစွမ်းမျိုး သူ့မှာ ရှိတယ်၊ ဒါကြောင့်လည်း သူ့ကို အကဲခတ်ရ သိပ်ခက်တယ်”

“ဒါပေမဲ့ သူဟာ မိန်းမကောင်းလေးပဲ မဟုတ်လား”

ကိုင်ဟာ ဒီမေးခွန်းကြောင့် တုံ့ဆိုင်းဆိုင်း ဖြစ်သွားတယ်။ ခေါင်းယမ်းတယ်၊ စီးကရက်ကို ပြာခံခွက်ထဲ ထိုးခြေလိုက်တယ်။

“အာအိုယာမ ရှင် ဒီလိုထင်နေတာလား”

မေးခွန်းက ရိုးရိုးလေးပဲ၊ ဒါပေမဲ့ အာအိုယာမကို သွက်သွက်ခါ သွားစေတယ်။ ယာမာဆာကီ အဆာမီဟာ ပကတိ ရိုးသားတဲ့ ခြောက်ပစ်ကင်းသဲလဲစင် မိန်းမပျိုလေး မဟုတ်ဘူး ဆိုတာတော့ သူသိတယ်။ ဒါပေမဲ့ ချစ်စရာလေး၊ သနားစရာလေး ဆိုတဲ့ အတွေးထဲမှာပဲ သူ ပုံဖော်ထားတာ။ ကိုင်က သူ့ရဲ့ အတွေးကို ခု ကိုင်လှုပ်ပစ်တာ။

“ဘာပဲဖြစ်ဖြစ် သူဟာ မဆိုးဘူး၊ ကျွန်တော် သူ့ကို အလေးအနက် ထားပြီး စဉ်းစားတာ”

ကိုင်က မချိသွားဖြဲသလို လုပ်ရင်း ခေါင်းယမ်းပြန်တယ်။

“ရှင့်ကလေးမဟာ မိန်းမကောင်းလေး မိန်းမဆိုးလေးဆိုတဲ့ အဆင့်အတန်းမျိုး မဟုတ်ဘူးကွဲ့ အာအိုယာမရဲ့၊ ရှင် ဒီ ကောင်မလေးကို တမ်းတမ်းစွဲနေတယ် ဆိုတာ မြင်သာနေတာပဲ၊ ဒါကြောင့် ကျွန်မ ပြောတာကို ရှင် ကြားချင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ အာအိုချန်၊ ရှင် ဒီလို မိန်းကလေးမျိုးနဲ့ ဝေးဝေးနေရင် ကောင်းလိမ့်မယ်၊ ကျွန်မ သူ့စိတ်ကို မဖတ်နိုင်ဘူး၊ ဒါပေမဲ့ တစ်ခုတော့ ပြောလိုက်မယ်၊ သူဟာ သူတော်စင်လည်း မဟုတ်၊ မိစ္ဆာမလည်း မဟုတ် ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် နှစ်မျိုးလုံး ဒွန်တွဲနေတာ ဖြစ်ချင်ဖြစ်၊ မဟုတ်ရင်တော့ ဒီနှစ်မျိုးကြားက တစ်စုံတစ်ရာပဲ၊ ဒါကို ရှင်သိထားပါ အာအိုချန်”

❑

(၉)

နောက်တစ်နေ့မနက် ကိုးနာရီခွဲလောက်မှာတော့ ယာမာဆာကီ အဆာမီဟာ အာအိုယာမရဲ့ ရုံးကို ပထမဆုံးအကြိမ်အဖြစ် တယ်လီဖုန်း ဆက်လာတယ်။

“အာအိုယာမစံ၊ လိုင်းခွဲ (၄) မှာ မစ္စယာမာဆာကီ ဆီက ဖုန်း လာနေပါတယ်”

ဒီဖုန်းကို သူ့ရုံးက အမျိုးသမီးဝန်ထမ်း တာကာမတ်စုက လက်ခံတာ။ သူ့ရုံးက အခန်းကျယ်ကြီး တစ်ခန်းထဲမှာ စုပေါင်းပြီး ထိုင်တဲ့ ရုံးအမျိုးအစား၊ အာအိုယာမဟာ သီးခြားရုံးခန်းနဲ့ မထိုင်ဘူး။ အဲဒီ စုပေါင်းရုံးခန်းကြီးထဲမှာပဲ ထိုင်တယ်။ သူ့ဝန်ထမ်းတွေက သူ့ကို အာအိယာမစံလို့ပဲ ခေါ်တတ်တယ်။ အသက်ငါးဆယ်လောက် ရှိမယ့် စာရင်းကိုင် တာနာကာက လွဲလို့ပေါ့၊ တာနာကာကတော့ ရိုးရာမပျက် အကြီးအကဲ ခင်ဗျလို့ပဲ အမြဲခေါ်တတ်တယ်။ ရုံးကိုလာတဲ့ ဖုန်းကို ကိုင်တဲ့အခါ တာကာမတ်စု အနေနဲ့ ဘယ်သူနဲ့ ပြောချင်ပါသလဲရှင့် လို့ ထုံးစံအတိုင်း မေးမှာပဲ။ သူ ဘယ်လိုများ ဖြေလဲ မသိ။

“ဆရာ ကျွန်မပါ၊ အလုပ်ထဲထိ ဖုန်းခေါ် နှောင့်ယှက်သလို ဖြစ်သွားရင် တောင်းပန်ပါတယ်ရှင်”

အင်း... ငါ ပြန်ပြောတာကို ငါ့ဝန်ထမ်းတွေတော့ ကြားကုန်မှာပဲလို့ အာအိုယာမ တွေးနေတယ်။ အေးလေ... သူတို့ကိုလည်း အနှေးနဲ့အမြန်တော့ အသိပေးရမှာပဲကိုး။ တော်ရုံ ရုပ်ရှင်မင်းသမီးထက် ပိုလှတဲ့၊ သူ့ထက် အနှစ်နှစ် ဆယ်လောက် ငယ်တဲ့ ကောင်မလေး တစ်ယောက်နဲ့ လက်ထပ်မယ်လို့ သိကြရင် သူ့ကို စကြ၊ ကျီစယ်ကြမှာပဲ။ ဒါပေမဲ့ သူ့အတွက် ဝမ်းသာပေးကြမယ့် လူတွေပါ။ ခု “ဖုန်းပြောဖို့ အချိန်မပေးနိုင် ဖြစ်နေလား ဆရာ”

“မဟုတ်ပါဘူး၊ ကိုယ်တောင် ခုပဲ မင်းဆီ ဖုန်းခေါ်မလို့ စဉ်းစားနေတာပါ”

“ကျွန်မလေ ဆရာ့အသံကို ကြားချင်လွန်းလို့၊ မကြားရရင် မနေနိုင်လို့ ဆက်လိုက်တာပါ”

“အင်း... အတူတူပါပဲကွယ်”

တာကာမတ်စုက ကွန်ပျူတာ ကီးဘုတ်နဲ့ အလုပ်များနေရာက သူ့ကို ဖျတ်ခနဲ ကြည့်လိုက်တာကို တွေ့တယ်။ တာကာမတ်စုဟာ အသက်က အစိတ်၊ ကောလိပ်က ဘွဲ့ရတော့ လန်ဒန်မှာ တစ်နှစ်လောက် သွားနေတယ်။ ဂျပန်ပြန်ရောက်တော့ သူ့ဇာတိမြေ မြို့ကလေးက တီဗွီစတေရှင် ခပ်သေးသေး လေးမှာ အလုပ်လုပ်တယ်။ ပြီးတော့ အာအိုယာမရဲ့ ကုမ္ပဏီကို အလုပ်လာ လျှောက်တယ်။ အလုပ်လျှောက်ရခြင်း အကြောင်းက တကယ့် မှတ်တမ်း ရုပ်ရှင်တွေ ရိုက်ကူးထုတ်လုပ်တဲ့ အလုပ်ကို လုပ်ချင်လို့။ အင်တာဗျူးမှာ မသိ တာ များနေတဲ့ သူ့ကို စီနီယာဝန်ထမ်းတွေက မခန့်ချင်ကြဘူး။ ဒါပေမဲ့ သူ့ အင်္ဂလိပ်စာ အရည်အချင်းရယ်၊ အလုပ်အပေါ် တပ်မက်တဲ့ ချင်ခြင်းရယ်ကို သဘောကျလို့ အာအိုယာမက သူ့ကို အလုပ်ခန့်လိုက်တယ်။ နိုင်ငံခြား ဆက် သွယ်ရေး တာဝန်ခံအဖြစ် ထားလိုက်တယ်။ တာကာမတ်စုဟာ အလုပ်နဲ့ ကိုယ်ရေးကိုယ်တာကို ခွဲခြားတတ်သလို အလုပ်ထဲမှာ ပုဂ္ဂလိက ခံစားချက်တွေ မကဲအောင်လည်း ကောင်းကောင်း ထိန်းချုပ်တတ်တယ်။ သူ့ ကောင်လေးက နိုင်ငံခြားသားတဲ့။

“မနေ့ညက ကိစ္စအတွက် ဆောရီးပါ ဆရာ၊ ကျွန်မလည်း ဘာဖြစ်သွား မှန်းကို မသိဘူး”

“တောင်းပန်စရာ မလိုပါဘူး၊ ရုတ်တရက် အဆက်အစပ်မရှိ ပြောလိုက်မိ တဲ့ ကိုယ့်အမှားပါ”

“ဆရာ”

“အင်း”

“ခု ဘာလို့ ဖုန်းဆက်တာလဲ၊ သိလားလို့”

“သိတယ် ထင်တာပဲ၊ ကိုယ်လည်း မင်းအသံကို ကြားချင်နေတာ”

ယာမာဆာကီ အဆာမီ သူ့ကို ပြောနေတဲ့ လေသံဟာ ပြောင်းလဲလာလို ပဲ။ အရင်လိုပဲ ယဉ်ကျေးသိမ်မွေ့ပေမဲ့ ချွဲနွဲ့တဲ့အသံ သိသိသာသာ ပါလာတယ်။ သူ့အပေါ် ပိုပြီး ယုံကြည်စိတ်ချတဲ့ လေသံမျိုး ဖြစ်လာတယ်။ ဒါ မနေ့ညက အ နမ်းကြောင့်များလား၊ ဒီအပြောင်းအလဲကို အာအိုယာမ ဝမ်းသာတယ်။ အဲဒီလို

အသံလေးကိုလည်း ကြိုက်တယ်။ ဒီအတွေးကြောင့် သူ့မျက်နှာဟာ ပြုံးတုံးတုံးကြီး ဖြစ်လာတယ်။

“ဒါပေမဲ့ သူများ ခုထိ နားမလည်သေးဘူး၊ အို နားမလည်ဘူး ဆိုတာ ထက် မယုံနိုင်တာပါ၊ သိရဲ့လား”

“ညက ကိုယ်ပြောတာတွေကိုလား”

“အင်းပေါ့၊ တခြား ဘာရှိရဦးမှာလဲ”

“အဲဒါက ရုတ်တရက်ကြီး ဖြစ်သွားတာ”

“ဒါပေမဲ့ အမှန်ပဲ မဟုတ်လား ဆရာ၊ ဟင် ဟုတ်တယ်မဟုတ်လားလို့”

“အမှန်ပါ၊ ညက ကိုယ်ပြောခဲ့တဲ့ အခွန်းတိုင်း အခွန်းတိုင်းဟာ အမှန်တွေ ပါပဲ”

ရှီဂေး အကြောင်းတောင် သူ့ကို မပြောလိုက်ရဘူး ဆိုတာ သတိရလာတယ်။ ဒါပေမဲ့ ဒါ လိမ်တာမှ မဟုတ်ဘဲလေ။ ခု သူ့အသံ ကြားရတော့ သူ့ကို တွေ့ချင်လာတယ်။ သူနဲ့အတူ ရှိချင်လာတယ်။ အဲဒီအတွေး ဝင်လာတာနဲ့ ခန္ဓာကိုယ်မှာ ရှိသမျှ နာဗ်ကြောတွေဟာ ဆန္ဒချင်ခြင်းကြောင့် တဆတ်ဆတ် ခါလာသလိုပဲ။

“ဘယ်တော့လောက် ထပ်တွေ့ရမလဲ ဟင်” အလို... သူက စမေးလာပြီ။

“မကြာခင်ပေါ့၊ ကိုယ်ကတော့ ခုကို တွေ့ချင်နေပြီ”

အာအိုယာမဟာ နောက်မှ ဖုန်းပြန်ဆက်မယ်လို့ ပြောရင်း ဖုန်းချလိုက်ရတယ်။ ဖုန်းချပြီးပြီးချင်း တာကာမတ်စုဟာ သူ့ကို ပြုံးပြုံးကြီး ကြည့်နေတာ တွေ့လိုက်တယ်။ ဒီကောင်မလေးကို အရင်ဆုံး ဖွင့်ပြောပြီး အကြံဉာဏ် တောင်းကြည့်ရင် ဘယ့်နယ်နေမလဲလို့ အာအိုယာမ တွေးမိတယ်။ ယာမာဆာကီနဲ့ နောက်တစ်ဆင့် ဘယ်လိုတက်ရမလဲ ဆိုတာ သူ ခုထိ မသိသေးဘူးလေ။ ဥပမာအားဖြင့်တော့ လိင်မှုကိစ္စနဲ့ ပတ်သက်လို့ပေါ့။ မနေ့ညက အနမ်းဟာ နှစ်ယောက်လုံး ထပ်တူထပ်မျှ ခံစားရတယ် ဆိုတာ သေချာပေမဲ့ အိပ်ရာထက်က ချစ်ခြင်းတရားအတွက် မင်္ဂလာဆောင်ပြီးတဲ့အထိ စောင့်ရမှာလား။ မနေ့ညက

လည်း သူ ကိုင်စံကို ဒီလိုမေးခွန်းမျိုး အရိပ်အမြွက် မေးခဲ့သေးတယ်။ ကိုင့် အဖြေက ဒီလိုတဲ့။

“ရှင် သူနဲ့ အိပ်သင့်သလားတဲ့လား၊ အင်း... ခုခေတ် ကောင်မလေးတွေက ဒီကိစ္စနဲ့ပတ်သက်ရင် သဘောထား နှစ်မျိုးရှိတယ် အာအိုချန်ရဲ့၊ တချို့က ယောကျ်ားတွေ သူတို့နဲ့ အိပ်ဖို့ ကြိုးစားရင် သူတို့ကို စော်ကားတယ်လို့ ထင်တယ်၊ အဲ... တချို့ကတော့ တွဲနေတဲ့ ယောကျ်ားက သူနဲ့ အိပ်ဖို့ မကြိုးစားရင် စော်ကားတာလို့ ထင်တတ်ကြတယ်။ ဒါကြောင့် ဒီကိစ္စမှာ တစ်စုံတစ်ယောက်သော မိန်းကလေးရဲ့ သဘောထားဟာ ဘယ်လိုရှိတယ် ဆိုတာကို ကျွန်မ ဘယ်သိနိုင်ပါ့မလဲ၊ ဒါပေမဲ့ သေချာ ပြောနိုင်တာ တစ်ခုတော့ ရှိတယ် အာအိုချန်၊ ရှင် ဒီကောင်မလေးနဲ့ ပိုပြီး နီးကပ်လာလေလေ၊ သူ့အပေါ် ပိုပြီး စွဲလမ်းလာလေလေ ဖြစ်မှာ၊ ဒါပေမဲ့ ရှင့်ခေါင်းကြီးထဲမှာ သေသေချာချာ မှတ်ထားပါ အာအိုချန်၊ ရှင် ဒီကောင်မလေး အကြောင်း ဘာမှ မသိသေးဘူး ဆိုတာကိုပေါ့၊ သေချာသိဖို့ နည်းလမ်းလည်း မရှိဘူး ဆိုတာကိုပေါ့၊ ဂေရှားလောကမှာ အဲဒီလို ကောင်မလေးတွေ ရှိခဲ့ဖူးတယ်၊ အသက်ရှူမှားလောက်အောင် လှ၊ ဖောက်သည်တွေကြား အင်မတန် ရေပန်းစား၊ တကယ့် ထိတ်ထိတ်ကြဲ သူဌေးတွေပဲ အနားကပ်နိုင်၊ ဒါပေမဲ့ သူ့အကြောင်း ခရေစေ့တွင်းကျ ဘယ်သူမှ မသိဆိုတာမျိုးပေါ့၊ သူတို့မှာ ဘယ်သူမှ တုန့်ပြန်မမိတဲ့ အလှတရား ရှိတယ်၊ အဲဒီ အလှတရားဟာ ရှင့်ကို ရင်သပ်ရှုမော ဖြစ်သွားစေရမယ်၊ ဒါပေမဲ့ ဒီအလှတရားဟာ ကံဆိုးမိုးမှောင် ကျခြင်းနဲ့ ဒွန်တွဲနေတတ်တယ်၊ ယောကျ်ားတစ်ယောက်ကို ဘဝပျက်စေတတ်တယ်၊ အန္တရာယ်ကို ဖိတ်ခေါ်တတ်တယ်၊ ရူးအောင် လုပ်တတ်တယ်၊ ဝတ္ထုတွေထဲက သေလောက်အောင် လှလွန်းသူ ဆိုတာမျိုးပေါ့”

※※※

အာအိုယာမဟာ တာကာမတ်စုကို နေ့လယ်စာ အတူစားဖို့ ခေါ်လိုက်တယ်။ ဂင်ဂျူမေးက တာကာမတ်စု အကြိုက် အိန္ဒိယ စားသောက်ဆိုင်မှာ စားပွဲတစ်လုံး ဘွတ်ကင် လှမ်းယူလိုက်တယ်။ ဆိုင်ထဲမှာ စားပွဲက ရှစ်လုံးပဲ ရှိတာ။ ဘွတ်ကင် မယူထားတဲ့ လူတွေ တန်းစီ ရပ်စောင့်ပဲ။ တာကာမတ်စုက ဒီဆိုင်ရဲ့ ဖောက်သည်၊ စားပွဲထိုးမှူးက သူ့ကို ကောင်းကောင်းသိတယ်။ ဒါကြောင့် ဂင်ဂျူ၊ သစ်တောအုပ်ကို လှမ်းမြင်ရတဲ့ ပြတင်းပေါက်နားက စားပွဲမှာ သူတို့ကို နေရာချထားပေးလိုက်တယ်။

“အာအိုယာမစံ၊ ကျွန်မတို့ ဘီယာသောက်ကြမလား”

တာကာမတ်စုက အကြံပေးတယ်။ ဒါကြောင့် အိန္ဒိယဘီယာ နှစ်ပုလင်း မှာလိုက်တယ်။ ကြိုးကြာနီသုံးကောင် တံဆိပ် ဘီယာကို တာကာမတ်စုက ခွက်ထဲ မထည့်ဘူး၊ ပုလင်းလိုက် မော့တယ်။ အာအိုယာမဟာ မှာထားတဲ့ တန်ဒိုးရီ ကြက်သားနဲ့ ပုစွန်ဟင်းလျာတွေ ရောက်လာတဲ့ထိ စောင့်နေတယ်။ ပြီးတော့မှ ယာမာဆာကီနဲ့ စတွေ့စက စလို့ မနေ့ညက အနမ်းထိ တာကာမတ်စုကို သူ ဇာတ်စုံခင်းလိုက်တယ်။

သူ ပြောပြီးတဲ့အခါ တာကာမတ်စုက -

“အလို... ဒါဆို တို့ဆရာက ချစ်တတ်နေပြီပေါ့၊ ဘယ်တုန်းက ဒီလောက် ချစ်တတ်သွားတာတုံး ဆရာကြီးရဲ့” လို့ ပြောပါလေရော။

“ဟင်... ငါကလား”

“အင်းလေ”

“ငါက ချစ်တတ်သွားတယ် ဟုတ်လား၊ ဘာဖြစ်လို့လဲ”

“အို... ဒီထက်ပိုပြီး ဆန်းကြယ်တာ ရှိဦးမလား အာအိုယာမစံရယ်၊ ဆရာဟာ မှတ်တမ်းရုပ်ရှင်ကို သေချာ တင်ဆက်နိုင်တဲ့ ဂျပန်ရဲ့ လူနည်းစုထဲက တစ်ယောက်လို့ ကျွန်မ အမြဲတမ်း ထင်ထားခဲ့တာ”

“ဟင်... မှတ်တမ်းရုပ်ရှင်နဲ့ ဒါနဲ့ ဘာဆိုင်လို့တုံး”

“အို... ဆရာပဲ သင်ပေးခဲ့တာလေ၊ မှတ်တမ်းရုပ်ရှင်တွေမှာ ရိုမန်းတစ်အတွက် နေရာ မရှိဘူးဆို”

“ဟုတ်လား၊ ငါ အဲဒီလို ပြောခဲ့တာလား”

“အဲဒီလို တိုက်ရိုက်တော့ မပြောဘူးပေါ့၊ ဒါပေမဲ့ ဆရာ့ဆီက သင်ယူထားတာလေ၊ အလုပ်နဲ့ ပုဂ္ဂလိကဘဝ ဆိုတာ ကွဲပြားခြားနားတဲ့ အရာနှစ်ခုကိုး၊ ကျွန်မက အခြေခံအားဖြင့် ရိုမန်တစ်ဆန်တယ်၊ ဒါပေမဲ့ အချစ်ကြောင့် အမှန်ကို မမြင်နိုင်လောက်အောင် အမှောင်ဖုံးသွားတယ် ဆိုတာကိုတော့ ခွင့်မပြုသင့်ဘူး မဟုတ်လား”

အပြင်မှာ သစ်ပင်တွေ လေတိုက်လို့ အကိုင်းတွေ ယိမ်းနွဲ့နေတယ်။ အစားကို မဲစားနေတဲ့ တာကာမတ်စုရဲ့ မျက်နှာကို သူ ကြည့်နေချိန်မှာပဲ မနေ့ညက ကိုင် ပြောခဲ့တဲ့ စကားတွေကို သူ နားလည်လာခဲ့တယ်။ တာကာမတ်စုရဲ့ မျက်နှာဟာ သူလို ကိုယ်လိုပါပဲ။ အဝတ်အစား၊ မိတ်ကပ်နဲ့ ပြင်တတ် ဆင်တတ် တာကြောင့် ဆွဲဆောင်မှု ရှိပါတယ်၊ ဆက်ဆီလည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ မိန်းမတစ်ယောက် ဖြစ်သင့်သလောက်ပဲ ဖြစ်တာ။ ယာမာဆာကီ အဆာမီရဲ့ မျက်နှာနဲ့ ခန္ဓာကိုယ်ကတော့ ထိလိုက်တာနဲ့ တစ်စစီ ကြွေကျသွားမယ့် ပုံသဏ္ဌာန်မျိုး။ သူ့နားရောက်တာနဲ့ စိတ်လှုပ်ရှားနေရတယ်။ ရင်ခုန်သံ မြန်နေရတယ်။ ဘယ်တော့မှ သက်သောင့်သက်သာ မရှိဘူး။

“ဒါဆို ငါ မသိသေးတာ၊ ငါ မမြင်တတ်သေးတာ တစ်ခုခု ရှိနေတယ်ပေါ့”

“အွန်း”

“ဒါပေမဲ့ ငါ သူ့ကို အရမ်း အရူးအမူး ဖြစ်နေတယ်ဆိုတာ သေချာတယ်လေ၊ ဒါနဲ့တင် မလုံလောက်သေးဘူးလား”

“ဆရာ သူနဲ့ အိပ်ချင်လား”

တဲ့တိုးမေးလိုက်တဲ့ ဒီမေးခွန်းကြောင့် သူ ဖြေဖို့ ချီတုံချတုံ ဖြစ်သွားတယ်။ ဒါပေမဲ့ အမှန်အတိုင်းပဲ ဖြေရမယ်။

အင်း... အိပ်ချင်တာပေါ့၊ ဒါပေမဲ့ ငါ သူ့ကို ထိလိုက်ရင် ပထမဆုံး အထိမှာတင် သူ ပျောက်ကွယ်သွားမှာကို ကြောက်နေမိတယ်။ ဒီလိုဖြေရင် တာကာမတ်စုကတော့ ငါ့ကို ဟားမှာပဲ။ အင်း... ခုမှ ရိုမန်းတစ် သိပ်ဖြစ်နေတာကိုးလို့ တာကာမတ်စု ပြောတဲ့ အဓိပ္ပာယ်ကို နားလည်တော့တယ်။ ဟုတ်သားပဲ။

“အင်း... အိပ်ချင်တယ်”

“ဒါဆိုလည်း အိပ်ပေါ့၊ ဘာလို့ မအိပ်သေးတာတုံး”

သူ ခေါင်းညိတ်ပြလိုက်ပြီး ဘာပြန်ပြောရမှန်း မသိလို့ ဇွန်းနဲ့ ခပ်ယူထားတဲ့ ဝက်သားဟင်းကို စိုက်ကြည့်နေမိတယ်။

“အိပ်ဖို့ ကြောက်နေတာ မဟုတ်လား”

တာကာမတ်စုက မျက်မှောင်ကြီးကြုတ်ပြီး အင်မတန် အလေးအနက် စဉ်းစားနေတဲ့ ဟန်နဲ့ မေးတယ်။ အာအိုယာမ ခေါင်းညိတ်ပြလိုက်ပြန်တော့ သူ့ မျက်နှာဟာ စပ်ဖြဲဖြဲကြီး ဖြစ်လာပြီး ရယ်ပါလေရော၊ အာအိုယာမလည်း ရှက် ရှက်နဲ့ ရယ်တာပေါ့။

တာကာမတ်စုက ရယ်ရင်း “အမလေးနော် ဖြစ်မှဖြစ်ရလေ” လို့ ပြောနေ တယ်။

“သူနဲ့အိပ်လို့ အဆင်မချောမှာကို ကြောက်တာ မဟုတ်ပါဘူး”

“အေးလေ၊ အသက်လေးဆယ်ကျော် ယောကျ်ားကြီး တစ်ယောက်က ခု ထိ ချစ်မှုရေးရာမှာ ညံ့တုန်းပဲဆိုရင် အသက်ရှူရပ်လိုက်ဖို့ပဲ ကောင်းတော့တာ မဟုတ်လား”

“အင်း... ထားပါတော့၊ ဒါဆို ငါ ဘာကို ကြောက်နေတာလဲ၊ တစ်ခုခု မှား သွားလို့ သူ ငါ့ကို ခွာလိုက်မှာကို ကြောက်တာလား”

“အမယ်... ကိုယ့်ဘာသာကိုယ် ပြန်မေးနေတာလား အာအိုယာမစံ”

“အေးလေ၊ ငါက သူနဲ့ပတ်သက်ရင် အရူးတစ်ပိုင်း ဖြစ်နေမိတာကိုး၊ ဟယ်...၊ မသိတော့ပါဘူး၊ တစ်ခုခု အဆင်မပြေမှာကို ကြောက်နေမိတာ”

“အင်း...၊ ဒါ ရိုမန်းတစ်ပေါ့ ဆရာရဲ့”

“အင်း ... ထားပါတော့၊ မိန်းကလေးတွေ ကျအောင် ယောကျ်ားတွေသုံး တဲ့ နည်းလမ်းတွေကို မသိတာ မဟုတ်ပါဘူး၊ အဲဒီထဲက တစ်မျိုးမျိုး သုံးပြီး သူ နဲ့အိပ်လို့ရအောင် ကြိုးစား၊ လက်မခံတော့လည်း မင်္ဂလာဆောင်ပြီးတဲ့ထိ စောင့်လိုက်ပေါ့၊ ရှင်းနေတာပဲကို မဟုတ်ဘူးလား”

မုန်လာဥ၊ နို့တွေနဲ့ လုပ်ထားတဲ့ အချိုပွဲကို စားနေတုန်း တာကာမတ်စုက မေးပြန်တယ်။

“ကဲ... အိပ်ကြပြီပဲ ဆိုပါစို့၊ ဘယ်မှာ အိပ်မတုံး၊ ဟိုတယ်မှာလား၊ ဆရာ့ အိမ်မှာလား”

“အင်း... ပိတ်ရက်ကို တစ်နေရာရာ ခေါ်သွားမလား စဉ်းစားတယ်”

တာကာမတ်စုက ခေါင်းတညိတ်ညိတ် လုပ်ရင်း “အင်း... ဒီအကြံ မဆိုးဘူး” လို့ ထောက်ခံလိုက်တယ်။

※※※

“အင်း... ဟုတ်တယ်၊ ကိုယ်တို့ရုံးမှာ ကွန်ပျူတာ စနစ်အသစ် ဆင်ရမယ်လေ၊ ဒါကြောင့် ရုံးနှစ်ရက်လောက် ပိတ်ရလိမ့်မယ် ဆိုတော့ ကိုယ်စဉ်းစားတာက အီဇုမှာ သိပ်သာယာတဲ့ အပန်းဖြေ ဟိုတယ်လေးတစ်ခု ရှိတယ်၊ အစားအသောက်လည်းကောင်း၊ ရေပူစမ်းတွေလည်း ရှိ၊ ဆိုတော့ အဲဒီမှာ အေးအေးဆေးဆေး အနားယူရင်း ကိုယ်တို့နှစ်ယောက် ကိစ္စတွေ ပြောကြမလားလို့၊ မင်း စိတ်ဝင်စားလားလို့”

နေ့လယ်စာ စားပြီး ပြန်လာတာနဲ့ အာအိုယာမဟာ ရုံးခန်းအပြင် ထွက်ပြီး အခပေးဖုန်းကနေ ယာမာဆာကီဆီ ဆက်လိုက်တယ်။ ယာမာဆာကီက ချက်ချင်းကို စိတ်အားထက်သန်စွာ တုံ့ပြန်တယ်။

“ဟယ်... သူများ သိပ်ကြိုက်တာပဲ” တဲ့။

အဲဒီစကားပြောတဲ့အချိန် ယာမာဆာကီရဲ့ အသံဟာ တကယ့်ကို ပျားရည်ကန်ထဲ ကျနေသလိုပဲ။ ဟိုတယ်၊ ရေပူစမ်း ဆိုတဲ့ စကားလုံးတွေကို ပြောရတဲ့အခါ အာအိုယာမဟာ စိတ်ထဲက နည်းနည်းတော့ လန့်သား၊ သူပြောနေတာက ကဲပါ အချစ်ရယ်၊ လက်ထပ်ပြီးတဲ့အထိ စောင့်မနေကြပါစို့နဲ့၊ ကိုယ်တို့ ချစ်ပွဲဝင်ကြရအောင်ပါလို့ ပြောသလိုပဲ မဟုတ်လား။ အင်း မိန်းမတစ်ယောက်ကို မြှူဆွယ်ဖို့နဲ့ သူ့ရဲ့ တုံ့ပြန်မှုကို စစ်တမ်းထုတ်ဖို့အတွက် စံပြလမ်းညွှန်ချက်များ ဆိုတာ မရှိဘူး မဟုတ်လား။ ဒါကြောင့် ယောကျ်ားဖြစ်တဲ့ ကိုယ်ကပဲ စတင်ပြီး အကွက်ရွေ့ရစမြဲကိုး။

“သူများ ဘယ်လို အဝတ်အစားမျိုး ယူခဲ့ရမလဲ”

“အင်... ဘာအဝတ်အစားတုံး”

“ဩော်... အဲဒီလိုနေရာမျိုးမှာ ပုံမှန်ပဲ ဝတ်စားကြတာလား၊ ဒါမှမဟုတ် လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါးလားပေါ့လို့”

“ဩော်... အပန်းဖြေစခန်း ဆိုတော့ အဝတ်အစားက ထွေထွေထူးထူး မလိုပါဘူး”

ဖုန်းမချခင် နေရာနဲ့ အချိန်ကို သူ ပြောလိုက်တယ်။ ဒါပေမဲ့ အခန်း တစ်ခန်းပဲ ယူမလား၊ နှစ်ခန်း ယူမလား မပြောဘူး။ တကယ်တော့ ယာမာဆာကီဆီ ဖုန်းမခေါ်ခင်ကတည်းက ခုတင်နှစ်လုံးတွဲလျက် ဂျူနီယာဆွိခန်းကို သူ ဘွတ်ကင်တင်ပြီးပြီ။ ဆိုတော့ နောက်သုံးရက်နေရင်၊ စနေနေ့ဆို သွားကြမယ်။

ဒီအကြောင်း ရှီဂေးကို ပြောပြရမယ်၊ ပြောဆို ခုညနေ ညစာစားတဲ့ အချိန်မှာ ပြောရမယ်။

ရှီဂေးက မကန့်ကွက်ပါဘူး၊ ဒါပေမဲ့ ယာမာဆာကီနဲ့ သူ အရင်ဆုံး တွေ့ချင်ပါသေးသတဲ့။

“တစ်ညတည်းလား အဖေ”

“အင်း... တနင်္ဂနွေ ညနေ ပြန်လာမယ်လေ”

“အဖေ မိန်းမခိုးပြေးမလို့တော့ မဟုတ်ပါဘူးနော်”

“ဟားဟား၊ ဒီလိုကွ၊ မင်းနဲ့ မိတ်ဆက်မပေးခင် ငါ သူ့ခံစားချက်တွေကို သိချင်သေးတယ်၊ ဒါကြောင့် သူနဲ့ နှစ်ယောက်တည်း ရှိချင်တာပါ၊ မင်းနဲ့ ဖြုန်းခနဲ ပေးတွေ့လိုက်ရင် သူ ရုတ်တရက် ရှောခ်ရသွားပြီး ငါ့ကို မယူတော့ဘူး ဆိုရင် ဘယ်လိုလုပ်မလဲ”

“သားပြောတာ စိတ်မဆိုးနဲ့နော် အဖေ”

“အင်း... ဘာများလဲ”

“အဖေနဲ့ယူရင် သူ ထင်ထားသလို ဘဝဟာ ဇိမ်နဲ့ချည်း နေရမယ် မဟုတ်ဘူး ဆိုတာ အဖေ သူ့ကို ပြောထားပြီးပြီလား၊ အမွေရစရာ ငွေ တနင့်တပိုး မရှိဘူး၊ ခုနေနေတဲ့ အိမ်ကလည်း အပိုင်မဟုတ်ဘူး၊ စီးတဲ့ ကားကလည်း ဂျပန်လုပ်ကား၊ မာစီးဒီး မဟုတ်ဘူး စသည်ဖြင့်ပေါ့”

“အာ... အဲဒါတွေ ပြောစရာ မလိုပါဘူးကွာ၊ သူက ငွေမက်လို့ ငါ့ကို ချဉ်းကပ်တာလို့ သားက ထင်နေတာလား”

“မဟုတ်ပါဘူး၊ အဲ့ဒီလောက် ခပ်တိမ်တိမ် ကောင်မလေးဆို အဖေ သိမှာပေါ့၊ ဒါပေမဲ့ အဖေဟာ ချမ်းသာတယ်လို့တော့ သူ ထင်တယ် မဟုတ်လား၊ ဒါကြောင့် ရှင်းအောင် ပြောထားပြီးပြီလား မေးတာ”

“အင်း... သားပြောတာ မှန်တယ်၊ အဖေ ဒီ ခရီးမှာ သူ့ကို ပြောမယ်”

“ပြောသင့်တယ် အဖေ၊ အဖေဟာ တစ်ချိန်မှာတော့ လူချမ်းသာကြီး တစ်ယောက် ဖြစ်လာနိုင်ပါတယ်လေ”

စနေနေ့ညကို သူ့သူငယ်ချင်းတစ်ယောက် ခေါ်အိပ်မယ်၊ ရီးစံကိုလည်း ဒီအကြောင်းတွေ အဖေ့ကိုယ်စား သူရှင်းပြမယ်လို့ ရှိဂေးက ပြောတယ်။

“ရီးစံကတော့ အံ့ဩနေမှာ လောင်းတောင် လောင်းလိုက်ချင်သေး” လို့ ဆက်ပြောတယ်။

⁂

ဂေါက်ကွင်းတစ်ခုနဲ့ ဆက်နေတဲ့ ဒီဟိုတယ်ဟာ အီတိုစီးတီးကနေ တစ်နာရီလောက် မောင်းရတယ်။ နွေဦးပေါက်တိုင်း ဂေါက်ချန်ပီယံရှစ် ပြိုင်ပွဲတွေ ကျင်းပတဲ့ ဒီကွင်းကြောင့် ဟိုတယ်ဟာ နွေမှာရော ဆောင်းဦးမှာပါ လူ အမြဲ ပြည့်တယ်။ ဆောင်းတွင်း ဆိုရင်တော့ လူပါးတဲ့အတွက် အခန်းယူရတာ လွယ်တယ်ပေါ့။

ကားမောင်းနေတုန်း သူတို့ စကားသိပ်မပြောဖြစ်ကြဘူး။ အပူ အအေး ချိန်ညှိထားတဲ့ ကားထဲမှာ မျှော်လင့်ချက် စိတ်ဓောအဟုန်တွေကတော့ တွဲရရွဲခို နေတာပေါ့။ အိတ်တွေ နောက်ခန်းထဲ ထည့်၊ နေကာမျက်မှန်ကိုယ်စီ တပ်ပြီး ကားလမ်းတစ်လျှောက် မောင်းလာတဲ့အခါ စိတ်ဆန္ဒ ဖိအားဟာ သူတို့နှစ်ယောက်ကြားက နေရာလွတ်ကလေးထဲမှာတောင် သက်ရောက်နေခဲ့တယ်။ အာအိုယာမဟာ ဘေးပတ်ဝန်းကျင် မြင်ကွင်းတွေကို ဘာသိ ဘာသာပဲ။ ယာမာဆာကီ အဆာမီက ဓာတ်ဘူးကြီးနဲ့ တစ်ဘူး ကော်ဖီတွေ ထည့်လာခဲ့တယ်။ အာအိုယာမက စကားပြောလိုက်၊ သောက်လိုက်နဲ့ ခု သုံးခွက်ကုန်ပြီ။ စကားတွေ ပြောနေပေမဲ့ တကယ့်ကိစ္စတွေကိုတော့ အခန်းထဲရောက်မှ ပြောမယ်လို့ သူ တေးထားတယ်။ သူတို့နှစ်ယောက်တည်း အခန်းထဲမှာ အချိန်တွေ အကြာကြီး အတူရှိနေမှာလေ၊ တစ်နေ့လုံး တစ်ညလုံးပေါ့။

ဟိုတယ်ဟာ အီဇု ပင်လယ်ကမ်းခြေကို လှမ်းမြင်ရတဲ့ အဉကလေးရဲ့ ထိပ်မှာ တည်ထားတာ။ ကွေ့ကောက်နေတဲ့ ကားလမ်းအတိုင်း မောင်းလာတဲ့ အခါ ဟိုတယ်ရဲ့ လိမ္မော်ရောင် ခေါင်မိုးကို ဘွားခနဲ မြင်လိုက်ကြရတယ်။ ခဏ

နေတော့ ဟိုတယ် အဆောက်အအုံကို မြင်ရပြီ။ လမ်းတစ်ဖက်တစ်ချက်က မြင်ကွင်းက ပြင်သစ်တောင်ပိုင်း ကျေးလက်မြင်ကွင်းနဲ့တောင် တူသေး၊ သိပ်လှတယ်၊ ဟိုတယ် ဝန်ထမ်းတွေက ဝန်ဆောင်မှု သိပ်ကောင်း၊ ဟိုတယ်ဧည့်ခန်းက ကျယ်ဝန်းနွေးထွေးပြီး သားရေဆိုဖာ အကြီးကြီးတွေ ခင်းထားတယ်။ ယာမာဆာကီ အဆာမီဟာ သိပ်ကို သဘောကျနေပုံပဲ။ ကောင်းလိုက်တာနော်လို့ ရေရွတ်နေတယ်။ ခုမှ အာအိုယာမ စဉ်းစားမိတာ တစ်ခုကတော့ စတွေ့ကတည်းက သူဟာ ယာမာဆာကိုကို ကောင်းပေ့ညွန့်ပေ ဆိုတဲ့ ထိပ်တန်းစားသောက်ဆိုင်ကြီးတွေကိုချည်း ခေါ်သွားခဲ့တာ။ ဒါကြောင့် ရှီဂေး ပြောသလို အဖေက သူဌေးကြီးလို့ သူထင်နေမှာဆိုတာ ဟုတ်လောက်တာပေါ့။ အင်း... အထက်တန်း ကျောင်းသားတစ်ယောက်ရဲ့ အမြင်ဟာ စူးသားပဲ။ ဒါမှမဟုတ် အထက်တန်းကျောင်းသားမို့ ဒီလို မြင်တာလား မသိ။

ချက်အင် ပုံစံကို အာအိုယာမ ဖြည့်နေချိန်မှာ ယာမာဆာကီဟာ သူနဲ့ အတူ ရပ်ရင်း ဟိုတယ်ဧည့်ခန်းရဲ့ မျက်နှာကြက် အမြင့်ကြီးတွေ၊ စပိန်စတိုင် မီးဆိုင်းပန်ကာကြီးတွေကို ငေးနေတယ်။ နာမည်နေရာမှာ ယာမာဆာကီ အဆာမီ အစား အာအိုယာမ အဆာမီ လို့ ဖြည့်လိုက်ချိန်မှာတော့ အာအိုယာမဟာ အိုးသစ် အိမ်သစ်၊ ဘဝသစ် မိသားစုသစ် စတင် ထူထောင်တဲ့ ခံစားချက်မျိုး ဖြစ်နေမိတယ်။

သူတို့ ဆွို အခန်းမှာ လသာဆောင်လေး ပါတယ်၊ လသာဆောင်ကနေ ဂေါက်ကွင်းကိုရော ပင်လယ်ကိုပါ မြင်နေရတယ်။ အာအိုယာမက ဆိုဖာပေါ်ပစ်ထိုင်ချလိုက်ပြီး-

“ညစာမစားခင်ထိ ကိုယ်တို့ ဘာလုပ်ကြမလဲ” လို့ မေးလိုက်တယ်။

တကယ်တော့ ပြောစရာတွေ အများကြီးပါ၊ အာအိုယာမ အတွက် ပြောရအခက်ဆုံးကတော့ ရှီဂေး ကိစ္စပေါ့။ အင်းလေ... ညစာစားတုန်း၊ စိတ်ကြည်နူးပျော်ရွှင်နေချိန်ကျမှ ပြောတော့မယ်လို့ တွေးလိုက်တယ်။ ခုမှ နေ့လယ်သုံးနာရီထိုးပြီးစ ရှိသေးတယ်။ နေက နောက်တစ်နာရီလောက်ဆို ကျပြီ။ ခုချိန်က စကောစက အချိန်၊ တချို့ကိစ္စအတွက် စောလွန်းအားကြီး နေသလို တချို့ကိစ္စအတွက်တော့ နောက်ကျလွန်း အားကြီးနေတယ်။ ယာမာဆာကီ အဆာမီဟာ သူ့ဘေးမှာ ဝင်ထိုင်တယ်။ အနီရဲရဲ လယ်သာ ဒေါက်မြင့်ဖိနပ်၊ အသားရောင်

ဘောင်းဘီပွပွ၊ အနီရောင် ဆွယ်တာ၊ အသားရောင် စကတ်ပဝါနဲ့ ဆံပင်ကို နောက်မှာစည်းထားတဲ့ ယာမာဆာကီဟာ ခု သူ့အနားမှာ ပူးကပ်ပြီး ထိုင်နေပြီ။

သူ့ဒူးတွေဟာ အာအိုယာမရဲ့ ဒူးတွေနဲ့ ထိနေတယ်။ ယာမာဆာကီ ဟာ နေကာမျက်မှန်ကို တပ်တယ်၊ ပြီးတော့ ပြန်ချွတ်တယ်၊ အာအိုယာမကို ကြည့်နေတယ်။ သူ့အကြည့်က တိမ်းတိမ်းမူးမူးလို့ ကင်ပွန်းတပ်ခွင့်များ ရှိမလား။ သူ တစ်ခုခုပြောမှ။

“ဒီကနေ မိနစ်နှစ်ဆယ် နာရီဝက်လောက် သွားရင် ပြခန်းအသေးလေး တစ်ခု ရှိတယ်၊ ခေတ်ပေါ် ဂျပန်ပန်းချီပြခန်းပေါ့၊ ခုနေ သွားမယ်ဆို ပြခန်းမ ပိတ်ခင် ကြည့်ဖို့ အချိန်ရလိမ့်မယ်၊ ဒါမှမဟုတ်၊ အင်း... ဟိုတယ်နောက်မှာ ငါးမျှားတဲ့ ဆိပ်ခံတံတားလေး ရှိတယ်။ ဒါ ပျော်ဖို့ကောင်းမယ် ထင်တယ်၊ ငါး ဖမ်းလှေစုတ်လေးတွေ ဆိုက်ထားတဲ့ ဆိပ်ခံတံတားပေါ့၊ အနားမှာ ကဖေးဆိုင် လေး ရှိတယ်၊ ကော်ဖီက ကောင်းသားပဲ...”

နေကာမျက်မှန်ကို စားပွဲပေါ် ချလိုက်ပြီး စည်းထားတဲ့ ဆံပင်ကို ဖြေချ လိုက်တယ်။ ဆံနွယ်တွေဟာ သူ့ပခုံးပေါ် ဖြာပြီး အိကျလာတယ်။ အာအိုယာမ နှာခေါင်းထဲကို အမျိုးအမည် မခွဲခြားတတ်တဲ့ အနံ့သင်းသင်းလေးတစ်ခု ရောက်လာတယ်။ ရှန်ပူနံ့လား၊ ဆံပင်အလှပြင်ပစ္စည်း တစ်ခုခုရဲ့ အနံ့လား မသိ၊ ဒါမှမဟုတ် ရေမွှေးနံ့လား၊ ဒါမှမဟုတ် ဒါ တကယ် ဗဟိဒ္ဓကမ္ဘာက မွှေးရနံ့ မဟုတ်ပဲ မမြင်ရတဲ့ စွမ်းအားတစ်ခုခုက အခန်းထဲမှာ စိမ့်ဝင်ပျံ့နှံ့ပြီး သူ့အာရုံထဲ ဝင်လာတဲ့ အရာလား။ သိပ်သည်း စွမ်းအားကြီးတဲ့၊ တစ်ချိန်တည်းမှာပဲ ကျောချမ်းစရာကောင်းတဲ့ စွမ်းအင်တစ်မျိုးမျိုးပေါ့။

“ကဖေးဆိုင်ပိုင်ရှင်ကလည်း စိတ်ဝင်စားစရာ လူတစ်ယောက်ပဲ၊ သူက လက်ဝှေ့သမားဟောင်း၊ ရုပ်ရှင်တွေ စာပေတွေကို ချစ်တတ်တဲ့လူ၊ သူ့ဆိုင်မှာ စာအုပ်တွေ၊ ရုပ်ရှင်တွေ၊ မဂ္ဂဇင်းတွေချည်းပဲ၊ ငါးဖမ်းဆိပ်ခံ တံတားက ကဖေး ဆိုင်နဲ့ နည်းနည်းမှ မတူဘူး”

ယာမာဆာကီ အဆာမီဟာ အာအိုယာမရဲ့ စကားတွေကို နားထောင်မ နေဘူး၊ စကတ်ပဝါကို ချွတ်တယ်။ သေချာ ခေါက်တယ်။ ဆိုဖာလက်ရန်းပေါ် တင်တယ်။ အခန်းထဲ အပူပေးစနစ်က အသက်ဝင်ပြီမို့ အာအိုယာမဟာ ဆွယ်တာအောက်မှာ ချွေးထွက်စ ပြုလာတယ်။ ယာမာဆာကီက မတ်တတ်

ထတယ်။ အခန်းထဲက မီးတွေအားလုံးကို ပိတ်တဲ့ ခလုတ်ရှိရာ တံခါးနားကို သွားတယ်။ ခလုတ်ကို ပိတ်လိုက်တယ်။ အပြင်မှာ ညနေခင်း အမှောင်ရိပ်တွေ ကြီးစိုးလာပြီ။ အခန်းဟာ မှောင်သွားခဲ့ပြီ။ သင်းရနံ့တွေက တစ်ခန်းလုံး လွှမ်းလာခဲ့ပြီ။ ဝိုင်ဖောက်တဲ့နေရာ ရောက်နေသလိုကို ရနံ့က စူးရှပြင်းထန် လာခဲ့တယ်။ အာအိုယာမဟာ နှုတ်ဆိပ်သွားတယ်။ ဘာလို့ မီးပိတ်လိုက်တာလဲလို့ သူ့မှာ မေးနိုင်စွမ်း မရှိတော့ဘူး။ သင်းထုံကြိုင်လှိုင်နေတဲ့ ရနံ့ကြောင့် အသက်ရှူရတောင် ခက်လာတယ်။ သူ အားတင်းပြီး စကားဆက် ပြောတယ်။

“သိပြီ၊ ကိုယ်တို့ ရေပူစမ်း သွားကြမယ်၊ ရေပူစမ်း အဝတ်လဲခန်းကတော့ ဂေါက်သမားတွေနဲ့ ပြည့်နေမှာပဲ၊ ဒါပေမဲ့ ရေပူစမ်းက ဂေါက်သမားတွေ အတွက်ချည်း မဟုတ်ပါဘူး၊ ဒီက ဧည့်သည်တွေအတွက်လည်း ပါပါတယ်၊ အဲဒီမှာ ဆောင်နာလား၊ ဂျာကူဇီလားမသိ ရှိတယ်၊ ဘာပဲပြောပြော ရေနွေးစိမ်ကြမယ်၊ ပြီးရင် ဘီလီယက်၊ စားပွဲတင်တင်းနစ် ဒါတွေ ကစားချင် ရတယ်၊ ပြီးရင် ဆော့တေးလေး...”

နေရောင်ဟာ ကြမ်းပြင်ပေါ်ကနေ တဖြည်းဖြည်း ဆုတ်ခွာနေတာ သူ့ခြေထောက်နား ရောက်နေပြီ။ မကြာခင် အခန်းထဲကနေ နေရောင် ပျောက်ကွယ်သွားတော့မယ်။ နေဝင်ဆည်းဆာ မမှောင့်တမှောင် အခန်းထဲမှာ ယာမာဆာကီဟာ ခုတင်နှစ်လုံးကြားမှာ ရပ်ရင်း အဝတ်တွေကို တစ်လွှာချင်း ချွတ်နေပါပေါ့လား။ သူ့မျက်နှာဟာ မှောင်ရိပ်ထဲမှာ၊ ဒါပေမဲ့ အဝတ်တွေကို ခန္ဓာကိုယ်ကနေ ခွာချနေလိုက်တာ သူ့ကျောပြင်လေး၊ ပခုံးသားလေး၊ လည်တိုင်လေး၊ လက်မောင်းလေး၊ ပေါင်သားလေး၊ ဒူးခေါင်းလေးတွေဟာ မြင်ကွင်းထဲ ရောက်လာခဲ့တယ်။ သူ့မျက်နှာက ညှို့ဓာတ်အပြည့်နဲ့ ပြုံးယောင်သန်းနေသလားပဲ။ နောက်ဆုံး အတွင်းခံတွေကိုပါ အကုန်ချွတ်ပြီး ခုတင်ပေါ် တက်လိုက်တဲ့အခါမတော့ အာအိုယာမဟာ ဖွတ်မှေပုတတ်မှေ့ ဆိုသလို ဖြစ်နေတော့တယ်။

“ဆရာ ကျေးဇူးပြုပြီး အနားကို လာခဲ့ပါ”

သူပြောတဲ့ လေသံက ချဲတာလည်း မပါ၊ နွဲ့တာလည်း မဟုတ်၊ မြူဆွယ်တဲ့ ပုံစံလည်း မပေါက်၊ ချစ်တဲ့သဘောလည်း မပါ။ သူ့အသံဟာ အရေးတကြီး လေသံ ပေါက်နေတယ်။ ကယ်ကြပါ၊ ကူကြပါ ဆိုတဲ့ လေသံမျိုး နီးနီးပဲ။

“အဝတ်တွေ မချွတ်နဲ့ဦးနော်၊ လာ... မြန်မြန်လာ”

အာအိုယာမ ထရပ်လိုက်ပြီး အိပ်ရာနားကို သွားတယ်။ ဘာတစ်ခွန်းမှ မပြောနိုင်ဘူး။ အခန်းထဲမှာ ရုတ်တရက် အောက်စီဂျင် ပြတ်သွားသလိုလို၊ သူ့လည်ချောင်းထဲ တစ်ယောက်ယောက်က နံရံကပ် စက္ကူလိပ်ကြီး ထိုးထည့် သွားသလိုလို။ သူ ခုတင်နား ရောက်သွားတဲ့ အခါမတော့ ယာမာဆာကီက သူ့ကိုယ်ပေါ် လွှမ်းထားတဲ့ အိပ်ရာခင်းစောင်ကို ဖယ်ချလိုက်ပြီး အားလုံးသော အရာများကို ပကတိအတိုင်း ဖော်ပြလိုက်တော့တယ်။

“ကြည့်စမ်း၊ ဒီမှာ မီးလောင်ရာတွေ တွေ့လား၊ အဲဒါ သူများပထွေးက သူများကို အပြစ်ပေးထားတာလေ”

ယာမာဆာကီ အဆာမီက သူ့ကို ကြည့်ရင်း ပြောလိုက်တယ်။ သူ့အကြည့်က ကြေကွဲရိပ်တွေ သန်းလို့။

ဘယ်ဘက်ပေါင်ရင်း အရေပြားပေါ်မှာ မျဉ်းပြိုင် အမာရွတ်ကလေးနှစ်ခု တန်းနေတယ်။ အဲဒီ အမာရွတ်နှစ်ခု အပြင်တော့ တခြား ဘာအနာအဆာကိုမှ အာအိုယာမ မမြင်ပါဘူး။ သူမြင်နေတာက ယာမာဆာကီ အဆာမီရဲ့ ပြစ်မျိုးမဲ့ မထင် မျက်နှာလေး၊ သူ့လည်တိုင်ကြော့လေး၊ ရင်သားအစုံနဲ့ ချွန်ထွက်နေတဲ့ ရင်သားဝတ်ဆံလေးတွေ၊ သေးကျဉ်တဲ့ ခါးကလေး၊ သေးသေးတာတာ ချစ်စရာ ချက်ကလေး၊ တြိဂံပုံမအင်္ကျီ အမွေးအမှင်လေးတွေနဲ့ ခြေထောက် ကောက်ကြောင်းတွေပါ။ သက်ရှိ ပကတိ ခန္ဓာလား၊ ကြွေသား ခန္ဓာလား မကွဲပြားလောက်အောင်ပါပဲ။

“မြင်လားဟင်”

အာအိုယာမဟာ စက်ရုပ်ကြီးလို ခေါင်းညိတ်ပြနေတယ်။

“အကုန်မြင်တယ်လား”

ခေါင်းငြိမ့်ပြန်တယ်။ အာအိုယာမကတော့ အဖျစ်တပဋိပက္ခ ကြားမှာ လွန်ဆွဲနေရတာကိုး။ အခန်းထဲက ပြေးထွက်သွားချင်စိတ်က တစ်ဖက်၊ ဒူး ထောက်ပြီး သူ့ရင်သားတွေကို စုပ်နမ်းရင်း တဖြည်းဖြည်း ပြင်းထန်လာတဲ့ သူ့ရဲ့ ရမ္မက်ရှိုက်သံတွေကို နားစွင့်ချင်စိတ်က တစ်ဖက်။

“သူများနားမှာ လဲပါ၊ နေဦး... အဝတ်တွေ မချွတ်နဲ့ဦး၊ ဒီတိုင်းလေး လာလဲပေးပါဦး”

အမိန့်တော်အတိုင်း နာခံရုံမှတစ်ပါး အခြားမရှိလေ။ ဆွယ်တာ၊ ဘောင်းဘီ အပြည့်အစုံနဲ့ ဖိနပ်တောင် မချွတ်ရဘဲ ဝင်လဲရတယ်။ ယာမာဆာကီ အဆာမီက အာအိုယာမဘက်ကို နွဲ့နွဲ့လေး စောင်းအိပ်လိုက်တယ်။ အာအိုယာမရဲ့ ဘယ်လက်မောင်းကို ခေါင်းအုံးရင်း သူ့ခြေတစ်ဖက်က အာအိုယာမရဲ့ ခြေထောက်ကို မြွေတစ်ကောင် ရစ်ပတ်နေသလို ချိတ်ထားနေပြီ။

“ခု အကုန်မြင်ပြီးပြီဆိုတော့ သူများခြေထောက်ကို သတိထားမိလား”

အင်... အား။ သူ့ရင်သားဖြူလွှာက အာအိုယာမရဲ့ ရင်ညွန့်ရိုးပေါ် ပိကျ၊ အာအိုယာမရဲ့ နှလုံးခုန်သံတွေ ချွန်းအုပ်လို့မရအောင် မြန်။

“မြင်ပြီးပြီဆို ပြောပြ၊ သူများခြေထောက်က ဘယ်လိုပုံစံလဲ”

ခြေသည်းလေးတွေ အက်ကွဲနေတယ်။

“အင်း... ဘဲလေးကချေသည်က ဒီလိုပဲလေ”

“အင်း... ဟုတ်မယ် ထင်ပါတယ်”

“သူများ တစ်ယောက်တည်းနော်၊ ဟုတ်ပြီလား”

“အင်း... အင်းပါ"

“ဘာ အင်းပါလဲ၊ သူများပြောတာ နားလည်ရဲ့လား၊ သူ သူများ တစ်ယောက်တည်းကိုပဲ ချစ်ရမှာနော်”

“အင်း... ကိုယ်သိပါတယ်”

“လူတိုင်း အဲဒီလို ပြောကြတာချည်းပဲ၊ ဒါပေမဲ့ တကယ် စိတ်ထဲက ပါလို့ မဟုတ်ဘူး သိရဲ့လား၊ သူကတော့ တခြားလူတွေလို မဟုတ်ဘူးနော်၊ ဟုတ်တယ်မဟုတ်လား၊ သူများ တစ်ယောက်တည်းနော်၊ သူများ သူ့ကို အရာရာ အကုန်ပေးမယ်၊ ဒါပေမဲ့ သူများကိုပဲ ချစ်ရမယ်၊ သူ နားလည်ရဲ့လား”

သူများ တစ်ယောက်တည်းနော်၊ တစ်ယောက်တည်းကိုပဲ ချစ်ရမှာနော် ဆိုတာကို ဆီမန်းမန်းသလို ထပ်ကာတလဲလဲ ရွတ်ရင်း ယာမာဆာကီ အဆာမီ

ဟာ အာအိုယာမရဲ့ အဝတ်အစားတွေကို ဖြည်းဖြည်းချင်း ချွတ်ပေးနေတော့တယ်။

❑

ဆွယ်တာကို အထက်လှန်၊ ရုပ်ကြွယ်သီးတွေကို တစ်လုံးချင်း ဖြုတ်တယ်၊ တစ်လုံးပြီး တစ်လုံး ပြုတ်သွားတာကို အာအိုယာမဟာ ကူကယ်ရာမဲ့ ထုံထုံထိုင်းထိုင်းနဲ့ ကြည့်နေတယ်။ အခန်းဟာ မြန်မြန်ဆန်ဆန်ပဲ အမှောင်ဓာတ် ကြီးစိုးလာတယ်။ သူ့ ပန်းနုရောင် လက်သည်းလေးတွေဟာ ဆောင်းနေ ဆည်းဆာမှာ တစ်ချက်တစ်ချက် ရောင်ပြန်ဟပ်သွားတယ်။ နှစ်ယောက်လုံး ထ ထိုင်လိုက်ကြတယ်။ ဘာမှ မပြောရသေးခင် သူ့မျက်နှာလေးဟာ အာအိုယာမ ရဲ့ မျက်နှာနား ကပ်လာတယ်။ သူ့ပုံရိပ်လွှာဟာ အာအိုယာမရဲ့ မှတ်ဉာဏ်ထဲမှာ တစ်စုံတစ်ရာနဲ့ ရောယှက်လို့နေတယ်။ ပါးအို့လေးတွေ ရဲလာပြီ။ ထိုင်လိုက်တဲ့ အခါ ရင်သားအစုံဟာ သူ့ခါးကျဉ်ကျဉ်လေး အထက်မှာ တည်နေပုံက ပြီးပြည့်စုံ လွန်းတယ်။ ကြွေသား ပန်းပုရုပ်ကလေး အသက်ဝင် လာသလိုပါလားကွယ်။

အချိန်ဟာ ပုံမှန်အရှိန်ထက် အဆပေါင်းများစွာ မြန်အောင် ပျံသန်းသလို ဖြစ်ပြီးတဲ့နောက် ရုတ်တရက် ရပ်သွားသလိုပဲ။ ရုပ်အင်္ကျီအောက်ကို သူ့လက် ကလေး လျှောခနဲ ထိုးသွင်းလိုက်တယ်။ ရင်ဘတ် အရေပြားကို လက်ချောင်း ထိပ်ကလေးတွေနဲ့ တို့ထိ စမ်းသပ်နေလိုက်တာ မျက်မမြင်တစ်ယောက် နှစ် ကာလရှည်ကြာ စောင့်မျှော်နေခဲ့ရတဲ့ ဘရေးလ်စာကို စမ်းပြီး ဖတ်နေသလိုပဲ။ သူ့အထိအတွေ့ဟာ ရင်ဘတ်ကို ထက်လှတဲ့ ခွဲစိတ်ဓားနဲ့ ခွဲသွားသလို ပထမ ဆုံး ခံစားရပြီးနောက်တော့ တန်ခိုးရှင် တစ်ယောက်ရဲ့ နူးညံ့တဲ့ ထိတွေ့ကုသမှု လို မိန်းမောစေပြန်တယ်။ သူ့ခန္ဓာကိုယ်နဲ့ ပြင်ပကမ္ဘာကြားက ခြားထားတဲ့စည်း ကို အာအိုယာမ မခွဲခြားနိုင်တော့ဘူး။ အာရုံခံစားမှုဟာ ယာမာဆာကီရဲ့ လက်ချောင်းတွေနဲ့ ထိတို့နေတဲ့ သူ့အရေပြား ပေါ်မှာပဲ တည်နေတယ်။ အဲဒီလို တို့ထိနေမှုကနေ စိတ်ကူးကြည့်လို့တောင် မရတဲ့ ခံစားမှုတွေ ပေါ်ထွက်လာခဲ့ တယ်။ သူ့လက်ချောင်း ထိပ်ကလေးတွေဟာ ရေခဲလိုပဲ၊ ဒါပေမဲ့ ပိုးတုံးလုံး ကောင်လို နူးညံ့တယ်။ ခုတင်နှစ်လုံးကြားမှာ ဆွယ်တာကို လက်က ကိုင်ရင်း မတ်တတ်ရပ်နေတာကို သူ့ကိုယ်သူ မြင်နေရပေမဲ့ ဘယ်အချိန် မတ်တတ်ဖြစ် သွားသလဲ၊ ဘယ်အချိန် ဆွယ်တာချွတ်လိုက်မိလဲ ဆိုတာကို လုံးဝ စဉ်းစားလို့ မ ရဘူး။ ခု ရုပ်အင်္ကျီ ကြွယ်သီးတွေ အားလုံး ပြုတ်သွားခဲ့ပြီ။ ရင်ဘတ်နဲ့ ဗိုက်တွေ ဟာ ဟင်းလင်းပြင် ဖြစ်ခဲ့ပြီ။ ယာမာဆာကီ အဆာမီဟာ ခါးပတ်ကို ဖြုတ်

တယ်၊ ဘောင်းဘီဇစ်ကို အသာ ဆွဲချတယ်၊ ခွဲစိတ်ဆရာဝန် တစ်ယောက်က ခွဲကြောင်းရာ ပေးသလိုပဲ။ သူ ဒူးနှစ်ဖက်ကို ပူးပြီး ခုတင်စွန်းမှာ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်နေတယ်။ ကတ္တီပါစိမ်း အိပ်ရာခင်းနဲ့ ကြွေအဆင်း ဝတ်လစ်စားလစ် ခန္ဓာကိုယ်ဟာ ခန်းလုံးပြည့်မတတ် ဖြစ်လာသလို အာအိုယာမရဲ့ အာရုံထဲမှာ ထင်လာ မြင်လာတယ်။

ယင်း ဘောင်းဘီဇစ် အဆုံးမှာ ယာမာဆာကီက မော့ကြည့်လိုက်တဲ့အခါ နားထင်နှစ်ဖက်က တဒုတ်ဒုတ် သွေးတိုးနေတဲ့ အသံကိုတောင် ကြားလာရတယ်။ ယာမာဆာကီဟာ သူ့ကို တိမ်းတိမ်းမူးမူး အကြည့်နဲ့ ကြည့်လိုက်ရင်း ပြုံးလာတယ်။ ပန်းနုရောင် လက်သည်းလေးတွေနဲ့ ရင်ဘတ်တစ်လျှောက် ကြောင်ကုတ်သလို ဖွဖွလေး ဆွဲချလိုက်တယ်။ အမယ်လေးလေ့- ခံစားမှု ပြင်းထန်လွန်းလို့ သူ အော်မိတော့မလို ဖြစ်သွားတယ်။ သုခဝေဒနာကြောင့် ညည်းတွားသံဟာ လည်ချောင်းဝမှာ တစ်ဆို့ပြီး နှုတ်ခမ်းကြားက ထွက်မလာ အောင် အောင့်အည်းထားလိုက်တယ်။ ဘယ်လိုဖြစ်တာလဲ၊ ဘာဖြစ်လို့ သူ လူပျိုပေါက်ကလေးလို ထွန့်ထွန့်လူးနေရတာလဲ၊ ဒီ ကြွေရုပ်မလေးကို ခုတင်ပေါ် အသာလှဲချပြီး အပေါ်ကနေ ဆန္ဒကို ဖွင့်ထုတ်လိုက်ဖို့ ဘာလို့ မစဉ်းစားရဲ ဖြစ်နေတာလဲ။ သူဟာ လက်ကြီးနှစ်ဖက် ဘေးကပ်ပြီး ငူငူကြီး ရပ်နေမိတယ်။ အထိအတွေ့အာရုံကြောင့် ဆတ်ခနဲ ဆတ်ခနဲ တုန်သွားတာက လွဲရင်ပေါ့။ ဒီလို အယုအယတွေ သူ ဘယ်ကနေ တတ်လာတာလဲ။ ခုခေတ် မိန်းမပျိုလေးတွေ အားလုံး ဒီလို ဌာန်ကုန် မာန်ကုန် တတ်ကျွမ်းနေတာလား။ ဒါမှမဟုတ် ပြစ်မျိုး မဲ့မထင်တဲ့ အလှတရားကြောင့်၊ မိုးထိတက်နေတဲ့ ဆန္ဒရမ္မက်ကြောင့် ဒီလောက်ထိ ထွန့်ထွန့်လူးနေရတာလား၊ ဘောင်းဘီနဲ့ အတွင်းခံကို ချွတ်လိုက်ပြီးချိန်မတော့ ယာမာဆာကီရဲ့ မျက်လုံးတွေဟာ ဦးတည်ရာ မဲ့လာတယ်။ နှုတ်ခမ်းတွေဟာ ပွင့်အာလာတယ်။ အတွင်းက ပန်းနုရောင် လျှာဖျားလေး တိုးထွက်လာခဲ့တယ်။ ကြွေမျက်နှာ ရုပ်ကလေးကနေ ပန်းရောင် ဆူးကလေး ထွက်လာသလိုပဲ။ အဲဒီ ပူနွေးနူးညံ့တဲ့ ဆူးကလေးဟာ အာအိုယာမရဲ့ ချက်ကနေ ပေါင်ထိပ်ထိ မျဉ်းဖြောင့်အတိုင်း တို့ထိလာပြီး ဒီကနေ ရင်ဘတ်ထိ ပြန်တက်သွားပြန်တယ်။ ယာမာဆာကီဟာ ခုတင်ပေါ်မှာ ဒူးထောက်ထိုင်လိုက်ပြီး သူ့မျက်နှာကလေးကို မော့လိုက်တဲ့အခါ အာအိုယာမရဲ့ မျက်နှာနား ရောက်လာတယ်။ အာအိုယာမဟာ ငုံ့လိုက်ပြီး ယာမာဆာကီရဲ့ ပန်းရောင်လျှာကလေးကို စုပ်ယူလိုက်တော့တယ်။ ယာမာဆာကီရဲ့ တုံ့ပြန်အနမ်းဟာ အရမ်းကို မွတ်သိပ်လွန်း

တယ်။ အနမ်းချင်း ဖလှယ်နေချိန်မှာ အာအိုယာမရဲ့ ဘယ်ဘက်လက်ကို ကိုင်ပြီး သူ့ရင်သားပေါ် တင်ထားလိုက်တယ်။ အင်း... ခုတော့ အာအိုယာမ သိပါပြီ။ ယာမာဆာကီဟာ ကြွေအဆင်းနဲ့ လူသားပါပဲ၊ အသွေးအသားနဲ့ လူသား၊ မယုံနိုင်လောက်အောင် ပျော့ပျောင်းနူးညံ့ ပူနွေးတဲ့ အထိအတွေ့နဲ့ မိန်းကလေးစင်စစ်ပါ။ သူ့လက်တွေဟာ ယာမာဆာကီရဲ့ တြိဂံဒေသရပ်ဝန်းဆီတဖြည်းဖြည်း ရွေ့သွားတယ်။ ရပ်ဝန်းတစ်ခုလုံးဟာ ပူနွေးစိုစွတ်လို့နေတယ်။ ညည်းသံလေး၊ ယာမာဆာကီရဲ့ လိုဏ်သံပါနေတဲ့ ညည်းသံ နက်နက်မျိုးကို သူ ဘယ်မိန်းကလေးဆီကမှ မကြားခဲ့ဖူးဘူး။ သံချေးတက်နေတဲ့ ဂီယာတွေ လှုပ်ရှားဖို့ ရုန်းကန်နေရသလိုပဲ။

※※※

အိပ်မောကျနေရင်း အိပ်မက်တစ်ခု မက်တယ်။ အိပ်မက်ထဲမှာ သူတစ်ခါမှ မမြင်ဖူးတဲ့ လူတွေဟာ သူ့ကို စိတ်တိုင်းကျ နှိပ်စက်ညှဉ်းပန်းနေကြတယ်။ ကြောက်စရာ ကောင်းလောက်အောင် မှောင်မည်း ငြိမ်သက် တိတ်ဆိတ်နေချိန်မှာ ရုတ်တရက် ချက်ချင်း သူ့မျက်နှာတစ်ခုလုံး စုတ်ပြတ်ပြီး သွေးခြင်းခြင်း နီသွားသလိုလို။ အလန့်တကြားနဲ့ မျက်လုံးတွေ ဖွင့်ကြည့်တဲ့အခါ စူးရှ ပြင်းထန်လွန်းတဲ့ အလင်းရောင်ကြောင့် မျက်လုံးကို ပြန်ပိတ်လိုက်ရတယ်။ ဘာဖြစ်တာလဲ၊ ဘယ်လိုဖြစ်တာလဲ၊ ဘယ်ရောက်နေတာလဲ၊ ပါးစပ်က အသံကုန် အော်လိုက်ချင်ပေမဲ့ လည်ချောင်းတစ်ခုလုံး ပင့်ကူအိမ်လို အကျိအခွဲတွေ ဆို့နေတယ်၊ ဘာသံမှ ထွက်မလာဘူး။ မျက်ခွံတွေထဲမှာ လိမ္မော်ရောင်သန်းပြီး နာကျင်တဲ့ ဝေဒနာကြောင့် အမြင်အာရုံ ပေးစွမ်းတဲ့ နှဲ့ဗ်ကြောတွေ ဆတ်ဆတ်ခါနေတယ်။ အားအင်ဆိုလို့ တစ်စက်မှ မရှိတော့ဘူး၊ ခေါင်းဟာ ထုံတုံတုံကြီး ဖြစ်နေတယ်၊ အထူးသဖြင့် နားထင်တွေ၊ တစ်ကိုယ်လုံး ထုံဆေးဖျန်းထားသလိုပဲ အာရုံခံစားမှုတွေဟာ ထုံထိုင်းနေတယ်။ သူ ဘယ်နား ရောက်နေတာလဲ၊ အင်မတန် ထူးဆန်းတဲ့ ခုတင်တစ်လုံးပေါ်မှာ ဝတ်လစ်စားလစ် သူ လှဲနေတယ်။ ညာဘက်လက်က တင်ပါးနားမှာ၊ ဘယ်လက်က ဗိုက်ပေါ်မှာ။

ဒါ ဘယ်သူ့ခုတင်လဲ။

မျက်နှာကြက်က အလင်းရောင်နဲ့ သူ လုံးဝ မရင်းနှီးဘူး။ အင်း သူ အိပ်မက်ထဲမှာပဲ ရှိနေသေးတယ် ထင်ပါရဲ့။ ဒါပေမဲ့ နားထင်က ထုံနေတဲ့ ဝေဒနာရယ်၊ မျက်ခွံက နာကျင်တဲ့ ဝေဒနာရယ်က အိပ်မက်မဟုတ်ဘူးလို့ ပြော

နေတယ်။ သတိရပြီ။ သူ ယာမာဆာကီ အဆာမီနဲ့အတူ လာခဲ့တာ၊ ဟိုတယ် ဆိုခန်းထဲမှာ၊ ဘယ်လက်နဲ့ လိုက်စမ်းကြည့်တယ်၊ ဘယ်သူမှ မတွေ့ဘူး၊ ဘာမှ မရှိဘူး၊ အံတင်းတင်းကြိတ်ပြီး မျက်လုံးကို ဖွင့်လိုက်တယ်။ ဒါပေမဲ့ အလင်းက စူးရှလွန်းအားကြီးလို့ မခံနိုင်ဘူး၊ မျက်လုံးကို ပြန်ပိတ်ရတယ်။ ဖြည်းဖြည်းချင်း ဖွင့်တယ်။ မျက်ရည်တွေစိုပြီး မြင်ကွင်းဟာ ဝါးနေတယ်။ သူ့ သွေးခုန်နှုန်းတွေဟာ စည်းချက် မမှန်ဘူး၊ အားပျော့နေတယ်၊ မျက်လုံးဖွင့်လာနိုင်တာနဲ့အမျှ သွေးခုန်နှုန်းဟာ ပြန်အားကောင်းပြီး ပုံမှန် ပြန်ဖြစ်လာတယ်။

သူ မရှိတော့ဘူး။

တစ်ခန်းလုံး စတိုးဆိုင်လို လင်းထိန်နေအောင် ရှိသမျှ မီးတွေ အကုန် ဖွင့်ထားတယ်။ ဒါပေမဲ့ ဘာသံမှ မကြားရလောက်အောင် ငြိမ်သက် တိတ်ဆိတ်နေတယ်၊ ဘယ်သူမှရှိပုံ မပေါ်ဘူး၊ အာအိုယာမဟာ ဝတ်လစ်စားလစ်ပဲ၊ သူ့ရဲ့ ပျော့ခွေနေတဲ့ ဖွားဘက်တော်ဟာ စေးထန်းထန်း ဆီးခုံမွေးတွေပေါ်မှာ။ ရေချိုးခန်းထဲက အသံဗလံများ ကြားမလားလို့ သူ နားစွင့်ကြည့်တယ်။ ဘာသံမှ မကြားဘူး။ ကြည့်ရတာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလို့ သူ့ကို မနှိုးဘဲ တစ်ယောက်တည်း ဘားကို ဆင်းသွားသလား။ ဒါမှမဟုတ် ညစာ ထွက်စားနေသလား၊ မဟုတ်သေးဘူး၊ နေစမ်းပါဦး၊ ဟာ... သူ့ ခရီးဆောင် အိတ်မှ မရှိတော့ဘဲ၊ ဒါဆို ယာမာဆာကီ အဆာမီဟာ ဘာမှ မပြောဘဲ ထွက်သွားတာလား။

ခန္ဓာကိုယ်တစ်ခုလုံး ခဲတွေ ဆွဲထားသလို၊ သွေးကြောထဲ ပြဒါးတွေ ပြည့်သိပ်နေသလို လေးလံလွန်းနေတယ်။ ညာဘက်လက်က မာတာတာ တစ်ခုကို စမ်းမိတယ်။ သြော်... အိပ်ရာခင်းကြားမှာ ညပ်နေတဲ့ သူ့ လက်ပတ်နာရီပဲ။ ဆွဲယူလိုက်ပြီး ကြည့်လိုက်တယ်။ သုံးနာရီကျော်ပြီ၊ ရက်စွဲကြည့်တော့ နောက်တစ်နေ့၊ ဒါဆို မနက်သုံးနာရီပေါ့၊ နာရီလက်ပတ်မှာ ဆံပင်ရှည်တစ်မျှင်၊ ယာမာဆာကီရဲ့ ဆံနွယ်လေးပဲ။

ဒီအခန်းထဲမှာ သူနဲ့အတူတူ ရှိနေခဲ့တာပါ၊ ဒါကို သံသယရှိစရာ မလိုဘူး။ အာအိုယာမဟာ ဆံပင်လေးကို လက်ညှိုးထိပ်မှာ ပတ်ထားမိတယ်။ သူ့ မှတ်ဉာဏ်ဟာ လမ်းနှစ်မြွာ ကွဲထွက်နေတယ်။ တစ်ခုက အနီးပြကွက်တွေလို ဖျတ်ခနဲ ဖျတ်ခနဲ ထင်လာတဲ့ ယာမာဆာကီရဲ့ မျက်နှာ၊ ချွေးလေးတွေ စို့နေတဲ့ မျက်နှာ၊ ပန်းနုရောင် လျှာကလေး၊ နဖူးနဲ့ ပါးပြင်ပေါ် ချွေးနဲ့ကပ်နေတဲ့ ဆံနွယ်တွေ။ တင်းရင်း ချွန်မြနေတဲ့ ရင်သား ဝတ်ဆံတွေ၊ ပူနွေးရွှဲစိုနေတဲ့ ချစ်ဆိပ်ရည်

တွေ၊ အဲဒီ ပြကွက်တွေနဲ့အတူ သက်ပြင်းချသံတွေ၊ ညည်းသံတွေ၊ တီးတိုး စကားသံတွေ၊ မာန်ဖီသံတွေ...။

နောက်တစ်ခုကတော့ အပိုင်းအစလေးတွေ ဖြစ်နေတဲ့ မှတ်ဉာဏ်။ သူတို့ စကားပြောနေကြတယ်။ ရှီဂေးအကြောင်း ပြောပြနေမိတယ်။ အဲဒါ သူတို့ ချစ်တင်းနှောပြီးမှလား၊ မနှောသေးခင်လား။ ယာမာဆာကီရဲ့ ဆန္ဒ အထွတ်အထိပ် ရောက်ပြီးချိန်လား၊ ရမ္မက်ဇောအဟုန်ကြောင့် စီစီညံအောင် အော်နေချိန်လား။ မသေချာဘူး၊ လုံးဝမသေချာဘူး၊ ဒါပေမဲ့ တစ်ချိန်ချိန်မှာတော့ ရှီဂေးအကြောင်း ပြောလိုက်တာကို သိတယ်။ သူ ဘယ်လို တုံ့ပြန်ခဲ့သလဲ။ ဒါကို လုံးဝ မမှတ်မိဘူး။

ဘာတွေ ဖြစ်သွားတာလဲ။ သူ ပြီးသွားခဲ့သလား၊ သူငယ်ပါကို စမ်းကြည့်မိတယ်။ ချစ်ဆိပ်ရည်တွေက ခြောက်သယောင်းပြီး အရေပြားမှာ ကပ်နေတယ်။ ယာမာဆာကီဟာ ခံတွင်းတော်နဲ့ ယုယခြင်းအမှုကို မပြုခင် သူ့ကို တစ်ခုခု ပြောတယ်။ အဲဒါ ရှီဂေးအကြောင်း ပြောပြီးချိန်လား၊ မပြောရသေးခင်လား။

ညာဘက်လက်ဖဝါးကို အားပြုထောက်ရင်း ထထိုင်ဖို့ ကြိုးစားတယ်။ နားထင်က တဒိုင်းဒိုင်း ဆောင့်သလို ထိုးနာလာတယ်၊ ရင်ဘတ်ထဲကလည်း အောင့်နေတယ်။ ဒါကြောင့် ထထိုင်ဖို့ ကြိုးစားတာကို စွန့်လွှတ်လိုက်ရတယ်။ အိပ်ရာပေါ် မှောက်လျက်ကြီး ဖြစ်နေတယ်။ ဝေဒနာကြောင့် မျက်နှာဟာ ရှုံ့တွနေတယ်။ အသက်ကို ကြိုးစားရှူနေရတယ်။ နှလုံးက တဒိုင်းဒိုင်း ခုန်နေတယ်။ အပေါ်ပိုင်း တစ်ပိုင်းလုံး ကျောက်သားနဲ့ လုပ်ထားသလို လေးလံလွန်း အားကြီးနေတယ်။ ယာမာဆာကီဟာ သူ့ကို တစ်ခုခုများ လုပ်ထားခဲ့သလား။

အဲဒီအတွေးကြောင့် သူ့တစ်ကိုယ်လုံး တုန်သွားတယ်။ ဒါပေမဲ့ အခန်းထဲကနေ ပျောက်ကွယ်သွားတဲ့ ယာမာဆာကီကြောင့် ပိုပြီး တုန်လှုပ်မိတယ်။ အိပ်ရာခင်းတွေမှာ အနံ့သင်းသင်းလေး စွဲကျန်နေတယ်။ သူ့ဆံပင်တွေ ဖြန့်ချလိုက်တဲ့အခါ ရတဲ့ အနံ့မျိုးပဲ။ ကတ္တီပါစိမ်း အိပ်ရာခင်းဟာ သူ့ ရေမွှေးနံ့၊ မိတ်ကပ်နံ့၊ ချွေးနံ့၊ ချစ်ဆိပ်ရည်နဲ့ အားလုံးကို စုပ်ယူထားတာကိုး။ ဒါပေမဲ့ ခုနက အနံ့သင်းသင်းလေး တစ်ခုပဲ သူ့အာရုံထဲ ထင်နေတယ်။ ရမ္မက်ပြင်းတဲ့ ချစ်ခြင်းအပြီးမှာ စုပ်စမြဲပ်စ ပျောက်သွားပြီ၊ ထာဝရ ဆုံးရှုံးရတော့မှာလား ဆိုတဲ့ အတွေးကြောင့် ကြောက်လာပြန်တယ်။

ဖျတ်ခနဲ ဖျတ်ခနဲ အာရုံမှာ ထင်လာတဲ့ ပုံရိပ်တွေဟာ တဖြည်းဖြည်း မှိန်ဖျော့လာတဲ့အခါ ပုံရိပ်နှစ်ခုပဲ အာရုံထဲ ကြီးစိုးထားတော့တယ်။ သူ့မျက်နှာနဲ့ သူ့အင်္ဂါ။ ချစ်ဇောမာန်နဲ့ ချစ်လိုက်တိုင်းမှာ ရှုံ့မဲ့သွားရှာတဲ့ မျက်နှာကလေး။ မျက်ခုံးတွေ တွန့်၊ မျက်လုံးတွေ ပြူး၊ ပါးစပ် ဟ၊ လျှာလေး တစ်လစ်နဲ့၊ ဒါပေမဲ့ အလှမပျက်ပါဘူး။ ကမ္ဘာပေါ်မှာရှိတဲ့ မိန်းမအားလုံးထက် ပိုပြီး စွဲလမ်းတပ်မက်စရာကောင်းတဲ့ အထိအတွေ့၊ တစက်စက် ကျလောက်အောင် ရွဲရွဲစိုနေတဲ့ ချစ်ဆိပ်ရည်။ ဆန္ဒအထွတ်အထိပ်ကို မကြာခဏ ရောက်ရောက်သွားတဲ့ အော်ညည်းသံတွေ။ အာအိုယာမဟာ သူ့ကို တစ်ဆင့်ချင်း တင်ပေးနေတယ်။ သူ မခံစားနိုင်လောက်အောင် ခံစားရတဲ့ အထိပေါ့။ ဒါပေမဲ့ ဒီလောက် ဖြစ်နေတာတောင် အလှက မပျက်ဘူး။ ဒါကြောင့်မို့ အာအိုယာမရဲ့ ဆန္ဒတွေဟာ သူ့အလှနဲ့ သူ့ဆန္ဒကြောင့် ပိုပိုပြီး ပြင်းထန်လာတယ်။ သူတို့ရဲ့ ချစ်ခြင်းဟာ ဘယ်လောက်တောင် ကြာသွားသလဲ မပြောတတ်ဘူး၊ မဆုံးနိုင်တော့ဘူးလို့ ထင်ရတာ။ သူ့ဖွားဖက်တော်ဟာ နာလာတဲ့အထိ၊ အရေပြားဟာ ပါးပြီး ပေါက်ထွက်ကွဲတော့မယ် ထင်ရတဲ့အထိ၊ ခုတော့ သူ့အာရုံအားလုံးဟာ ထုံထိုင်းနေခဲ့ပြီ။ အဲဒီ ခံစားမှုသုခ အားလုံး ပျောက်ဆုံးခဲ့ပြီ။ ထာဝရများ ပျောက်ဆုံးသွားတော့မှာလား။ လည်ချောင်းထဲမှာ တစ်ခုခု တစ်ဆို့နေသလိုမျိုး ဖြစ်ပြီး ကြို့တစ်ချက် ထိုးလိုက်တယ်။ ငိုတော့ မငိုချင်ပါဘူး၊ မျက်ရည်ဟာ အားလုံးရဲ့ အဆုံးသတ်ပဲလို့ သူ ခံစားမိတဲ့အတွက် နှုတ်ခမ်းတွေကို ကိုက်ထားမိတယ်။ အဲဒီအချိန် ဖုန်းမြည်လာတယ်။ ဖုန်းကို ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်း ကိုင်ရတာ။

“မစ္စတာ အာအိုယာမလား ခင်ဗျာ”

ယောကျ်ားသံပဲ၊ စိတ်ပျက်လိုက်တာ၊ ယာမာဆာကီ ဖုန်းဆက်တယ် ထင်နေတာ။ အမယ်လေး... တော်ပါသေးရဲ့၊ မင်းလေး ရှိနေသေးတာကိုး၊ ကိုယ်က မင်း ထွက်သွားပြီထင်လို့ စိတ်တွေ ကယောက်ကယက်နဲ့ ဘာဖြစ်နေမှန်းကို မသိပါဘူး။

“ဟိုတယ် ကောင်တာကပါ၊ မစ္စတာအာအိုယာမ ပါလား ခင်ဗျ”

“ဟုတ်ပါတယ်”

သူ့အသံကွဲကြီးနဲ့ ကြိုးစား ဖြေရတယ်။ အာအိုယာမ ပါ။

“လူကြီးမင်း အိပ်ပျော်နေရင် ခွင့်လွှတ်ပါ ခင်ဗျာ၊ အစောပိုင်းက ဖုန်း အကြိမ်ပေါင်းများစွာ ခေါ်ပေမဲ့ မထူးလို့ပါ၊ ဒါကြောင့် ခုအချိန်ကြီး အရဲစွန့် ခေါ်လိုက်ရတာပါ၊ မစ္စစ် အာအိုယာမ ထွက်သွားတုန်းက ကျွန်တော်တို့...”

“ဘယ်အချိန်တုန်းကလဲ”

“မနက် သုံးနာရီခွဲပါ ဆရာ”

“မဟုတ်ဘူး၊ သူ ဘယ်အချိန် ထွက်သွားတာလဲ မေးတာ”

“ဆရာ”

သူ နေမကောင်းလို့ ဆေးသောက်ပြီး အိပ်နေလို့ မသိလိုက်တာလို့ အာအို ယာမက ရှင်းပြတယ်။

“ဩော်... မစ္စစ်အာအိုယာမဟာ တစ်ယောက်တည်း ညစာစားပြီး ညရှစ် နာရီလောက်မှာ ကားတစ်စီး ခေါ်ခိုင်းပါတယ်၊ တိုက္ကျိုမှာ အရေးပေါ် စီးပွားရေး ကိစ္စတစ်ခုကြောင့် ပြန်ရမယ်လို့ ပြောသွားပါတယ် ခင်ဗျ”

နှလုံးခုန်မမှန်ဘူး၊ အန်ချင်နေတယ်၊ ဒီဝေဒနာတွေကို မျိုချရင်း အင်းလို့ ပြန်ပြောလိုက်တယ်။ အင်းပေါ့ မှန်တာပေါ့၊ တစ်ခုခု ကိစ္စရှိလို့ အရေးပေါ် ပြန်သွားတာပေါ့၊ ဟုတ်တယ်။

“ဆရာ နေမကောင်းရင် ဟိုတယ်က ဆရာဝန် ပင့်ပေးရမလား ဆရာ”

“နေပါစေ၊ အဆင်ပြေသွားမှာပါ”

“လိုတာ ပြောပါ ဆရာ၊ မနက်ဖြန်ကို ချက်အောက် လုပ်ဦးမှာလား ဆရာ၊ ဒါလေး သိချင်လို့ပါ”

“ဟုတ်ကဲ့၊ ခုကောင်းကောင်း အိပ်ရေးဝရင် အဆင်ပြေသွားမှာပါ”

“ဟုတ်ကဲ့ပါ ခင်ဗျား၊ နှောင့်ယှက်မိတာကို တောင်းပန်ပါတယ်၊ ကောင်းသောညပါ ဆရာ”

အာအိုယာမက ဖုန်းချပြီး ခုတင်စွန်းမှာ ပစ်လဲလိုက်တယ်။ နေလို့ ကတော့ တကယ်ကို မကောင်းတာ။ နားထင်ကနေ ချွေးစေးတွေ စီးကျနေ တယ်။ သူ့ချွေးတောင် ဟုတ်ရဲ့လားလို့ သံသယဖြစ်မိတယ်။ မိုးရွာပြီး မိုးယိုနေ

တာလားလို့ မော့ကြည့်မိသေးတယ်။ ချွေးကို လက်ခုံနဲ့ သုတ်လိုက်တယ်။ လက်သွေးခုန်နှုန်း စမ်းကြည့်တယ်၊ သွေးခုန်နှုန်းက နှေးနေတယ်၊ အားပျော့နေတယ်။ အစာအိမ်ထဲက လှိုက်လှိုက်ဖြီး တက်လာတယ်။ အန်ချင်တာကို ဇွတ်ကြိတ်မှိတ် မျိုချရတယ်။ အင်း... အိပ်ဆေးလွန် ဝေဒနာလိုမျိုး ဖြစ်နေတာလို့ သူ ရုတ်တရက် တွေးမိတယ်။ မေ့မျောသလို ဖြစ်သွားပြီး သူ့ အာရုံကြောစနစ် ပြန်အလုပ်လုပ်ချိန်မှ သတိပြန်ရလာတာ ဖြစ်လိမ့်မယ်။ အန်လိုက်ရ ကောင်းမလားလို့ စဉ်းစားတယ်။ ဒါပေမဲ့ မထူးတော့ဘူး၊ အန်လိုက်လို့ အိပ်ဆေးက ပြန်ထွက်လာမယ် မဟုတ်တော့ဘူး၊ အချိန်တွေ လွန်သွားပြီ။ ဆေးက သွေးကြောလေးတွေထဲထိ စိမ့်ဝင်ပျံ့နှံ့ပြီးသွားတာ ကြာလောက်ပြီ။ ဒါဆို သူ ငါ့ကို အိပ်ဆေးတွေ ခတ်သွားတာပေါ့၊ ဒါ သေချာတယ်။

အင်း... ခု ပြန်မှတ်မိလာတာက သူ ရေချိုးခန်းထဲကို အကြိမ်ပေါင်းများစွာ သွားတယ်။ အဲဒီတုန်းကတော့ မလိုင်စေ့ကို ဆက်တိုက် နှိုးဆွထားလို့ ခဏခဏ ရှူးပေါက်ချင်တာလို့ သူ ထင်ခဲ့မိတာ။ မိနီဘားထဲက ဘီယာ၊ ကိုလာ၊ ဝီစကီ အကုန် ဖောက်သောက်ကြတာလည်း မှတ်မိလာတယ်။ အို... သူက ပါးစပ်နဲ့ငုံပြီး ငါက သူ့ပါးစပ်ထဲက တစ်ဆင့် သောက်တာကိုး။ သူ့အပေါ်ကနေ တင်ပါးတွေကို အမျိုးမျိုး လှုပ်ရှားနေရင်း ဝီစကီကို စုပ်၊ သူ့ကို တိုက်၊ ဘီယာကို စုပ် သူ့ကို တိုက်၊ နမ်းရင်း တိုက်ခဲ့တာ အကြိမ်ပေါင်း များစွာ၊ သူကလည်း တိုက်သမျှ ပါးစပ်ဟပေးတာပဲ၊ အဲဒီအချိန် ဆာလ်ဖြူရစ် အက်ဆစ်တွေ ငုံပြီး တိုက်လည်း သိမှာမဟုတ်ဘူး၊ အိပ်ဆေးအမှုန့်ကြိတ်ပြီး လောင်းထည့်လိုက်လည်း ပါးစပ်ဟပေးမှာပဲ။

တံတောင်ဆစ်ကိုထောက် တစောင်းလှဲရင်း တယ်လီဖုန်းကို ငေးနေမိတယ်။ ဟင်... တယ်လီဖုန်းနားမှာ ဟိုတယ် စာရွက်ထပ်ကလေး၊ အပေါ်ဆုံးမှာ တစ်ခုခု ရေးထားတယ်၊ ကလေးလက်ရေးမျိုးနဲ့ ရေးထားတာ။

လိမ်လည်လှည့်ဖြားခြင်းအတွက် ခွင့်လွှတ်ဖို့အကြောင်း လုံးဝမရှိ၊ နာမည်ပျောက်ဆုံးခဲ့ရသော အမျိုးသမီးတစ်ယောက်၊ လိမ်လည် လှည့်ဖြားခြင်း ဆိုပဲ။

ခဏ စဉ်းစားလိုက်ပြီးတဲ့အခါ စိတ်သက်သာရာ ရသွားတယ်။ သေချာပါတယ်။ သူ တစ်ခုခုကို အထင်လွဲသွားတာ။ ချက်ချင်း ဖုန်းခေါ်လိုက်တယ်။

ဒါပေမဲ့ ဘယ်သူမှ မကိုင်ဘူး၊ အကြိမ်ပေါင်းများစွာ ခေါ်တယ်။ မကိုင်ဘူး။ ဒါပေမဲ့ စိတ်တော့ အတော် သက်သာသွားပြီ။

အင်း... ယာမာဆာကီ အဆာမီရယ်၊ မင်းလေးဟာ ရိုးသား အပြစ်ကင်း သလောက် မာန်ကြီးတဲ့ ကလေးပါလားကွယ်။ သူ တစ်ခုခုကို စိတ်ကွက်ပြီး ထွက်သွားတာ။ အချေအတင် ပြောရမှာစိုးလို့ ရှောင်သွားတာ။ အိပ်ဆေးတွေ တမင်တိုက်သွားတာ၊ ဒါမှ ရှင်းပြရ သက်သာမှာလေ၊ အင်း... ခုက ပထမဆုံး အကြိမ် သူနဲ့ နှစ်ယောက်တည်း လာမှာဆိုတော့ စိတ်လှုပ်ရှားပြီး ညအိပ်မပျော် မှာစိုးလို့ အိပ်ဆေးတွေ ထည့်လာတာကိုး။ ဖြစ်ရလေ ကလေးရယ်။

မနက်ဖြန် နေ့လယ်ကျမှ ဖုန်းဆက်ပြီး အားလုံးကို ဖြေရှင်းမယ်၊ ယာမာ ဆာကီလေး၊ သူကတောင် ပြန်တောင်းပန်နေဦးမှာ၊ သိတယ်။

ခုတော့ အိပ်တာ ကောင်းတယ်။ ချက်အောက် အချိန်မတိုင်ခင် နှိုးစက် ချထားပြီး မီးအားလုံး ပိတ်၊ စောင်ပုံထဲ ပြန်ဝင်လိုက်တယ်။ ချက်ချင်းပဲ အိပ်ချင် စိတ်တွေ တလိပ်လိပ် တက်လာတယ်။ အိပ်ခြင်းနဲ့ မအိပ်ခြင်းကြား အခြေအနေ တစ်ခုမှာတော့ အိပ်မက်လို့ ပြောရမလားမသိတဲ့ အင်မတန် ထူးဆန်းတဲ့ ကိစ္စ တစ်ခုကို သူ ကြုံလိုက်ရတော့တယ်။

ခပ်စုတ်စုတ် အခန်းကျဉ်းလေး တစ်ခု နွမ်းဖပ်နေတဲ့ တာတာမီ မြက်ဖျာ တွေပေါ်မှာ အသက်ငါးဆယ်လောက် လူတစ်ယောက် ထိုင်နေတယ်။ အတွင်းခံ အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်နဲ့ အဲဒီလူဟာ သောက်နေတာ။ စျေးပေါပေါ ဝီစကီ ပုလင်းကြီးတစ်လုံးကို ဒူးပေါ်တင်ထားပြီး လက်ဖွေရာတွေ ပွထနေတဲ့ ဖန်ခွက်ထဲ အရက်တွေ လောင်းထည့်နေတယ်။ သူက ဝီစကီကို ဖြည်းဖြည်း ချင်း သောက်၊ စီးကရက်တစ်လိပ်ကို မီးညှိပြီး တအားရှိုက်နေတယ်။ သူ့မှာ ခြေဖဝါးတွေ မရှိဘူး၊ ခြေချင်းဝတ် တုံးတိတိတွေဟာ ဘောင်းဘီထဲကနေ ဝက်အူချောင်း အကြီးစားကြီး နှစ်ချောင်းလို တိုးထွက်နေတယ်။ အခန်းရဲ့ တစ် ခုတည်းသော ပြတင်းပေါက်လေးကနေ မြင်ရတဲ့ အရာကတော့ ဟိုဘက်က အဆောက်အအုံ နံရံကြီးပဲ။ အင်းဆက်ကောင်တွေဟာ မီးချောင်းနားမှာ တဝိုဝို ပျံဝဲနေပြီး သူ့အရက်ခွက်ထဲ တစ်ကောင် ပြုတ်ကျလာတယ်။ သူဟာ ဒေါသ ထွက်လှပေမယ့် မတ်တတ်ရပ်ပြီး အင်းဆက်တွေကို မောင်းထုတ်လို့ မရတဲ့ အတွက် အင်းဆက်ကို ဖယ်ပြီး အရက်ခွက်ကို မော့တယ်။

ဒီအခန်းနဲ့ စက္ကူနံရံ လျှောတံခါးပဲ ခြားတဲ့၊ ပြတင်းပေါက် လုံးဝမရှိတဲ့ အခန်းကျဉ်းလေးထဲမှာတော့ ကောင်မလေးတစ်ယောက် ဘဲလေးဖိနပ်တွေ စီးနေတယ်။ ပန်းရောင်ဖိနပ်တွေက ဟောင်းမြင်း နွမ်းဖပ်ပြီး အရောင်တွေ မှိန်လို့၊ ဖိနပ်စီးပြီးတဲ့အခါ ကောင်မလေးဟာ ထရပ်လိုက်တယ်။

နွေရာသီပဲ၊ လျှောတံခါးကို နည်းနည်းဖွင့်ပြီး လေလေးဝင်လာအောင် သူ လုပ်တယ်။ နဖူးမှာ ချွေးစက်တွေ စီးကျနေတယ်။ လေညင်းနဲ့အတူ ဝီစကီနဲ့ စီးကရက်နံ့တွေ လွှမ်းတက်လာတယ်။ ပုပ်သိုးနေတဲ့ ဟင်းရွက်နံ့လို ဟိုဘက် အခန်းက လူရဲ့ ကိုယ်နံ့တွေရောပေါ့။

လျှောတံခါး နည်းနည်းပွင့်လာချိန်မှာ ခြေဖဝါးမရှိတဲ့ လူရဲ့ပုံစံ ပြောင်း လာတယ်။ ဒေါသအဟုန်ကြောင့် ရဲတောက်နေတဲ့ မျက်လုံးတွေနဲ့ အင်းဆက် တွေကို အော်ဟစ်နေတဲ့ လူဟာ ခုတော့ သေမှာ ကြောက်လို့ တောင်းပန်နေတဲ့ ရာဇဝတ်သား ပုံမျိုး ဖြစ်သွားတယ်။ နေစရာမရှိအောင် ကြောက်နေတဲ့ ပုံမျိုး။ ဖန်ခွက်ကို ချလိုက်ပြီး ဘေးဘီကို သူ တုန်တုန်ယင်ယင်နဲ့ လှည့်ကြည့်တယ်၊ ပြီးတော့ နည်းနည်းပွင့်နေတဲ့ လျှောတံခါးကနေ အတွင်းကို ငုံ့ချောင်းလိုက် တယ်။ ကောင်မလေးရဲ့ အခန်းဟာ မှောင်နေတယ်၊ ကောင်မလေးရဲ့ အရိပ်ဟာ လှုပ်ရှားနေတယ်။ လက်ချောင်းပိန်ပိန်လေးတွေ၊ မဖွံ့ဖြိုးသေးတဲ့ ရင်နဲ့ တင် တွေ၊ ချွေးနဲ့ တလက်လက်တောက်နေတဲ့ ခြေချောင်းပိန်ပိန်လေးတွေ။

ဟိုလူ ချောင်းနေတာ သူ သိသားပဲ။ ဂရုမစိုက်ပါဘူး၊ ဟိုလူဟာ သူ့ ခြေချင်းဝတ် ငုတ်တိုတွေကို ငုံ့ကြည့်တယ်။ ပြီးတော့ ညာဘက်လက်ကို ဘောင်းဘီအတွင်းထဲ ထည့်လိုက်တယ်။ ကောင်မလေးဟာ သူ ကျွမ်းကျင်ပြီး သား ဘဲလေးကကွက်တွေကို ကျင့်နေတယ်။ သူ့မျက်နှာ အလှကို ပိုပေါ်လွင် အောင် ခေါင်းကလေး ငဲ့ကာ စောင်းကာ ကရတဲ့ ကကွက်။ ဟိုလူ ဘောင်းဘီထဲ လက်နှိုက်ပြီး ဘာလုပ်နေသလဲဆိုတာ သူ သိတယ်။ ဘာကိုင်ထားသလဲ ဆိုတာ လည်း မြင်တယ်။ လွန်ခဲ့တဲ့ သုံးလေးပတ်အတွင်း သူ အကကျင့်တဲ့အခါ ည တိုင်း အဲဒီလို လုပ်နေတာ။ ခု သူ ကနေတဲ့ အချိန်မှာ ဟိုလူဟာ သူ့ကို အရင် တုန်းကလို မအော်တော့ဘူး၊ နာမည်ခေါ် မဆဲတော့ဘူး၊ အဲဒီအစား အရက် နာနာသောက်ပြီး သူ့ကို ချောင်းနေတယ်။ ဘောင်းဘီထဲ လက်နှိုက်ပြီး သူ့ ဘာသာသူ လှုပ်ရှားနေတယ်။ တအင်းအင်းလည်း ညည်းသေးတယ်။ သူ့ဆီက တစ်ခုခုကို တောင်းပန်တိုးလျှိုး နေသလိုမျိုး၊ သူ့ ခန္ဓာကိုယ်ထဲက တစ်ခုခု

အင်္ဂြေပြန်ပျောက်ကွယ်သွားပြီး တစ်စုံတစ်ရာနဲ့ အစားထိုးထားသလိုမျိုး၊ မည်းမည်းမှောင်တဲ့ အမှတ်၊ ချွတ်မရတဲ့ အစွန်းလို အရာတစ်ခုပေါ့...။

※※※

“ကျွန်တော်ဖြင့် ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေပြီ၊ ဖုန်းလည်း ခေါ်လို့မရဘူး၊ ခုမှ သူ ဘယ်မှာနေမှန်းတောင် ကျွန်တော် မသိမှန်း သတိထားမိတယ်ဗျာ”

အီဇု သွားခဲ့တာ နှစ်ပတ်ကျော်သွားခဲ့ပြီ။ နေ့စဉ်မပြတ် အလုပ်လုပ်၊ ရှီဂေးနဲ့ အချိန်ဖြုန်းနေခဲ့ပေမဲ့ သူ ဒီကိစ္စနဲ့ပတ်သက်လို့ တကယ် ဆွေးနွေးနိုင်တာက ယိုရှိကာဝါနဲ့ပဲ။ သူ ယိုရှိကာဝါဆီ အများသုံးဖုန်းနဲ့ ဆက်ပြီး ပြောတယ်။

“သူက ဖုန်းမကိုင်တာလား”

“အဲဒီထက် ဆိုးတယ်ဗျ၊ အဲဒီဖုန်းနံပါတ်ကို တပ်ဆင်ထားခြင်း မရှိတော့ပါလို့ စက်က ပြန်ဖြေတယ်၊ အီဇု သွားပြီး ပြန်လာလို့ နှစ်ရက်၊ သုံးရက် အကြာမှာ အဲဒီလို ဖြစ်သွားတာပဲ”

“ဘာတွေ ဖြစ်သွားတာလဲ”

“ကျွန်တော် ခင်ဗျားကို ပြောပြခဲ့သလိုပါပဲ”

“အေးလေ၊ ဒါပေမဲ့ ဘာကိစ္စနဲ့ သူက အင်္ဂြေပြန်သလို ရုတ်တရက် ပျောက်သွားတာလဲ”

“မသိဘူးဗျာ၊ တစ်ခုခုကို အထင်လွဲသွားတယ် ထင်တာပဲ၊ ကျွန်တော် ပြောခဲ့တာ လုပ်ခဲ့တာ တစ်ခုခုပေါ့၊ လူချင်းတွေ့လို့ ရှင်းပြရင် နှစ်မိနစ်လောက်နဲ့ ပြီးမယ့်ဟာကိုဗျာ၊ ခုတော့ သူနဲ့ ဆက်သွယ်စရာ နည်းလမ်းကို မရှိတော့ဘူး”

ယိုရှိကာဝါဟာ ငြိမ်နေတယ်၊ ပြီးတော့မှ ခပ်တိုးတိုး ပြောတယ်။

“အာအိုယာမ ဒီအတိုင်း လွှတ်ထားလိုက်တော့ဗျာ”

အာအိုယာမဟာ ဖုန်းကို မှန်နံရံမှာ ပေါက်ခွဲပစ်ချင်စိတ်တွေ ပေါ်လာတယ်။ ဒေါသ အလိုမကျမှုတွေနဲ့ တစ်ကိုယ်လုံး တုန်နေတယ်။ ဒီကိစ္စ ဖြစ်ပြီးကတည်းက သူ အိပ်လည်း မအိပ်နိုင်၊ စားလည်း မစားနိုင်၊ ဒါကြောင့် သူ့နှဖူးကြောတွေဟာ အထိမခံနိုင်တဲ့ ဝါယာကြိုးတွေလို ဖြစ်နေတယ်။

“ကျွန်တော် ပြောတာ ခင်ဗျား နားထောင်ချင်မှာ မဟုတ်ပေမယ့် ပြောမှ ဖြစ်မယ် အာအိုယာမ၊ ဒီကိစ္စမှာ ကျွန်တော်လည်း ကြံရာပါမို့ ပြောကို ပြောရ မယ်၊ ခင်ဗျား သူ့ကို မေ့ပစ်လိုက်သင့်ပြီ”

“ယိုရှီကာဝါ သူငယ်ချင်း၊ ခင်ဗျား နားမလည်ဘူးနော်၊ ဒါ နားလည်မှု နည်းနည်းလေး လွဲတာဗျ၊ စောက်ကျိုးနည်းမှပဲ၊ ကျွန်တော် သူ့ကို ရှာတွေ့ဖို့ပဲ လိုတယ်။ ဒါကြောင့် ခင်ဗျားမှာ ဘာအကြံရှိလဲ မေးနေတာ၊ သူက နာကာမီဂူရို နားမှာ နေတယ်လို့တော့ ပြောဖူးတယ်၊ သူ့လိပ်စာ ခင်ဗျားများ သိမလားလို့”

“ခင်ဗျားလည်း သိသားပဲ၊ ကျွန်တော့်ဆီ ရှိတဲ့ လိပ်စာက ဆူဂီနာမီက ဟာလေ၊ ခု အဲဒီမှာ တခြားလူတွေ နေနေတာလေ၊ ကျွန်တော် ပြောဖူးပါတယ်၊ နာကာမီဂူရို ဆိုတာတော့ ဘာမှ မသိဘူးဗျ၊ ကျွန်တော်တို့မှာ အဲဒီ လူရွေးပွဲ လျှောက်လွှာတွေတောင် မရှိတော့ဘူး၊ ဟယ်လို... ခင်ဗျား ရှိနေသေးလား”

“အင်း... ဟုတ်ပြီ ဟုတ်ပြီ၊ ဒါဆို နောက်မှ တွေ့မယ်”

အာအိုယာမက ဖုန်းချပစ်လိုက်တယ်။

❑

(၁၁)

ယာမာဆာကီအဆာမီရဲ့ သတင်းအစအန ဘာမှမရဘဲ နှစ်သစ်ကူးချိန် ရောက်လာခဲ့တယ်။ သူ နေ့တိုင်း ပုံမှန် ရုံးတက်တယ်၊ ရှီဂေးနဲ့ ပုံမှန်အတိုင်း နေဖို့ ကြိုးစားတယ်။ ဒါပေမဲ့ သူ့ရဲ့ ခန္ဓာကိုယ် အသွင်သဏ္ဌာန်ကတော့ ဖုံးကွယ်ထားလို့ မရဘူး။

အီဇုက ပြန်လာပြီး နှစ်လအတွင်း သူ ပေါင်ချိန် ခြောက်ကီလိုဂရမ် ကျသွားတယ်။ ဒီလို မစားချင် မသောက်ချင် ဖြစ်တာမျိုး ရိုကို ဆုံးတုန်းကတောင် မကြုံဖူးခဲ့ဘူး။ ရိုကို ဆုံးပါးတာဟာ သူ့အတွက် အင်မတန်ကြီးမားတဲ့ ဆုံးရှုံးမှုပေမဲ့ တဖြည်းဖြည်း ဝေဒနာဟာ လျော့ပါး သက်သာသွားခဲ့တာ။ ရိုကိုဟာ တစ်ရက်ထက် တစ်ရက် ဆုတ်ယုတ်လာတာကို မြင်ရတာဟာ အင်မတန် ရင်နာရပေမဲ့ ဖြစ်ပြီးသွားတာတွေ အနာကျက်ဖို့ အချိန်ပဲ လိုခဲ့တာ။ ရိုကိုဟာ သူ့ရဲ့ နောက်ဆုံးနေ့တွေကို သတ္တိရှိရှိ ဖြတ်ကျော်သွားခဲ့တာကိုတော့ ခုထိ သူ အလေးဂရုပြုမိတုန်းပါ။ နာကျင်ကြောက်ရွံ့မှုတွေကို လက်မြှောက်အရှုံးပေးလိုက်ပြီး လောကဓံကို အေးအေးဆေးဆေး ခံယူသွားခဲ့တဲ့ ရိုကိုဟာ သူ့ကိုချစ်တဲ့ လူတွေအတွက် အကောင်းဆုံး ခွဲခွာခြင်း လက်ဆောင်ပေးခဲ့သလိုပါပဲ။

ခု ယာမာဆာကီ အဆာမီကတော့ မပြောမဆိုနဲ့ ရုတ်တရက် ပျောက်ကွယ်သွားတာ။ နမိတ်လည်း မပြ၊ အရိပ်လည်း မထင်ဘဲ၊ ရုန်ဖြစ်၊ အမုန်းစကားလည်း တစ်လုံးမှ မပြောဘဲ၊ ဟိုတယ်ခန်းကနေ ထွက်သွားပြီး ကမ္ဘာပေါ်ကနေ ပျောက်ကွယ်သွားသလား ထင်ရတယ်။ ဖြစ်ခဲ့တာက နားလည်မှု လွဲတာလေးတစ်ခုပဲ။ ဒါကို သူ အသည်းထဲက စွဲစွဲမြဲမြဲ ယုံကြည်တယ်။ အဲဒီ ယုံကြည်ချက်ကြောင့် သူ တွေးလေတွေးလေ ဆွေးမပြေဘဲ နာလန်မထူနိုင်အောင် ဖြစ်နေရတယ်။ လွန်ခဲ့တဲ့ နှစ်လအတွင်း နာကာမီဂူရို တစ်ခွင် ပြဲပြဲစင်အောင် သူရောက်တယ်။ တက္ကစီနဲ့ လိုက်ပို့ပြီး သူ့ကို ချပေးခဲ့တဲ့ လမ်းဆုံကနေ စရာတယ်။ အဲဒီလိုရှာလို့ တွေ့မယ်လို့တော့ မမျှော်လင့် ထားပါဘူး။ ဒါပေမဲ့ သူ လုပ်နိုင်တာ ဒါပဲလေ။ နာကာမီဂူရို ဆိုတာ သူ ဆွဲထားတဲ့ နောက်ဆုံးလက်ကျန် ကောက်ရိုးတစ်မျှင်ကိုး။

လိမ်လည်လှည့်ဖြားခြင်းအတွက် ခွင့်လွှတ်ဖို့အကြောင်း လုံးဝ မရှိတဲ့။

အဲဒါ ဘာအဓိပ္ပာယ်လဲ။

သူ လုံးဝ မသိဘူး၊ သူ မှတ်မိသမျှ ယာမာဆာကီရဲ့ ပုံရိပ်တွေဟာ ချိုမြသလို စူးတတ်တဲ့ နှင်းဆီလိုပဲ ထွေးရောယှက်တင် ဖြစ်နေတယ်။ သူတို့ ချိန်းတွေ့ခဲ့တုန်း ပြောခဲ့သမျှ၊ ဆိုခဲ့သမျှ၊ လုပ်ခဲ့သမျှ အားလုံး တစ်စမကျန် ပြန်မှတ်မိတယ်။ လှပချိုမြတဲ့ ဖြစ်ရပ်တွေဟာ ခုတော့ အတိတ် ဖြစ်သွားခဲ့ပြီ။

သူ ယိုရှိကာဝါနဲ့ ဖုန်း အကြိမ်ရေ ဒါဇင်ပေါင်းများစွာ ပြောတယ်။ ညစာစားကြ၊ သောက်ကြနဲ့ အကြိမ်ပေါင်းများစွာ တွေ့တယ်။ တာကာမတ်စု အပါအဝင် သူ့ဝန်ထမ်းတွေကိုလည်း ဒီကိစ္စ ပြောပြတယ်၊ ဆွေးနွေးတယ်။ ဒါပေမဲ့ အရာမထင်ပါဘူး၊ သူ့ကို သနားလို့ ချော့မော့ နှစ်သိမ့်တာပဲ ရှိတယ်၊ ထိရောက်တဲ့ အကြံဉာဏ် ဘယ်သူမှ မပေးနိုင်ကြဘူး၊ ကြာတော့ ယိုရှိကာဝါတောင် နားငြီး ပင်ပန်းလာခဲ့တယ်။

“အဓိပ္ပာယ်အတော်မဲ့တာ ယိုရှိကာဝါရယ်၊ ကျွန်တော် ဘာမှလည်း မလုပ်ဘူး၊ အရာရာ အဆင်ပြေ ချောမွေ့နေရာက ခုလို ရုတ်တရက် အဆုံးသတ်ရမယ် ဆိုတော့...”

ရှီဂေးကတော့ သူ့ကို အပြည့်အဝ နားလည်ပေးတဲ့ တစ်ဦးတည်းသော သူပဲ၊ သူ့လို ကောင်လေးတစ်ယောက် အနေနဲ့ ခုလို အခြေအနေကို နားလည်နိုင်စွမ်း ရှိတာကို အာအိုယာမ အံ့သြမိတယ်။ စိတ်ဖိစီးနေတဲ့ လူတစ်ယောက် အတွက် အဆိုးဆုံး ကိစ္စက သူ့ကို အရိပ်တကြည့်ကြည့် လုပ်ပြီး ဂရုစိုက်နေတာပဲ ဆိုတာ ရှီဂေးက သိတယ်။ ဒါကြောင့် ယာမာဆာကီ အဆာမီ ကိစ္စကို သူ အစမဖော်ဘူး။ ရီးစံက အာအိုယာမရဲ့ ကျန်းမာရေးအတွက် စိတ်ပူတယ် ပြောရင်လည်း ရှီဂေးက ဖာထေးပေးတယ်။ ရီးစံရယ် တစ်ခါတလေတော့ ယောကျ်ားတစ်ယောက်မှာ အကြောင်းမရှိဘဲလည်း မစားချင် မသောက်ချင် ဖြစ်တတ်တာပဲ ဆိုတာမျိုးပေါ့။ အင်း... သူ့အမေ ဆုံးတုန်းက လူတစ်ယောက်ကို ဆုံးရှုံးရခြင်း ခံစားချက်ကို ရှီဂေး ကောင်းကောင်း နားလည်ခဲ့တယ်လေ။

၁၆ နှစ်သားလေး တစ်ယောက်အဖို့ သူ့သားဟာ အထင်ကြီးစရာ ကောင်းလောက်အောင် ရင့်ကျက်တာပဲလို့ အာအိုယာမ တွေးနေတယ်။ ဧည့်ခန်း ဆိုဖာပေါ်ထိုင်၊ ခြေဗလာနဲ့ ခြေထောက်ကို ကော်ဖီစားပွဲပေါ် တင်ပြီး သူ ဒိန်ချဉ်စား နေတယ်။ ဇန်နဝါရီလရဲ့ နောက်ဆုံး တနင်္ဂနွေနေ့၊ ရှီဂေးက အပေါင်းအသင်း

တွေနဲ့ စကိတ်သွားစီးဖို့ အိမ်က အစောကြီး ထွက်သွားတယ်။ အိမ်ပြန် နောက်ကျချင် ကျမှာမို့ စောင့်မနေဖို့ တစ်ခါတည်း မှာသွားတယ်။ ဂန်းစတား ကတော့ အိမ်ပြင်မှာ ထုံးစံအတိုင်း ဟောင်နေတယ်။ ဘီဂဲလ်ခွေးတွေရဲ့ သဘာဝ အမဲလိုက်ဖို့ ဟောင်နေတဲ့ အသံမျိုး၊ လူနာတင်ကား ဥဩသံကြားလည်း ဟောင်၊ စာကလေး ကျီးကန်းသံကြားလည်း ဟောင်၊ အင်းဆက်တွေ အသံကြားလည်း ဟောင်။ ဟောင်ပြီးရင်း ဟောင်။

အိမ်နားက ဈေးကို လမ်းလျှောက်သွားပြီး ဒိန်ချဉ်ရယ်၊ ဆယ်လမွန် ကျပ်တိုက်ရယ်၊ ပဲပိစပ်ဆော့စ်ရယ်၊ တိုဟူး အခြောက်ကြော်ရယ်၊ ဂေါ်ဖီရယ် ဝယ်တယ်။ သူ့မှာ စားချင်သောက်ချင်စိတ် မရှိလှပေမယ့်၊ အစားအသောက်တွေဟာ ပါးစပ်ထဲမှာ ပြာတွေဝါးရသလို ဖြစ်နေပေမယ့်၊ ရှီဂေးအတွက်ပဲ ဖြစ်ဖြစ် သူ နာလန်ထဖို့ လိုတယ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ် ပြန်ရပ်နိုင်ဖို့ လိုတယ်။ သူ့စိတ်ဆန္ဒကို ထိန်းသိမ်းထားချင်ရင် အချက်နှစ်ချက် လိုတယ်။ တစ်ခုက အလုပ်၊ တစ်ခုက အစားအသောက်၊ တမှိုင်မှိုင် တတွေတွေနဲ့ ဘဝကို ကုန်ဆုံးစေတာမျိုး အဖြစ်မခံနိုင်ဘူး၊ သူ့ စိတ်ပျက်လက်ပျက် ဘဝကို အရှုံးပေးနေတဲ့ ပုံစံကိုလည်း သူ့သားကို မပြချင်တော့ဘူး။

ဒိန်ချဉ်ထဲ ပျားရည်နည်းနည်း ထည့်လိုက်ပြီး ဆိုဖာပေါ် ထိုင်စားဖို့ ပြင်ဆင်တယ်။ ဒိန်ချဉ်လို ပျော့ပျောင်းနူးညံ့လှတဲ့ အစားအသောက်ကိုတောင် သူ မျိုချရခက်နေတယ်။

သူ့အစာခြေစနစ်က အစားအသောက်ကို လက်မခံတာတော့ မဟုတ်ဘူး၊ သူနှဗ်ကြောတွေက ယာမာဆာကီ အဆာမီနဲ့ ပတ်သက်တာတွေချည်း လွှမ်းမိုးနေတော့ အစားအသောက် တောင်းဆိုဖို့ အချက်ပြမှုတွေ မလုပ်နိုင်တာ ဖြစ်မယ်။ သူနဲ့ တစ်ခါဆို တစ်ခါပဲ အိပ်ဖူးခဲ့ပေမယ့် ယာမာဆာကီရဲ့ ဝတ်လစ်စားလစ် ခန္ဓာကိုယ်ပုံရိပ်တွေဟာ သူ့အာရုံကို အချိန်ပြည့် လွှမ်းမိုးနေတယ်။

မဂ္ဂဇင်းထဲက ထိပ်တန်း ဖော်ရွတ် မော်ဒယ်တစ်ယောက်ရဲ့ ပုံကို သူ ကြည့်တယ်။ ယာမာဆာကီနဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့ မရဘူး။ သူ ဘိန်းစွဲသလိုများ စွဲနေတာလားလို့ တွေးမိရင်း ကြောက်တောင်လာတယ်။ ယာမာဆာကီရဲ့ အသံ၊ ရနံ့၊ အထိအတွေ့တွေဟာ သူ့ဦးနှောက်ထဲ မူးယစ်ဆေးတွေ ဝင်နေသလိုကို ဖြစ်နေတာ။ အဲဒီ ပုံရိပ်တွေကို ဘယ်လိုမှ ဖျောက်ပစ်လို့ မရဘူး၊ နှဗ်ကြော

တွေဟာ ရိုးသားပုံပဲ၊ ဇီဝကမ္မဖြစ်စဉ်ကို ဆင်ခြင်တုံတရားက မလွှမ်းမိုးနိုင်ဘူးနဲ့ တူတယ်။

ဒိန်ချဉ်စားရင်း သူ ဂီတကို နားထောင်နေတယ်။ တီဗွီ မကြည့်ဘူး။ တီဗွီက သူ့နှဗ်ကြောတွေကို ထိခိုက်နာကျင်စေတယ်။ တစ်လောကလုံး အေးဆေးနေချိန်မှာ သူတစ်ယောက်တည်း ချီးထုပ်လို ခံစားနေရတာ။ ဒါကြောင့် ဂန္ဆင်ဂီတကို သူ နားထောင်တယ်။ မိုင်နာကီး ဆင်ဖိုနီတွေကနေ စန္ဒရားသက်သက်တီးလုံး အပိုင်းအစလေးတွေ အထိပေါ့။ ဂန္ဆင်ဂီတလောက် ကောင်းတဲ့ ကုထုံးမရှိသလိုပါပဲလေ။ မိုးဇက်ရဲ့ စန္ဒရား ကွန်ရှာတို တစ်ပုဒ်ဟာ နာရီဝက်လောက် ကြာတယ်။ နံပတ် ၂၀ ကနေ ၂၇ ထိ နားထောင်ရင် လေးနာရီလောက် ကြာတယ်။ ဒါပေမဲ့ ယာမာဆာကီရဲ့ ပုံရိပ်တွေ အာရုံထဲက လျှောကျပျောက်ကွယ်သွားအောင်ကတော့ မိုးဇက်လည်း မစွမ်းဆောင်နိုင်ပါဘူး။ ဒါပေမဲ့ သာယာငြိမ့်ညောင်းတဲ့ ဂီတနဲ့လိုက်တာက ယမကာပဲ။ ဟုတ်တယ်။ ဒီလိုနဲ့ ညရောက်သွားမယ်။ ဒါဆို ကော့ညက် ဒါမှမဟုတ် ဝီစကီ သောက်လို့ ရပြီ။

နွေဘက်သောက်တာကို သူ ရှောင်ထားတယ်။ ယာမာဆာကီ ပျောက်သွားပြီး နှစ်ပတ်လောက်အတွင်း အရက်ဟာ သူ့ဝေဒနာကို ရင်ဆိုင်ဖြေရှင်းဖို့ ဘာမှ အထောက်အကူ မရဘဲ မနက်ကျ အရက်နာကျ၊ ညဆို အိပ်မပျော်တာပဲ အဖတ်တင်တယ် ဆိုတာ ကောင်းကောင်း သိလာတယ်။ လူကလည်း ယစ်ထုတ်ကြီး တစ်ယောက်လို ချုံးချုံးကျလာတယ်။ ကြေကွဲဝမ်းနည်းခြင်းဟာ ဒဏ်ရာကြီး တစ်ခုဆိုရင် အရက်က အနာကျက်နှေးစေတဲ့ အရာပဲ။

ဒီတနင်္ဂနွေ နေ့လယ် နှစ်နာရီမှာ ဒိန်ချဉ်နဲ့တွဲပြီး သူသောက်နေတာကတော့ ဖော့ထ်နမ်နဲ့ မေဆင် ပန်းသီးလက်ဖက်ရည် တစ်ခွက်ပါပဲ။ ဖွင့်ထားတာက အီတာလျံ ဂန္ဆင်ဂီတပညာရှင် ဂူဆက်ပီဗာဒီရဲ့ အဖွင့်တီးလုံးပေါင်းချုပ်၊ ခုတော့ ဗွန်ကာရာဂျန်ရဲ့ လာဖော်ဇာ အယ်လ် ဒက်စ်စတီနို့၊ သူက မိနစ်လေးဆယ်လောက် ကြာမယ်။ ပြီးရင် ဝင်္ကာကို နည်းနည်းနားထောင်မယ်။ ဒါပြီးရင် မိုးဇက်ရဲ့ ကွာတက်ဇ်တွေ၊ တယော ဆိုနာတာတွေ၊ အဲဒါအားလုံး နားထောင်ပြီးရင်တော့ ညရောက်သွားမှာပဲ။ ပြီးရင် အချိန်ယူပြီး ရေစိမ်မယ်။ ပြီးရင် ဘီယာနဲ့ တိုဟူးကြော်ရယ်၊ ဂေါဖီရယ် ညစာစားမယ်။ ညစာစားပြီးရင် ဘရာဟမ်ရဲ့ ဟန်ဂေရီယန် အကနဲ့ စရပ်စ်ရဲ့ မက်တာ မော်ဖိုးဆန်ကို ဆက်ဖွင့်မယ်။ အိပ်ခါနီး ကော့ညက်နဲ့ ချောင်ရဲ့ ဂီတကို တွဲဖက်

သုံးဆောင်မယ်။ ညစဉ်ညတိုင်း အိပ်ခါနီးမှာ အက်ရှ်ကနာဇီ၊ ရူဘင်စတိန်း၊ ပိုလီနီ၊ ဟိုရိုဝစ်ဇ်ရဲ့ ဂီတတွေကို ထည်လဲ နားဆင်ခဲ့တယ်။ စန္ဒရားလက်သံဟာ သူ့ကို စကားပြောနေသလိုပဲ။ ကဲ... နောက်တစ်ရက် ကူးတော့မယ် အာအိုယာမ၊ အိပ်ဖို့ အချိန်ရောက်ပြီ၊ အိပ်ပါတော့၊ အိပ်လိုက်ပါတော့။

သူ နားမထောင်ရသေးတဲ့ မိုက်ကယ်အိန်ဂျလီရဲ့ အယ်လ်ဘန်တွေ ရှိသေးတယ်။ ဒီညည နားထောင်ရင် ကောင်းမလား။ အပြောင်းအလဲလေး ဖြစ်တာပေါ့။

ဟင်...။

မမှေ့နိုင်တဲ့ သင်းရနံ့လေး မွှေးတေးတေးကို ရလာသလိုပဲ။ နားထဲမှာလည်း ရင်းနှီးနေတဲ့ အသံတစ်ခုကို ကြားလာသလိုပဲ၊ မျက်လုံးထောင့်မှာ တစ်ယောက်ယောက် ဖြတ်သွားတာကို မြင်လိုက်ရသလိုပဲ၊ ဒါမှမဟုတ် အဲဒီဂန္ဓ၊ သောတနဲ့ စက္ခု အာရုံသုံးပါးစလုံး တစ်ပြိုင်နက် ခံစားလိုက်ရတာလား။ သူ ဆိုဖာပေါ်ကနေ အခန်းထဲ ဝေ့ကြည့်လိုက်တယ်။

“ရီးစံလား”

ဒီနေ့က ရီးစံရဲ့ အားလပ်ရက်၊ ဒါပေမဲ့ သူ ငါ့ကို စိတ်မချလို့များး ညစာ ပြင်ဆင်ပေးဖို့ အိမ်ဘက် လှည့်ဝင်လာသလား၊ သူ ငါ့ကို စိတ်ပူတာ သိပါတယ်။ အဲဒီလို ပူပင်နေတာကိုလည်း စိတ်မကောင်းပါဘူး။

“ရီးစံ- ရီးစံလား”

ဘာအဖြေမှ ပြန်မရဘူး။ သူ တရှုံ့ရှုံ့နဲ့ အနံ့ခံကြည့်တယ်။ မီးဖိုခန်းဘက်ကို လှမ်းကြည့်တယ်။ တစ်ခုခု လောင်ကျွမ်းနေတယ် ထင်တယ်။ ခုနက ရေအိမ်ဝင်ခါနီး သူ ဂေါ်ဖီထုပ်တွေများ နွေးခဲ့မိသလား။ သောကတောင်ကြီး ပိနေတဲ့အတွက် သူ ဒီလို နိစ္စမူဝ ကိစ္စတွေကို ဝေဝါးဝါးပဲ။ သိပ်မမှတ်မိဘူး။ ဆိုဖာပေါ်ကနေ ကုန်းပြီး ကြည့်လိုက်တယ်။ မီးဖိုတွေလည်း အားလုံး ပိတ်ထားပါတယ်။ ဒါဆို ဘာဖြစ်တာလဲ။ ရီမုတ်ကို ယူပြီး ဂီတသံကို တိုးလိုက်တယ်။ ဟင်...။ တစ်ခုခု မှားနေတယ်။ အမြဲ ကြားနေရတဲ့ ဂန်းစတားရဲ့ ဟောင်သံကို မကြားရဘူး။ အိပ်နေချိန်ကလွဲလို့ ဂန်းစတားဟာ ဟောင်ချင်ဟောင်၊ မာန်ဖီချင်ဖီ၊ တစ်ခုခုကို ကုတ်ခြစ်ချင်ခြစ် အမြဲ အသံပေးနေတတ်တာ။

ဂန်းစတားရဲ့ နာမည်ကို ခေါ်လိုက်တယ်။ ဟာ... သူ့အသံအိုး၊ အသံကြိုးတွေဟာ ဘာသံမှ ထွက်လာအောင် မစွမ်းဆောင်နိုင်ပါလား။ ဘယ်လိုဖြစ်တာလဲ။ အသက်ရှူရတာ တစ်မျိုးပဲ။ အသက်ရှူကျပ်လာပြီ။ ရုတ်တရက် မွန်းကျပ်လာတယ်။ ပန်းသီးလက်ဖက်ရည်ကို တစ်ငုံ သောက်လိုက်တယ်။ ဟင်... ဘာအရသာမှ မခံစားရဘူး၊ အရသာခံတဲ့ အာရုံတွေလည်း တစ်ခုခု မှားနေပြန်ပြီလား။ ဒါမှမဟုတ် တစ်ယောက်ယောက်က ခွက်ကို လဲသွားသလား။ ကြည့်ရတာ ရှီဂေး အိမ် စောစော ပြန်ရောက်လာပြီး သူ့ကိုများ သရဲခြောက်တမ်း ကစားနေသလား။

အာအိုယာမ တစ်ယောက် အတွေးကယောက်ကယက်နဲ့ ဗျာများနေတုန်း ကျောရိုးတစ်လျှောက် စိမ့်တက်သွားစေမဲ့ အသံတစ်သံဟာ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်တယ်။ သံချေးတက်နေတဲ့ တံခါးပတ္တာတွေ ခွမ်းခနဲ ကွဲသွားတဲ့ အသံမျိုး။ အိမ်ထဲက လာတဲ့ အသံလား၊ သူ့နားထဲမှာ အလိုလိုကြားနေတဲ့ အသံလား သူ မခွဲခြားတတ်။ ရုတ်တရက် မှောင်ကျသွားပြီး သူထိုင်ခဲ့တဲ့ ဆိုဖာဟာ မြောက်တက်လာတယ်။ ပြီးတော့ ကြမ်းပေါ် ပြန်ကျသွားတယ်။ အဲဒီနောက်မှာတော့ ဧည့်ခန်းထောင့် တစ်နေရာကနေ အသံတစ်သံ ကြည်ကြည်မြမြ ထွက်ပေါ်လာခဲ့တယ်။

“ဘယ့်နှယ့်လဲ၊ ခု မလှုပ်နိုင်တော့ဘူး မဟုတ်လား”

လိုက်ကာနောက်ကနေ ယာမာဆာကီ အဆာမီဟာ ဘွားခနဲ ထွက်လာခဲ့တယ်။ ဟင်... မြင်မိမြင်ရာတွေ မြင်နေတာလား။ မင်း ဘယ်ရောက်နေတာလဲကွယ် သူ မေးလိုက်ပေမယ့် ပါးစပ်တစ်ခုလုံး ထုံပြီး ဘာသံမှ ထွက်မလာဘူး။

ယာမာဆာကီ အဆာမီဟာ သူ့နားကို လျှောက်လာတယ်။ သူ့မျက်နှာကို ကိုင်တယ်။ ဘယ်ဘက် လက်မ လက်ညှိုးနဲ့ သူ့ပါးတွေကို ညှစ်ကြည့်နေတယ်။ ဒါပေမဲ့... ဒါပေမဲ့ ယာမာဆာကီဟာ ခွဲစိတ်ခန်းသုံး ရော်ဘာလက်အိတ်တွေ ဝတ်ထားတာ။ သူ့မျက်နှာကို ညှစ်ထားတဲ့ ညှစ်အားက ပါးစပ်တွေ ပွင့်သွားစေပေမဲ့ သူ ဘာမှ မခံစားရဘူး။ တစ်ကိုယ်လုံးမှာ ရှိတဲ့ အားအင်တွေ ဆုတ်ယုတ်ကုန်တယ်။ ယာမာဆာကီရဲ့ လက်တစ်ဖက်နဲ့ သူ့မျက်နှာကိုသာ ညှစ်ကိုင်မထားရင် သူ ဆိုဖာပေါ် လျှောကျသွားမှာပဲ။ သူ့မေးရိုးကို မထိန်းနိုင်ဘူး။ သွားရည်တွေလည်း တများများကျလို့။ ယာမာဆာကီက ညာဘက်လက်ထဲမှာ

အင်မတန် ပါးလွှာချွန်မြတဲ့ ပလတ်စတစ် ဆေးထိုးအပ်ကလေး တစ်ချောင်း ကိုင်ထားတယ်။ ဒါကို အာအိုယာမကို ထောင်ပြနေတယ်။

“ကဲ... ခဏအိပ်လိုက်ဦး ဟုတ်ပြီလား၊ အဆင်သင့် ဖြစ်တဲ့အခါ ရှင့်ကို ပြောမယ်၊ ရှင့်ခန္ဓာကိုယ်ဟာ အလောင်းကောင်လို ဖြစ်နေမှာပဲ၊ ဘာမှ လှုပ်ရှား နိုင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ ခံစားမှုအာရုံတွေ ပြန်ရအောင် လုပ်ထားမယ်၊ ဒါမှ နာကျင်မှု အရသာကို လူကောင်းပကတိထက် အဆတစ်ရာလောက် ပိုပြီး ခံစား နိုင်မှာ၊ ခု အိပ်လို့ရတုန်း အိပ်ထားစမ်း”

ယာမာဆာကီဟာ သူ့လျှာအောက်ထဲကို အပ်နဲ့ ထိုးထည့်လိုက်တယ်။ အပ်ထဲက အရည်တွေဟာ သူ့ခန္ဓာကိုယ်ထဲ အလျင်အမြန်ပဲ ပျော်ဝင်သွားတယ်။ အာအိုယာမဟာ အိပ်မောကျသွားတယ်။

ဘာမှ မကြာလိုက်သလိုပါပဲ။ မျက်လုံးတွေထဲမှာ မခံမရပ်နိုင်လောက် အောင် စူးစူးရှရှ နာကျင်လွန်းတဲ့ ဝေဒနာကြောင့် နိုးလာရတယ်။ အမယ် လေး... ပင်အပ်တွေနဲ့များ ထိုးစိုက်ထားသလား။ နာလိုက်တဲ့ဖြစ်ခြင်း။ မျက်ရည်တွေ စီးကျလာတယ်။ မျက်ရည်က ဆေးနှံ့သွဲ့သွဲ့ ရနေတယ်။ ခန္ဓာကိုယ်ဟာ တစ်စက်ကလေးမှတောင် မလှုပ်နိုင်ဘူး၊ လက်ချောင်းလေး တစ် ချောင်းတောင် မကွေးနိုင်တာ။ ဒါပေမဲ့ ခံစားမှု အာရုံတွေကတော့ အကဲဆတ် လွန်းတယ်။ အားလုံးကို ထူးထူးကဲကဲ ခံစားနေရတယ်။ ဟော... ပါးစပ် နည်း နည်း လှုပ်နိုင်ပြီ။ လျှာကို ထိတွေ့တာ သိပြီ၊ အနံ့ရပြီ၊ အမြင်အာရုံကိုတော့ မျက်ရည်တွေနဲ့ ဖုံးနေတယ်။ မှုန်ဝါးဝါးနဲ့ မှန်ဘီလူးက တစ်ဆင့် ချောင်းကြည့် နေရသလိုပဲ။ မျက်တောင်ခတ်လိုက်တိုင်း သေနေတဲ့ သစ်ပင် ပုံရိပ်တွေကို မြင် နေရသလိုပဲ၊ ဒါ မျက်လုံးအိမ်ပေါ်က သွေးကြောကလေးတွေကို ပြန်မြင်နေရ တာ ထင်တယ်။ ကင်မရာခလုတ် နှိပ်လိုက်သလို ကလစ်ကလစ်နဲ့ အသံတွေ ကြားနေတယ်။

ယာမာဆာကီ အဆာမီက သူ့မျက်နှာနား ကပ်ပြီး -

“နောက်ထပ် တစ်ခါ ဟယ်လိုပါရှင့်”

လို့ ပြောလိုက်တဲ့အခါ သူ့အသံဟာ ဘုရားကျောင်းက ခေါင်းလောင်း လေးတွေ ထိုးလိုက်သလို လိုဏ်သွားတယ်။ အင်း... သူ ငါ့ကို သတ်တော့မယ်၊ ယာမာဆာကီဟာ သူ့ကို သတ်ပစ်တော့မှာပဲလို့ သေချာပေါက် သိသွားတဲ့

အချိန် အာအိုယာမရဲ့ ပထမဆုံးတုံ့ပြန်မှုဟာ အကြောက်တရား မဟုတ်ဘူး။ ပဟေဠိတစ်ခုကို ဖြေရှင်းနိုင်လိုက်ပြီဆိုတဲ့ ခံစားမှုပဲ။ အင်း... ဒါဆို သူတို့ ဖြစ်ခဲ့တဲ့ ပြဿနာဟာ နားလည်မှုလွဲရုံ သက်သက် မဟုတ်ဘူးပေါ့၊ ရှီဂေး ကိစ္စပေါ့။ အာအိယာမမှာ သားတစ်ယောက်ရှိပြီး အဲဒီသားကို အာအိုယာမက အလွန်ချစ်၊ အလွန်တန်ဖိုးထားတယ် ဆိုတဲ့ အချက်ကို ယာမာဆာကီဟာ လက်လည်း မခံနိုင်ဘူး။ ခွင့်လည်း မလွှတ်နိုင်ဘူး။

အာအိုယာမ ယုံကြည်ခဲ့သလို ယာမာဆာကီဟာ သူ့ပထွေးရဲ့ ရိုက်နှက်နှိပ်စက် စော်ကားမှုကြောင့် ရခဲ့တဲ့ စိတ်ဒဏ်ရာတွေကို ကျော်လွှား အနိုင်ယူခဲ့တာ မဟုတ်ဘူး။ အဲဒီ စိတ်ဒဏ်ရာတွေကို သူ သယ်ဆောင်လာခဲ့တယ်၊ နေ့စဉ်နေ့တိုင်း ဒီစိတ်ဒဏ်ရာတွေနဲ့ နေထိုင်ခဲ့တာ။ သူ့ကို သစ္စာဖောက်တဲ့ လူ၊ သူလို လိမ်လည်လှည့်ဖြားတဲ့ လူတွေဟာ သူ့ပထွေးလို အခြေအနေမျိုး ဖြစ်သင့်တယ်၊ ဒုက္ခိတ ဖြစ်သွားသင့်တယ်လို့ သူက ယုံကြည်တယ်။ ဒါကြောင့် အဲဒီလူတွေကို သူ့ပထွေးနဲ့တူအောင် ခြေထောက် ဖြတ်ပစ်ရမယ်။ ခြေချင်းဝတ်ကနေ ဖြတ်ပစ်ရမယ်။ အချိန်ပိုင်း အလုပ်အားနေတဲ့ အခါတိုင်း သူ နောက်ထပ်တစ်ကြိမ် လုပ်ရမယ့် လုပ်ငန်းအတွက် ပြင်ဆင်တယ်။ လူတစ်ယောက်နဲ့ နီးစပ်လာရင် အဲဒီလူ ခြေထောက်ကို ဖြတ်ပစ်ဖို့ သူ အမြဲ ကြံစည်နေတော့တာပဲ။ လောကမှာရှိတဲ့ ယောကျ်ားအားလုံးဟာ လူလိမ်တွေ၊ ခြေငုတ်တိုနဲ့ နေကြပစေ။ ဆယ်ကျော်သက်တုန်းကတော့ သူ့ အကြံအစည်ဟာ သူ့ခေါင်းထဲကနေ ထွက်ပြီး တကယ် လက်တွေ့ အကောင်အထည်ဖော်ခွင့် မရခဲ့ဘူး။ ခြေထောက်ကို ဖြတ်စရာ လက်နက်ကိရိယာကို အကြံထုတ်လို့ မရတာလည်း ပါတာပေါ့။ နောက်တော့ တီဗွီက ပြတဲ့ အချက်အပြုတ် အစီအစဉ်တစ်ခုမှာ စတီးကြိုး ဝါယာလွှကို သူ တွေ့လိုက်ရတယ်။ အသွားပါတဲ့ စတီးကြိုး ခပ်ပါးပါးကို လက်ကိုင်နှစ်ဖက် တပ်ထားတာ။ စားဖိုမှူးဟာ အဲဒီ စတီးကြိုးလွှကို သုံးပြီး အသားတုံးနဲ့ အထဲက အမဲရိုးကြီးကို သက်သောင့်သက်သာနဲ့ ဖြတ်ပြလိုက်တာ မြင်ရတဲ့အခါ သူ့အကြံအစည်မှာ ဒီလက်နက်ထက် ကောင်းတာ မရှိတော့ဘူး ဆိုတာ သူ သိသွားခဲ့တယ်။ ဘယ်အရာကိုမဆို အသာလေး ဖြတ်ပစ်နိုင်တာပဲ။ သူဟာ အဲဒီအချိန်ကစလို့ ဆေးဝါးတွေ အကြောင်းကို လေ့လာတယ်။ သိုရာဇင်း၊ ဘန်ဇိုဒိုင်ယာဇီပင်း၊ မီပရိဘာမိတ်၊ ဇေလီယမ်၊ မီဒိုင်ယာဇီပင်၊ လီဘရီယမ်၊ နိုက်ထရပ်အောက်ဆိုက်၊ မတ်စ်စီမိုး၊ အမ်ဖက်တမင်း၊ စီလိုစင်၊ အယ်လ်အက်စ်ဒီ ဆေးတွေကို လိုသလောက်ရအောင် ကြံစည်တယ်။ အာအိုယာမရဲ့ အိမ်

ကို အခေါက်ပေါင်းများစွာ လေ့လာတယ်။ အတွင်းကို အစမ်းသဘော ဖောက်ဝင်ကြည့်တယ်။ ပြီးတော့ အခါကောင်းကို စိတ်ရှည်ရှည်နဲ့ စောင့်နေခဲ့တယ်။

ဒီနေ့ မနက်ကတည်းက အိမ်နား ပတ်ဝန်းကျင်မှာ ယောင်လည်လည် လုပ်ရင်း စောင့်နေခဲ့တယ်။ အိမ်အကူ အမျိုးသမီး ဒီနေ့ မလာဘူးဆိုတာကို ယာမာဆာကီ အဆာမီက သူ့နည်းသူ့ဟန်နဲ့ စုံစမ်းရင်း သိထားတယ်။ ဟို အကောင် သူ့သားဆိုတဲ့ အကောင်၊ စကိတ်ဘုတ်ပြားကိုင်ရင်း ထွက်သွားတာလည်း တွေ့တယ်။ ဒါကြောင့် အာအိုယာမ စျေးသွားဝယ်တဲ့အခါ အိမ်ထဲကို အသာလေး လျှောဝင်လိုက်တယ်။ ပြန်လာတော့ ဒိန်ချဉ်နဲ့ ပျားရည်ကို ရောပြီးတဲ့အခါ အာအိုယာမ အိမ်သာသွားတယ်။ အတော်ပဲ။ ဒိန်ချဉ်၊ ပျားရည်ထဲကို ကြွက်သားပျော့ဆေး ခတ်လိုက်တယ်။ အာအိုယာမ ဆေးမိပြီး ဒယီးဒယိုင်နဲ့ အခြေအနေ ဆိုးနေချိန်ကျမှ သူ့ရှေ့ကို လျှောက်သွား၊ ဟယ်လို လုပ်ရင်း အိပ်ဆေးကို လျှာအောက် ထိုးထည့်လိုက်တဲ့အခါ လူလိမ်ကောင်ဟာ တစ်ခါတည်း ဆိုဖာပေါ် လဲသွားတော့တယ်၊ ဟုတ်တယ် ဆိုဖာပေါ် လဲကျနေတာ ကောင်းတယ်။ ဒါဆို အလုပ်လုပ်ရတာ ပိုအဆင်ပြေတယ်။ စိတ်ဝင်စားဖို့လည်း ပိုကောင်းမယ်။

အပြင်ထွက်ပြီး လဲနေတဲ့ ဂန်းစတားကို ပွေ့လာခဲ့တယ်။ ကော်ဖီစားပွဲပေါ် တင်ပြီး ကားရား ဖြစ်နေတဲ့ အာအိုယာမရဲ့ ခြေထောက်နှစ်ဖက် ကြားမှာ ဂန်းစတားကို အသေအချာ ပက်လက်လှန်ပြီး နေရာချလိုက်တယ်။ ဂန်းစတားဟာ သူ ဆေးခတ်လိုက်လို့ တစ်ကိုယ်လုံး မလှုပ်နိုင်တော့ပေမယ့် အသက်ရှိသေးတယ်။ သူ့ဆွယ်တာ အမည်းမှာ ကပ်နေတဲ့ ခွေးမွေးတွေကို ခါချရင်း ယာမာဆာကီ အဆာမီဟာ အိမ်တံခါးဝကို အသာထွက်သွားတယ်။ အဲဒီမှာ ဓာတ်ပုံဆရာတွေ ကင်မရာထည့်တဲ့ အိတ်မျိုး သူ ချထားခဲ့တယ်။ အတွင်းကနေ သားရေနက်ဘူးကလေးကို ထုတ်တယ်။ ထောင့်စွန်းတွေကို ဖိရင်း ဘူးကို ဖွင့်တယ်။ အထဲကနေ ပစ္စည်းတစ်ခုကို ဆွဲထုတ်လိုက်တယ်။ ငွေရောင်တလက်လက် တောက်နေတဲ့ စတီးလွှသွားကြိုး၊ အစွန်းနှစ်ဖက်မှာ လက်စွပ်ကွင်းလောက်အရွယ် ကွင်းတစ်ဖက်စီ တပ်ထားတယ်။ ကွင်းတစ်ဖက်စီကို လက်ညှိုးတစ်ဖက်စီမှာ စွပ်လိုက်ပြီး ကြိုးကို ဖြေချလိုက်တယ်။ စတီးလွှသွားကြိုးဟာ ခေးနှစ်လက် ခတ်လိုက်သလို ချလွဲမိဆိုတဲ့ အသံမျိုးပေးပြီး အောက်ကို ပြေကျသွားတယ်။

အချိန်ကိုက်ပဲ။ အာအိုယာမ သတိရနေပြီ၊ မျက်လုံးဖွင့်ပြီး ကြောင်ကြောင်ကြီး ကြည့်နေပြီ။ သိပ်ကောင်းတာပဲ။ စတီးလွှသွားကြိုးကို ဂန်းစတားရဲ့ ဘယ်ဘက်ခြေထောက် ခြေချင်းဝတ် အဆစ်နေရာကို သေချာတော့ပြီး ကွင်းနှစ်ဖက်ကို တင်းနေအောင် ဆွဲရင်း အာအိုယာမကို ကြည့်လိုက်တယ်။

ဩော်... မိတ်ကပ်မရှိ၊ ပြင်ဆင်ခြယ်သမှုမရှိဘဲ မျက်နှာပြောင်နဲ့ပေမယ့် မင်း မျက်နှာလေးဟာ အရင်အတိုင်း လှနေဆဲပါ။ ဆရာ အဆင်ပြေတာ သေချာရဲ့လား၊ ကျွန်မရဲ့ ပြဿနာတွေ၊ ကိစ္စတွေကို နားထောင်ပေးမယ့် ဆွေးနွေး ပေးမယ့် လူ တစ်ယောက်တောင် မရှိဘူး ဆရာ၊ ဆရာ့ကို အားကိုးလို့ ရမလားဟင်။

ခုမြင်နေရတဲ့ မိန်းမဟာ သူ့ကို တစ်ခါက ယုံကြည်ခဲ့ဖူးတဲ့၊ လေးစားခဲ့ဖူးတဲ့၊ အားကိုးခဲ့ဖူးတဲ့၊ ချစ်ခဲ့ဖူးတဲ့ ယာမာဆာကီ အဆာမီနဲ့ ဆံခြည်တစ်မျှင်တောင် ကွာခြားမှု မရှိပါဘူး။ မျက်ဝန်းတွေထဲမှာ ရူးနှမ်းတဲ့ အရိပ်အယောင် တစိုးတစိမှ မရှိ၊ ဆံပင်တွေ ဖိုရိုးဖားရား ဖြစ်နေတာ မရှိ၊ ပါးစပ်ကြီးက ရွဲ့စောင်းပြီး တဟီဟီ ရယ်နေတာမျိုး မရှိ။ အေးအေးသက်သာ မျက်နှာပေးနဲ့ပဲ စတီးလွှကြိုးကို စဆွဲတယ်။ အရွတ်တွေ ပြတ်သွားတဲ့အသံ၊ အရိုးတွေ ကွဲသွားတဲ့ အသံတွေနဲ့အတူ ဂန်းစတားရဲ့ ခြေထောက်ကလေးဟာ ပြတ်ကျသွားတယ်။ ဖွေးဖြူနေတဲ့ ဂန်းစတားရဲ့ ဗိုက်မွေးလေးတွေပေါ် သွေးတွေ ရဲခနဲ နီပြီး ပန်းကျလာတယ်။ ယာမာဆာကီ အဆာမီက လွှကြိုးကို ဖြုတ်ပြီး နောက်ထပ် ခြေထောက်တစ်ဖက်မှာ တင်တယ်။

တော်ပါတော့၊ တော်လိုက်ပါတော့။

အာအိုယာမ စိတ်ထဲက ရေရွတ်နေပေမဲ့ အသံကတော့ တစ်စက်မှ ထွက်မလာဘူး။ အခန်းထဲမှာ ခပ်တိုးတိုး ဖွင့်ထားတဲ့ ဗာဒီရဲ့ ဂန္ဆင်ဂီတ အိုင်ဒါတေးသွားက ဝဲပျံနေတယ်။

“ဟင် ဘာဖြစ်တယ်၊ ရှင် တစ်ခုခု ပြောနေတာလား”

ခွေးလေးကို မလုပ်ပါနဲ့၊

ငါ့ကို လုပ်ပါ၊ ဂန်းစတားကို မလုပ်ပါနဲ့။

အာအိုယာမရဲ့ နှုတ်ခမ်းတွေ ပင်ပန်းကြီးစွာ လှုပ်နေချိန်မှာ ရှီဂေးရဲ့ ပုံရိပ်ဟာ အာရုံထဲမှာ ထင်လာတယ်။ အဲဒီလို ခြေထောက်ကို လွှကြိုးနဲ့ ဖြတ်ခံရပြီး

သွေးတိတ်အောင် မလုပ်နိုင်ရင် သူသေမယ် ဆိုတာကို အာအိုယာမ သိတယ်။ ဒါဆို ရှီဂေး တစ်ယောက်တည်း ကျန်ခဲ့လိမ့်မယ်။ သားလေး။ ငါ့သားလေး၊ လိမ္မာတဲ့ ကလေး။ ဒီအတွေးကြောင့် သူ အရမ်းခံစားရတယ်။ နာကျင်မှုဟာ လည်း မခံမရပ်နိုင်လောက်အောင် ဖြစ်လာတယ်။

ဘာပဲဖြစ်ဖြစ် အင်အားရှိသလောက်တော့ ပြန်တိုက်မှ ဖြစ်မယ်လို့ သူ တွေးနေတယ်။

“မလောနဲ့ မလောနဲ့၊ ရှင့်ခွေးပြီးရင် ရှင့်အလှည့် လာမယ်၊ ခွေးခေါင်းလေး ပြတ်ထွက်သွားတာ မကြည့်ချင်ဘူးလား”

ဂန်းစတားရဲ့ ကျန်တဲ့ခြေထောက် တစ်ဖက်ကို စတီးလွှကြိုးနဲ့ အသေအချာ ရစ်ပြီးတဲ့အခါ သူ ကြိုးကို စဆွဲတယ်။ ခုနက အသံမျိုး ထပ်ထွက် လာတယ်။ ဒီတခါတော့ သွေးဟာ ပန်းထွက်လာလိုက်တာ အာအိုယာမ လက် ကိုတောင် လာစဉ်တယ်။ ဒါကို တားလို့ရမဲ့ နည်းလမ်း မရှိတော့ဘူးလား။ တစ်ယောက်ယောက် ရောက်လာခဲ့ရင်တော့...။

ဘယ်သူမှ မလာပါဘူး၊ အရောင်းသမားဖြစ်ဖြစ်၊ ပစ္စည်းပို့သမား ဖြစ်ဖြစ် ရောက်လာရင်လည်း တံခါးဘဲလ်တီးလို့ ဘယ်သူမှ ထွက်မလာရင် ပြန်သွားကြ မှာပဲ။ ဒါပေမဲ့ တစ်ယောက်ယောက်က ပုံမှန်မဟုတ်ဘူး တစ်ခုခု ဖြစ်နေတယ် ဆိုတာ သိခဲ့ရင်...။

ဂန်းစတားရဲ့ ခြေထောက်ပြတ်ကလေးကို ရှေ့ခြံဝင်းထဲ ပစ်ချ၊ ဖြတ်သွား တဲ့ လူတစ်ယောက်ယောက် မြင်သွားရင်...။

မဟုတ်သေးပါဘူး။

စားပွဲပေါ်က ခွေးခြေထောက်ပြတ်ကလေး နှစ်ခု၊ ဂန်းစတားရဲ့ ခြေထောက်လေးတွေ ဆိုတာ ယုံတောင် မယုံနိုင်ဘူး။ ခွေးခြေထောက်ပြတ် ကလေးကို ဘယ်သူကမျှား သေချာမြင်ဖူးလို့လဲ။ ထီးကျိုးလေးလိုလို၊ လက်ကိုင်အိတ် ကိုင်းကလေးလိုလို။

အိမ်ကို မီးရှို့နိုင်မယ်ဆိုရင်ကော။

အိမ်မီးလောင်ရင် မီးသတ်ကားတွေ ရောက်လာမှာပဲ။ ဒါပေမဲ့ သူ့ကို အချိန်မီ ကယ်နိုင်ပါ့မလား။ ခြေထောက်တွေ မရှိတော့တဲ့အခါ သူ

လမ်းလျှောက်နိုင်မှာ မဟုတ်ဘူး။ ကြမ်းပေါ်လိမ့်၊ မှန်လျှောတံခါးကို ဖွင့်ပြီး ခြံဝင်းထဲ လိမ့်ချ။ ဒါပေမဲ့ လက်ထဲမှာ မီးခြစ်ဆံလည်း မရှိ၊ မီးခြစ်လည်း မရှိ။ ရအောင်လုပ်စရာ နည်းလမ်းလည်း မမြင်။ အိုင်ဒါတေးသွား အဆုံးသတ်တော့မယ်။ နောက် တစ်ပုဒ်က မက်စ်ကာရာဒီဘောလ်၊ ဒါပြီးရင် အာရိုလ်ဒို။ တကယ်လို့များ ဂီတသံကို ဂိတ်ဆုံး ကျယ်လိုက်နိုင်ရင်ရော။ ညာဘက်လက်ဟာ ရုတ်တရက် ဆတ်ခနဲ လှုပ်လို့ရလာတယ်။ သူ့နားက ကက်ဆက်ရီမုတ်ကို လှမ်းကိုင်လိုက်တယ်။ ဂန်းစတားရဲ့ လည်ပင်းမှာ စတီးလွှဲကြိုးပတ်နေတဲ့ ယာမာဆာကီ အဆာမီက သူ့ကို ကြည့်တယ်။ ထုံနေတဲ့ လက်ချောင်းတွေနဲ့ အသံခလုတ်ကို တဆုံးကျယ်လိုက်ပြီး ရီမုတ်ကနေ လေ့ခ်ချတဲ့ ခလုတ်ကိုနှိပ်၊ ပြီးတော့ ဘယ်ဘက်ကို စောင်းလိုက်ပြီး ရီမုတ်ကို ဆိုဖာကူရှင်နဲ့ အောက်ခံ စပရိန်တွေကြားထဲ တအားထိုးထည့်လိုက်တယ်။ ဧည့်ခန်းထဲ အသံပတ်လည်စနစ် ဆင်ထားတဲ့ စပီကာကြီးတွေကနေ ဗာဒီရဲ့ တေးသွားသံဟာ နားကွဲမတတ် အကျယ်ကြီး ထွက်လာခဲ့တယ်။ ပြတင်း ခန်းဆီးလိုက်ကာတွေတောင် လှုပ်ခါသွားလောက်အောင် ကျယ်တာ။ ယာမာဆာကီ အဆာမီဟာ ပျာမသွားဘူး။ ထရပ်လိုက်ပြီး ဆိုဖာနား လာတယ်။ ရီမုတ်ကို နှိုက်တယ်။ ဒါပေမဲ့ နှိုက်လေ အောက်ကျလေ ဖြစ်ပြီး နှိုက်လို့ မရဘူး။ အရင်တစ်ခါ ရှိဂေး သီချင်းဖွင့်တုန်းက အနားက အိမ်ဟာ အသံဆူညံလို့ဆိုပြီး ဖုန်းဆက်တယ်။ ရှိဂေး အပြောအရ အသံတိုးရင် တိုးပေး၊ မတိုးပေးရင် ရဲတိုင်လိုက်မယ်လို့ အဘွားကြီးတစ်ယောက်က ဖုန်းထဲက ပြောသတဲ့။ ခုလည်း အဲဒီအဘွားကြီးဟာ ကမ္ဘာတုန်မတတ် ကျယ်နေတဲ့ ဒီအသံကြောင့် ဖုန်းခေါ်လိမ့်မယ်၊ ခေါ်မရရင် ရဲစခန်းကို ဖုန်းဆက်လိမ့်မယ်။ ယာမာဆာကီ အဆာမီဟာ ရီမုတ်ကို နှိုက်မရတဲ့အဆုံး စီဒီကက်ဆက်နားကို လျှောက်သွားတယ်။ သူ့ကို တစ်ခုခု ပြောသွားပေမဲ့ ပြဲလန်နေအောင်ကျယ်တဲ့ ဂီတသံကြောင့် ဘာမှ မကြားရဘူး။ သူဟာ စီဒီကက်ဆက်ရဲ့ အဖွင့်အပိတ် ခလုတ်ကို နှိပ်တယ်။ ဒါပေမဲ့ ရီမုတ်ကနေ လေ့ခ်ချထားရင် စီဒီကက်ဆက်ပေါ်က ခလုတ်တွေ အလုပ်မှ မလုပ်ဘဲ။ ပလပ်ပေါက်က ဧရာမ အရက်ဗီရိုကြီး နောက်မှာ မြုပ်ထားတာ။ ဘယ်လိုမှ ပလပ်ဆွဲဖြုတ်လို့ မရဘူး။ ဧည့်ခန်းထဲမှာ သွေးအိုင်ထဲက ခြေနှစ်ဖက် ပြတ်နေတဲ့ ခွေး၊ ဆိုဖာပေါ်က လှုပ်မရတဲ့ အာအိုယာမနဲ့ ကျယ်လှတဲ့ ဗာဒီရဲ့ တေးသွား။ ပြီးတော့ ဆွယ်တာအနက်၊ ဂျင်းဘောင်းဘီနဲ့ အပြေးဖိနပ်တွေ စီးထားတဲ့ မိန်းမလှလေး။ မြင်ကွင်း တစ်ခုလုံးဟာ အစစ်အမှန်လို့ ထင်ဖို့တောင် ခက်နေတယ်။

ဂန်းစတားရဲ့ မျက်လုံးလေးတွေ ပွင့်လာတဲ့အခါ အာအိုယာမ အော်လိုက်တယ်။ ဒါမှမဟုတ် အော်ဖို့ ကြိုးစားတယ်ပေါ့။ နဂိုကတည်းက အသံမထွက်ရတဲ့အထဲ မိုးဆက်တိုက် ခြိမ်းနေသံထက် ကျယ်တဲ့ ဂီတသံကြီးကြောင့် အသံဆိုတာ ဘယ်လိုမှ မထွက်လာဘူး။ ခွေးလေးဟာ နာကျင်မှုကြောင့်လား၊ ဆေးကြောင့်လား မသိ၊ ဟောင်လည်း မဟောင်နိုင်၊ လှုပ်လည်း မလှုပ်နိုင်ပေမဲ့ မျက်လုံးကတော့ ဖြစ်ကြောင်းကုန်စင်ကို အသိပေး နေသလိုပဲ။ အင်း... သေခြင်းတရားနဲ့ ရင်ဆိုင်နေရတဲ့ သက်ရှိသတ္တဝါ တစ်ကောင်ရဲ့ မျက်ဝန်းတွေ၊ သတ္တိနဲ့ ဂုဏ်သိက္ခာကို ဓားပြတိုက်ခံလိုက်ရတဲ့ ကူကယ်ရာမဲ့ မျက်ဝန်းတွေ၊ ဒီမျက်ဝန်းတွေရဲ့ အကြည့်ဟာ အာအိုယာမကို အကြီးအကျယ် ကြောက်လာစေတယ်။ ဒီလောက် မျှော်လင့်ချက်မဲ့တဲ့ မျက်လုံးမျိုးကို လူမှာရော၊ တိရစ္ဆာန်မှာရော သူတစ်ခါမှ မမြင်ဖူးဘူး။

ယာမာဆာကီ အဆာမီဟာ အိမ်အဝင်ဝနားက မီးခလုတ်ခုံဆီ သွားပြီး မီးတွေအားလုံး ဖွင့်လိုက်တယ်။ ပြီးတော့ သူ့ လက်နက်ကိရိယာအိတ်ကနေ ဓားတစ်ချောင်းကို ထုတ်ယူလိုက်တယ်။

❑

ဓားဟာ လက်နက်ကိရိယာအဖြစ် သုံးတဲ့ ဓားမြောင် မဟုတ်ဘူး။ ခဲတံချွန်တဲ့ ဓားလိုမျိုး လက်သည်းနီတွေ ဘာတွေဖျက်တဲ့ ဓားမျိုးလေး။ လက်ကိုင်က ပန်းရောင်၊ ထိပ်ဖျားက ခပ်လုံးလုံးရယ်။ ယာမာဆာကီ အဆာမီရဲ့ လှုပ်ရှားမှုတွေဟာ အေးအေးဆေးဆေးပဲ။ ဘာမှ အလောသုံးဆယ် ဖြစ်မနေဘူး။ မျက်နှာကလည်း ခုနက ဂန်းစတားရဲ့ ခြေနှစ်ဖက်ကို ဖြတ်ပစ်လိုက်တုန်းကလို မျက်နှာမျိုးပဲ။ ဘာခံစားမှုမှ မတွေ့ရဘူး။

သူက စီဒီကက်ဆက်ကို ပါဝါပေးတဲ့ ဝါယာကြိုးကို ရှာပြီး ဖြတ်ပစ်ဖို့ လုပ်နေတာ။ စပီကာတွေရယ်၊ စီဒီရယ်၊ ကက်ဆက်ရယ် အားလုံးကို စင်နဲ့ သေချာကျပ်ညပ်နေအောင် နေရာချထားတာ။ တစ်ခုချင်းစီ ဖယ်မပစ်ဘဲ ဘယ်လိုမှ နောက်က ပါဝါဝင်တဲ့ကြိုးကို ဆွဲဖြုတ်ပစ်ဖို့ မဖြစ်နိုင်ဘူး။ ငလျင်ဒဏ်ခံနိုင်အောင် ပစ္စည်းတွေကို နေရာချထားတဲ့ ဒီဇိုင်းကြောင့် သူ ပါဝါကြိုးကိုတောင် ရှာမတွေ့ဘူး။ ကော်ဖီစားပွဲပေါ်က ခက်ရင်းကို လာယူပြီး ခက်ရင်းနဲ့ ကန့်လန့်ပြီး ကြိုးကို သူရှာနေတယ်။ နံရံမှာ ကပ်နေတဲ့ ပါဝါကြိုးကို ဓားအသေးလေးနဲ့ ရအောင် ဖြတ်ပစ်နိုင်ရင်တော့ တုန်ဟည်းနေတဲ့ ဂီတသံကြီး ရပ်သွားမယ်။ ဒါဆို အာအိုယာမရဲ့ ပုန်ကန်ဖို့ ကြိုးပမ်းမှုတွေလည်း သဲထဲရေသွန် ဖြစ်ပြီပေါ့။ ဒီလို ဘာမှန်းမသိတဲ့ ဗရုတ်သုတ်ခ ရူးရူးနှမ်းနှမ်း ပြကွက်ကြီးထဲမှာ သူ သေရတော့မယ်။ ရုတ်တရက်၊ စောစောစီးစီး ရောက်လာခဲ့ပေမဲ့ သေခြင်းတရားနဲ့ ပတ်သက်လာရင် အမြဲတမ်း မှန်တာချည်းပဲ။ အဆုံးသတ်ကို တုန်လှုပ်ခြင်း အလျှင်းမရှိတဲ့ ပကတိ ပြကတော့ အခြေအနေနဲ့ ရင်ဆိုင်နိုင်ပါ့မလား။

ယာမာဆာကီ အဆာမီဟာ ဝါယာကြိုးကို နှိုက်နေတုန်းပဲ။ မီးတွေ အကုန်ဖွင့်ထားပေမဲ့ နံရံနဲ့ ကက်ဆက်စင်ကြားက မှောင်မည်းနေတဲ့အတွက် ယာမာဆာကီ အဆာမီ တစ်ယောက် အထိအတွေ့နဲ့ပဲ ကြိုးရှာနေရပုံ ပေါ်တယ်။ သူ မျက်လုံးစဖွင့်နိုင်ကတည်းက သူ့ခြေထောက်နှစ်ဖက် ကြားက ဂန်းစတားနဲ့ အကြည့်ချင်း မဆုံအောင် ရှောင်လွှဲနေခဲ့ပေမဲ့ ခု ကြည့်လိုက်တဲ့ အချိန်မှာ ဂန်းစတားဟာ အသက်နဲ့ခန္ဓာ အိုးစားကွဲသွားရှာပြီ။ အသက်ဇီဝဓာတ် မရှိတော့တာနဲ့ တစ်ပြိုင်နက် မျက်လုံးရဲ့ တောက်ပမှုတွေ ကွယ်သွားတယ်။ ဟနေ

တဲ့ ပါးစပ်ထဲကနေ မီးခိုးရောင် လျှာအရှည်ကြီးဟာ ထွက်ကျလာတယ်။ လျှာကြီးဟာ ခွေးခန္ဓာကိုယ်ထဲက သန်ကောင်ကြီး တစ်ကောင် တခြား လက်ခံကောင်ကို ရှာဖို့ ထွက်လာသလိုပဲ။ အင်း... ငါ့ အလှည့်ကျရင်လည်း ဒီလိုပဲ ထင်ပါရဲ့လို့ ချောက်ချောက်ချားချား တွေးနေမိတယ်။ တစ်နေရာရာမှာ ဖတ်ခဲ့ဖူးတဲ့ စာတစ်ပိုဒ်ကို သတိရလာပြန်တယ်။ အကျဉ်းသားတွေကို မသေမချင်း ကြိုးပေးသတ်တဲ့အခါ ဆီးတွေ ဝမ်းတွေ ထွက်ကျ၊ လျှာကလည်း တဆုံး ပြူထွက်လာသတဲ့။ သူ့အလောင်းကို လူတွေအုံပြီး ကြည့်နေကြပြီ။ ခြေထောက်နှစ်ချောင်းလုံး ခြေချင်းဝတ်ကနေ ဖြတ်ခံထားရတယ်။ လျှာက ထွက်နေလိုက်တာ ရင်ဘတ်တောင် ထိလို့၊ ဘောင်းဘီထဲလဲ ဆီးတွေ ထွက်ကျထားတာ ရွံနစ်လို့၊ မျက်လုံးတွေက အသက်မဲ့ စင်းစင်းသေ။ မြင်ကွင်းက ရှင်းလင်းပြတ်သားလွန်းလို့ သူသေသွားပြီး ဝိညာဉ်အဖြစ်နဲ့ အပေါ်စီးကနေ မြင်နေရသလိုပဲ။ အခန်းထဲမှာ ရဲတွေ ပျားပန်းခပ်၊ ဂျူတီကုတ်အဖြူနဲ့ သေမှုသေခင်း အရာရှိက သူ့ မျက်လုံးတွေကို မီးထိုးစစ်၊ သေဆုံးချိန်ကို ခန့်မှန်း၊ မျက်လုံးတွေကတော့ အဆာသွတ်ထားတဲ့ ကျားရုပ်၊ ဝက်ဝံရုပ်ရဲ့ ဖန်မျက်လုံးတွေလိုပါပဲ။ ရီးစံက တရှုပ်ရှုပ်၊ ရှီဂေးက ဘာပြောရမှန်း မသိလောက်အောင် ဆွံ့အတိတ်ငြိမ်။

ဒီအမြင်အာရုံဟာ ဘယ်က ရောက်လာတာလဲ။ ဒါ သူခတ်ခံထား ရတဲ့ ဆေးတွေရဲ့ အစွမ်းလား။ ပျို့ချင် အန်ချင်တာ၊ ချာချာလည်မူးတာ၊ ရင်ပူတာလို နာမည်တပ်လို့ရတဲ့ ဝေဒနာမျိုး မဟုတ်ဘူး။ ပေါက်ကွဲထွက်တော့မတတ် ခံစားချက်မျိုး။

ဒီအတွေးအဆုံးမှာ သူ့သွေးတွေ ပြန်လည်ပတ် လာသလိုလို ခံစားရပြီး ခြေထောက်တွေဟာ ဆတ်ခနဲ လှုပ်သွားတယ်။ အင်း...။ သူ့ခန္ဓာကိုယ်ထဲက အားအင်စွမ်းအား တစ်ခုခုဟာ သေခြင်းကို လက်ခံလိုက်ဖို့ ပေးနေတဲ့ ဦးနှောက်ရဲ့ အမိန့်အာဏာကို ဖီဆန်ပြီး ဆန္ဒပြနေတယ်။ ဆန္ဒပြနေပြီ။

ကြိုးစားမယ်။ ကြိုးစားရမယ်။ လွတ်မြောက်ရာလမ်းကို ရှာရမယ်။ ခြေထောက်ကြွက်သားတွေကို လှုပ်ကြည့်ဖို့ ကြိုးစားတယ်။ ဒါပေမဲ့ ဦးနှောက်နဲ့ အဆက်အသွယ် ပြတ်နေပုံပဲ။ ဒါပေမဲ့ လက်တွေတော့ နည်းနည်း လှုပ်လို့ရနေပြီ။ လက်သီးကို ဆုပ်လိုက် ဖြန့်လိုက် လုပ်ကြည့်နေတယ်။ လက်ချောင်းတွေရဲ့ အထိအတွေ့ကို ပြန်ခံစားရပြီ။ ခေါင်းကို လှုပ်လို့ ရနေပြီ။ ကောင်းကောင်း လှုပ်မရသေးတဲ့ ညာလက်ကို ဘယ်လက်နဲ့ ဆွဲယူ ပါးစပ်နားပို့ပြီး လက်ဖဝါးကို

ကိုက်ကြည့်တယ်။ အင်း... ခံစားလို့ရတယ်။ ဒါပေမဲ့ သိတယ် ဆိုရုံပဲ။ ယာမာဆာကီ အဆာမီဟာ သူ့ကို လှည့်ကြည့်နေပြီ။ ဝါယာကြိုးကို ဖြတ်လို့ရနေပြီ။ လုပ်ထားလုပ်။ လက်ကို တအား ကိုက်တယ်။ စည်းချက်ညီညီ ကိုက်တယ်။ ခံစားချက်တွေ ပြန်ရလာတဲ့ထိ ကိုက်တယ်။ ဘယ်ဘက်ရော ညာဘက်ရော တစ်လှည့်စီ ကိုက်တယ်။ ကိုက်နေတုန်း ဖျောင်းခနဲ မြည်သံနဲ့အတူ ဂီတသံရပ်ပြီး တစ်အိမ်လုံး မှောင်အတိ ကျသွားတယ်။ ယာမာဆာကီ အဆာမီဟာ ဝါယာကြိုးကို ဖြတ်ချလိုက်တဲ့ အခါ ဆားကစ် ဘရိတ်ကာ ကျသွားပုံပဲ။ အပြင်မှာ မှောင်နေပြီမို့ အိမ်ထဲမှာ ဘာမှ မမြင်ရဘဲ ပိန်းပိတ်အောင် မှောင်နေတယ်။ ယာမာဆာကီ အဆာမီရဲ့ အသံ သူ့အနားကနေ ကပ်ကြားရတယ်။

“ဘရိတ်ကာ ဘယ်မလဲ၊ ရှင် စကားပြောနိုင်ပြီ ဆိုတာ သိတယ်။ ပြော”

မျက်နှာကို မမြင်ရပေမဲ့ ဒါ သူတစ်ခါက နမ်းဖူး၊ ယုယကြင်နာခဲ့ဖူး၊ ထပ်ကာတလဲလဲ အိပ်မက်တွေထဲ တွေ့ခဲ့ဖူးတဲ့ မျက်နှာလေးပါ။ သူ့ပါးစပ် ဘယ်နားရှိလဲ ဆိုတာ လိုက်ရှာနေပုံပဲ။ ဒီမျက်နှာလေးကို အခါ ရာပေါင်း ထောင်ပေါင်း များစွာ စိတ်ကူး ပုံဖော်ခဲ့ဖူးတယ်။ သိပ်လှလွန်းလို့ အင်း...။ အဲဒီ တစ်ခဏလေး အတွင်းမှာ သူ့ရဲ့ ဒေါသတွေ၊ ကြောက်ရွံ့မှုတွေ၊ လွတ်မြောက်ချင်စိတ်တွေ၊ အချစ်နဲ့ ထွေးရောယှက်တင်နေတဲ့ ခံစားမှုတွေ အားလုံး မေ့သွားလောက်အောင် မျက်နှာကို လက်သီးနဲ့ ထိုးခံလိုက်ရတယ်။ အတော်အားပြင်းတဲ့ ထိုးချက်ပဲ။ ခက်ရင်းကို ဆုပ်ထားတဲ့ လက်နဲ့ ထိုးတာ။ ခံစားချက်တွေ ရောပြွမ်းနေတဲ့ လက်သီးချက် မဟုတ်ဘူး။ သေချာချိန်ဆပြီး အားနဲ့အင်နဲ့ ထိုးချလိုက်တာ။ ဘယ်သူက ဆရာလဲ ဆိုတာ ပြနေတာ။ ခက်ရင်းက သူ့ပါးကို ထိုးသလိုဖြစ်ပြီး နှုတ်ခမ်းသားတွေ စုတ်ပြတ်ကုန်တယ်။ ချက်ချင်းပဲ မေးစေ့ပေါ်ကို သွေးတွေ စီးကျလာတယ်။ နာကျင်မှုဟာ ခေါင်းခွံထဲထိ တက်ဆောင့်တယ်။ ရှေ့ကို ကုန်းပြီး မျက်နှာကို လက်တွေနဲ့ ကာထားမိ တယ်။

“ဘရိတ်ကာ”

ထပ်ပြောတယ်။ အသံက ပုံမှန်ပဲ။ အာအိုယာမရဲ့ ဝေဒနာတွေအတွက် သူ ဘာမှ ခံစားရပုံ မပေါ်ဘူး။

“မီးဖိုခန်းထဲမှာ”

အာအိုယာမရဲ့ အသံဟာ သဲ့သဲ့လေး ထွက်လာတယ်။ ဘရိတ်ကာပုံးက တကယ်တော့ မီးဖိုခန်းဘေးက စတိုခန်း နံရံမှာ ချိတ်ထားတာ။ အမှောင်ထဲမှာ အဲဒီအထိ ရောက်အောင်သွားပြီး အဝတ်လျှော်စက်ပေါ်က ဘရိတ်ကာပုံးကို ရှာတွေ့ဖို့ဆိုရင် အချိန်လိုမယ်။ သူ တွားသွားပြီး လှေကားက တစ်ဆင့် အပေါ်ထပ်ကို တက်ဖို့ လုံလောက်တဲ့ အချိန်များ ရမလား။ အပေါ်ထပ်မှာ အိပ်ခန်းတွေ ရှိတယ်။ ရှီဂေးရဲ့ အခန်းက အတွင်းကနေ လော့ခ်ချထားလို့ ရတယ်။ အထဲမှာ သီးခြားတယ်လီဖုန်းလိုင်း တစ်လိုင်း ရှိတယ်။

ယာမာဆာကီ အဆာမီက ခက်ရင်းကို ဆုပ်ထားပြီး ကော်ဖီစားပွဲဆီ ဦးတည်တယ်။ အာအိုယာမဟာ တစ်ကိုယ်လုံး တောင့်တင်းသွားတယ်။ ဒါပေမဲ့ ယာမာဆာကီက သူ့ခြေထောက်ကို ဦးတည်တာ မဟုတ်ဘူး။ ဂန်းစတားရဲ့ လည်မျိုကို ခက်ရင်းနဲ့ တဆုံးစိုက်ချလိုက်တာ ဂွပ်ခနဲ အသံမြည်သွားတယ်။ ဂန်းစတားရဲ့ လည်ပင်းအရေပြားဟာ မာတယ်။ ဒါကြောင့် ခက်ရင်းက မဖောက်နိုင်ဘဲ လိမ်သွားပြီး စားပွဲပေါ် ပြုတ်ကျသွားတယ်။ ယာမာဆာကီ အဆာမီကတော့ ထထွက်သွားတယ်။

အာအိုယာမရဲ့ မျက်နှာ ဘယ်ဘက်အခြမ်း တစ်ခုလုံး တစစ်စစ် နာလာတယ်။ ထုံဆေးမပါဘဲ သွားကို အစိမ်းလိုက် ဆွဲနုတ်ခံရသလိုပဲ။ ကွဲသွားတဲ့ နှုတ်ခမ်းက သွေးတွေရဲ့ စေးကပ်ကပ် ငန်ငြိုငြို အရသာက သူ့ရဲ့ လှေခွက်ချည်းကျန် အလံမလဲ့ စိတ်ကို အားပျော့စေတယ်။ ယာမာဆာကီရဲ့ ဖိနပ်က ရော်ဘာအောက်ခံနဲ့ မီးဖိုခန်းကြမ်းပြင် ပွတ်တိုက်တဲ့ အသံတွေကို ကြားနေရတယ်။ ယာမာဆာကီဟာ သတိထားပြီး လှုပ်ရှားနေပုံပဲ။ ပန်းကန်ပြားတွေကို တိုက်မိပြီး ကျကွဲလို့ ဝုန်းဒိုင်းကြဲကုန်မှာ သူ ကြောက်တယ် ထင်ပါရဲ့။

ခြေထောက်တွေကို လက်နဲ့ ဆွဲယူတယ်။ တစ်ကြိမ်ကို ခြေထောက်တစ်ချောင်း။ ကွေးတယ်။ ဆိုဖာပေါ် တင်တယ်။ ကြမ်းပြင်ကို လက်ဖဝါးနဲ့ ထောက်ပြီး ခန္ဓာကိုယ်ကို ဆိုဖာပေါ်ကနေ မွေးပွကော်ဇော ခင်းထားတဲ့ ကြမ်းပေါ် လွှဲချလိုက်တယ်။ ကဲ... ကြမ်းပေါ်ရောက်ပြီ။ ဘာသံမှ မထွက်ဘူး။ လက်တွေ၊ တံတောင်တွေ သုံးပြီး လှေကားဆီ တွားသွားပြီ။ အသက်တောင် ရှူလို့မရဘူး။ မောလိုက်တာ။ အပူပေးစနစ်နဲ့ လေသွင်း လေထုတ်စနစ်တွေ ရပ်သွားတဲ့အခါ အခန်းတစ်ခုလုံး ကြောက်စရာ ကောင်းလောက်အောင် တိတ်ဆိတ်နေတယ်။ ခဏရပ်ပြီး အသက်ကို ဖြည်းဖြည်းချင်း ရှူသွင်းတယ်၊ ရှူထုတ်တယ်။ ခု ပါးစပ်

က မီးဖိုခန်းဆိုတဲ့ အသံထွက်လို့ရပြီ ဆိုတော့ အော်ဟစ်ပြီး အကူအညီ တောင်းရမလား။ ဘေးအိမ်တွေက ထွက်နေတဲ့ အသံဗလံတွေကို ခပ်သဲ့သဲ့ ကြားရတယ်။ တစ်အိမ်က တီဗွီဖွင့်နေသံ၊ နောက်တစ်အိမ်က စန္ဒရားသံ။ အသံကုန် ဖြဲအော်ရင်တောင် ဘယ်သူမှ ပြေးလာမယ် မထင်၊ အဲ... ယာမာဆာကီ အဆာမီကတော့ ရောက်လာလိမ့်မယ်။ သူ့ကို အကြင်နာတွေ တဝကြီး ပေးလိမ့်မယ်။

သူ တွားသွားနေတယ်။ အပြင်မှာ နေ လုံးဝ ဝင်သွားပြီ။ ဘာ အလင်းရောင်မှ မရှိတော့ဘူး။ လှေကားကိုလည်း မမြင်ရဘူး။ ဒါပေမဲ့ ဒါသူ့ အိမ်။ လှေကား ဘယ်နားရှိမှန်း သူသိတယ်။ နဖူးနဲ့ ချိုင်းကြားမှာ ချွေးတွေ ရွှဲနေပြီ။ အခန်းက အေးစိမ့်လာနေပေမဲ့ ဇောချွေး ပေါက်ပေါက်ကျနေတယ်။ ခြေချောင်းလေးတွေရဲ့ အထိအတွေ့ကို ပြန်ရလာပြီ။ ဒါကြောင့် ခြေထောက်နဲ့ တွန်းပေးလို့ ရလာတယ်။

လှေကားရင်း ရောက်တဲ့အခါ မီးဖိုခန်းထဲက အသံတစ်သံ ကြားရလို့ ကြည့်လိုက်တဲ့အခါ မီးဖိုခန်းဟာ ပြာတာတာလေး လင်းလာတယ်။ ဒုက္ခပါပဲ၊ သူ ဘရိတ်ကာကို တွေ့သွားပြီ။ နဖူးပေါ်က ချွေးစက်တွေ အေးခဲသွားသလို ခံစားရတယ်။ ဒါပေမဲ့ အဲဒီ အပြာရောင် အလင်းတန်းဟာ ဂက်စ်မီးဖိုကို ဖွင့်လိုက်လို့ ထွက်လာတဲ့ အလင်းရောင်ဆိုတာ သူ သတိထားမိသွားတယ်။ ယာမာဆာကီ ဖွင့်လိုက်တာပေါ့။ ခု သူ စတိုခန်းတံခါးကို အနှေးနဲ့အမြန် တွေ့တော့မယ်။

လှေကားကို စတက်တယ်။ လှေကားထစ်တွေက သစ်သားပြားတွေ၊ တစ်ဖက်ကို နံရံမှာမြုပ်၊ နောက်တစ်ဖက်ကို စတီးလက်ရန်းနဲ့ ဆွဲထားတာ။ စတီးလက်ရန်းကို ရှီဂေး ငယ်ငယ်က ချော်ကျမှာစိုးလို့ ကြိုးထုံးလေးတွေနဲ့ အလှဆင်ထားတဲ့အတွက် အဲဒါတွေကို အားပြုပြီး တွားတက်နိုင်တယ်။ ပထမအထစ်ကို တက်ပြီ။ အထစ်ပေါ် ရောက်သွားတော့ မောလွန်းလို့ ခဏရပ်ပြီး အသက်ရှူရတယ်။ နောက်တစ်ထစ် ထပ်တက်။

လှေကားက ဆယ့်နှစ်ထစ် ရှိတယ်။ လှေကားဆုံးတာနဲ့ လှေကားထိပ်မှာ ရှီဂေး အခန်းပဲ။ ခေတ်မကောင်းသေးချိန် ဆောက်ထားတဲ့ အိမ်မို့ တံခါးက အထူကြီး။ ပေါက်ဆိန်၊ ဒါမှမဟုတ် တူကြီးနဲ့ အားရပါးရ ရိုက်ဖျက် ဖွင့်တာတောင် ပွင့်ဖို့ မလွယ်ဘူး။ မိန်းမတစ်ယောက်အဖို့ တံခါးပွင့်အောင် ဘယ်လိုမှ လုပ်နိုင်မှာ မဟုတ်ဘူး။

ငါးထစ်မြောက် လှေကားပေါ် ရောက်ပြီ။ အဲဒီအချိန်မှာ စတိုခန်းတံခါး ပွင့်သွားတဲ့ အသံကို ကလစ်ခနဲ ကြားလိုက်ရတယ်။ မကြောက်နဲ့၊ ကြောက်မ နေနဲ့၊ စတိုခန်းက မှောင်မည်းနေတာ။ ဘရိတ်ကာပုံးက နံရံမှာ အတော်မြင့်မြင့် ဆွဲထားတာ။ တစ်ခုခုနဲ့ ခု တက်စရာမရှိရင် ဘရိတ်ကာပုံးကို ဒီကောင်မ လက်လှမ်း မမီနိုင်ဘူး။ ဆင်ခမ လှေကားထစ်ကနေ သတ္တမ လှေကားထစ်ဆီ လှမ်းအတက်မှာတော့ နာလာတယ်။ ဆေးတွေကြောင့် ဆိုတာထက် သူ့ ခန္ဓာကိုယ်က ထွက်တဲ့ အကြောက်တရား ဟိုမုန်း အက်ဒရီနယ်လင်ကြောင့် ဖြစ်လိမ့်မယ်။ လက်ဖဝါးတွေဟာ ချွေးစေးတွေနဲ့ ချော်ထွက်နေလို့ လှမ်းဆွဲဖို့ ခက်လာတယ်။ လက်ဖဝါးတွေကို ရုပ်အင်္ကျီနဲ့ ဘောင်းဘီနဲ့ ခပ်သွက်သွက် ပွတ် တယ်။ မီးဖိုခန်းထဲက အသံတစ်ခု ကြားတိုင်း သူ့ ကပ်ပယ်အိတ်ဟာ ကျုံ့ကျုံ့ သွားတယ်။ ဘယ်လိုသတ္တဝါမျိုးလဲ၊ လူရော ဟုတ်ရဲ့လား၊ သူ့လျှာရင်းကို အပ်နဲ့ ထိုးပြီး ဆေးထိုးထည့်တယ်၊ သူ့ခွေးကို သူ့မျက်စိရှေ့အောက်မှာပဲ ခြေနှစ်ဖက် ဖြတ်ပစ်တယ်။ ဝါယာကြိုးကို ပန်းရောင်ခေါင်းလေးနဲ့ ဖြတ်ချတယ်၊ မျက်နှာကို ခက်ရင်းနဲ့ ထိုးတယ်၊ ပြီးတော့ ခက်ရင်းကို ခွေးလည်ပင်းထဲ ထိုးစိုက်တယ်။ အားလုံးကို မျက်နှာတစ်ချက် မတွန့်ဘဲ လုပ်နေတာနော်။ ဆွယ်တာမှာ ကပ်နေ တဲ့ ခွေးမွေးတွေ သပ်ချနေတဲ့ မျက်နှာမျိုးနဲ့ လုပ်နေတာ။ ခံစားချက်မပါဘဲ တစ်ယောက်ယောက်ကို ထိခိုက်နာကျင်အောင် လုပ်ဖို့ဆိုတာ လွယ်လို့လား။ အကြမ်းဖက်မှုဆိုတာ ခံစားချက်နဲ့ လုပ်ကြတာလေ။ ခံစားချက်က လက် ကြွက်သားတွေ၊ ပခုံးကြွက်သားတွေ၊ မျက်နှာကြွက်သားတွေကို လှုပ်ရှားစေ တာ။ ခံစားချက် မပါဘဲ အကြမ်းဖက်မှုကို လုပ်တဲ့ မျက်နှာကတော့ ခုနက ယာမာဆာကီရဲ့ မျက်နှာဖုံးစွပ်ထားသလို မျက်နှာသေမျိုးပေါ့။

ရှစ်ထစ်မြောက် လှေကားကို တွားတက်နေချိန်မှာ တစ်ခါက ယာမာဆာ ကီ အဆာမီ သူ့ကို ပြောဖူးတဲ့ စကားတွေကို အမှတ်ရလာခဲ့တယ်။

ကျွန်မအဖေ ဆုံးသွားတော့ အမေ့ နောက်ယောကျ်ား၊ ကျွန်မပထွေးက အသုဘကို လာတယ်။ ဝိုးချဲ့နဲ့ပေါ့၊ ကျွန်မက အဲဒီတုန်းက ငါးနှစ်သမီး၊ မူလ တန်း စတက်တုန်း ထင်တယ်။ အဲဒီအသက်အရွယ်မှာ သေတယ်ဆိုတာ ဘာ မှန်းသေချာ နားမလည်ဘူးလေ။ သူများတော့ မသိဘူး၊ ကျွန်မ နားမလည် သေးတာတော့ သေချာတယ်။ တရားစာတွေ ရွတ်နေတဲ့ ဘုန်းကြီးကို ငေးကြည့် နေတုန်း ပုရွက်ပုံတစ်ကောင် သူ့ခေါင်းနားမှာ ဝဲနေတာ တွေ့လိုက်တယ်။ ဘုန်းကြီးက ရှူးရဲ့နဲ့ အသံပေးပြီး ပုရွက်ပုံကို မောင်းထုတ်တယ်၊ တရားစာ

ဆက်ရွက်တယ်။ ပုရွက်ဟုံက ဝဲမြဲ ဝဲဆဲပဲ။ အဲဒီ မြင်ကွင်းကို ကြည့်ပြီး အူထဲက တလိပ်လိပ် တက်လာလိုက်တာ ခဏနေတော့ တဟီးဟီး ရယ်မိတော့တာပဲ။ ခေါင်းလေးညွှတ်လိုက် ရယ်လိုက်၊ ခေါင်းလေးညွှတ်လိုက် ရယ်လိုက်နဲ့ လုပ်နေတော့ အားလုံးက ကျွန်မ ရုတ်တရက် စိတ်ဖောက် ပြန်သွားတယ် ထင်ကြတာပေါ့။ အဲဒါကို ပထွေးက စူးစူးဝါးဝါး ကြည့်နေခဲ့တယ်။ အသုဘနေ့ပြီးလို့ သိပ်မကြာပါဘူး၊ သူ ကျွန်မကို စရိုက်တော့တာပဲ။ ကိုယ့်အဖေ အသုဘမှာ ရယ်နိုင်တဲ့ နင်ဟာ လူမဟုတ်ဘူးလို့ ပြောရင်း ရိုက်တာ။ နင် လူမဟုတ်ဘူး။ လူ မဟုတ်ဘူး။ လူ မဟုတ်ဘူး။ ရိုက်ပြီးရင်း ရိုက်၊ ရိုက်၊ ရိုက်၊ ရိုက်။

လှေကားထစ် ဆယ်ထစ် တက်ပြီးပြီ။ နောက်ထပ် နှစ်ထစ်ပဲ ကျန်တယ်။ လက်မောင်းတွေ၊ ပခုံးတွေ အောင့်နေပြီ။ ဒါပေမဲ့ ခြေထောက်တွေဟာ အထိအတွေ့ကို ကောင်းကောင်းသိလာခဲ့ပြီ။ သွေးပြန်လျှောက်လာပြီ။ ဆယ့်တစ်ထစ်မြောက် လှေကားကို တက်ဖို့ ဘယ်ဘက်လက်နဲ့ ကြိုးထုံးကို အားယူဆွဲလိုက်တယ်။ ပုလဲဖြူရောင် ရှီဂေး အခန်းတံခါးကို လှမ်းမြင်နေရပြီ။ မီးဖိုခန်းထဲက အသံမကြားရသေးဘူး။ ငါ လုပ်နိုင်ပြီ၊ လုပ်နိုင်ပြီ၊ လုပ်နိုင်ပြီ။

ရုတ်တရက် ယာမာဆာကီ အဆာမီရဲ့ ရယ်သံကို ကြားလိုက်ရတယ်။ သူ လှေကားရင်းမှာ ရပ်နေတာ...။

“ဩော်... ရှင်က ဒီမှာကိုး၊ ခဏနေ ပြန်လာမယ်၊ ထွက်မပြေးနဲ့နော်”

အာအိုယာမရဲ့ အကြောက်တရားဟာ အထွတ်အထိပ်ကို ရောက်သွားတယ်။ နောက်ထပ် လှေကားနှစ်ထစ်ပဲ ကျန်တာ။ ဒါပေမဲ့ ဒူးတွေက တဆတ်ဆတ်တုန်၊ ခြေအိတ်နဲ့ ဖိနပ်မပါတဲ့ ဗလာခြေထောက်တွေက ချွေးတစက်စက်ကျ။ လက်ချောင်ပြီး လှေကားပေါ်က ပြုတ်ကျမလို ဖြစ်လို့ မနည်းထိန်းထားရတယ်။ သွားပြီ။ သွားပြီ။ ကြောက်ခြင်း၊ လန့်ခြင်းတွေ ဦးနှောက်ထဲ စုပြုံတိုးဝှေ့နေပြီ။ ထမင်းလုံးတစ္ဆေ ခြောက်အိပ်မက်ကြီးထဲ တွန်းထည့်ခံလိုက်ရသလိုပဲ။ နောက်ကနေ တစ်ယောက်ယောက်ကလိုက်၊ သူက နေရာက မရွေ့နိုင်။ လက်တွေ ခြေတွေဟာ ပျော့စပြုလာပြီ။ လှေကားတက်ရတာ သဲနွဲ့ထဲ နစ်ဝင်နေရာက ရုန်းထွက်ရသလိုပဲ။

တစ်အိမ်လုံး ရုတ်တရက် လင်းထိန်သွားတယ်။

“အင်း... ဒီလိုဆိုတော့ ရှင့်ခြေထောက်ကို ဒီမှာပဲ ဖြတ်ရမှာပေါ့”

ကော်ဖီစားပွဲပေါ်က သူ့လက်စွဲတော် စတီးလွှကြိုးကို ယူပြီး လှေကားပေါ် ဖြည်းဖြည်းချင်း တက်လာနေပြီ။

“မလုပ်နဲ့၊ မဟုတ်ဘူး မဟုတ်ဘူး မဟုတ်ဘူး၊ မလုပ်နဲ့”

သူ့အသံ သူ ပြန်ကြားရသလား၊ မကြားရဘူးလား သေချာ မသိဘူး။

အကြောက်တရားဟာ သူ့နားထင်နှစ်ဖက်ကို ပြုတ်တူနဲ့ တအား ညှပ်ထားသလိုပဲ။ သူ့ခြေထောက်တွေကို ယာမာဆာကီ အဆာမီ ကိုင်တွယ်နေချိန်မှာတော့ ခြောက်အိပ်မက်ဟာ သွေးသံတရဲရဲနဲ့ အဆုံးသတ်ရတော့မယ် ဆိုတာ သိပ်ကို သေချာသွားခဲ့ပြီ။

“ဟိုဘက်နည်းနည်း တိုးစမ်းပါ၊ ရှင့်ခြေထောက်ကလေး ပြုတ်ထွက်လာတာကို သေချာမြင်ချင်တယ် မဟုတ်လားလို့”

ငွေရောင် လက်လက်ထနေတဲ့ စတီးလွှကြိုးကို သူ့ ဘယ်ခြေချင်းဝတ်မှာ အသေအချာပတ်၊ အာအိုယာမရဲ့ မျက်လုံးတွေထဲကို သေချာ စိုက်ကြည့်ရင်း ယာမာဆာကီ အဆာမီဟာ လက်ကိုင်ကွင်း နှစ်ဖက်ကို အားပါးတရ ဆွဲရင်း လွှကြိုးကို အသက်ဝင်စေတယ်။ လွှကြိုးဟာ အသားထဲ နစ်ဝင် ပျောက်ကွယ်သွားတယ်။ အားခီးလီးစ် ဖနောင့်ကြောကို လွှကြိုး ဖြတ်တဲ့အခါ ဖောက်ခနဲ အသံကျယ်တစ်ချက် ကြားလိုက်ရတယ်။ ဘာမှ မကြာလိုက်ခင်မှာ သူ့ ဘယ်ဘက်ခြေထောက်ဟာ ခြေချင်းဝတ်ကနေ ပြုတ်ထွက်ပြီး အောက်လှေကားထစ်ပေါ် ဖုတ်ခနဲ ပြုတ်ကျသွားတယ်။ ခြေချင်းဝတ်က ငေါထွက်နေတဲ့ အရိုးဖြူဖြူတွေဟာ ခဏနေတော့ သွေးတွေနဲ့ နီရဲစိုရွှဲလာတော့တယ်။

“ကြည့်စမ်း”

ပြတ်ကျသွားတဲ့ ခြေထောက်ကို လက်ညှိုးထိုးပြပြီး ယာမာဆာကီ အဆာမီက ပြောတယ်။ နောက်ထပ် ခြေထောက်တစ်ဖက်ကို ကိုင်ပြီး ယမ်းနေတယ်။

“အနီရောင် သွေးပင်လယ် ဝေနေတာလို့ ရှင် မထင်ဘူးလားဟင် ဆရာ”

သွေးတွေက ပန်းထွက်နေတာ။ ဗလွတ်ဗလွတ် ဆိုတဲ့ အသံတွေတောင် ကြားနေရတယ်။ နာကျင်မှုဟာ အာအိုယာမကို အသက်ပြန်ဝင် လာစေတယ်။ သေအံ့မူးမူး နာကျင်နေတဲ့ အချိန်မှာပဲ ရုတ်တရက် မထင်တာတစ်ခု ဖြစ်လာခဲ့တယ်။ အာအိုယာမဟာ ခေါင်းကို တအားယမ်းပြီး သတိလစ်ချင်နေတာကို

ထိန်းချုပ်နေတုန်း ရုတ်တရက် အားလုံး တိတ်ဆိတ်သွားပြီး ခေါင်းထဲကို ဘယ် ကမှန်း မသိတဲ့ အသံတစ်ခု ဝင်လာတယ်။

ဒီကောင်မကို ဆောင့်ကန်ချလိုက်။

ယာမာဆာကီ အဆာမီဟာ ကိုးထစ်မြောက် လှေကားထစ်ပေါ် ငုတ်တုတ်ထိုင်ရင်း ညာဘက် ခြေချင်းဝတ်ကို စတီးလွှကြိုးနဲ့ အေးအေးဆေးဆေး ပတ်နေတယ်။ ဗိုက်ကြွက်သားတွေကို ညှစ်ပြီး အားယူရင်း ခြေထောက် မရှိတော့တဲ့ အာအိုယာမရဲ့ ဘယ်ဘက်ခြေဟာ မြောက်တက် လာ တယ်။ ယာမာဆာကီ အဆာမီ မော့ကြည့်လိုက်ချိန်မှာ သွေးတွေ ပန်းထွက်နေ တဲ့ ခြေချင်းဝတ်နဲ့ အာအိုယာမဟာ ယာမာဆာကီရဲ့ မျက်နှာကို ရှိသမျှအား အကုန်သုံးပြီး ဆောင့်ထိုးချလိုက်တယ်။ ကြောက်ကြောက်နဲ့ ရမ်းလိုက်တဲ့ နောက်ဆုံးအားထုတ်မှုပေမဲ့ ကန်ချက်က ယာမာဆာကီရဲ့ ညာမျက်လုံးကို တည့်တည့်ထိတဲ့အတွက် ယာမာဆာကီဟာ ဟန်ချက်ပျက်သွားတယ်။ စတီးလွှ ကြိုးကို လွှတ်ပြီး လှေကားလက်ရန်းက ကြိုးထုံးကို ဆွဲဖို့ ကြိုးစားတယ်။ ဒါပေမဲ့ အာအိုယာမဟာ သူ့မျက်ခွက်ကို နောက်တစ်ချက် ဆောင့်ကန်လိုက် တယ်။ ဒီတစ်ခါတော့ အားရှိပါးရှိ မျက်လုံးတည့်တည့်ထိပုံပဲ။ မျက်လုံးဟာ သွေးခြင်းခြင်း နီသွားပြီး ယာမာဆာကီ အဆာမီဟာ လှေကားပေါ်ကနေ နောက်ပြန် ပြုတ်ကျသွားတယ်။ ခေါင်းက အောက်၊ ခြေထောက်က အထက် ပုံစံနဲ့ အောက်ဆုံးထိ ဒုတ်ဒုတ်ထိ ကျသွားတယ်။ နံရံနဲ့ ကျောနဲ့ ဝင်ဆောင့်ပြီး တစ်စစီ ကျိုးပဲ့သွားတဲ့ အရုပ်တစ်ခုလို မလှုပ်နိုင်မရှားနိုင်ဘဲ ငြိမ်နေတယ်။ အာ အိုယာမရဲ့ ဘယ်ခြေထောက်ပြတ်ကလည်း သူနဲ့အတူ ပြုတ်ကျပြီး အောက်ဆုံး လှေကားထစ်ပေါ် တင်နေတယ်။ ယာမာဆာကီ ဘယ်လိုဖြစ်သွားလဲ သူ မသိ ဘူး။ ခြေထောက်က သွေးထွက်လွန်နေပြီ။ မကြာခင် ရှောခ်ရတော့မယ်။

ယာမာဆာကီရဲ့ ညာဘက်ပခုံးဟာ ပုံပျက်နေတယ်။ ခေါင်းထောင်ထဖို့ ကြိုးစားပေမဲ့ မရဘူး။ အာအိုယာမဟာ စတီးလက်ရန်းကို လက်မောင်းနဲ့ ချိတ် ရင်း ဟန်ချက်ထိန်းတယ်။ ကိုးထစ်မြောက် လှေကားပေါ် ထိုင်ရင်း မေးချင်း ရိုက် တဂတ်ဂတ် တုန်နေတယ်။ ရုပ်အင်္ကျီကို ချွတ်ပြီး သူ့ခြေချင်းဝတ် ငုတ်တို ကို ထုတ်လိုက်တယ်။ ချက်ချင်းပဲ ရုပ်တစ်ခုလုံး သွေးတွေ နှံသွားတယ်။ သူ ရုပ်အင်္ကျီကို သေချာစည်းထားလိုက်တယ်။

ယာမာဆာကီဟာ ကြမ်းကို လက်နှစ်ဖက်နဲ့ ထောက်ပြီး ဒူးတွေကြွဖို့ ကြိုးစားနေတယ်။ အာအိုယာမဟာ သူ့ညာခြေချင်းဝတ်မှာ ပတ်နေတဲ့ စတီးလွှ ကြိုးကို ဖြုတ်ယူလိုက်တယ်။ ထင်တာထက် လေးတာပဲ၊ သူ့သွေးစ အသားစ တွေ ကပ်လို့။ လွှကြိုးကို သူ့နားမှာ ချထားတယ်။ ခါးပတ်ကို ချွတ်ပြီး ဒူး အောက်မှာ ပတ်တယ်၊ ခပ်တင်းတင်း ပတ်တယ်။ သွေးထိန်းကြိုး သဘောနဲ့ ပေါ့။ ခါးပတ်ကြိုးကို တင်းနေအောင်လုပ်ဖို့ အင်အား မရှိတော့ဘူး။ ဒါပေမဲ့ အသားထဲ နစ်ဝင်တဲ့ထိ လိမ်ပြီး တင်းပစ်လိုက်တယ်။

ယာမာဆာကီ အဆာမီ ထလာပြီ။ သူ့ညာဘက် လက်မောင်းဟာ တွဲရွဲ့ ကျနေတယ်။ သူ ခေါင်းထောင်လာတယ်။ အာအိုယာမကို မော့ကြည့်တယ်။ မျက်နှာတစ်ခုလုံး သွေးခြင်းခြင်း နီနေတယ်။ အာအိုယာမရဲ့ ခြေထောက်က သွေးတွေပေါ့။ သင်း ညာလက်မောင်း ကျိုးသွားပြီ။ ဘယ်ဘက်လက်နဲ့ မျက်နှာ ကို ပွတ်တယ်။ ဆွယ်တာလက်နဲ့ သုတ်တယ်။ လှေကားထစ်တွေနဲ့ ဆောင့်မိတဲ့ ခေါင်းကို ကိုင်ကြည့်နေတယ်။ အာအိုယာမဟာ သတိမလစ်အောင် နှုတ်ခမ်းကို အတင်းကိုက်ထားတယ်။ ယာမာဆာကီ အဆာမီကို မျက်ခြည်မပြတ်တမ်း ကြည့်နေတယ်။ ယာမာဆာကီ အဆာမီဟာ အာအိုယာမကို မော့ကြည့်ရင်း တစ်ခုခု ရေရွတ်နေတယ်။

အိမ်ရှေ့တံခါး ဘဲလ်သံ မြည်လာတယ်။ ယာမာဆာကီက ချာခနဲ လှည့် ကြည့်တယ်။ ဂျင်းဘောင်းဘီအိတ်ထဲက ဘူးလေးတစ်ခုကို ထုတ်လိုက်တယ်။ မေ့ဆေးငွေ့ စပရေးဘူးပဲ။ တံခါးပွင့်လာတယ်။

“အဖေ ဘာတွေ...”

ရှီဂေးပဲ။ ယာမာဆာကီအဆာမီဟာ ထော့နင်း ထော့နင်းနဲ့ မေ့ဆေးဘူး ကို လက်ကကိုင်ရင်း ရှီဂေးဆီ အပြေး ကြမ်းပေါ်က သူ့ရဲ့ လက်နက်အိတ်ကို တက်နင်းမိပြီး ခပ်ဆဆ ဖြစ်သွားတယ်။

“ပြေး၊ ရှီဂေး ပြေး”

အတင်းကျိုးအော်လိုက်တဲ့ အာအိုယာမရဲ့ အသံ ထွက်လာတယ်။

ရှီဂေးဟာ စကိတ်ဘုတ်ပြားကို ကိုင်ရင်း သူ့ရှေ့က ဖြစ်ချင်တိုင်း ဖြစ်နေ တဲ့ မြင်ကွင်းကြီးကို ကြောင်ကြောင်ကြီး ကြည့်နေတယ်။ အဖေက

အကြီးအကျယ် ဒဏ်ရာရ၊ ထူးဆန်းတဲ့ သွေးတွေပေနေတဲ့ မိန်းမတစ်ယောက်က သူ့ဆီပြေးလာဖို့ ကြိုးစား၊ ဂန်းစတားက ကော်ဖီစားပွဲပေါ်မှာ မလှုပ်မယှက်။

“ပြေး သား... ပြေး”

အာအိုယာမက အော်လိုက်ပြန်တယ်။ ရှီဂေးက စကိတ်ဘုတ်ပြားနဲ့ ယာမာဆာကီ အဆာမီကို လှမ်းပေါက်လိုက်တယ်။ ယာမာဆာကီက ရှောင်လိုက်တဲ့အခါ ရှီဂေးက သူ့ကို ကျော်ပြီး အိမ်ထဲ ပြေးဝင်သွားတယ်။ ယာမာဆာကီဟာ ပွင့်နေတဲ့ တံခါးကနေ ထွက်ပြေးသွားတော့မယ်လို့ ထင်မိပေမဲ့ မပြေးဘူး။ သူ ရှီဂေးနဲ့ မျက်နှာချင်းဆိုင်လိုက်တယ်။ ပါးစပ်ကလည်း မသဲမကွဲ တစ်စုံတစ်ရာကို တတွတ်တွတ် ရွတ်နေတယ်။ ရှီဂေးက ဇည့်ခန်းထဲ ပြေးဝင်သွားတယ်။ ဂန်းစတားရဲ့ အလောင်းကို ကြည့်တယ်။ သူ့အဖေကို ကြည့်တယ်။ ပြီးတော့ အော်တယ်။

“နင် ဘယ်သူလဲ၊ နင် ဘာလဲ”

ယာမာဆာကီ အဆာမီဟာ ညာဘက်လက် တွဲလောင်းကျလျက်သားနဲ့ ရှီဂေးဆီ လျှောက်လာပြန်တယ်။

“သူ့ကို သတ်၊ ရှီဂေး သတ်လိုက်၊ သတ်ပစ်လိုက်”

အာအိုယာမက ကုန်းအော်တယ်။ ခု ယာမာဆာကီ အဆာမီဟာ ဇွန်ဘီလို ဖြစ်နေပြီ။ ဘယ်ဘက်လက်ကို ရှီဂေးဆီ ဆန့်တန်းရင်း လျှောက်လာတယ်။ စပရေးဘူးကို ညှစ်လိုက်တယ်။ ဒါပေမဲ့ အပေါက်က တည့်မနေတော့ ဆေးငွေ့တွေ ဇည့်ခန်းထဲ ပျံ့လွင့်သွားတယ်။ မေ့ဆေးနဲ့ မွှန်စူးစူးကို လှေကားထစ်ပေါက် အာအိုယာမတောင် ရတယ်။ ယာမာဆာကီကတော့ ပါးစပ်က တတွတ်တွတ် ရေရွတ်နေတုန်းပဲ။ ရှီဂေးက မေ့ဆေးငွေ့ မထိအောင် ကော်ဖီစားပွဲဘက် ပြေးတယ်။ ဒိန်ချဉ်ဖန်ခွက်ကို ကောက်ကိုင်ပြီး သူ့နားရောက်လာတဲ့ ယာမာဆာကီ အဆာမီရဲ့ မျက်နှာကို ဖန်ခွက်နဲ့ လွှဲရိုက်ချလိုက်တာ ယာမာဆာကီရဲ့ နှာခေါင်းရိုးဟာ ဂျွတ်ခနဲ ကျိုးသွားတယ်။ မျက်နှာဟာ ဖွေးခနဲဖြစ်သွားပြီး မျက်ခုံးနှစ်ဖက်ကြားကနေ သွေးတွေ ပေါက်ခနဲ ကျလာတယ်။ သူ့မျက်နှာ တစ်ခုလုံး ဒိန်ချဉ်တွေ သွေးတွေနဲ့ ပွစိတက်လို့။ သူဟာ နေရာမှာတင် မလှုပ်မယှက် ဖြစ်သွားတယ်။ ပါးစပ်ကတော့ တတွတ်တွတ် ရွတ်နေဆဲပဲ။ ရှီဂေးဟာ သူ လုပ်လိုက်မိတဲ့ ကိစ္စအတွက် ခဏလောက် ကြက်သေသေနေတယ်။ ယာမာဆာကီ

ဟာ မျက်နှာကို သုတ်လိုက်ပြီး မေ့ဆေးဘူးကို နှိပ်ပြန်တယ်။ ရှီဂေးက ရှောင်လိုက်ပေမဲ့ ဘယ်ဘက်မျက်နှာခြမ်းကို နည်းနည်း ပန်းမိသွားတယ်။

“အို... သောက်ကျိုးနည်း”

မျက်နှာကို လက်နဲ့အုပ်ပြီး အရက်ဗီရိုဘက်ကို ရှီဂေး ပြေးသွားတယ်။ ယာမာဆာကီ အဆာမီဟာ ရှီဂေးနောက်လိုက်ဖို့ ဟန်ပြင်နေတုန်း လူပ်ရှားမှုတွေ ချက်ချင်း အရှုပ်ကြိုးပြတ်သလို ရပ်သွားတယ်။ မျက်လုံးတွေ ငြိမ်သွားတယ်။ နှုတ်ခမ်းတွေ မလှုပ်တော့ဘူး။ ခေါင်းကို လက်နဲ့စမ်းရင်း မတ်တတ်ကြီး ဖြစ်နေတယ်။ ရှီဂေးက အရက်ဗီရို အောက်ဆုံးထပ်ကို ဖွင့်ပြီး စစ်သုံးဓားမြှောင်ကြီးကို ထုတ်လိုက်တယ်။ ပလတ်စတစ် ဓားအိမ်ထဲက ဆွဲထုတ်လိုက်တယ်။ ဓားကို တင်းတင်းဆုပ်ရင်း ယာမာဆာကီဆီ လျှောက်လာတယ်။ ယာမာဆာကီကတော့ ခေါင်းကိုကိုင်ပြီး ရပ်နေချိန်မှာ ရှီဂေးဟာ သူ့ကုပ်ပိုးကို ဓားနဲ့ တဆုံးထိုးချလိုက်တော့တယ်။

ယာမာဆာကီဟာ ဒူးထောက်လျက်သား ကော်ဇောပေါ် ကျသွားတယ်။ ရှီဂေးက လှေကားဆီ ပြေးလာတယ်။

“သူ ဘယ်သူလဲ အဖေ”

“ရဲခေါ်၊ လူနာတင်ယာဉ် ခေါ်”

“ဟုတ် ဟုတ်”

ဖုန်းဆီ ပြေးသွားပြန်တယ်။

“ရှီဂေး၊ ခဏလေး”

“ဟုတ်ကဲ့ အဖေ”

“ခုနက သူ ပါးစပ်က တတွတ်တွတ် ရွတ်နေတယ် မဟုတ်လား”

“ဟုတ်တယ်””

“သူ ဘာရွတ်နေတာလဲ”

“လူလိမ် လူလိမ်တဲ့ အဖေ၊ ဒါကိုပဲ ထပ်ကာ တလဲလဲ ရွတ်နေတာ”

ရှီဂေးက မေ့ဆေးငွေ့ ထိထားတဲ့ သူ့ ဘယ်ဘက်မျက်လုံးကို လက်ဖဝါးနဲ့ အုပ်ရင်း အာအိုယာမကို မော့ကြည့်လိုက်တယ်။

“အဲဒါ ဘာပြောတာလဲ၊ ခု ဘယ်လိုတွေ ဖြစ်တာလဲ အဖေ”

အာအိုယာမက ခေါင်းကို ယမ်းလိုက်တယ်။ သူ သတိလစ်လုပြီ။ စိတ်လည်း လျှော့ချလိုက်ပြီ။

“မသိဘူး သားရယ်၊ တကယ်ပဲ ဘာမှကို မသိပါဘူး”

❑

စာပြီးချိန်။

၂၀၁၉ ဇန်နဝါရီ (၁၀) ည ၁၀း၁၅